www.burmeseclassic.com



www.burmeseclassic.com




၈၉၅.၈၃

မြပုလဲခင်
လမ်းကလေး/မြပုလဲခင်။ - ရန်ကုန်။
အောင်မြင်စာပေ၊ ၂၀၁၆။
၂၅၀ - စာ၊ ၁၂.၅ x ၁၈.၂ စင်တီ၊
(၁) မြပုလဲခင်


ဖြန့်ချိရေး---အောင်မြင်စာပေ၊ အောင်မြင်ပုံနှိပ်တိုက်။
ထုတ်ဝေသူ---ဦးအောင်မြင့်၊ ပထမအကြိမ်၊ မတ်လ၊ ၂၀၁၆။

www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁)

မျောက်ရှုံးအောင်ဆော့နေသော ကဲကဲကိုကြည့်ပြီး မင်းခန့် သက်ပြင်းချလိုက်မိသည်။

နဖူးမှာ အာလူးသီးက တစ်လုံးမပျောက်ခင် ချိုစောင်းမှ အသစ်တစ်လုံး ထပ်ပေါ်လာသည်။

"ဂျာလင်ဂျာ"ဟုဆိုကာ လက်ကားယားခြေကားယားနှင့် ပါးစပ်ကလည်း အသံပေါင်းစုံ အော်ဟစ်နေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"မေမေ ဒီအတိုင်းသာဆို ကျောင်းစနေတာနဲ့ ပြဿနာပေါင်းစုံ စလာလိမ့်မယ်၊ မူကြိုပို့ရရင် မကောင်းဘူးလား မေမေ"

မင်းခန့်က သားဖြစ်သူ နောင်ရေးအတွက် ရတက်မအေးနိုင်ပဲ မိခင်အား စကားစလိုက်သည်။

သူက တိုင်ပင်ရန် မိခင်အကြံဉာဏ်ယူရန် စကားစရှိသာ ရှိသေးသည်။ မိခင်က ခါးခါးသီးသီးပင်. . .

"အံမယ်မယ် ဘယ်လိုများ ပြောလိုက်တာလဲ၊ မောင်မင်းခန့် ငါ သားချည်းပဲ ငါးယောက်မွေးခဲ့တာပါ၊ တစ်ယောက်မှ မူကြိုမပို့ခဲ့ရဘူး၊ သူငယ်တန်း တန်းတက်တာချည်းပဲ၊ ဘာပြဿနာမှလည်း မဖြစ်ခဲ့ဘူး၊ ဆရာဝန်နှစ်ယောက် အင်ဂျင်နီယာသုံးယောက် ဖြစ်လာခဲ့တယ်မှတ်လား၊

မင်းတို့ငါးယောက်ကိုတောင် ငါ နိုင်နိုင်နင်းနင်း အုပ်ချုပ်နိုင်ခဲ့တာ၊ ငါ့မြေး ကဲကဲလေးတစ်ယောက်လောက်နဲ့က ပျင်းတောင်ပျင်းသေးတယ်လို့ ပြောရမလို ဖြစ်နေတယ်"

မင်းခန့် မိခင်ကိုကြည့်ကာ ခေါင်းရမ်းလိုက်သည်။

"မတူဘူးလေ အမေအသက်အရွယ်လည်းကြည့်ဦး ကျွန်တော်တို့တုန်းက အလွန်ဆုံးရှိလှ အစိတ်သုံးဆယ်. .

"ကျုပ် နှစ်ဆယ့်နှစ်နှစ်မှ အိမ်ထောင်ပြုတာပါ၊ မင်းကိုမွေးတော့ အသက်သုံးဆယ့်သုံးနှစ်ရှိပြီ၊ ခုမှ ကျုပ်အသက် ခြောက်ဆယ့်ခြောက်၊ အဲ. . ယောင်လို့. . ခြောက်ဆယ့်ခုနစ်နှစ်"





"ဟင်း. . မေမေကလည်း တလောကမှ မေမေ့အသက် ခြောက်ဆယ့်ငါးပြည့်လို့ ဘုန်းကြီးကျောင်းမှာတောင် ဆွမ်းကပ်သေးတယ်လေ၊ ဘယ်နှယ် ခြောက်ဆယ့်ခုနစ်နှစ်ဖြစ်ရမှာလဲ၊ ခြောက်ဆယ့်ခြောက်ပေါ့"

မင်းခန့်က မိခင်အမှားကို အေးအေးဆေးဆေး ထောက်ပြလိုက်ခြင်းဖြစ်သည်။ သို့သော် သူ့စကား မမှားပါပဲ မိခင်က ပြူးတူးပြဲတဲနှင့်. . .

"ဟဲ့. . မင်းမသိရင် အသာနေစမ်း၊ ခြောက်ဆယ် ခြောက်ဆိုတာ နှစ်စုံနှစ်ဟဲ့၊ သတိအထားရဆုံးနှစ်၊ ဒီတော့ အဲဒီနှစ်ကို အသက်တစ်နှစ်ကြီးရင် ကြီးသွားပါစေ. . ကျော်ပြတ်လိုက်ရတယ်၊ ဒီတော့. . ဘယ်သူမေးမေး ခြောက်ဆယ့်ခုနစ်နှစ်ပေါ့၊ ဒါလည်း ယတြာတစ်မျိုးပေါ့"

မင်းခန့် ယခုမှ သဘောပေါက်ကာ ပြုံးလိုက်မိလေသည်။

"မေမေကတော့ စံပဲ၊ ဒါပေမယ့် မေမေ့မြေးအတွက်တော့ နည်းနည်းထပ်စဉ်းစားဖို့ လိုမယ်ထင်တယ် မေမေ"

"ဘာစဉ်းစားရမှာလဲ"

"ကဲကဲမှာက သားတို့လို မပြည့်စုံဘူးမဟုတ်လား မေမေ၊ မိတဆိုးလိုဖြစ်နေတော့ မေမေက ဘယ်လောက်ပဲ မေတ္တာတွေပေးပေး၊ ဘွားအေက ဘွားအေပဲ၊ မိခင်နေရာတော့ အစားထိုးမရတဲ့ ကွက်လပ်တစ်ခုလို ဖြစ်နေမှာပဲ"

မင်းခန့် အလေးအနက် ပြောလိုက်သောအခါမှ မိခင်



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြတ်လှ သက်ပြင်းချကာ လေသံပျော့ပြောင်းသွားသည်။

"အင်း ဟုတ်တော့ဟုတ်တယ်၊ ပူစူးတို့ သဲသဲတို့မှာ မေမေရှိပြီး ကဲကဲမှာက မေမေလည်းရှိဘူး၊ ဘာဖြစ်လို့လဲလို့ မေးရှာတယ်"

မိခင် စိတ်မကောင်းဖြစ်သွားမှန်း သိလိုက်ရသဖြင့် မင်းခန့်က လေသံကိုလျှော့လိုက်သော်လည်း ရင်ထဲက အနာ တရကိုတော့ လျှော့မရသဖြင့်. . .

"ကဲကဲအမေ သေသွားပြီလို့ ပြောလိုက်ရောပေါ့. . မေမေရယ်"

"အင်း မေမေလည်း ပြောလိုက်ချင်ပေမယ့် သေပြီ တာ ဘာလဲဆိုတဲ့ ပြဿနာရယ်၊ သူ့ကြီးတော်ရဲ့ အမေတ ဖိုး ရှင်းလင်းချက်ရယ်က ကဲကဲရဲ့ နုနယ်တဲ့ ဦးနှောက်မှ အရှုပ်အထွေး ဖြစ်မှာစိုးလို့ မေမေက ပြန်လာမှာ ဟိုးအဝေ ကြီး တစ်နေရာကို ခရီးထွက်သွားလို့ပါ ဆိုတဲ့ စကားလော နဲ့ပဲ ကလေးကို နှစ်သိမ့်လိုက်တယ်"

ဒီတစ်ချီ သက်ပြင်းချရသူမှာ မင်းခန့်ဖြစ်နေသည်

ဒီအမေမွေး၍ မင်းခန့်တို့ ညီအစ်ကိုတွေ လူတစ်လ သူတစ်လုံး ဖြစ်ခဲ့ကြရသည်ပဲ။ ခေတ်တစ်ဆက်ကို ကျော်ရုံ နှင့် အဘွားနှင့်မြေးငယ် ကွာခြားမှုက သိပ်ကိုခြားနားသွာ မည်မဟုတ်ဟု တွက်ဆလိုက်သည်။

သို့သော် အင်တာနက်ခေတ် ဖြစ်၍လားမသိ၊ ယ ခေတ် ကလေးများ၏အတတ်က အံ့သြလောက်ဖွယ်ပင်





"ဖေဖေ"

အဖေကိုတော့ ပီသအောင် ခေါ်နိုင်သည်။

"ကဲကဲ မိချောင်း စီးချင်ဒယ်၊ ဖေဖေ ရိုက်ပို့"

ဖအေ့ပေါင်ပေါ်တက်ထိုင်ပြီး ပူဆာလိုက်သည်။

မင်းခန့်ရင်ထဲ သားကိုမြင်တိုင်း ရင်နင့်ရသည်။ သား ၏ပါးနှစ်ဖက်ကို မွှေးကြူလိုက်ပြီးနောက်. . .

"ဖေဖေအားတော့ လိုက်ပို့ပေးမယ်နော်"

"ဟင့်အင်း ဖေဖေညာဒယ်၊ ခုရိုက်ပို့ ရိုက်ပို့"

မင်းခန့် အခဲကြုံသွားသည်။

ကံဆိုးသော သားငယ်ကို ရင်ခွင်ဝယ် ထာဝရ ထွေး ပိုက်ထားလိုသော်လည်း မဖြစ်၊ သားနောင်ရေးအတွက်ဟုဆို ကာ မိုးရွာတုန်း ရေခံထားလိုက်မှဖြစ်မည်။

မိုးချုပ်မှ သူပြန်ရောက်တော့ သားက အိပ်နေသည်။ သူ မနက်အပြင်ထွက်တော့ သားကမနိုးသေး၊ တစ်ခါတစ်ရံ အလုပ်ပါးချိန် သားကိုတွေ့ချင်၍ အိမ်ကို တစ်ခေါက်ပြန်လာ မှ သားနှင့်တွေ့ဆုံရသည်။

"တီတီတို့ ပို့ခိုင်းပါလား ကဲကဲရယ်"

"ဟင့်အင်း တီတီကရဲ ပို့ပေးဘူး"

ခြေချင်းပွတ်ပြီး ပြောနေသော သားကို မင်းခန့် သနား လာသည်။ သို့သော် ကလေးငယ်တစ်ဦးနှင့် လက်ပွန်းတတီး နေပြီး ကလေးဆန္ဒကို ဘယ်လိုဖြည့်စွမ်းပေးရမည်ကို သူ မတတ်။ ကလေးတစ်ယောက်၏ အနွံ့အတာကိုခံပြီး တယု



www.burmeseclassic.com

www.burmeseclassic.com



တယ ပြုစုရမည့် အတတ်ကို သူ နားမလည်။

"ကျွန်မကလည်း ကစားကွင်းတွေဘာတွေ မျက်စိနောက်လို့ ဘယ်တော့မှမသွားဘူး၊ စီးလည်း မစီးရဲဘူး၊ မူးနောက်နေတာပဲ၊ ရှင်ပဲ လိုက်ပို့လိုက်ပေါ့၊ ခု အားနေတယ်မှတ်လား"

အဲဒီ ကဲကဲကြီးတော်. . ၊ ကဲကဲအခေါ်အရ အန်တီသည် အပျိုကြီးပီပီ အင်မတန် ဂွတီးဂွကျနိုင်သည်ကို မင်းခန့်သိပြီးသား။

သို့သော် မိုးလင်း သူအလုပ်သွားချိန်၌ ရောက်လာပြီး ညနေ ကဲကဲအိပ်ချိန်အထိ နေပေးတတ်သော ကဲကဲကြီးတော်ကိုပင် အမေအတွက်ကော သားကဲကဲအတွက်ပါ အဖော်ရသည်ဟုလည်း ခံနေရသည်။

ဖြစ်နိုင်လျှင် ကဲကဲကြီးတော်သည် ကဲကဲအမေ၏ အစ်မ ဖြစ်ခြင်းကြောင့် သူ မပါတ်သက်ချင်ပါ။

သို့သော် အမေက "ညီမ မကောင်းတာနဲ့ အစ်မနဲ့ မဆိုင်ပါဘူး သားရယ်၊ သူ့သွေးပဲ သူလည်းဆိုင်တာပဲ လာပါစေ၊ မေမေ့အတွက်တောင် အဖော်ရသေးတယ်"ဟူသော စကားကြောင့် သူ နှုတ်ဆိတ်နေခဲ့ရသည်။

မင်းခန့် မတတ်သာတော့။

ကဲကဲက မျက်ရည်ကျ ခြေဆောင့်ကာ ဆန္ဒပြလေပြီ။

"ဖေဖေ ခုရိုက်ပို့ ရိုက်ပို့ဆိုမှ. . ဟီး. . ဟီး"

"အေးပါသားရယ်. . ခု ပို့မယ်၊ မင်းအန်တီကို အကျီ





သွားလဲခိုင်း"

ကဲကဲကြီးတော်ကလည်းတမျှော်။

"အို ကျွန်မက ဘာကိစ္စလဲရမှာလဲ၊ ရှင်တို့သားအဖပဲသွား. . ကျွန်မ မလိုက်ဘူး"

မင်းခန့်စိတ်ထဲ ခပ်ချဥ်ချဥ် ချဥ်တူးသည်မှ မိန်းမဆိုလျှင် ကိုယ့်အမေတစ်ယောက်ကလွဲပြီး ဘယ်သူ့မှ ကြည့်မရသဖြင့်. . .

"ခင်ဗျားလည်း မခေါ်ပါဘူး၊ ကဲကဲ အကျီလဲဖို့ ခင်ဗျားကိုခိုင်းတာ"

ပညာကလည်း မတတ်၊ အိမ်တွင်းပုန်းကလည်း ဖြစ်သောကြောင့် ကဲကဲကြီးတော်သည် ခပ်နုံနုံ ခပ်ထုံထုံပင် ဖြစ်သည်။

"ဩော်. . . ဟုတ်လား မသိပါဘူး၊ လိုက်ရမယ်အောင်းမေ့လို့ လန့်သွားတာပဲ၊ ကိုင်း. . ကဲကဲလာ အန်တီလဲပေးမယ်"

ကဲကဲမျက်နှာသည် ယခုမှ ဖိုးလမင်းကြီးပမာ ကြည်လင်ဝင်းပသွားပြီး. . .

"ဟေ့. . ကျော်ရိုက်တာ တိုက်ကားစီးရတော့မယ်၊ ကြွန်းတာ တွားရတော့မယ်၊ ဟေး. . ကျော်ရိုက်တာ"

ကဲကဲ ပျော်သွားသည်ကိုကြည့်ပြီး သူကောအမေပါ ခမ်းသာဝမ်းနည်း ဖြစ်ရသည်။

"အင်း. . မောင်မင်းခန့် ပြောတာမှန်တယ်၊ ကဲကဲကို



www.burmeseclassic.com

www.burmeseclassic.com



မူကြိုပို့သင့်မပို့သင့် အမေစဉ်းစားမယ်၊ လူပိုစုံတယ်၊ အဖေ အမေရဲ့ ယုယမှုတွေ ခံနေရတဲ့ ကလေးတွေနဲ့ယှဉ်ပြီး သူ့မှာ အားငယ်စိတ် ဝင်သွားရင်”

မင်းခန့် အမေ့စကားကြောင့် ရင်ထဲနာကြင်သွားသည်။ သား ကဲကဲအတွက် စိတ်မကောင်းနိုင်အောင် ဖြစ်ရသည်။

စိတ်မကောင်းသော်လည်း ဘာမှမတတ်နိုင်။ ကဲကဲမိခင်၏လုပ်ရပ်က ခွင့်မလွှတ်နိုင်အောင် ဖြစ်နေသည် ဆိုတော့. . .

“ကဲပါလေ. . မိစုံဖစုံနဲ့ ပြည့်စုံနေတဲ့ ကလေးတစ်ယောက်ကို ပုံသွင်းလို့ လွယ်ကူပေမယ့် မပြည့်စုံတဲ့ အိမ်ထောင်တစ်ခုက ပေါက်ဖွားလာတဲ့ ကလေးကိုတော့. . သူ့လိုအပ်ချက်ကို အရင်ဖြည့်ဆည်းပေးပြီးမှ ပုံသွင်းယူလို့ ရနိုင်မယ့် မောင်မင်းခန့်၊ မေမေ သဘောကတော့ ကဲကဲအတွက် မိခင်နေရာ အပြည့်အဝ. .”

“ဟာ. . ဒါတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး မေမေ ကျွန်တော်လက်မခံနိုင်ဘူး၊ ကဲကဲအတွက် မိထွေးဆိုတာလည်း မရှိစေရသလို ကဲကဲအမေရင်းဟာလည်း ကဲကဲဘဝထဲ ဘယ်တော့မှ ပြန်မရောက်စေရဘူး၊ ဖြစ်နိုင်ရင် ကဲကဲကိုယ်ထဲမှာ ရှိနေမယ့် ဟိုကောင်မ သွေးတွေတောင် ဖောက်ထုတ်ပြီး ကျွန်တော့်သွေးတွေချည်းပဲ ပြန်ဖြည့်ပေးလိုက်ချင်တယ်”





သူသည် ကဲကဲမိခင်နှင့် ပါတ်သက်လာလျှင် ကြမ်းတမ်းစွာ ပြောဆိုမိလေသည်။

“အင်း ဒီလိုဆိုရင်လည်း ကလေးတစ်ယောက်ကို ကြင်နာယုယစွာနဲ့ ပြုစုပျိုးထောင်တတ်တဲ့ စာပေဗဟုသုတပါ ပြည့်စုံတဲ့ ဆရာမတစ်ယောက်ကိုပဲ ငှားရမ်းရတော့မှာပဲ၊ သူ့ခေတ်သူ့အခါနဲ့ လျော်ညီတဲ့ အတတ်ပညာဗဟုသုတတွေ ဖြည့်ဆည်းပေးဖို့ လိုအပ်နေတယ်၊ ကျုပ်တို့ အဘွားကြီးကို မော်ဒယ်အောက်ပြီလို့ အပြောမခံနိုင်ဘူး”

မင်းခန့်က ထောင်နေသော နဖူးကြောများ ဖြေလျော့သွားစေရန် စိတ်ကိုလျှော့ချလိုက်သည်။

“မေမေပြောတာလဲ ဟုတ်နေတာပဲ၊ ကဲကဲကြီးတော်နဲ့ဆို ကဲကဲပျက်စီးမှာပဲ. . ကလေးပါ ထုံထိုင်းသွားနိုင်တယ်၊ စရိုက်လည်း ကြမ်းတမ်းသွားနိုင်တယ်”

“သူ့ကိုမလာနဲ့လို့ ပြောပြန်တော့လည်း မေမေတို့ကို သဘောထားသေးတယ်လို့ စွပ်စွဲကြပေဦးမယ်”

“ချိုးမွမ်းခုနစ်ရက် ကဲ့ရဲ့ခုနစ်ရက်တဲ့မေမေ၊ သားသမီးကောင်းစားရေးအတွက်ဆို ကျွန်တော်ကတော့ ရင်ဆိုင်ရဲတယ်၊ ဖေဖေခေါင်းချသွားတဲ့အိမ် ဖြစ်နေလို့သာ ကျွန်တော်တော့ အိမ်တောင်ပြောင်းချင်ပြီ”

သားအမိနှစ်ယောက်က အေးအေးဆေးဆေး စကားပြောဖြစ်ကြ။ အချိန်ရတုန်းလေး အလုအယက် ပြောကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲကဲတောင် ဆင်းလာပြီ၊ ဆရာမကိစ္စ မေမေလဲ သင့်တော်သလို စီစဉ်ညှိနှိုင်းလိုက်ပါ မေမေ"

"ဖေကြီး သွားသားလှရား"

"ဟာ. . လှတာပေါ့ သားသားရယ်၊ ခဲတံနီပြာတန်လေးနဲ့တောင် တူတယ်၊ ဟတ်. . ဟား. . လာ ဖေဖေချီသွားမယ်"

မင်းခန့် ကဲကဲကြီးတော် ဆင်လိုက်သော အဆင်အပြင်ကို သဘောမကျသော်လည်း အပြစ်မပြောတော့ပဲ ကဲကဲကိုသာ ကောက်ချီပြီး. . .

"မေမေ ကျွန်တော်တို့ သွားမယ်၊ ကဲကဲကို ညနေစာ အပြင်မှာပဲ ကျွေးလိုက်တော့မယ်"

"အေးအေး မိုးမချုပ်စေနဲ့ ရေခဲရေတွေ မတိုက်နဲ့နော်"

"ကဲကဲ. . တာ့တာ"

ဘွားအေနှင့် ကြီးတော်ကို လက်ပြရင်း ကဲကဲသည် သူ့နံဘေးတွင် ပျော်ရွှင်မြူးတူးစွာ လိုက်ပါလာသည်။

ကလေးတစ်ယောက်၏ စိတ်အလိုကို ဖြည့်ပေးရတာ မလွယ်ကူကြောင်း မင်းခန့်သည် ကလေးကစားကွင်း တစ်ခါ သွားလိုက်ရုံမျှနှင့် သိလိုက်ရလေသည်။

"ထုတ်. . ထုတ်ရဲပါဘူးဖေဖေ နေပူပီ"ဟူ၍ ဦးထုပ်တစ်လုံး ဝယ်ပေးရင်း လက်ညှိုးထိုးသမျှ လိုက်ဝယ်ပေးရ၍ ကားထဲမှာ အရုပ်များပြည့်နှက်နေသည်။





ကစားပြန်တော့လည်း ကလေးများနှင့် အမေများကြား လူငယ်များကြား သူ့မှာကြောင်တက်တက်။

ဒီကြားထဲ ကဲကဲက ကဂျိုးကကျောင် နိုင်သေးသည်။

နို့အေးချောင်း စားလျှင်လည်း. . .

"ရက်. . နှစ်ခုရှိတာ နှစ်ခုပေး၊ နီနီရေး၊ စိမ်းစိမ်းရေး၊ ဝါဝါရေးရော လိုချင်ဒယ်"ဟုရင်း၊ ပြီးတော့ ကုန်အောင်မစားပဲ. . .

"တော်ပြီ ဖေဖေစားရိုက်"ဟု ဆိုပြန်သည်။ နောက် ရေခဲရေ သောက်ချင်ဒယ်၊ ပုလင်းနဲ့ဟုတ်ဘူး၊ ရေခဲတုံးကြီးနဲ့ ရေသောက်ချင်တာ၊ ပုလင်းထဲကရေက ကဲကဲအိမ်မှာရဲ ရှိတာပဲ ဒါပဲသောက်ချင်ဒယ်၊ တိုက်တိုက် ခုတိုက်"

မင်းခန့် စိတ်မရှည်တော့ လူကြားထဲ လက်ဆွဲကာ အော်ဟစ်ပူဆာနေသော ကဲကဲကြောင့် သူ ရှက်ကာ မျက်နှာမထားတတ်တော့။

"အေးပါကွာ၊ သောက်သောက်"ဟုဆိုတာ ရေခဲရေ တိုလည်း တိုက်ရသည်။

"တောင်းတယ်၊ ဖေဖေတောက်မရား"

"သောက်ပါကွာ၊ မင်းပဲသောက်"

"ဟင့်အင်း ဖေဖေပါ တောက်ရမယ်"

"အေးပါကွာ"

မင်းခန့်က ဆူဆူပူပူမလုပ်ရင် ပြီးရော ဟုဆိုကာ. . ကဲကဲ အလိုမှန်သမျှ မဆန့်ကျင်ပဲ လုပ်ဆောင်ပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com




ထိုနေ့ ကဲကဲကို အလိုလိုက်မှုကြောင့် နောက်နေ့တွင် ကဲကဲဖျားလေပြီ။

ဩော်. . လူမမယ် ကလေးတစ်ယောက်ကို ထိန်းသိမ်းစောင့်ရှောက် ပြုစုစောင့်ရှောက်ပေးဖို့ဆိုတာ သူတို့ကို ယောက်ျားသားရင့်မကြီးများအတွက် အင်မတန်ခက်ခဲသော အလုပ်တစ်ခုပါလားဟု သူ သဘောပေါက်လိုက်သည်။

နူနယ်သော ပန်းကလေးများနှင့် သူတို့လို လက်ကြမ်းကြီးများနှင့် လားလားမှ မအပ်စပ်ပါလား။







# အခန်း(၂)

သွေး အတွက် လောကကြီးမှာ နေစရာ ဥမ္မ
ါးရသလားဟု တွေးမိတိုင်း စိတ်မကောင်း ဖြစ်ရသော်
ည်း သွေး စိတ်ဓါတ်မကျ။

သွေးအပေါ် အကောင်းဆုံး ကူညီဖေးမပေးနေသူ
ားတစ်ယောက်တော့ လောကကြီးမှာ ရှိနေပါလားဟူ
ာအသိက သွေးအတွက် အားဆေးပင်။



www.burmeseclassic.com

www.burmeseclassic.com



အဖေနှင့်အမေသည် သွေးအား မျက်နှာငယ်စွာနှင့် ပစ်ထားခဲ့သည်။

အမေက သွေးကိုမွေးဖွားပြီး ဆုံးသွားခဲ့သည်။ သွေးတို့ သူ့အသက်နှင့် လဲလှယ်ကာ မွေးသွားပေးခြင်းဖြစ်သည်ဟု ဘွားဘွားက ပြောပြခဲ့သည်။ ကံကောင်းထောက်မစွာဖြင့် ဘွားအေလက်ပေါ်၌ ခြောက်နှစ်အထိ နေထိုင်ခွင့်ရသည်။ ဘွားဘွားဆုံးသွားတော့ အဖေကို ကပ်ရသည်။

သို့သော် အဖေသည် ဘွားဘွားနောက်သို့ မကြာခင် လိုက်သွားခဲ့သည်။

ခုနစ်နှစ်အရွယ် လူမမယ်ဘဝ၌ သွေးသည် အမေ၏မောင် ဦးလေးအိမ်သို့ ရောက်ခဲ့ရသည်။

ဦးလေးက သာမန်အလယ်တန်းပြ ကျောင်းဆရာဖြစ်သည်။ ဦးလေးမိန်းမက ကုန်စုံဆိုင် ဖွင့်ထားသဖြင့် ဦးလေးသည် ကျူရှင်ပြစရာမလိုပဲ အေးဆေးစွာ ကျောင်းအလုပ်ထဲ မြှုပ်နှံနိုင်သည်။ သားထောက်သမီးခံ မရှိ။

ကလေးမရကြသော လင်မယားအတွက် သွေးကို မွေးခွင့်ကြုံကြိုက်ခြင်းကို အများအမြင်တော့ သွေးကံကောင်း လေ[illegible] ထင်ကြသည်။

တကယ်တန်းတော့ သွေး၏ဝဋ်ကြွေးက ဒီဘဝထ[illegible] ဆပ်ဖို့ကံ ပါလာသည် ထင်ပါသည်။

ဦးလေးမိန်းမ ဒေါ်လေးသည် သွေးကို ဦးလေးရှေ့တွင်တစ်မျိုး၊ ကွယ်ရာတွင်တစ်မျိုး ဆက်ဆံတတ်သည်သာ





တ တခါတရံ ပေါ်တင်ပင် စိန်ခေါ်တတ်၏။

"သွေး . . သမီး ပညာတတ်ကြီး ဖြစ်ရမယ်ကွာ၊ သွေး အိမ်ရောင်းရတဲ့ငွေကို ဘဏ်ထဲထားမယ်၊ တက္ကသိုလ်တက်မှ သုံးရမယ်"

"ဩော် . . ရှင့်လစာလေး တစ်ပဲခြောက်ပြားနဲ့ ရှင်ထစ်ပေါက်တင်မက ရှင့်တူမအပေါက်ပါ ကျုပ်ကလည်း ခွံ့ရသေးတယ်၊ ကျွေးပဲကျွေးနိုင်မယ်တော်ရယ်၊ ပညာသင်စရိတ်တော့ ကျုပ်ဆိုင်ငွေနဲ့ တစ်ပြားတစ်ချပ်မှ မပေးနိုင်ဘူး၊ ဆင်သည်းမဆင်နိုင်ဘူး"

ဟူသော ပြဿနာကတော့ သွေး ဦးလေးအိမ်ပေါ် ရောက်သည့်နေ့မှ စတင်ခဲ့သည်။

ဒေါ်လေးသည် "ဆရာကတော်"ဟူသော ဂုဏ်ကို ရှုးရုံသက်သက်ကလွဲ၍ ဦးလေးထံမှ လစာကိုမယူ၊ ဦးလေး သုံးရုံထားသည်။

သွေးရောက်လာတော့ ဆရာကတော်၏ စိန်ခေါ်သံသာ စတင်ခဲ့သည်။

"အေး မဆင်နိုင်လည်း ရတယ်၊ ငါ ဆင်မယ်၊ ပညာသင်စရိတ် ငါပေးမယ်၊ မိန်းမရေ မင်းသိထားဖို့က ပညာပါရမီဆိုတာ ဖြည့်ဆည်းကောင်းတဲ့အရာပဲ"

"ပညာပါရမီတွေဘာတွေ စိန်မ နားမလည်ဘူး တော်ရေ၊ လူတန်းစေ့နေနိုင်ဖို့ ရွှေတွဲလဲ ငွေတွဲလဲ နေနိုင်ဖို့ အိုးအိမ်ဆောက်ဖို့ ကားစီးဖို့ပဲ ကျုပ်သိတယ်၊ ဒီတော့ ရှင်သိထား —



www.burmeseclassic.com

www.burmeseclassic.com



ရမှာတဲ့ ကျုပ်ကို ပတ်ဝန်းကျင်က မေးမငေါ့ရအောင်တော့ ရှင့်တူမကို ကျုပ်အိမ်မှာ ပေးထားမယ်၊ ကျုပ်အလုပ်လည်း ဝိုင်းကူရမယ်၊ နေစရိတ်နဲ့ စားစရိတ်လောက်တော့ ကျုပ်ကို လုပ်အားပေးသင့်တယ်လို့ ရှင်မထင်ဘူးလား၊ ပြောပါဦး. . ကျောင်းဆရာရယ်"

"မိန်းကလေးဆိုတာ အိမ်တွင်းမှု ကျွမ်းကျင်ရမယ် ဆိုတော့တော့ ငါနားလည်တယ် စိန်မ၊ ဒါပေမယ့် သူ့အိုးနဲ့သူ့ ဆန် တန်ရုံတော့ ခိုင်းပေါ့၊ ဒါပေမယ့်. . ပညာရေးကိုတော့ မထိခိုက်စေနဲ့၊ ထိခိုက်လာရင်တော့ ကိုလူအေးက အေးပေမယ့် ပညာရေးနဲ့ ပတ်သက်လာရင်တော့ မအေးနိုင်ဘူးဆိုတာ မင်းသိတယ်မှတ်လား"

ဆေးလိပ်မသောက်၊ ကွမ်းယာမစား၊ အရက်ပင်မ သောက်ပဲ. . . စာအုပ်ဖိုးအတွက်သာ အကုန်ခံသော လင်ယောကျ်ား၊ ရုပ်ရွာကလည်း ကြည်ညိုလေးစားပြီး အိမ်တကာ၌ အိမ်ဦးခန်း၌ထိုင်နေသော ယောကျ်ားကိုတော့ စိန်မ မပြစ်ပယ်ရဲ၊ သူပင်လျှင် လင်ဂုဏ်ဖြင့် "ဆရာကတော်. . ဆရာကတော်"နှင့် ဘယ်သွားသွား၊ မျက်နှာပွင့်လန်းခဲ့သည်။

ထို့ကြောင့် လင်တော်မောင် ဆရာကိုတော့ သိပ်တော့ကလန်ကဆန် မလုပ်ရဲ။

လူဖြောင့်စိတ်တို ဆရာဦးလူအေးက စိတ်မထင်၍ ပစ်သွားမှုဖြင့်. . စိန်မ၌ ရှားရှားပါးပါးရှိနေသော ဆရာကတော်ဟူသည့် ဂုဏ်ပျောက်ကွယ်သွားပေလိမ့်မည်။





သို့နှင့် သွေးသည် ဒေါ်စိန်မ၏ ငြိုငြင်မှုကြားက တစ်နှစ်တစ်တန်း မှန်မှန်အောင်ခဲ့သည်။

ဦးလူအေးက သူ့အတွက် ကျူရှင်လေး တစ်ဝိုင်းနှစ်ဝိုင်းပြကာ ကျောင်းစားရိတ် ရှာပေးခဲ့သည်။

ဦးလူအေး အိမ်မကပ်ခြင်းက သွေးကို ထိခိုက်စေသည်။

ကျောင်းချိန်မှအပ အလုပ်ကို မနားမနေ လုပ်ခဲ့ရသော သွေးဘဝသည် ဦးလေးကွယ်ရာ၌ အိမ်ဖော်တစ်ဦးနှင့် မခြား ဖြစ်ခဲ့သည်။

စာကို. . အိပ်ချိန်ထဲမှဌင်း၊ အလုပ်လုပ်ရင်းမှဌင်း၊ ကျောင်းချိန် မုန့်စားဆင်းချိန်တို့၌ အလုအယက် ကျက်မှတ်ခဲ့ရသည်။

ဦးလေးကိုလည်း မတိုင်ရဲ၊ မိမိကြောင့် လင်မယားရန်ဖြစ်မှာကို စိုးရိမ်ခဲ့သည်။

"ဟဲ့. . ဖြိုးဟ်မရေ နင့်ဦးလေး လာတော့မယ်၊ ရေသွားချိုးချေ၊ မျက်နှာအပြောင်သားနဲ့ဆို သူ့တူမ မတရားနှိပ်စက်တယ် ထင်နေပါ့မယ်"

သွေးဘဝက ဦးလေးရှိနေချိန်၌ နားနေခွင့်ရပြီး ဦးလေးကွယ်ရာ၌ ကျွန်မှုတစ်ကောင်လို အလုပ်လုပ်နေရသည်။

ဆယ်တန်းနှစ်. . ။

သွေးဘဝရဲ့ နောက်ဆုံးထွက်ပေါက်တစ်ခုအနေနှင့်



www.burmeseclassic.com

www.burmeseclassic.com



သွေးဦးလေးကို ကျောင်း၌တွေ့ဆုံကာ

"လေးလေးရယ်၊ သွေး လေးလေးကို ပြောစရာစကားတွေ ရှိနေတယ်"

"ဆိုစမ်းပါဦးသမီး မုန့်ဖိုးလိုချင်လို့လား"

သွေးချိန်ဆရသည်။

"သွေးကို လေးလေး ကတိတစ်ခုတော့ ပေးရလိမ့်မယ်လေးလေး၊ ဒါမှ လေးလေးကို သွေးရင်ထဲက သိုဝှက်ထားရတဲ့စကားတွေ ပြောပြနိုင်မယ်"

ဆရာ ဦးလှူအေးက ပါဝါစာကြည့်မျက်မှန်ကို နှာရိုးပေါ်သို့လျှော့ချပြီး မျက်လုံးကိုပင့်ကြည့်ကာ. . .

"ဘာစကားမို့လို့လဲ သွေး"

"သွေးအတွက်ရော လေးလေးတို့အတွက်ပါ အရေးကြီးလို့ပါ၊ သွေးပြောတဲ့စကားကို လေးလေး ဘယ်သူ့ကိုမှ အထူးသဖြင့် ဒေါ်လေးကို မပြောပါဘူးဆိုတဲ့ ကတိရမှ ပြောမယ်"

"လေးလေး သဘောပေါက်ပါတယ်၊ ပါတ်ဝန်းကျင်က ပြောစကားတွေလည်း ရှိနေတော့ သမီး စိန်ပွင့်နဲ့ပါတ်သက်ပြီး ပြောလာလိမ့်မယ်ဆိုတာ လေးလေးသိနေတယ်"

သွေး ရစ်ဝဲလာသော မျက်ရည်တို့ကို သူ၏ မျက်တောင်ကော့ကြီးဖြင့် ပုတ်ခတ်ပစ်လိုက်ပြီး. . .

"လေးလေးသိပြီးရင်လည်း လေးလေးရင်ထဲပဲ ထားလိုက်ပါ၊ ဖြစ်နိုင်ရင် လေးလေးရယ် သမီးအတွက် လေးလေး





ကျူရှင်မပြပါနဲ့၊ သမီး မဝတ်ရရင် နေပါစေတော့၊ ဖေဖေထားခဲ့တဲ့ ဒီကြိုး ဒီလက်ကောက်နဲ့ လက်စွပ်ကိုရောင်းပြီး ကျောင်းဆက်နေပါ့မယ်၊ ကျူရှင်စားရိတ်ကို အိမ်ရောင်းရငွေထဲကပဲ ခိုးယူပြီး လုပ်ပါ့မယ်၊ သမီးနဲ့အတူ ကျောင်းချိန်ကလွဲရင် အိမ်မှာပဲနေပေးပါ"

ပညာတတ်ပီပီ သွေးဘာကို ဆိုလိုသည်ကို ဦးလေး ဦးလှူအေးက သဘောပေါက်ကာ. . .

"ကိစ္စမရှိဘူး၊ သမီး ဘာမှဆက်မပြောနဲ့ လေးလေးသဘောပေါက်တယ်၊ ဒါပေမယ့် သမီးဖြစ်ချင်တာက ဆရာဝန်ဆိုတော့ သမီး ဆရာဝန်လိုင်းရဖို့ နောက်ပိုင်း ငွေကတာအားလိုမယ်၊ သမီး ပစ္စည်းတွေ ထိလို့မရဘူး၊ လေးလေးကြိုစည်ပါ့မယ်၊ သမီးကျူရှင်ချိန်နဲ့ လေးလေးကျူရှင်ချိန် ကိုက်အောင် ညှိပြီးလုပ်ပေးပါ့မယ်၊ စာသာကြိုးစား. . ကဲ သွားသွားကျောင်းတက်ပြီ. . "

သွေး ဦးလေးကို နှုတ်ဆက်ကာ စာသင်ခန်းသို့ ပြန်ခဲ့သည်။

သိပ်မကြာလှ ဦးလေးက. . .

"စိန်မရယ် ညည်းကြည့်ရတာ ပင်ပန်းလှတယ်. . ၊ ညည်း လက်တိုလက်တောင်း အဖော်လည်းရအောင်ဆိုပြီး တို့ယ့်တပည့်တစ်ယောက် ဝမ်းစာအတွက်ဆိုပြီး အရက်ဆိုင်မှာ စားပွဲထိုးလုပ်နေတာ မကြည့်ရက်လို့ ခေါ်လာခဲ့တယ်၊ ထမင်းနပ်မှန်အောင် စားရပြီး အိပ်စရာ နေရာရှိရင် ပြီးရော



www.burmeseclassic.com

www.burmeseclassic.com



တဲ့"

ဒေါ်စိန်မက ဦးလူအေးကိုတစ်လှည့် ဦးလူအေး၏ နောက်ကပါလာသော ကလေးမလေးကိုတစ်လှည့် ကြည့် သည်။

သွေးသည် မီးဖိုချောင်ထဲ ညစာအတွက် ကသုတ်ကရက် ချက်ပြုတ်နေရာမှ အိမ်ရှေ့မှ အသံများကိုလည်း ကြား နေရသည်။

လူရိပ်လူစများကိုလည်း လှမ်းတွေ့နေရသည်။

"ဘယ်ရွာကလဲ"

"ညောင်ခါးရှည်ကပါ"

"မိဘတွေကကော"

"ပထွေးနဲ့နေရတာပါ ဒေါ်လေး၊ ပထွေးက အရက်ဖိုး အတွက် ကျွန်မကို အရက်ဆိုင်မှာ အလုပ်လုပ်ခိုင်းတာပါ၊ မလုပ်နိုင်တော့လို့ ထွက်ပြေးအလာမှာ ဆရာနဲ့တွေ့ပြီး ခေါ် လာတာပါ"

သွေးသည် စာနာစွာဖြင့် မိန်းကလေးကို လှမ်းကြည့် လိုက်သည်။

မိမိနှင့် ရွယ်တူမိန်းကလေးဖြစ်၍ များစွာစာနာမိပြီး "ငါ့ဘဝက သူ့ဘဝထက် အများကြီးသာပါသေးလား" ဟု ကိုယ့်ကိုယ်ကိုယ် ဖြေသိမ့်မှုပေးနိုင်သည်။

"အရှုပ်အရှင်းတွေဖြစ်ရင်"

"မဖြစ်ပါဘူး၊ ရပ်ကွက်ကို ကျုပ် တိုင်ခဲ့ပြီးပါပြီ စိန်မ





ရယ်၊ ကဲ. . သူကတော့ ခြောက်တန်းကျပြီး ရှာဖြန်သွားတဲ့ မိန်းကလေးပဲ၊ ကူညီပြီး ဆိုင်ထွက်ပေး ဈေးဝယ်ဈေးရောင်း ပေးနိုင်လိမ့်မယ်"

"အေးလေ ကျောင်းမနေဘူးဆိုတော့ တော်သေး တာပေါ့၊ ကဲကဲ. . သွားသွား. . မိသွေးရေ ဒီကောင်မလေး ဒါထက် ညည်းနာမည် ဘယ်သူ"

"လေးမေပါ ဒေါ်လေး"

"လေးမေ. . အင်း. . မိသွေး လေးမေကို နေရာချ ပေးလိုက်၊ ညည်းအခန်းထဲမှာပဲ နေကြပေါ့"

လွယ်အိတ်စုတ်ကလေးတစ်လုံးနဲ့ ရောက်လာသော လေးမေ၏ဘဝသည် ပြောသလို အမှန်အကန်ပဲလား လေး လေးကပဲ သွေးအတွက် အလုပ်သက်သာအောင် ရှာဖွေခေါ် လာခြင်းလား။ သွေး သဲကွဲစွာ မသိနိုင်။

သို့သော် အမှန်တကယ်ပင် သွေးအတွက်တော့ ထမင်းဟင်းချက်ပြုတ်၊ အဝတ်လျှော် မီးပူတိုက်ကလွဲ၍ ကျန် ဈေးပြေး ဆိုင်ထိုင် အိမ်သန့်ရှင်းရေး အလုပ်တော့ လျော့ပါး သွားသဖြင့် စာကျက်ချိန်ပိုရသွားခဲ့သည်။

ထို့ကြောင့် သွေး ရည်မှန်းချက် ပြည့်ခဲ့ရသည်။

ဂုဏ်ထူးလေးခုနှင့် အောင်ခဲ့သော သွေးအတွက် ကြား၍မဆုံးသူမှာ ဒေါ်စိန်မ ဖြစ်ခဲ့လေသည်။

"ဆရာကတော် တူမ ဂုဏ်ထူးလေးခုတောင်ဆို"

"ဟုတ်ပတော် ဆရာကလည်း တော်တယ်မှတ်လား။



www.burmeseclassic.com

www.burmeseclassic.com



သူ့တူမလည်း တော်ရမှာပေါ့၊ စိန်မတို့ကလည်း ပံ့ပိုးကောင်းတယ်မှတ်လား”

ဒေါ်လေး ဘာပြောပြော သွေး အပြစ်မမြင်၊ ဒေါ်လေးကျွေးသော ထမင်းကိုစား ဒေါ်လေး၏အိမ်၌ နားခိုခဲ့ရခြင်းအတွက် သွေး ကျေးဇူးတရားသိတတ်စွာဖြင့် ကန်တော့ခဲ့သည်။

ပြီးတော့ ရန်ကုန်ကို သွားခွင့်ပန်ရသည်။

“ညီးက ဘာသွားလုပ်မှာလဲ”

“ကျွန်မ ဆေးတက္ကသိုလ်တက်ဖို့အတွက် အပြင်ဆောင်နေပြီး အလုပ်တစ်ခုခု ရှာဦးမယ် ဒေါ်လေး”

“ဟုတ်တယ် စိန်မ သူ အဆောင်နေရမယ်၊ သူ့အတွက် ဂိုဒ်အလုပ် ရှာပေးရမယ်၊ ဒါမှ သူ့ကျောင်းစားရိတ်ကာမိတာပေါ့”

“သူ့အမွေတွေက ဘယ်ရောက်ကုန်လို့လဲ၊ တော်ပဲဘဏ်မှာ အပ်ပေးထားတယ် မဟုတ်လား ကျောင်းဆရာရယ်”

“ဩော် ငွေလေးဆယ့်ငါးသိန်းလောက်ဟာ ဘာလုပ်လို့ရမှာလဲ မိန်းမရယ်၊ အရေးကြီးတဲ့အခါသုံးဖို့. . သူ့နာမည်နဲ့ ရန်ကုန်ဘဏ်တစ်ခုမှာ ပြောင်းအပ်ပေးလိုက်မယ်”

ဒေါ်စိန်မက. . .

“အေးလေ ဆယ်တန်းအထိ ညည်းစရိတ်ကလည်း ညည်းဦးလေး ခါးချိအောင် အာပေါက်အောင် အပင်ပန်းခံရ





ပြီးပြီဆိုတော့လည်း ကျန်တာ ညည်းခြေထောက်ပေါ် ညည်းရပ်တော့တာ အကောင်းဆုံးပဲ၊ ငါဆို ငါးတန်းတဖုတ်ဖုတ်ကျကတည်းက ဈေးရောင်းခဲ့ရတာ ဒီနေ့အထိပဲလေ. . ညည်းမြင်တဲ့အတိုင်း လက်လှုပ်မှ ပါးစပ်လှုပ်ရတာဆိုတော့. . ဒီလောက်ကြီးမားတဲ့ ပညာသင်စားရိတ်ကို မထောက်နိုင်ဘူး”

ဒေါ်စိန်မဲက ပြတ်သားသည်။

သွေးကလည်း မမျှော်ကိုးပါ။

သွေးသည် လူ့အောက်ကျို့ ခံချင်သူမဟုတ်။

“ဟုတ်ကဲ့ပါ ဒေါ်လေးရယ်၊ ကျွန်မလည်း နားလည်ပါတယ်၊ လေးလေးနဲ့ ဒေါ်လေးတို့ကိုလည်း ဒုက္ခမပေးချင်တော့လို့ပါ”

သို့နှင့် သွေးဘဝသည် လွတ်လပ်စွာဖြင့် ညောင်လေးပင်မှသည် ရန်ကုန်မြို့ ကမာရွတ် စံရိပ်ငြိမ် ဘော်ဒါဆောင်တစ်ခုသို့ ရောက်ရှိလာခဲ့သည်။

ဦးလေး အဆက်အသွယ်ဖြင့် ဆယ်တန်းကျောင်းသူနှစ်ဦးကို ဂိုက်ဒ်လုပ်ခွင့်ရခဲ့သည်။

ထိုငွေကို ကျစ်ကျစ်ပါအောင်သုံးစွဲရင်း ဆေးကျောင်းသူဘဝနှင့် ဒုတိယနှစ် တိုင်ခဲ့လေပြီ။

ဦးလေးလည်း ကျုံရှင်ပြသော အပိုငွေလေးကို သွေးထံ မှန်မှန်ပို့ပေးရှာသည်။ သွေး ဦးလေးကျေးဇူးကို ဆပ်ချင်လှပြီ၊ ဆပ်ခွင့်မသာသေး။

တနေ့ အဆောင်ပါလာခန်း၌ သတင်းစာ ထိုင်ဖတ်



www.burmeseclassic.com

www.burmeseclassic.com



နေစဉ် ကြော်ငြာတစ်ခုကို ဖတ်မိသည်။

## *မိခင်ဆရာမ..အလိုရှိသည်။*

*သုံးနှစ်အရွယ် ကလေးတစ်ဦးအား မိခင်ရင်းနှင့်မခြား မြူစုစောင်ရှောက်ပြီး တတ်သိလိမ္မာအောင် သင်ကြားပေးနိုင်သော ဘွဲ့ရပညာတတ် အမျိုးသမီးဆရာတဦး အလိုရှိသည်။ စားဝတ်နေရေး တာဝန်ယူသည်။ (လစာညှိနှိုင်းရန်)*

*ဒေါ်မြတ်လှ*

*ဖုန်း(. . . . . . . . . . .)*

*(. . . )လမ်း၊ ပါရမီ၊ ရန်ကုန်မြို့။*

စားဝတ်နေရေး တာဝန်ယူထားခြင်းကို သွေး စိတ်ဝင်စားသည်။ သို့သော် မဖြစ်နိုင်. . ၊ မိမိက ကျောင်းသူတစ်ယောက်ပေပဲ။

မိခင်ရင်းနှင့်မခြားဆိုတော့ မိတဆိုးဖြစ်ပေသည်။

စာနာစိတ်ကလေးက ရင်တွင်းဖြစ်ထွန်းလာသည်။

ဒီနှစ်အတွက် ဂိုက်ကလည်း တစ်ဦးတည်းသာ ရသေးသည်။ ကျောင်းစားရိတ် အဆောင်စားရိတ် စားစရိတ်နှင့်က ဘယ်နည်းနှင့်မှ မလောက်ငါ၊ ဦးလေးကိုလည်း တာဝန်မပေးချင်။

ဘာပဲပြောပြော ဖုန်းဆက်လိုက်ဦးမှဟု ဆုံးဖြတ်ကာ သွေးသည် သတင်းစာထဲမှပါသော ဖုန်းနံပါတ်လေးအတိုင်း ဆက်လိုက်သည်။





"ဟဲလို. . "

"ဒေါ်မြတ်လှနဲ့ တွေ့ချင်လို့ပါ"

"သတင်းစာထဲက ပါတဲ့ကိစ္စမှတ်လား"

"ဟုတ်ပါတယ်ရှင့် ဒေါ်မြတ်လှပါလား"

"မဟုတ်ဘူး၊ ဒေါ်မြတ်လှက တစ်နေ့လုံး ဖုန်းပြောရလွန်းလို့ ဗုန်းဗုန်းလဲသွားပြီ၊ ဟော. . ကဲကဲ ကျမယ်ကျမယ်၊ မိကျွဲ. . ကလေးကို ကြည့်စမ်း၊ ဆရာမအလုပ်လား၊ မလိုဘူးငါရှိတယ်. . ဒါပဲ"

ဖုန်းချသွားလေပြီ။

သွေးမှာ ကြောင်တက်တက်ကလေး ဖြစ်ကျန်ရစ်ခဲ့သည်။ ပြီးမှ ဖုန်းကို ချလိုက်ပြီး. . . ။

ဘယ်လိုအိမ်မျိုးပါလိမ့်။

စကားပြောသူဟာ ဘယ်သူနည်း။ ကလေးတစ်ယောက်ကိုလည်း လှမ်းအော်ပြောလိုက်သေးသည်။ ထိန်းရမည့်ကလေးက ထိုကလေးလား။

မိမိနှင့် မဖြစ်နိုင်။ မိမိသည် ဘွဲ့လည်းမရသေး။

ကလေးအတွက် အချိန်ဖြည့်ပေးနိုင်မှာလည်း မဟုတ်ပေ။ သို့သော် လိုရမယ်ရဟုဆိုကာ လိပ်စာနှင့် ဖုန်းနံပါတ်ကို သူ၏ မှတ်စုစာအုပ်ကလေးထဲ၌ ကူးထားလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၃)

သားတွေချည်းပဲ မွေးထားရခြင်း၏ ရလာဒ်ကို ဒေါ်မြတ်လှ စတင်ခံစားရလေပြီ။

သူ့အိုးသူ့အိမ်နှင့် အိမ်ထောင်ကွဲ သားအကြီး လေးယောက်သည် အမေထံသို့ တစ်လနေ၍တစ်ခေါက် မရောက်ကြပေ။ တခါတရံမှသာ ဖုန်းကလေးဆက်၍. . "အမေနေကောင်းလား၊ သားတို့လည်း လာမယ်. . လာမယ်နဲ့ မအားတာနဲ့ မလာဖြစ်ကြဘူး၊ ဆေးခန်းပြေးရ ဆေးရုံပြေးရနဲ့ သိသ





ရာလည်နေတာပဲ"

ဟု သားတော်မောင် ဆရာဝန်နှစ်ယောက်စကား။

ကျန်သား အင်ဂျင်နီယာ နှစ်ယောက်က. . .

"အမေ နေကောင်းလား၊ သားတို့ လာခဲ့ပါဦးမယ်၊ ဆိုက်(ဒ်)ထဲပြေးရ၊ ကုမ္ပဏီခွဲတွေပြေးရနဲ့ မအားပါဘူး အမေရာ၊ ကိစ္စရှိရင် ဖုန်းသာဆက်လိုက် အမေ"

. . . . . ဟု ရှင်း

သမီးမိန်းကလေး ပါလျှင်တော့ အမေ့အိမ် ဟင်းတစ်ခွက်တော့ ရောက်နိုင်လိမ့်မည်။

ဒေါ်မြတ်လှ သက်ပြင်းချပြီး သတင်းစာတို ကောက်ကိုင်စဉ်. . .

"အန်တီ"

"ဩော်. . ဆရာမ ဘာဖြစ်လို့လဲ"

ကံကံဆရာမက အိတ်ဆွဲကာ သူ့အနီး ရောက်လာသဖြင့် ဒေါ်မြတ်လှ မျက်လုံးပြူးသွားသည်။

ပြီးခဲ့တဲ့အပတ်က ဆရာမ တစ်ယောက်သည်လည်း သုံးရက်နှင့် ပြန်ပြေးသွားသည်။

ယခုတစ်ယောက်က တစ်ပါတ်တော့ မြဲနေသဖြင့် ဒေါ်မြတ်လှ တယ်ဟုတ်ပါလားဟုဆိုကာ ကျေနပ်နေစဉ် သူပါလာသော ခရီးဆောင်အိတ်ဆွဲကာ မိမိအား လာနှုတ်ဆက်သည်ဆိုတော့ ဒေါ်မြတ်လှ မျက်လုံးမျက်ဆန်ပြူးကာ နှလုံးထုန်ရင်ခုန် ဖြစ်ရလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်ပါဦး ဆရာမရယ်"

ဆရာမကတော့ အေးဆေးစွာ ဝင်ထိုင်ပြီး

"အန်တီကိုတော့ အားနာပါတယ်၊ ဒါပေမယ့် ကျွန်မ အလုပ်ထွက်ခွင့်ပေးပါ၊ ဒီမှာ အန်တီပေးထားတဲ့ လစာထဲက တစ်ပါတ်စာပဲ ယူလိုက်ပါတယ်၊ ဒီမှာ ကျန်ငွေပါ"

"ဟင်း. ."

ငွေရေးကြေးရေးက ဒေါ်မြတ်လှအတွက် အကြောင်း မဟုတ်၊ မြေးကဲကဲ နောင်ရေးက အကြောင်းဖြစ်နေသည်။

"ဘာဖြစ်လို့လဲ ဆရာမရယ်၊ အန်တီကို အကျိုးအကြောင်း ရှင်းပြပါဦး"

ထိုအချိန်တွင် ဧည့်ခန်းတစ်နေရာ၌ ကဲကဲကြီးတော် ငုဝါနှင့် ကဲကဲသည် ထိုင်ကာ အရုပ်ကားချပ်လေးများ ဆက်နေသည်။

ဆရာမက လှမ်းကြည့်လိုက်ပြီး. . .

"အန်တီကို ဘာကြောင့်လဲဆိုတာ ကျွန်မ မပြောပြချင်ပါဘူး၊ သူတစ်ပါး အိမ်တွင်းရေးကိစ္စ၊ ဘာမှ မပြောလိုပါဘူး၊ ဒါပေမယ့် ကလေးတစ်ယောက်ကိုပဲ ပြုပြင်ချင်ပါတယ်၊ လူကြီးဦးနှောက် ပယောဂပူးနေတဲ့ ကလေးတစ်ယောက်ကို မပြုပြင်ချင်ပါဘူး၊ အန်တီလည်း ပညာတတ်ပါ၊ ကျွန်မ ဘာကိုဆိုလိုတယ်ဆိုတာ လေ့လာကြည့်ရင် သိပါလိမ့်မယ် အန်တီ ခွင့်ပြုပါဦး"

"စိတ်မရှိပါနဲ့ ဆရာမရယ်၊ ဒီလစာကိုပါ သွားလာစရိတ်အဖြစ် လက်ခံလိုက်ပါတော့"

"ဝမ်းနည်းပါတယ် အန်တီ၊ ကျွန်မက ထိုက်သင့်တဲ့ လစာငွေကလွဲရင် ပိုမယူတတ်ပါဘူး၊ အန်တီကိုတော့ အစစအရာရာအတွက် ကျေးဇူးတင်ပါတယ်၊ ခွင့်ပြုပါ အန်တီ"

ဒေါ်မြတ်လှ မောဟိုက်ကာ ခြေပစ်လက်ပစ် ကျန်ရစ်ခဲ့လေသည်။

ပိုက်ဆံ တစ်သိန်းမှာ စားပွဲပေါ်၌ မျက်နှာငယ်စွာ ကျန်ရစ်ခဲ့လေသည်။ လစာကို အသားတင်တစ်သိန်းခွဲ ပေးထားတာတောင် ဒီအလုပ်ကို တစ်ပါတ်နှင့်ထွက်သည်ဆိုတော့ စဉ်းစားစရာပင်။

"တွားဘီ ပိုင်းရုံးမ တွားဘီ"

ကဲကဲက ထအော်သည်ကို ဒေါ်မြတ်လှက နားစွန်နားဖျားကြားကာ. . .

"ကဲကဲ. . သား ဘာပြောလိုက်တာလဲ၊ ဘွားဘွားကို ပြန်ပြောပြပါဦး"

"တွားဘီ ပိုင်းရုံးမ တွားပြီ"

ဒေါ်မြတ်လှ ခေါင်းကို မိုးကြိုးပစ်ချလိုက်သည့်အလား ခံစားလိုက်ရသည်။

"ဘုရား. . ဘုရား. . ကဲကဲ ဘယ်လိုဘယ်လို ပြောလိုက်တယ်၊ တော်ပြီ ပြန်မပြောနဲ့တော့ ဘွားဘွားနားလည်ပြီ"

ဒေါ်မြတ်လှ ရင်ဘတ်ကို လက်နှစ်ဘက်နှင့်အုပ်ကာ







www.burmeseclassic.com

www.burmeseclassic.com



ဘုရားတပြီး မြေးကို တဆက်တည်း ပြောလိုက်သည်။

"ရာဘူး၊ ဘွားဘွားကို ကဲကဲထော်ဘူး၊ ပိုင်းရှုံးမတွေ့ ထော်ရင်. . ကဲကဲ ဘွားဘွားကို ထော်ဘူး၊ အန်တီ ကဲကဲကို ကားတွန်းပေး"

ဒေါ်မြတ်လှ ကျောက်ဆစ်ရုပ်သဖွယ် ကြက်သေသေကာ ငေးကြည့်လျက်သား ကျန်ရစ်ခဲ့လေသည်။

တူဝရီးနှစ်ယောက်က ကစားခန်းထဲဝင်သွားပြီး ခိုးခိုးခစ်ခစ် ရယ်မောသံ၊ ကစားရုပ်များမှထွက်သော အသံပေါင်းစုံတို့ ဆူညံနေလေပြီ။

"လူကြီးဦးနှောက် ပယောဂပူးနေတဲ့ ကလေးတစ်ယောက်" တဲ့. . ဘယ်လူကြီးရဲ့ ဦးနှောက်ပရောဂလဲ။

ဒေါ်မြတ်လှ ဦးနှောက်စားရပြီ။

ကဲကဲကြီးတော်က ပညာအရည်အချင်းကလည်း သိပ်မရှိ၊ ရိုးရိုးအအပါ၊ ကလေးတစ်ယောက်ကို ပြုပြင်သိမ်းသွင်းနိုင်စွမ်း မရှိ၍ ဆရာမ ငှားရသည့်အဖြစ်။

အိမ်အလုပ်သမားထဲက ဒေါ်စိန်အေးနှင့် မိကျွဲပဲ ကဲကဲ ဝေယျာဝစ္စလုပ်ကြသည်။ ဒရိုင်ဘာနှင့် မာလီကတော့ သူတို့ဖာသာ အလုပ်သမားတန်းလျားနေပြီး ခြံထဲမှာသာ နေတတ်ကြသည်။

မဖြစ်သေးဘူး၊ ဒေါ်စိန်အေးကိုတော့ တိုးတိုးတိတ်တိတ် မေးမြန်းဦးမှ. . .

ကဲကဲအိပ်ချိန်ရောက်၍ ကဲကဲအိပ်ပျော်သွားသည်





နှင့် ငုဝါပြန်သည်။

ကဲကဲကြီးတော် ငုဝါသည် မိမိတို့လမ်း တစ်လမ်းကျော်၌ နေထိုင်သည်။

ကဲကဲမိခင်မေတ္တာကြောင့် တစ်မျိုးလုံးနှင့် အဆက်အသွယ် ပြတ်သွားသည်ဟု ဆိုပေမယ့်. . နဂို မေတ္တာရှိစဉ်ကတည်းက လာရောက်ပြုစုပေးနေသော ငုဝါကိုတော့ အဆက်အသွယ် မဖြတ်ရက်၊ သားဖြစ်သူက လက်မခံချင်သော်လည်း မိမိက ဇွတ်လက်ခံသဖြင့် မပြောသာခဲ့။

ဆရာမနှစ်ဦး ထွက်သွားသည့်ကိစ္စနှင့် ပတ်သက်၍ ဒေါ်မြတ်လှ ပထမဦးဆုံး သံသယဝင်မိသည်။

"ကြီးကြီး ကျွန်မပြန်မယ်၊ မနက်ဖြန် အမေနဲ့ ဆေးရုံလိုက်သွားရမှာမို့လို့ ကျွန်မနောက်ကျမယ်နော်"

"အမေက ဘာဖြစ်လို့လဲ"

"သူ့သမီးစိတ်နဲ့ နှလုံးရောဂါ ပြန်ထတာ နေမှာပေါ့"

သူ့သမီးဆိုသည်မှာ ခေတ္တာကို ရည်စူးကြောင်း ဒေါ်မြတ်လှသိသဖြင့် နာကျည်းနေသည့်ကြားက မေးလိုက်သည်။

"နောက်ကောင်နဲ့ အဆင်မပြေပြန်ဘူးတဲ့၊ နောက်တစ်ယောက်နဲ့ ဆိုလား"

"အို. . ဘုရား. . ဘုရား"

"ဒီညီမအတွက်လည်း စိတ်ပျက်ပါတယ် ကြီးကြီးရယ်၊ ကျွန်မပြန်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွယ် မအေကို ဂရုစိုက်ပါ၊ လိုအပ်ရင် ပြုစုပါ၊ ကဲကဲတာဝန် ကြီးကြီးပဲ ယူပါ့မယ်"

"ရပါတယ် ကျွန်မလာမှာပဲ"

ပြောပြောဆိုဆို အိမ်ထဲမှထွက်သွားသော ငုဝါ နောက်ကျောကိုကြည့်ပြီး ဒေါ်မြတ်လှ သက်ပြင်းရှည်ကြီး ချလိုက်မိသည်။ နောက်. . .

"မစိန်အေးနဲ့ မိကျွဲရေ၊ ညီးတို့ တီဗွီခဏပိတ်ထားပြီး ကျုပ်အနားကို လာကြစမ်းပါဦး"

"ရှင် ဘာဖြစ်လို့လဲ အစ်မ"

"ကြီးကြီး နေမကောင်းလို့လား၊ မိကျွဲ နင်းပေးရမလား"

"အေး. . စိတ်နေမကောင်းဘူး၊ ထိုင်ကြဦး ငါမေးစရာတွေရှိတယ်၊ ညည်းတို့ အမှန်အတိုင်းပြော၊ ဘယ်သူ့ကိုမှ ကြောက်စရာမလိုဘူး"

ဒေါ်စိန်အေးနှင့် မိကျွဲမှာ မျက်လုံးကလေးများ တလည်လည်နှင့် ဖြစ်နေကြသည်။ သူတို့ ဘာအပြစ်များ လုပ်မိတာပါလိမ့်ဟု စဉ်းစားနေကြဟန်တူသည်။

"မစိန်အေး"

"ရှင် အစ်မ"

"ညည်း ဒီအိမ်မှာနေတာ ဘယ်နှနှစ်ရှိပြီလဲ"

"ဆယ်နှစ်ကျော်ပါပြီ မမ"

"မိကျွဲကကော"





"ကဲကဲ လသားမှာဆိုတော့ သုံးနှစ်ပေါ့နော်၊ ဟုတ်တယ် သုံးနှစ်ကျော်ပြီ"

"အေး. . အဲဒီလောက် နေကြတဲ့ နှစ်တွေမှာ ငါဆဲဆိုတာ ညည်းတို့ ကြားဖူးကြသလား"

"မကြားဖူးပါဘူး"

"ဟင့်အင်း. ."

"ကဲကဲ ဆဲတာကော"

နှစ်ယောက်စလုံး မျက်နှာပျက်သွားကြသည်ကို ဒေါ်မြတ်လှ ရိပ်မိလိုက်သည်။

"ကဲကဲ ဆဲတတ်နေပြီမှတ်လား၊ ဘယ်တုန်းက ဆဲတတ်တာလဲ၊ ဘယ်သူသင်ပေးတာလဲ ငါသိချင်တယ်၊ အမှန်အတိုင်း ပြော၊ ဒီအိမ်မှာ ညည်းတို့ သစ္စာရှိရမှာ ငါရယ် ညည်းတို့ဆရာလေးရယ်၊ ငါ့မြေးကဲကဲ အပေါ်မှာပဲရှိတယ်၊

ငါတို့သုံးယောက်ရဲ့ အကျိုးပျက်စီးစေရမယ့်၊ ဂုဏ်သိက္ခာ ကျဆင်းစေမယ့်၊ ဒုက္ခရောက်စေမယ့် ကိစ္စဆိုရင် ညည်းတို့က ဖွင့်ဟပြောသင့်တယ်လို့ မယူဆကြဘူးလား"

နှစ်ယောက်စလုံးက ပျာပျာသလဲပင်. . .

"ပြောသင့်ပါတယ်"

"ဒါဖြင့် ကဲကဲ ဆဲတတ်နေတာ ငါ့ကို ဘာလို့မပြောကြသလဲ"

"ကြီးကြီးလဲ သိပြီ ထင်လို့ပါ"

"ဟော. ."



www.burmeseclassic.com

www.burmeseclassic.com



မြေးဆဲတတ်တာ မိမိက ဘာဖြစ်၍ မသိရသနည်း။ အခုတလော ကလေးထိန်းဆရာမ အလိုရှိကြောင်း ကြော်ညာထည့်ပြီးသည့်နေ့မှစ၍ သူ မအားရ။

ဖုန်းဖြင့်ရင်း၊ စာဖြင့်ရင်း၊ လူကိုယ်တိုင်ရင်း လာကြသည်။ ထိုကိစ္စများ ဒိုင်ခံဖြေရှင်းရသည်။

ထိုအထဲမှ ရုပ်ရည်ချော ပြောဆိုပုံပါ ရည်မွန်သော ဆရာမတစ်ယောက် ခန့်လိုက်သည်။ သုံးရက်ပဲခံသည်။

ထိုစဉ်က လစာတစ်သိန်း ပေးသည်ကို နည်းလို့များလားဟုတွေးကာ နောက်တစ်ဦးကို ထပ်ခန့်ပြီး ငါးသောင်းပိုပေးလိုက်သည်။ တစ်ပါတ်ပဲခံသည်။ မိမိအား ပညာတတ်စကားမျိုး ပြောသွားပြီး ထွက်သွားပြန်သည်။

ဒါတွေနှင့် အလုပ်ရှုပ်၍ ကဲကဲကို မကြည့်မိ၊ ဆရာမများနှင့် ရင်းနှီးစေရန် တမင်ပစ်ထားသည်လည်းပါသည်။

ဒါကိုကပဲ မိမိအမှား ဖြစ်ရလေပြီလား။

"ဆရာမတွေ ရောက်လာကတည်းက ဆဲတတ်တာ"

"မဖြစ်နိုင်တာ...၊ ဆရာမဆိုတာ လိမ္မာရေးခြားရှိအောင် သင်ပေးတာ"

"အဲဒါတော့ ကျွန်မတို့လည်း မပြောတတ်ဘူးအစ်မ၊ ဆရာမတွေကိုလည်း ဆဲတယ်၊ ကုတ်ဖဲ့တယ်၊ တခါ ထမင်းစားတုန်းကလည်း ထမင်းတွေနဲ့ ပေါက်တယ်"

"ဟုတ်တယ်ကြီးကြီး၊ မိကျွဲတို့လည်း ဆရာမတို့ အားနာလို့ တောင်းပန်လိုက်ရတာ ဆရာမတွေက သည်းခံရှာ





တယ်၊ ဆုံးမပေမယ့်..ကဲကဲ နားမဝင်ဘူး"

ဒေါ်မြတ်လှ နားရှိ၍သာ ကြားရသည်။ မယုံနိုင်စရာဝင်။

"ငါ့ရှေ့မှာတော့ ဆဲသံဆူသံ မကြားမိဘူး၊ ခုနကမှ ဒါသိလိုက်ရတာ"

"ဟုတ်တယ် ကြီးကြီးရှေ့မှာ ကဲကဲက ဘာမှ မဟုတ်ဆလိုပဲ"

"အစ်မစိတ်မဆိုးနဲ့နော်၊ ကျွန်မအထင် ပြောရမသား"

ဒေါ်စိန်အေး မဝံ့မရဲ ပြောလိုက်သည်ကို ဒေါ်မြတ်သူတ

"ပြော်အေ..စောစောကပဲ ငါ ပြောပီးပါပကော၊ ဒါတို့အကျိုးပျက်စေမယ့် ကိစ္စဆိုရင် ဘာကိုမှ မငဲ့ပါနဲ့ ပြောပါဘို..ကိုယ့်အကျိုးအတွက်ပဲ ငါက စိတ်ဆိုးဝံ့မလား၊ မစိန်အေးရယ်"

ဒေါ်စိန်အေး ပြောရဲစေရန် သေချာစွာ ရှင်းပြလိုက်သည်။

"ဟုတ်ကဲ့ ကျွန်မတို့လည်း ကျားထက် ကျားချေးကြောက်နေရတာကိုး"

"ဘယ်ကျားချေးလဲ"

"ကဲကဲကြီးတော်လေ"

"ငေါ..ငေါက"

www.burmeseclassic.com

www.burmeseclassic.com



"တုတ်တယ်အစ်မ ငုဝါက ကဲကဲနား တိုးတိုးတိုးတိုး တပ်ပြီး ဘာတွေသင်ပေးနေမှန်းကို မသိဘူး"

"ဗိုပြောပြတာ မဟုတ်ဘူးလား"

"ဒါတော့ ကျွန်မတို့လည်း မသိဘူးအစ်မ၊ ကျွန်မတို့ အနားကပ်ရင်လည်း မကြိုက်ဘူး၊ ကျွန်မဆို တော်သေး။ မိကျွဲကိုများတော့ ခွေးချေးနိုင်သလိုပဲ"

"ဟုတ်တယ်ကြီးကြီး အနားကပ်တာနဲ့ အော်ငေါက်လွှတ်တာပဲ၊ ခု ကဲကဲက ကျွန်မကိုပါ ဆဲနေပြီ"

ဒေါ်မြတ်လှ မိကျွဲကို ကြည့်လိုက်သည်။

မြေးကဲကဲရလာတော့ အိမ်အလုပ်နှင့် ကလေးအလုပ်ပါဆို ဒေါ်စိန်အေးတစ်ယောက်တည်း မနိုင်မှာစိုးသဖြင့် လူထပ်ရှာခိုင်းသောအခါ မိကျွဲရောက်လာသည်။ ရောက်လာခါစက ဆယ့်သုံးလေးနှစ် ကလေးသာသာ ယခုတော့ အပျိုကြီးဖားဖား ဖြစ်နေပြီ။

"မစိန်အေးကိုကော ဆဲသလား"

"ကျွန်မကိုတော့ မဆဲဘူး"

"ငုဝါကိုကော"

"ငုဝါကိုတော့ ဘာမှမလုပ်ဘူး၊ ဆဲလည်း မဆဲဘူး၊ ဂျီလည်း သိပ်မကျဘူး"

"အင်း တစ်ခုတော့ တစ်ခုပဲ၊ အေး ထူးခြားတာရှိရင် ငါ့ကို လက်တို့ဖို့ မမေ့ကြနဲ့ ငါလည်း စောင့်ကြည့်မယ်၊ ကဲကဲ ကြည့်ကြတော့ ငါသွားအိပ်တော့မယ်၊ တကယ်လို့ ညီးတို့





ဆရာ ရောက်လာရင်. . ငါ မအိပ်သေးရင် ငါ့ကို လာတွေ့ ခိုင်းလိုက်"

"ဟုတ်ကဲ့"

ဒေါ်မြတ်လှ အပေါ်ထပ်သို့ တက်ခဲ့လေသည်။

မြေးနှင့် အတူအိပ်သည်။

မိသားစု ကုတင်ကြီး၌ မြေးအဖွားနှစ်ယောက် ကျယ်ကျယ်လွှတ်လွှတ်အိပ်နိုင်သော်လည်း ကလေးနှင့်ဆိုတော့ ဒေါ်မြတ်လှ နိုးနိုးကြားကြားအိပ်ရသည်။

နာနီကို ကဲကဲ တစ်နှစ်ခွဲအထိသာငှားပြီး နောက်ပိုင်း ဒေါ်မြတ်လှနှင့် ဒေါ်စိန်အေးက တာဝန်ယူသည်။

ဒေါ်စိန်အေးက သူတို့အခန်းထဲ၌ လာအိပ်ပေးသည်။ ညဘက်ကဲကဲနိုးလျှင် သူပင်ထကာ တာဝန်ယူပေးသော်လည်း ဒေါ်မြတ်လှ မနိုးပဲမနေ။

ဆရာမတွေ ရောက်လာတော့ ဆရာမတွေနှင့် သိပ်သော်လည်း နိုးလျှင်တော့ မစိန်အေးပင် တာဝန်ယူသည်။ လက်မလွှတ်ရဲသေး။

"အင်း. . ဒုက္ခဒုက္ခ၊ အရွယ်ခြင်းက သိပ်ကွာခြားလာတော့ ဒီအရွယ်လေး လူလားမြောက်ဖို့ ပြုစုရတာ မလွယ်တော့ပါလား"

သားငါးယောက်ကို ပြုစုရတာ ဒီလောက် အခက်အခဲမရှိပါပဲလျက်၊ မြေးနှင့်ကျမှ အခက်အခဲတွေ စိတ်ပင်ပန်းမှုတွေ ကြုံတွေ့နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ချွေးမ ခတ္တာကို ပို၍နာကျည်းမုန်းတီးမိလေသည်။

ဖိုးညာက တော်ရုံနှင့် အိပ်မပျော်၊ နောက် အိပ်ပျော်သွားသည်။ မိုးလင်းလာတော့ ကဲကဲ မနိုးသေး။

သားဖြစ်သူ မင်းခန့်စည်သူ အခန်းသို့ သွားကြည့်တော့မရှိတော့။ နာရီကြည့်လိုက်တော့ ခုနစ်နာရီ ခွဲနေလေပြီ။

ခါတိုင်း ဒီအချိန်မသွားတတ်ပါဘူး။

"အစ်မ ညက ဆရာ အိမ်ပြန်မအိပ်ဘူး၊ ဖုန်းဆက်ပြောတယ်၊ ကုမ္ပဏီမှာပဲ အိပ်လိုက်မယ်တဲ့၊ ကျွန်မတောင် ဆရာမထွက်သွားတဲ့အကြောင်း ပြောလိုက်သေးတယ်"

ဒေါ်စိန်အေးက သူနိုးလာသည်နှင့် ရောက်လာပြီး အရိပ်အကဲကိုကြည့်ကာ ပြောလိုက်သည်။

"ကဲကဲ ဆဲတဲ့အကြောင်းကော"

"ဒါတော့ မပြောပါဘူး၊ ဆရာက ဘာဖြစ်လို့ ထွက်သွားရပြန်တာလဲ၊ ထပ်ခန့်ပေါ့တဲ့၊ အဲဒီလိုပြောပြီး ဖုန်းချသွားတာယ်"

ဒေါ်မြတ်လှ ခေါင်းခဲရပြီ။

"ငါ့ခေါင်းပေါ် ပုံကျမှာပဲ၊ ဒီဟာမနဲ့ ပေးစားမိတာကိုက ငါ့အမှားပေကိုး၊ မစိန်အေးရယ်"ဟုသာ ငြီးတွားလိုက်လေတော့သည်။



# အခန်း(၄)

"သွေး ညှိသည်ရောက်နေတယ်"

"ဟုတ်လား"

အဆောင်သူတစ်ဦးက လာခေါ်သဖြင့် သွေး ဝမ်းသာသွားသည်။ လေးလေးပဲနေမှာပါဟုတွေးကာ ပျော်သွားသည်။

လေးလေး တစ်လတစ်ခါလိုလို ဆင်းလာတတ်ပြီး မိမိအား ကျူရှင်လစာငွေလေး လာပေးတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခု လေးလေး လာနေကျရက်ပဲဟု တွေးကာ ပျော်ရွှင်စွာဖြင့် ဧည့်ခန်းသို့ ထွက်ခဲ့လေသည်။

မှန်းချက်နှင့် နှမ်းထွက်မကိုက်ချေ။ လေးလေးမဟုတ်ပဲ ဒေါ်လေးကို တွေ့လိုက်ရသည်နှင့် ရင်ထဲစိုးထိတ်သွားသည်။

ပြဿနာတစုံတရာတော့ ပါလာလိမ့်မည်ဟု တွေးမိသည်။

"လာပါဦး ဆရာဝန်လောင်းမကြီးရယ်၊ ညည်း ဆရာဝန်ဖြစ်မဖြစ်တော့ ကျုပ်မသိဘူး၊ ဒါပေမယ့် . . ညည်းဦးလေး မသာဖြစ်ဖို့ကတော့ နီးစပ်နေပြီ"

သွေးမျက်နှာ မီးအဟပ် ခံလိုက်ရသည့်နှယ် ဖြစ်သွားသည်။ ဒေါ်လေး အပြောအဆိုအနေအထိုင် ကြမ်းတမ်းသည်ကို သွေးသိထားပြီး ဖြစ်သော်လည်း ယခုလို လူပုံအလည်မျိုး၌ ပြောဆိုခြင်းကိုတော့ . . သွေးလဲ သေချင်လောက်အောင် ရှက်မိလေသည်။ သို့သော် လေးလေးအတွက် စိုးရိမ်စိတ်က ရှက်စိတ်ကို ဖုံးပြီး . . .

"ဟင် . . လေးလေး ဘာဖြစ်လို့လဲ၊ နေမကောင်းဘူးလား"

"ဟုတ်တယ် . . လေးဘက်နာဖြစ်နေတယ်၊ အဲဒါတောင် ကျူရှင်ပြနေလို့ ကျုပ်က ညည်းကို သတိလာပေးတာ၊ ညည်း ကိုယ့်ကျိုးအတွက်ပဲ ကြည့်မလား . . ၊ ညည်းဦးလေး ကျန်းမာတာ မြင်ချင်သလား၊ ကျောင်းတစ်ခုတည်းဆိုရင်





ရောဂါအတွက်တောင် ထွက်ပေါက်ရသေးတယ်၊ ကျူရှင်တွေဆက်နေတော့ နားချိန်မရှိဘူး၊ အဲဒါ ညည်းဘာလုပ်သင့်တယ်၊ ညည်းဦးလေးကို ဘာပြောသင့်တယ်ဆိုတာ ညည်းဖာသာ စဉ်းစားပြီးလာပြော၊ ညည်းတို့က ပညာတတ်ပါတယ်၊ ကိုယ့်ဦးလေးအတွက် ဘယ်လိုလုပ်ပေးသင့်တယ်ဆိုတာ ညည်းအသိဆုံး နေမှာပါ"

ဒေါ်လေးသည် မနားတမ်း ပြောချသွားလေသည်။

သွေးရင်ထဲ နာကျင်လျက် မျက်ရည်တို့က ရစ်သိုင်းလာသည်။

"ကျေးဇူးတင်ပါတယ် ဒေါ်လေးရယ်၊ ကျွန်မလည်း လေးလေးကို တာဝန်မပေးပါဘူး၊ လေးလေးကသာ . . . "

"အေးလေ ညည်းဦးလေးက ဘုရားဖြစ်မယ့် အုတ်နီခဲကြီးလေ၊ ပညာပါရမီ . . . ပညာပါရမီနဲ့ ရုန်းကန်လိုက်တာ ကျုပ်လာပြောတယ်ဆိုတာ ညည်းမပြောနဲ့ဦး၊ ညည်းဖာသာညည်း တစ်ဖက်လှည့်နဲ့လာခဲ့၊ ဒါပဲ . . ကျုပ်ပြန်မယ်၊ ကျုပ်ရန်ကုန်လာတာ သူမသိဘူး"

"ဟုတ်ကဲ့ပါဒေါ်လေး၊ ခုလိုလာပြောတာ ကျွန်မ သိပ်ကျေးဇူးတင်ပါတယ်၊ ကျွန်မအတွက် လေးလေးရောဂါဖြစ်ရတာမျိုး စိတ်မကောင်းပါဘူး၊ ကျွန်မ သီတင်းကျွတ် လာကန်တော့သလိုနဲ့ လာခဲ့ပါ့မယ်"

"အေးအေး . . သွားမယ်"

"ဟုတ်ကဲ့"ဟု ဆိုပြီး ဒေါ်လေးကို သွေးခြံအဝအထိ



www.burmeseclassic.com

www.burmeseclassic.com



လိုက်စိုးခဲ့လေသည်။ သွေးဖြေသာပါသည်။

ဒေါ်လေးသည် သွေးအပေါ်၌ မကြည်ဖြူသော်လည်း လေးလေးအပေါ်တွင်တော့ ကောင်းနေသည်ကိုကပင် ဒေါ်လေးကို ကျေးဇူးအထူးတင်မိသည်။

ဒေါ်လေးအပေါ်၌ မကျေမနပ်စိတ်တို့ လွင့်ပါးသွားလေသည်။ သူရှာသည့်ငွေ သူသဒ္ဓါသူကိုသာ ကြည်ကြည်ဖြူဖြူ ပေးကမ်းချင်ပေးကမ်းမည်၊ မိမိနှင့်ဘာမှမဆိုင်. . ၊ သူမကြည်ဖြူခြင်းအပေါ် မိမိစိတ်ကွက်စရာမလို။

မိမိအသက်လည်း ဆယ့်ကိုးနှစ်တောင် ပြည့်ပြီးပြီပဲ၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ကာ လျှောက်သင့်သည်။ သူတို့တာဝန်မရှိဟု ယူဆလိုက်သည်နှင့် စိတ်မှာ ပေါ့ပါးသွားပြီး သတ္တိတွေ ရှိလာသည်။

အလုပ်တစ်ခုခု အမြန်ရှာမှဖြစ်မည်။

သွေးအဆောင်ထဲ ပြန်ဝင်ကာ မှတ်စုစာအုပ်ကလေး ယူလိုက်သည်။ လွန်ခဲ့သော နှစ်လခန့်က မှတ်သားထားသော ဖုန်းနံပါတ်ကို ဆက်လိုက်သည်။

"ဟဲလို. ."

"ဒေါ်မြတ်လှနဲ့ တွေ့ချင်လို့ပါရှင်"

"ဒေါ်မြတ်လှ ပြောနေပါတယ်"

အောင်မြင်ထယ်ဝါသောအသံကို ကြားလိုက်ရသည်နှင့် သွေးအားတက်သွားသည်။

"မိခင်ဆရာမ အလိုရှိသည် ကြော်ငြာနဲ့ပတ်သက်ပြီး





မေးချင်လို့ပါရှင်"

"သြော်. . အေးအေး. . မင်း လုပ်ချင်လို့လား၊ လုပ်ချင်ရင် လူကိုယ်တိုင် လာခဲ့လေ၊ အန်တီနဲ့ လာတွေ့ပါဦး၊ အသေးစိတ် ပြောကြဆိုကြတာပေါ့"

အားတက်သရော ဖိတ်ခေါ်လိုက်သောအသံကြောင့် သွေး တခုန်မိမတတ် ဝမ်းသာသွားလေသည်။

"ဟုတ်. . ဟုတ်ကဲ့"

"ဒီနေ့လာမှာလား၊ ဖြစ်နိုင်ရင် အခုပဲ လာပါလားကွယ်၊ အန်တီအိမ်မှာ ရှိနေပါတယ်"

"ဟုတ်ကဲ့ရှင့် ဟုတ်ကဲ့၊ ကျွန်မ အခုပဲ လာခဲ့ပါမယ်"

"အေး. . အေး. . ဒါပဲနော်"

သွေးအတွက် ကံကောင်းခြင်း လမ်းစကို စတင်နင်းမိလေပြီထင့်။ တစ်ခါမှ ယခုလို လိုလိုလားလားနှင့် ဖိတ်ခေါ်သောအလုပ်ရှင်မျိုး တစ်ခါမှ မတွေ့ဘူး၊ မကြုံဘူး၊ မကြားဘူးခဲ့ဖူးချေ။

ကံကောင်းခြင်းဆိုတာ နှစ်ခါမရနိုင်ဟု သွေးတွေးမိပြီး ချက်ချင်းပင် အဝတ်ကောက်လဲပြီး ကားဂျေးကာ ထွက်ခဲ့လေသည်။

Taxi ဖိုး နှမြောသော်လည်း မတတ်နိုင်။

"အချိန်နှင့်ဒီရေ"သည် လူကို မစောင့်ဟု ဆိုသည်။ ငါးကိုမြင်မှတော့ ငါးစာဖိုး နှမြောလို့ ဖြစ်ပါ့မလားဟု သွေး ကိုယ့်သွေး အားပေးရသည်။ Taxi ဖိုးအတွက် နှမြောမိသော



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကို ပြန်လည်ဖြေသိမ့်မှုပေးရသည်။

အားပါး. . ကျယ်ဝန်းလှသည့် ခြံကြီးဂိတ်၌ အစောင့်ထားသော လုံခြုံရေးဂိတ်တောင်မှ ကြွေပြားကပ်ထားသည်။

သွေးအတွက်တော့ ခန့်ညားထယ်ဝါမှု အရှိန်အဝါကြောင့် သိမ်ငယ်သလို ဖြစ်မိသည်။

Taxi ကားခပေးပြီး ဆင်းမည်လုပ်တော့ ဂိတ်မှလူကြီးက တံခါးဖွင့်ပေးပြီး. . .

"ကားဝင်သွားခိုင်းပါ၊ သူဌေးကတော် စောင့်နေပါတယ်"

Taxi ကို ဆက်မောင်းခိုင်းလိုက်ရသည်။

ခန့်ညားထယ်ဝါလွန်းသော သုံးထပ်တိုက် အိမ်ကြီး၏ ဆင်ဝင်အောက်၌ ကားရပ်လိုက်သည်နှင့် အသက်လေးဆယ်ခန့်ရှိသော မိန်းမတစ်ဦးက လာကြိုလေသည်။

"စောစောက ဖုန်းဆက်တဲ့ ဆရာမလေးထင်တယ်"

"ဟုတ်ပါတယ်ရှင်"

"လာ. . အဲ. . ကြွပါဆရာမ၊ အစ်မ စောင့်နေပါတယ်၊ ပစ္စည်းတွေကော မပါဘူးလား"

"ရှင် ကျွန်မတို့ အလုပ်စကား မပြောရသေးဘူးလေ၊ ဘာမှန်းမသိတော့ ဘာမှမယူလာပါဘူး"

"ဩော်. . ဟုတ်လား"

Taxi ဒရိုင်ဘာက. .

"စောင့်ရဦးမလား ခလေးမ"





"ရပါတယ်ဦး၊ ကြာဦးမှာ"ဟု ပြောပြီး သွေးပြန်လွှတ်လိုက်သည်။ အမလေး အသွားအပြန်နှင့် ရပ်နားခပါ ထည့်တွက်သော တက္ကစီမျိုး စီးရလောက်အောင် သွေး၌ အပိုဝင်ငွေ မရှိပါချေ။

သွေးသည် ဆယ်တန်းကျောင်းသူများကို ကျူရှင်လုပ်ပေးနေသည် မှန်သော်လည်း ဒီလောက်ခမ်းနားကြီးကျယ်သော အိမ်မျိုးကို တစ်ခါမှ မရောက်ခဲ့ဘူးပါချေ။

"လာ. . ဆရာမ၊ အို. . ငယ်ငယ်လေး ရှိသေးတာပဲ"

ဧည့်ခန်းအလယ်၌ ရှိနေသော ဆိုဖာဆက်တီဝိုင်းတွင် ခန့်ညားစွာထိုင်နေသော မိန်းမချောကြီးက သွေးအားဘိနပ်ဖိတ်ခေါ်ရင်း သွေး၏ ငယ်ရွယ်သော အသက်အရွယ်ကို ခန့်မှန်းကာ တအံ့တသြ ဆိုလေသည်။

"ထိုင်. . ထိုင်ပါ မိန်းကလေးရယ်"

"ဟုတ်ကဲ့. . ကြီးမေ"

အန်တီထက် ကြီးသောအရွယ်ဟု သွေးခန့်မှန်းလိုက်သည်။ မိမိမိဘများရှိလျှင် လေးဆယ်ကျော်မျှသာ ရှိမည်။ မိဘထက် ကြီးသူဆိုတော့ ကြီးမေဟု ခေါ်လိုက်မိသည်။

"မိန်းကလေး ဘွဲ့ရပြီးသားတော့ မဖြစ်နိုင်ဘူးထင်တယ်"

"ဟုတ်ပါတယ် ကြီးမေ၊ သတင်းစာမှာ ကြော်ငြာစာတွေ့ကတည်းက အဲဒီအချက်နဲ့ မကိုက်ညီတဲ့အတွက် သွေးလျှောက်ခဲ့တာပါ၊ ဒါပေမယ့် အခု သွေးမှာ အခက်အခဲရှိနေ



www.burmeseclassic.com

www.burmeseclassic.com



လို့. . ဒီ တစ်ချက်အတွက်ရယ်၊ သွေးပညာရေးအတွက်ရယ် တောင်းပန်ကြည့်မယ်ဆိုပြီး အရဲစွန့်လာတာပါ”

“နံမယ်က”

“သွေးပါ”

“တစ်လုံးတည်းလား”

“ဟုတ်ကဲ့ တစ်လုံးထဲပါ”

ဖြူဖွေးသန့်စင်ကာ ချောမောခန့်ညား ကျက်သရေရှိသော ကြီးမေကို သွေးမြင်မြင်ချင်းပင် ချစ်ခင်မိလေသည်။ ဘွားအေကို သတိရမိသည်။

“ကိုင်း. . ဒါဖြင့် မိန်းကလေးရဲ့ ကိုယ်ရေးရာဇဝင်ကို ပြောပြပါဦး”

သွေး၏ ဘဝဇာတ်ကြောင်းကို ချွင်းချက်မခန်းပဲ ပြောပြလိုက်လေသည်။

“ဖြစ်ရမယ်၊ လောကဇာတ်ခုံကြီးမှာ လူသားတိုင်းမှာ ဘဝဖြစ်စဉ်ကိုယ်စီနဲ့ ရှုပ်ထွေးနေကြတာပဲ၊ ကိုင်း. . ဒါဖြင့် ကလေးမကို ကြီးမေ ပညာပါရမီ ဖြည့်တဲ့အနေနဲ့ ဒီအလုပ်ကို ပေးလိုက်မယ်၊ ကလေးမကလည်း ကြီးမေမြေးကို အတတ်နိုင်ဆုံးသည်းခံပြီး လူယဉ်ကျေးလေး ပညာစိတ်ဝင်စားတဲ့ကလေး ဖြစ်အောင် အနီးကပ်ပြုစုပေးရမယ်ကွယ်၊ ဘယ့်နှယ်လဲ. .”

“မိခင်မရှိတဲ့ ကလေးတစ်ယောက်ရဲ့ ခံစားချက်ကို သွေးကိုယ်ချင်းစာပါတယ် ကြီးမေ၊ သွေးဘဝမှာလည်း ဦးလေးလို ပညာကို တန်ဖိုးထားတတ်တဲ့ ပြုစုဆုံးမတတ်တဲ့ ဦးလေးသာ မရှိခဲ့ရင် သွေးဘဝ ဘယ်လိုဖြစ်မယ်ဆိုတာ မတွေးတတ်အောင်ပါပဲ၊ ဒါကြောင့် သွေးရဲ့ ခံစားချက်နဲ့တူတဲ့ အမိမဲ့ကလေးတစ်ယောက်ကို သွေး စိတ်ရှည်လက်ရှည် ပြုပြင်ပေးပါ့မယ်၊ ခု လောလောဆယ် ကျောင်းပိတ်ထားတုန်း သွေး အချိန်ပြည့် ပေးနိုင်ပါတယ် ကြီးမေ”





သွေး ဘာကြောင့်ရယ်မသိ၊ ဤအလုပ်ကို အရမ်းလိုချင်နေသည်။ ခန့်ညားထယ်ဝါလွန်းသော အိမ်ကြီးကြောင့်သား. . မဟုတ်နိုင်။

အမိမဲ့ကလေးအတွက် သွေး၏ အထီးကျန်အားငယ်မှုကို ထိုကလေး မခံစားစေချင်၊ ဦးလေးက သွေးကို ဆုံးမတတ်သလိုမျိုး သွေးကလည်း ထိုကလေးကို ပြန်ပေးချင်သည်။

“ကဲကဲ. . ကဲကဲဆိုတာ ကြီးမေမြေးပဲ မိတဆိုးလေး၊ အခုတလော ဆဲတတ် ရိုင်းတတ်နေတယ်၊ ခုတော့ သူ့အဖေ ဆိုက်ဒ်ထဲခေါ်သွားလို့ မရှိဘူး၊ ကဲပါလေ. . တွေ့တော့ သွေး သိပါလိမ့်မယ်၊ ဖြစ်နိုင်ရင် ဒီနေ့ပဲ ပြောင်းလာနေပေးပါလား၊ သားတစ်ခါတည်းယူသွားပြီး ပစ္စည်းတွေသိမ်းခဲ့၊ အဆောင်ကို အခန်းပြန်အပ်လိုက်ပါ။ ဂိုက်ဒ်အလုပ်လည်း ဖြုတ်လိုက်ပေါ့၊ သွေးအတွက် ကျောင်းစရိတ်နဲ့ မုန့်ဖိုးသဘောမျိုး တစ်သိန်းခွဲထားမယ်၊ လိုရင်လိုသလို ကြီးမေက ထပ်ပေးပါ့မယ်၊ အဓိက ကဲကဲလေးလိမ္မာဖို့၊ စိတ်ဓါတ်ကောင်းမွန်တဲ့ကလေး ကိုယ်ကျင့်တရားကောင်းမွန်တဲ့ကလေး ဖြစ်ဖို့ပဲ အရေးကြီးတယ်”

ကြီးမေ ဘာကြောင့် ကဲကဲကို လိမ္မာယဉ်ကျေးပြီး



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကျင့်တရား ကောင်းမွန်ခြင်းကို ဦးစားပေး တဖွဖွ ပြော နေသည်ကို သွေး အစကတော့ မသိခဲ့။

နောက်မကြာခင်၌ သိရှိလာရလေသည်။





# အခန်း(၅)

"မေမေ မအိပ်သေးဘူးလား"

"မင်းကိုစောင့်နေတာ မောင်မင်းခန့်ရဲ့"

"ကိစ္စရှိလို့လား မေမေ၊ ကဲကဲကော အိပ်ပြီလား၊ မေမေ့အခန်းမှာပဲလား"

"မဟုတ်ဘူး၊ ဆရာမလေးနဲ့ တစ်ခန်းစီစဉ်ပေးလိုက်ပြီ အပေါ်ထပ်မှာ"



www.burmeseclassic.com

www.burmeseclassic.com



မင်းခန့် ပြုံးမိလေသည်။

"လာပြန်ပြီလားတစ်ယောက် ဘယ်နှစ်ရက်ခံမှာလဲ"

"ခုတော့ နှစ်ရက်ရှိသွားပြီသားရဲ့၊ မင်းသားက လူလည်၊ ဒီဆရာမလေးက ငယ်ငယ်ချောချောဆိုတော့ သဘောကျတယ်နဲ့ တူတယ်၊ အရင်ကလို ရန်မလုပ်တော့ဘူး ခိုးခိုးကြည့်ပြီး ကျေနပ်နေတယ်"

မင်းခန့်က သားဖြစ်သူ အမူအယာကို စိတ်မှန်းဖြင့် လှမ်းကြည့်ပြီး သဘောကျစွာ ပြုံးမိသော်လည်း. . ချောမောသော မိန်းမဆိုလျှင် ကြောက်ရွံ့ကြီး ဖြစ်နေသဖြင့်. . .

"သားအတွက် စိတ်ချရရင် ကျွန်တော် မြို့ထဲတိုက်ခန်းမှာပဲ နေလိုက်မယ်၊ တခါတရံမှ လာတော့မယ်၊ သားအတွက် အချိန်ပေးနိုင်တဲ့ နေ့ခင်းအားတဲ့အခါမျိုးပေ့ါ"

"ဘာဖြစ်လို့လဲ ဆရာမရှိလို့လား၊ ဆရာမငှားရတာ ဘယ်သူ့အတွက်လဲ မင်းသားအတွက်ပဲ မှတ်လား"

"ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမယ့် ဖြစ်နိုင်ရင် ကျွန်တော်က အိမ်မှာ မိန်းမဆို မေမေနဲ့ ဒေါ်စိန်ကလွဲရင် ဘယ်သူမှ ထားချင်တာမဟုတ်ဘူး၊ မြင်လည်းမမြင်ချင်ဘူး မေမေရယ်၊ မေမေနဲ့သားကြောင့် ကျွန်တော် အခုလောက်ထိ လိုက်လျောနေရတာပါ"

"အေးလေ. . မင်းသဘောပဲ မင်းအတွက်ထက် မင်းသားအတွက်ကိုပဲ မင်းကြည့်တတ်ဖို့တော့ လိုမယ်နော်"

မင်းခန့် အမေ့စကားတွေကို မသွေဖည်ရဲ၊ အမေ





သည် ခတ္တာဟူသော မိန်းမကို ချွေးမအဖြစ် ရွေးလိုက်တာ တစ်ခုကလွဲရင် အမေ့အမှား မရှိခဲ့ချေ။

သို့သော် ထိုအမှားသည် မင်းခန့်တို့ သားအဖနှစ်ယောက်စလုံးအတွက် တစ်သက်တာ နလန်မထူနိုင်အောင် ဖြစ်စေခဲ့သည်ဟု မင်းခန့်မှတ်ယူထားမိသည်။

"ဒီညတော့ ဒီမှာအိပ်မှာလား"

"ဟုတ်ကဲ့"

"မင်းသား မအိပ်သေးဘူးထင်တယ်၊ သွားတွေ့လိုက်ဦး"

"ဟုတ်ကဲ့"

မင်းခန့် အပေါ်ထပ်သို့ တက်ခဲ့သည်။ အိမ်မြေညီထပ်က ဧည့်ခန်း ထမင်းစားခန်း မီးဖိုချောင်နှင့် ကစားခန်းတို့သာရှိပြီး ပထမထပ်၌ အိပ်ခန်းလေးခန်းရှိသည်။ ဒုတိယထပ်၌ ဘုရားခန်း စာကြည့်ခန်းနှင့် မိသားစု ဧည့်ခန်းနှင့် သဘာဆောင် အပန်းဖြေနေရာဟူ၍ ဖွဲ့စည်းထားသည်။

အိမ်နှင့်ကပ်ရက်တွင် ကားဂိုဒေါင်နှင့် အပေါ်ထပ်၌ ဒေါ်စိန်အေးနှင့် မိကျွဲတို့ အခန်းရှိသည်။ အိမ်မကြီးနှင့် ဆက်နေသည်။

သို့သော် ဒေါ်စိန်အေးနှင့် မိကျွဲသည် မိခင် ဒေါ်မြတ်သူ့အခန်း၌ပင် စောင့်ရှောက်ရင်း လာအိပ်ပေးလေ့ရှိသည်။ သူတို့နှစ်ယောက်က အိမ်သားလိုဖြစ်နေပြီ။

အိပ်ခန်း၌ ရှိကောင်းရှိနေမည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာမဟူသော သူစိမ်းမိန်းမကို မတွေ့ချင်၍ သာ
ကိုတွေ့ချင်သည့်စိတ်ကိုပါ ရုပ်သိမ်းလိုက်လေသည်။

အပေါ်ထပ် လသာဆောင်သို့တက်ပြီး အပန်းဖြေ
ရန် ဝါက်ခဲ့သည်။

"လမင်းကြီးက ကိုယ်ပိုင်အလင်းရောင်မရှိဘူး ဖိုး
လေးရဲ့၊ ဒါကြောင့် သူ့ကို ဒီည မမြင်ရတာပေါ့"

"ဟိုဟာရေးတွေက ဘာရဲဟင် မမ"

"ကြယ်ကလေးတွေလဲ သားရဲ့၊ သူတို့မှာ ကိုယ်ပိုင်အ
လင်းရောင်ရှိလို့ လင်းနေတာပေါ့"

"ဟုတ်ရား"

"ဟုတ်တယ်၊ လာ. . အေးပြီ၊ သားနဲ့မမ ဘုရားရှိခိုး
ပြီးရင် ဘွားဘွားကို ကန်တော့မယ်၊ ပြီးရင် သားသားကို
ပြောပြပြီး မမ သိပ်ပေးမယ်နော်"

မင်းခန့် မှင်သက်ပြီး နားထောင်နေမိပြီးမှ သတိဝင်
လာသည်။ သို့သော် နောက်ကျသွားပြီ။

ဒန်းကလေးပေါ်မှ သားကိုချီပြီး နောက်လှည့်လိုက်
သော မိန်းကလေးနှင့်သူ မျက်နှာချင်းဆိုင် ဖြစ်သွားသည်။

"ဟင်း. . ဖေဖေ၊ ကဲကဲ ဖေကြီးရေ မမ"

ကဲကဲ ဝမ်းသာအားရ မိတ်ဆက်ပေးလေသည်။

မိန်းကလေးက ပြုံးလိုက်သည်။ ပါးချိုင့်နှင့်ပါလား

မင်းခန့်ရင်ထဲ ဒေါသတရားက အလိုလို ထွက်ပေါ်
လာသည်။



ခတ္တာ၌လည်း ပါးချိုင့်ရှိသည်ပဲ၊ ထိုအမွေက ကဲကဲ
ထံ၌ပင် ထင်ကျန်နေသည်။ ယခု လာပြန်ပြီ တစ်ယောက်. .

"ကလေးမ မင်းအသက် ဘယ်လောက်ရှိပြီလဲ"

ဆရာမဟု မသုံးစွဲ မိမိထက် များစွာငယ်လွန်းသော
မိန်းကလေးတစ်ယောက်ကို သူ ဆရာမဟု မသုံးစွဲချင်သဖြင့်
တမင်တကာပင် ကလေးမဟု သုံးလိုက်သည်။

"အသက် နှစ်ဆယ်ထဲမှာပါ ဦး"

"ဘာဦးလဲ၊ ကျုပ်ကို အိမ်သားတွေခေါ်သလို ဆရာပဲ
ခေါ်"

"ဖေဖေ ဘာရှိ့အော်တာရဲ၊ အော်ရင် ဘုရားမကြိုက်၊
နတ်မကြိုက်ဘူးတဲ့၊ လူတွေကလည်း မချစ်တတ်ဘူးတဲ့နော်၊
မမနော်. . မမပြောရာ"

ကဲကဲစကားကြောင့် မင်းခန့် သတိပြန်ဝင်သွားသည်။

ဟုတ်ပါရဲ့. . . မိမိက ကလေးရှေ့ ကြမ်းတမ်းလျှင်
ကလေးက လိုက်ကြမ်းမည်ပေါ့။

မင်းခန့် စိတ်ကိုထိန်းချုပ်လိုက်သည်။

"ဟုတ်ကဲ့ပါ ဆရာ"

"မင်း ဘွဲ့ရတော့ မဟုတ်နိုင်ပါဘူး"

"ဟုတ်ကဲ့. . ဒီကိစ္စ ကြီးမေက ချွင်းချက်အနေနဲ့ ခွင့်ပြု
လို့ပါဆရာ"

ဆိုးတော့ မဆိုးဘူး၊ ရုပ်ချောသလို ကျိုးနွံမှုလည်းရှိ
တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ပညာအရည်အချင်းက"

"ဆေးတက္ကသိုလ် ဒုတိယနှစ်ဖြေထားပါတယ်ဆရာ"

"မမသားတို့ ဘုရားရှိခိုးမယ်ရေ"

ကဲကဲက ပျင်းလာပုံရသည်။ ကြားထဲမှ ပူဆာလိုက်သည်။

"ခွင့်ပြုပါဦးဆရာ၊ ဆရာ သွေးကို ညွှန်ကြားစရာရှိရင် သွေး ဖိုးကဲလေးကို သိပ်ဖြီး . . လာခဲ့ပါ့မယ် ဆရာ"

"မလိုဘူးရတယ်၊ မေမေကျေနပ်ရင် ပြီးတာပဲ၊ သားကို လိမ္မာယဉ်ကျေးပြီး အကျင့်စာရိတ္တကောင်းအောင်သာ ပုံသွင်းပေးရင် လုံလောက်ပြီ၊ ကဲ . . သွားကြတော့"

"ဟုတ်ကဲ့ပါ ဆရာ"

မင်းခန့် တအံ့တသြ ကျန်ရစ်ခဲ့သည်။

မေမေ ဘယ်လိုလုပ်လိုက်တာလဲ။

ဒီလောက်လှပငယ်ရွယ်နုနယ်သော မိန်းကလေးတစ်ဦးက သားအပေါ် ဘယ်လိုမိခင်မေတ္တာမျိုး ပေးနိုင်မှာလဲ။

မင်းခန့် အတွေးနှင့်အတူ ဒရင်းဘက်ပေါ်၌ လှဲလျောင်းကာ ကြောဆန့်လိုက်သည်။

ကြာကြာခံမှာ မဟုတ်ပါဘူးလေ။

ကဲကဲကလည်း အတော်ကဲကာ အတော်ဆိုးသည်။ ကဲကဲတို့ အသံတိတ်သွားမှ အပေါ်ထပ်မှ ဆင်းခဲ့ကာ မိခင်ထံသို့ သွားရသည်။

"မေမေ ဟိုတစ်ယောက်ကော မမြင်ပါလား"





"မမြင်ဆို မင်းယောက္ခမကြီး ဆေးရုံတက်နေရတယ်လေ"

"တော်ပါအမေရယ် မကြားချင်ဘူး၊ မလာလေ အေးလေပဲ၊ ဆရာမလည်း ရနေပြီ၊ မလာနဲ့လို့သာ အပြတ်ပြောလိုက်၊ သူလာရင် ဟိုကောင်မအကြောင်း သယ်သယ်လာတယ်၊ သယ်လာရင် မလာနဲ့လို့သာ ပြောလိုက်"

မေမေ့အပြုံးက မချိပြုံးပင်။

"မင်းသိတာက ဒီလောက်ကိုး၊ သူလည်း ဘယ်လောက် ဒုက္ခပေးသလဲဆို ကဲကဲကို လာသမျှ ဆရာမတွေကို ဆဲဆိုပြီး ဒုက္ခပေးဖို့ သင်ပေးတာသူပဲ၊ ကဲကဲအဖေကို ယူဖို့လာတာဆိုပြီး ကလေးကို ဆဲခိုင်းတယ်လေ"

"မြတ်စွာဘုရား"

"အဲဒါ မေမေက သည်းခံနေသလား"

"ဪ . . သူကခမျာကလည်း သူ့သွေးဆိုတော့ မမြင်နိုင်ရှာဘူး မှတ်လားကွယ်၊ အမေပြောတော့လည်း မျက်နှာငယ်ကလေးနဲ့ နားထောင်ရှာတယ်၊ ကလေး မိထွေးရဲ့သွားမှာ စိုးရိမ်လို့တဲ့၊ စဉ်းစားကြည့်ရင် ကျပ်ပြည့်တယ်လို့တောင် မဆိုနိုင်ဘူးထင်တယ်"

မင်းခန့် သက်ပြင်းချလိုက်သည်။

"ဒါ သူ့ကိစ္စမဟုတ်ပါဘူး၊ သူ့ညီမတစ်ယောက်နဲ့တင် မိန်းမတွေကို စိတ်ကုန်လွန်းလို့ပါ၊ နောက်တစ်ခါသားနဲ့ ပတ်သက်ပြီး ဝင်စွက်ဖက်မှုတွေလုပ်ရင် သား သည်းခံနိုင်မှာ



www.burmeseclassic.com

www.burmeseclassic.com



မတုတ်ဘူးနော် မေမေ"

"အေးပါ မင်းခန့်ရယ်၊ မေမေလည်း သည်းမခံနိုင်ပါဘူး၊ ဒီတစ်ခါတော့ သူ့အမေလည်း ဆေးရုံတောင် တင်ထားရတာဆိုတော့ မေမေလည်း လူမှုရေးအရ တပူပေါ် နှစ်ပူဆင့် မလုပ်ရက်လို့ပါ"

"ဒီကလေးမကကော ကျောင်းသွားရင် ဘယ်နဲ့လုပ်မလဲ"

"ကျောင်းသွားချိန် ကလေးကိုလည်း အများနဲ့နေတတ်အောင် လေးနှစ်ပြည့်ပြီးရင်တော့ မူကြိုပို့မယ် ပြောတာပဲ၊ စောင့်ကြည့်ကြပေါ့၊ လောလောဆယ် မင်းသားကတော့ မမ. . မမနဲ့ကို မျက်စိအောက်က အပျောက်မခံနိုင်ဘူး ဖြစ်နေတယ်၊ သူ့အန်တီသာသိရင် ရင်ကျိုးဦးမယ်"

"ထားပါမေမေရာ၊ အဲဒီမိန်းမကို ခေါင်းထဲမထည့်ပါနဲ့"

မင်းခန့် အမေကြောင့်သာ ငုဝါကို လက်ခံနေရခြင်း ဖြစ်သည်။ ဒီပုတ်ထဲက ဒီပဲတွေပဲဟု မြင်ပြီးသား ဖြစ်နေတော့ ငုဝါအပေါ် ဘယ်လိုမှ အကောင်းမမြင်နိုင်ချေ။

"ကဲ. . သား မေမေသွားအိပ်တော့မယ်"

"ဟုတ်ကဲ့. ."

"သွေးရောက်လာကတည်းက မစိန်အေးနဲ့မိကျွဲ လာအိပ်ဖို့မလိုတော့ဘူး၊ သွေးကပဲ သူ အအိပ်ဆတ်တယ်၊ အမေတို့ မြေးအဖွားနှစ်ယောက်စလုံး စောင့်ရှောက်နိုင်တယ် ပြော





လို့ မခေါ်တော့ဘူး"

"ဟုတ်မှလဲလုပ်နော်အမေ"

"ဟုတ်ပါတယ် အမေ စမ်းပြီးပါပြီ၊ မေမေတရေးနိုးတာနဲ့ သူလည်းနိုးတယ်၊ ထကြည့်တယ်"

"ဘာပဲဖြစ်ဖြစ် သားမရှိရင်တော့ ဒေါ်စိန်ကော မိကျွဲကော အမေအခန်းမှာပဲ အိပ်ပါစေ"

"သူတို့လည်း လွတ်လွတ်လပ်လပ် အိပ်စက်ချင်မှာပေါ့သားရယ်၊ ရပါတယ် အမေမှာ ဘာရောဂါမှ ကြီးကြီးကျယ်ကျယ်မရှိတာ နေရဲအိပ်ရဲပါတယ်"

မင်းခန့် သက်ပြင်းချကာ စဉ်းစားရသည်။

သူရှိမှဖြစ်မှာပါ။

"ဒီလိုဆိုလဲ တိုက်ခန်းမှာ ပြောင်းမနေတော့ပါဘူး၊ ကိစ္စရှိမှပဲ ညသွားအိပ်မယ်"

အမေ့မျက်နှာ ဝင်းပသွားသည်ကို မင်းခန့် အကဲခတ်လိုက်မိတော့ သူ့ရင်ထဲ အပူငြိမ်းအေးသွားသည်။

ရင်ထဲက ဒေါသအစိုင်အခဲကြီး ကျေပျက်ချင်ပြီ။

သို့သော် ဘယ်သောအခါမှတော့ ကျေပျက်နိုင်လိမ့်မည်မထင်. . ကဲကဲကို မြင်တွေ့နေရသရွေ့ပင်. . .။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၆)

သွေး ကဲကဲဖခင်ကို တွေ့မြင်လိုက်ရတော့ တုန်လှုပ်သွားသည်။

ခက်ထန်မာကျောသော မျက်နှာထားနှင့် မိမိအပေါ် လိုလားဟန်မပြသော အိမ်ရှင်၏အိမ်၌ မိမိအနေကျုံ့စေသည်။

သွေးအိပ်ချိန်သည် တစ်နေ့ ငါးနာရီသာရှိသည်။





ငါးနာရီဆိုလျှင် သွေးက လူငယ်တစ်ယောက်အတွက် လုံလောက်သော အိပ်ချိန်ဟု သတ်မှတ်ပြီးသား ဖြစ်သည်။

ည ဆယ့်နှစ်နာရီ အိပ်ယာဝင်ပြီး နံနက်ငါးနာရီ အိပ်ယာမှနိုးသည်။ ဒါသွေး၏ ငယ်စဉ်ကတည်းက အလေ့အကျင့် ဖြစ်နေလေပြီ။

ဒေါ်လေးအိမ်မှာ နေစဉ်ကတည်းက ဒေါ်လေးကြည် ဖို့ စောစောထ ထမင်းဟင်းချက်ရင်း စာကျက်ရသော အလေ့အကျင့် သွေး၌ ရရှိနေလေပြီ။

ယခုလည်း ကျောင်းပိတ်ရက် ဆိုပေမယ့် ဆရာဝန် အတတ်ပညာသည် မေ့လျော့ထား၍မရ။ အမြဲတမ်း မှတ်သားလေ့လာနေရသည်။ ဆေးပညာနှင့် ပတ်သက်သော စာအုပ်များကို ရှာဖွေဖတ်ရှုရုံမက ဆေးအခေါ်အဝေါ် ရောဂါအမည်များကိုလည်း . သွေး တစ်နေ့လေးငါးလုံးရရ ကျက်မှတ်နေလေ့ရှိသည်။

“ဆရာမလေးရယ် အိပ်နေပါလား၊ ဘာဖြစ်လို့ ထလာတာလဲ”

“ဒေါ်လေးစိန်ရယ် သွေးကို ဆရာမလေးလို့ မခေါ်ပါနဲ့၊ သွေးပဲခေါ်ပါ၊ သွေးက ကလေးထိန်းသက်သက် တနည်းအားဖြင့် နာနီသာသာပဲ ရှိတာပါ၊ သွေးကို အဲဒီလောက်အထိ တလေးတစား မလုပ်ပါနဲ့၊ သွေးမနေတတ်လို့ပါ”

လေးလေး သွန်သင်ဆုံးမထားသော ကိုယ့်ကိုယ်ကို နှိမ့်ချ အမြဲနေတတ်ရမည်ဟူသော စကားကို သွေးနှလုံးသွင်းခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။

သို့သော် သွေးသည် ပညာရဲရင့် ပွဲလည်တင့်ခဲ့သည်။ လောကကြီးကိုတော့ အရှုံးမပေးတတ်၊ ရဲရင့်စွာ ရင်ဆိုင်ရ မည်ဟူသော စိတ်ဓါတ်က အမြဲရှိနေသည်။

"အိမ်မှာ အာရုံဆွမ်းကပ်နေကျ ဒေါ်လေးစိန်၊ ငါး နာရီခွဲလောက် ဆွမ်းကျက်ရင် ရပါတယ်"

"ဟုတ်ပ ဒေါ်စိန်လည်း လေးနာရီခွဲတာနဲ့ နိုးနေကြ၊ ချက်နေကြပဲ. . ရပြီ၊ ဆရာမလေး. . ဪ. . မေ့လို့ မေ့လို့ သွေး. . သွေး"

သွေးက ဘယ်လိုကပ်သလဲဟု ကြည့်ပြီးနောက် ကိုယ် တိုင်လိုက်လုပ်ကာ ဆွမ်းဘန်းလေးယူပြီး အပေါ်ထပ်တက် ဟန် ပြင်လိုက်သည်။

ထိုအချိန်၌ မိကျွဲ နိုးလာသည်။

"မိကျွဲကတော့ ငါးနာရီခွဲမှ ထနေကြလေ၊ နောက် ကလေးကို စောင့်မအိပ်ရရင်တော့ ညည်းလည်း ကျုပ်နဲ့အတူ ထရမယ် မိကျွဲ"

"ဒေါ်လေးကလည်း. . ."

"ဒေါ်လေးကတွေဘာတွေ လုပ်မနေနဲ့၊ အိမ်ရှင်တွေ သဘောကောင်းတိုင်း အခွင့်အရေး မယူရဘူး၊ လူဆိုတာ ကိုယ့်နေရာကိုယ် သိရတယ်၊ ဆရာမလေးကို ကြည့်စမ်း၊ အရင်ဆရာမတွေနဲ့ တူသလား လခစားလိုမနေဘူး၊ အိမ် သားလိုနေတယ်၊ စေတနာထားတယ်၊ ဘယ်လောက် ချစ်





ရော အတုယူစရာ ကောင်းသလဲ ရုပ်လှသလို စိတ်လည်းလှ တယ်၊ ပညာကလည်းတတ်တယ်၊ မကြာခင် ဆရာဝန်ဖြစ် တော့မှာ ညည်းဘာသိလို့လဲ"

ဒေါ်စိန်အေးက မိကျွဲကို ဆုံးမရင်း သွေးအား ထုတ် ဖော်ချီးကျူးလိုက်သည်ကို ဒေါ်မြတ်လှက ကြားလိုက်သည်။

ဒေါ်မြတ်လှကလည်း လူကြီးပီပီ အအိပ်အနေနည်း လာ သည်။

စောစောနိုးသည်။ အပေါ်ထပ်ကို တက်လိုက်ဆင်း လိုက် မလုပ်ချင်သဖြင့် အောက်ထပ်၌ပင် သတိအမှတ်က လေးဖြင့် လမ်းလျှောက်ရင်း ဆင်ဆင်ခြင်ခြင်နေစဉ် ဒေါ် စိန်အေးတို့ လှုပ်ရှားမှုကို တစေ့တစောင်းကြည့်နေမိသည်။

"သွေး"၏ တတ်သိလိမ္မာမှုများကို မြင်တွေ့လိုက်ရ သောအခါ အတိုင်းမသိ ဝမ်းသာသွားသည်။

မြေးအကြီးဆုံး တစ်ယောက်ပင်လျှင် ဒီနှစ် ဆယ် တန်းအောင်ပြီး ဆေးတက္ကသိုလ်တက်ရန် ပြင်ဆင်နေသည်။

သွေးကိုလည်း မြေးတစ်ဦးပမာ သဘောထားလိုက် သည်။ ပြည့်လျှံနေသော မိမိအတွက် သွေးလိုလိမ္မာရေးခြား ရှိသော မိန်းကလေးတစ်ယောက်ကို မွေးစားဖို့အရေး ဝန်မလေးပေ။

"ကြီးမေ ခြံထဲလမ်းလျှောက်မလားဟင်၊ သွေး တွဲ လျှောက်ပေးမယ်လေ"

"အေး. . ကောင်းသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



နံနက်အာရုဏ်ဦး နိုးထလာသော ကျေးငှက်ကလေးများ၏ တေးသံသာကို နားစွင့်ရင်း မိုးသောက်ယံထက် ရောင်နီပျို့လာမှုကို သွေးနှစ်သက်တတ်သည်။

"ဘုရားပန်းအတွက် မာလီကို ခူးခိုင်းဦးမှ ကြီးမေ ပန်းညှိုးနေပြီ"

"အေးအေး . . သွေးပဲ ပြောလိုက်ကွယ်"

"သွေးစကား နားမထောင်မှာ စိုးလို့ပါ"

"ဘာဖြစ်လို့ နားမထောင်ရမှာလဲ၊ ကောင်းတာဆို နားထောင်ရမှာပေါ့"

သွေးက မာလီထံလျှောက်သွားပြီး ရည်မွန်စွာပင် . .

"ဦးလေးရေ၊ ဘုရားပန်းတွေ ညှိုးနေလို့ နှင်းဆီရရင် သွေးလိုချင်တယ် ရမလား"

"ကြည့်လိုက်မယ်လေ မိန်းကလေး၊ လေးငါးခက်ဆို ရမလား"

"ရပါတယ်၊ ပွတ်သိပ်ကြီး ထိုးတာလဲ မကြိုက်ပါဘူး ရပါတယ် ဦးလေး"

သွေးကိုကြည့်ရတာ လန်းဆန်းနေသော နှင်းပန်းတစ်ပွင့်လို အေးချမ်း၍ ချစ်စရာ ကောင်းနေသည်။

ဒေါ်မြတ်လှ ချစ်ခင်စိတ်ကလေး ဂရုဏာစိတ်ကလေးဖြင့် သွေးအပေါ် အပြည့်အဝ အမှတ်ပေးနေစဉ် . . သားဖြစ်သူ မင်းခန့်စည်သူ အိပ်ယာမှ နိုးလာလေပြီ။

"ကြီးမေ သွေး ဘုရားပန်းလဲရင်း ကဲကဲကို စောင့်





ကြည့်ပြီး ကဲကဲနိုးမှ ဆင်းလာတော့မယ်နော်"

သွေးက မင်းခန့်စည်သူ၏ မျက်နှာကြောကို ရင်ဆိုင်ရမှာ မဝံ့မရဲ ဖြစ်နေသည်။ ဒီလူကြီးက သွေးအပေါ် ကျေနပ်ပုံမရဘူးဟု သွေး အကဲခတ်မိပြီးသား ဖြစ်နေသည်။

"နေပါဦး ကဲကဲက ရှစ်နာရီလောက်မှနိုးတာ သမီးရဲ့၊ လာ ကြီးမေနဲ့အတူတူ နံနက်စာ စားသောက်ရအောင်"

"နေပါစေ ကြီးမေ၊ သွေး ဖိုးကဲကို ကျွေးရင်းနဲ့မှ စားလိုက်ပါမယ်၊ သွေးကို ခွင့်ပြုပါဦးနော်"

ကြီးမေကို နှုတ်ဆက်ပြီး ခပ်ရှိုးရှိုးကလေးပင် ဦးမင်းခန့်စည်သူကြီးနံဘေးမှဖြတ်ကာ နောက်ဖေးမီးဖိုဖက်သို့ ကသုတ်ကရက် ထွက်ခဲ့လိုက်သည်။

သူ့ကွယ်ရာရောက်လောက်ပြီဟု ထင်မှတ်ရသော နေရာရောက်မှ သွေးအသက်ကို ပြင်းပြင်းရှူရဲတော့သည်။

ဘာကြောင့်ရယ်မသိ၊ အဲဒီလူကြီးမျက်နှာကို ကြည့်ရတာ အလိုလိုရင်တုန်နေသည်။ သူနှင့် မျက်နှာချင်းမဆိုင်ချင်။

သူ၏ စူးရဲရဲအကြည့်များက သွေးအသဲနှလုံးများကို ဖောက်ထွင်းယူငင်တော့မည့်အလားပင်၊ သွေးခံရခက်လေသည်။

"အမလေး တော်ပါသေးရဲ့၊ သူက တစ်နေ့လုံး အိမ်မှာမရှိလို့"

"ဘာလဲ . . သွေး . . သွေးဘာပြောလိုက်တာလဲ"

သွေးက နှုတ်မှ ယောင်ထွက်သွားသော စကားကို



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စိန်အေးက ကြားဖြစ်အောင် ကြားလိုက်လေသည်။

သွေးက. . .

"ဘာမှမဟုတ်ပါဘူး၊ ကဲကဲအဖေကို ကြောက်လို့ . . သွေးလာနေတာ ကြိုက်ပုံမရဘူး"

သွေး အားငယ်သွားသည်။

မပြည့်စုံခဲ့သော မိမိဘဝ၏ အားငယ်စိတ်ကို ဖွတ် ဖျောက်ပြီး လောကဇာတ်ခုံ၏ စင်မြင့်တစ်နေရာ၌ နေရာယူဖို့ အရေး ကြိုးစားနေသည့်ကြားက တချီတချီတော့ အားငယ် စိတ်တို့ ဝင်ရောက်နေရာယူလေသည်။

"အမလေး သူက သွေးမှမဟုတ်ဘူး၊ ဘယ်မိန်းမမှ လာနေတာ ကြိုက်တာမဟုတ်ဘူး၊ အစ်မကြောင့်သာမဟုတ် ရင် ဒေါ်စိန်တို့တောင် ဘယ်ဆီဘယ်သောင်ကမ်း ဆိုက်နေ မယ် မပြောတတ်ဘူး"

"ဟုတ်လား၊ သွေး ဘုရားပန်းသွားလဲပြီး ကပ်လိုက်ဦး မယ် ဒေါ်လေးစိန်၊ နောက်မှ စကားပြောကြမယ်နော်"

သွေး စကားစဖြတ်ပြီး အပေါ်ထပ်သို့ တက်ခဲ့လေ သည်။ ရဲတိုက်ကြီးတမျှ ကြီးကျယ်ခမ်းနားသော ဤအိမ်ကြီး ဝယ် သွေး ကဲကဲဖခင် ဦးမင်းခန့်စည်သူကို ရှောင်နေဖို့မှာ လွယ်ကူလိမ့်မည် ထင်ပါသည်။

ကဲကဲဖခင် မိန်းမတွေကို စိတ်နာနေရခြင်းမှာ အ ကြောင်းတော့ရှိမည်။

ကဲကဲကိုမေးတော့ "ကဲကဲမေမေ တောဘီ"ဟု ဒါ





ထားရသည်။

ကြီးမေကလည်း "ကဲကဲမိခင် သေပြီလို့သာ မှတ်ယူ ထားလိုက်ပါ မိန်းကလေး"ဟု နှုတ်ပိတ်စကား ပြောပြီးသား ဖြစ်၍ သွေး ထပ်မစပ်စုသင့်ဟု ထင်သည်။

ကဲကဲမေမေ၏ ဓါတ်ပုံနှင့် ပတ်သက်၍လည်း အိမ်၌ အလှချိတ်ခြင်းကို တွေ့ဖို့နေနေသာသာ အယ်လ်ဘန်များ၌ လည်း ကဲကဲပုံ ကဲကဲအဖွားပုံလောက်သာ တွေ့ရသည်။

သွေး ဘုရားခန်းကို အာရုံဆွမ်းစွန့်ပြီး သန့်ရှင်းရေး လုပ်လိုက်သည်။ ဘုရားပန်းကပ်လိုက်ပြီးချိန်၌ ခုနစ်နာရီ ခွဲပြီ။

အတော်ပဲ ကဲကဲကိုနိုးကာ ကိုယ်လက်သန့်စင်ပေးပြီး နံနက်စာစားသောက်ရန် ကလေးတစ်ဦးအတွက် သင့်တော် သောအချိန်ဟု သွေး သတ်မှတ်လိုက်သည်။

"ဖိုးကဲ သားလေးထ၊ နေဖင်ထိုးနေပြီကွ"

ပါးကြီးလုံးလုံးနှင့် ချစ်စရာ ကောင်းလွန်းသော ဤ သားလေးကို ချစ်ခင်စိတ် အပြည့်အဝဖြင့် မွှေးကြူကာ နှိုးလိုက် သည်။

"အင်. ."

"သားလေးရေထ၊ သားလေးရဲ့ ကိုယ်စောင့်နတ်သား လေးက နတ်သဘင် အစည်းအဝေး တက်ချင်ပြီတဲ့ကွ"

ကလေးအတွက် ထူးဆန်းသော စကားတစ်ခုကို ပြောလိုက်ရသဖြင့် စိတ်ဝင်စားသွားပုံရသည်။ ချက်ချင်းပင် ထထိုင်ကာ. . .



www.burmeseclassic.com

www.burmeseclassic.com



"မမ ဘာကြောတာရဲ့ ကဲကဲ နတ်တားရေး ဘယ်မှာရဲ့ ဘယ်တွားမှာရဲ"

သွေးအတွက် အဘွားနှင့် နေခဲ့ရသည့်အကျိုး လေးလေး၏ သွန်သင်မှုတို့ အကျိုးတရားတို့က သွေးကို အကျိုးပေးနေလေပြီ။

သွေးက ကဲကဲကို ပွေ့ချီကာ ရေချိုးခန်းထဲခေါ် ကိုယ်လက်သန့်စင်ပေး၊ သွားတိုက်ပေးရင်း။

"လူတိုင်းလူတိုင်းမှာ ကိုယ်စောင့်နတ်ရှိတယ်၊ သူတို့နတ်သဘင် အစည်းအဝေးက မနက်တိုင်း အရုဏ်တက်ချိန်မှာ ကျင်းပတယ်"

"ဟုတ်ရား. ."

"ဟုတ်တယ် မျက်နှာမသစ်ရင် နတ်သဘင်အစည်းအဝေးကို သွားတက်လို့မရဘူး၊ အဲ. . ကဲကဲမနိုးသေးရင် ကဲကဲရဲ့ ကိုယ်စောင့်နတ်လေးက မျက်နှာသစ်လို့မရဘူး ကဲကဲနိုးပြီး မျက်နှာသစ်ရင် သူလည်း အလိုအလျောက် မျက်နှာသစ်ပြီးသား ဖြစ်သွားပြီ၊ နတ်သဘင် အစည်းအဝေး သွားတက်နိုင်တယ်"

"အစည်းအဝေး တွားတက်တော့ ဘာချစ်ရဲ့ မမ"

သွေးက ငယ်စဉ်က ဘွားဘွားမိမိကို ပြောသကဲ့သို့ပင်

"သွားတက်တော့ လူချစ်လူခင်ပေါတယ်၊ မုန့်တွေ ရုပ်ရုပ်တွေ အများကြီး ရတယ်၊ သွားချင်တဲ့ဆီ သွားကစားလို့ရတာပေါ့ သားရဲ့"



"ဘယ်အချိန် ကဲကဲ ထရမှာရဲ"

သွေး ဉာဏ်နီဉာဏ်နက် သုံးရသည်။

စည်းစိမ်ချမ်းသာအပြည့်နှင့် အိပ်ရေးဝရေးကို အာရုံစိုက်ပေးနေရသော ဤကလေးအတွက်တော့ သင့်တော်သော နတ်သဘင်အစည်းအဝေးကို သွေးပါးစပ်မှ ဖန်တီးလိုက်ရလေသည်။

"မမနိုးတဲ့အချိန်ပေါ့၊ ကဲကဲအတွက် မမက မှတ်ပေးထားတယ်၊ လူကြီးနတ်အစည်းအဝေးနဲ့ ကလေးနတ်သဘင်အစည်းအဝေးက မတူဘူး ကဲကဲရဲ့၊ မမတို့က စောတယ်၊ ဒါကြောင့် စောစောထရတာ"

"ဟုတ်ရား. ."

"ဟုတ်တယ်. ."

"ခါးခါးလေး လူးမယ်နော်"

"မမရှိရား"

"အေးပေါ့သားရဲ့၊ ခါးခါးလေး လူးထားတော့ သားသားရဲ့ ကိုယ်စောင့်နတ်သားလေးက မွှေးနေတော့ နတ်တွေ အသည်းချစ် လူတွေလည်း ချစ်တာပေါ့"

"ဟုတ်ရား လှလှရေး ရှုးပေးနော် မမ"

"လူးပေးမှာပေါ့၊ မမက သားသားကို ချစ်တာပဲဟာ"

သွေးက ကလေးကိုပေါင်ပေါ်တင်ပြီး သေသေချာချာဝင် လူးပေးလိုက်သည်။ ချစ်စရာ ကောင်းလွန်းသော ဤကလေးကို သွေးအမှန်တကယ်ပင် ချစ်ခင်တွယ်တာမိလေ

www.burmeseclassic.com

www.burmeseclassic.com



သည်။

သွေးဘဝတစ်သက်တာ၌ ချစ်စရာကောင်း မြတ်နိုး တွယ်တာစရာကောင်းလွန်းသော ဤသက်ရှိလက်ဆောင် ကလေးကို ကံတရားက အလိုလိုက်ကာ ဖန်တီးပေးလိုက် သည်ဟုပင် သွေးမှတ်ယူလိုက်မိလေသည်။

"သားလေး သိပ်လှသွားပြီ၊ လာ . . ပေါင်ဒါဖို့မယ် ပြီးရင် အင်္ကျီသစ်သစ်ဝတ်မယ်၊ ပြီးရင် မှန်ကြည့်မယ်နော်"

"အင်း . ."

"အင်းလို့ . . မပြောရဘူး သားလေးရဲ့၊ ဟုတ်ကဲ့လို့ ပြောမှ သားလေးရဲ့၊ ကိုယ်စောင့်နတ်လေးကိုကော သား လေးကိုကော လူတွေ နတ်တွေက ချစ်မှာပေါ့"

သွေးက ကဲကဲအတွက် အင်္ကျီထုတ်လိုက်သည်။

"မမနဲ့ဆင်တူ ဝါဝါလေး ဝယ်မယ်နော်"

"အင်း . ."

"အင်း . . ဟုတ်ဘူးလေ၊ ကဲကဲ ဟုတ်ကဲ့လို့ ပြောရမှာ ပြောကြည့်ပါဦး"

"ဟုတ်ကဲ့"

"ဟယ် . . လိမ္မာလိုက်တဲ့ ကလေးလေး၊ ဒါကြောင့် မမက သိပ်ချစ်တာ"

သွေးလိမ်းပေးသော သနပ်ခါးကို သွေးကပင် ချော့ ဖောက် နမ်းရှိုက်လိုက်မိပြန်သည်။

နောက် ကဲကဲကိုချီကာ နှစ်ယောက်သား အော





ထပ်သို့ ဆင်းခဲ့လေသည်။ သွေး ဗိုက်ဆာလှပြီ၊ အဆောင်မှာ နေစဉ်တော့ ကော်ဖီတစ်ခွက်နှင့် မုန့်ခြောက်တစ်ခုခုကို စား လိုက်ပြီး ဖြစ်သည်။

သွေး မမြင်ကွယ်ရာတစ်နေရာ၌ သွေးကို စောင့် ကြည့်နေသော ဒေါ်မြတ်လှ၏ ပီတိမျက်နှာကို သွေး မတွေ့ လိုက်ပါချေ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၇)

"ဒေါ့" ရောက်လာပြီပဲ၊ ငုဝါ မင်း ကဲကဲတာဝန်ကို ယူပေးဖို့ မလိုတော့ဘူး၊ မင်းအမေကိုသာ ဂရုစိုက်ပါကွယ်"

ဒေါ်မြတ်လှက ငုဝါရောက်ရောက်ခြင်း ဆိုသလိုဆောက်နဲ့ထွင်း စကားဆိုလိုက်သည်။

ငုဝါ မျက်စိမျက်နှာ ပျက်သွားသည်။





"သွေးဆိုတာ"

"ဆရာမလေး၊ ကဲကဲ လိမ္မာရေးခြားရှိဖို့ တာဝန်ယူပေးမယ့် ဆရာမပဲ၊ ဆရာမဆိုပေမယ့် အသက်က ငယ်ငယ်လေးပဲ ရှိသေးတယ်၊ ခု ကဲကဲနဲ့ ကစားကွင်းသွားနေကြတယ်"

ငုဝါရင်ထဲ မလိုတမာစိတ်များဖြင့် ဖြစ်ပေါ်နေသော ပုံရိပ်သည် မျက်နှာပြင်ထက်၌ ထင်ဟပ်လာသည်။ မျက်နှာညှိုမဲကာ အကြည်ဓါတ် ကွယ်ပျောက်သွားသည်။

"အစောကြီး"

"နေပူမှာစိုးလို့တဲ့လေ၊ သူ့အဖေပဲ အလုပ်သွားရင်းချပေးသွားတယ်၊ ကိုးနာရီမှာ အိမ်ကဒရိုင်ဘာ လွှတ်ကြိုခိုင်းလိုက်မှာ၊ ဘာစားပြီးပြီလဲ ငုဝါ သွေးချက်ထားတဲ့ မုန့်ဟင်းခါးလေး စားသွားပါဦးလား၊ ကလေးမက မီးဖိုချောင်လည်း နိုင်တယ်ကွယ့်၊ တော်တော်တော်တဲ့ မိန်းကလေး"

ဒေါ်မြတ်လှက "စားသွားပါဦးလား" ဆိုလိုက်ခြင်းသည် တမင်နှင်လိုက်ခြင်းဖြစ်ကြောင်း ငုဝါက သိပုံမရချေ။

ငုဝါ ယောင်လည်လည် ဖြစ်နေသည်။ သူသည် ဒေါ်စိန်အေးတို့နှင့်လည်း အဖွဲ့မကျ၊ ကဲကဲမရှိသည်နှင့် သူ့မှာနေစရာထိုင်စရာ မရှိတော့သလို ခံစားနေရသည်။

ဒေါ်မြတ်လှကလည်း တမင်ပင် မသိကျိုးကျွံပြုကာဖြစ်ထားလိုက်လေသည်။

"မိကျွဲရေ ဟိုမောင်နှမအတွက် သနပ်ခါးလေးဘာလေး သွေးထားလိုက်ဦး ပြန်လာရင် ချွေးတွေဘာတွေနဲ့ ရေချိုး

www.burmeseclassic.com



ကြမှာ”

ငုဝါ့ စောင့်သင့်မစောင့်သင့် စဉ်းစားနေပုံရသည်။ ယခုမှ ရှစ်နာရီ ရှိသေးသည်။ ယခင်ကဆို ဒီအချိန် ကဲကဲမထသေး၊ ရှစ်နာရီကျော်မှ မနည်းနှိုးယူရသည်။ နိုးသည့်အခါ ဂျီတွန်၍ မနည်းချော့ရသည်။

ယခုတော့. .

“ဘယ်အချိန်ကများ ထသွားကြပါလိမ့်”

“ခု ကဲကဲ ခုနစ်နာရီထပြီ၊ ကစားကွင်းသွားမယ်ပြောတော့ ပိုတောင် ဝီရိယကောင်းနေသေးတယ်၊ ညြော် မနက်ဖြန် ညောင်လေးပင် သွားကြလိမ့်မယ်”

ဒေါ်မြတ်လှက ငုဝါကို မလာပါနှင့်ဟုတော့ တိုက်ရိုက်မနှင်ရက်၊ သို့သော် ငုဝါသည် ဆရာမများ အိမ်ရောက်လာစဉ် မိမိကွယ်ရာ၌ ကဲကဲကို အဆဲပေါင်းစုံနှင့် မိုက်ရိုင်းနည်းပေါင်းစုံသင်ပေးကာ မနေနိုင်အောင် လုပ်သည်ကို ကဲကဲကို စစ်မေးကြည့်သောအခါ ပေါ်လေသည်။

ကလေးစကားကို အတည်ယူလို့မရဟု ဆိုပေမယ့် ကံကောင်းထောက်မစွာဖြင့် ငုဝါအမေက ဆေးရုံတက်ရသဖြင့် ငုဝါက အိမ်သို့မလာနိုင်ချိန် သွေးက ရောက်လာချိန်နှင့် အံဝင်ခွင်ကျဖြစ်သွားပြီး တစ်ပတ်ဟူသော အချိန်တိုလေးအတွင်း၌ ကဲကဲသည် ယူပစ်လိုက်သကဲ့သို့ ပြောင်းလွဲသွားသည် ဖြစ်ရာ ကဲကဲဖခင်ပင် အံ့အားသင့်ကာ ယနေ့ လိုလိုလားလားပင် မြကျွန်းသာကစားကွင်းသို့ ဝင်ပို့ပေးသွားလေသည်။





“ညောင်လေးပင်ကို ဘာကိစ္စသွားရမှာလဲ”

“သွေးလေ သူ့ဦးလေးကို သွားကန်တော့ချင်တယ်ဆိုလို့ သွားကြမှာ မမစိန်အေး အဖော်ထည့်ပေးလိုက်မယ်၊ ဒါထက် ငုဝါအမေကော ဆေးရုံဘယ်တော့ ဆင်းရမလဲ”

“မသိပါဘူး ရောဂါရှာတုန်းပဲ၊ ကဲကဲကို သတိရလို့လာတာ၊ ပြန်တော့မယ် ထမင်းချိုင့်ပို့ဖို့ စီစဉ်ရဦးမယ်၊ ညနေအချိန်ရမှ လာခဲ့တော့မယ်”

“အင်း. . ကဲကဲကို ဖုန်းဆက်လို့ရပြီ၊ ကဲကဲ ဖုန်းပြောတတ်နေပြီ ငုဝါရဲ့”

ဒေါ်မြတ်လှ၏ ရွှန်းရွှန်းဝေမှုကို ငုဝါ ကြည့်မရမှာ သေချာသည်။ မတတ်သာ၊ ငုဝါသည် နုံအအပေမယ့် သားကို မချိန်ဘူးဟု မပြောနိုင်၊ သားကတော့ ပြတ်သည်၊ ခတ္တာနှင့် ဝတ်သက်လာလျှင် တစ်မျိုးလုံး အိမ်ရိပ်မနင်းရဟု. . ငုဝါကို လက်ခံခြင်းမှာ အမေကြောင့် မလွှဲသာ၍ ဖြစ်သည်။

ဒါတောင် ငုဝါအိမ်မလာခင် ထွက်သွားပြီး ငုဝါပြန်သွားချိန်မှ အိမ်ပြန်လာသည်။

မလွှဲမကင်းသာ၍ သူ့သားကို တွေ့ချင်လွန်းမှ နေ့ခင်းခဏတဖြုတ် ပြန်လာတတ်သည်။

“ကဲကဲအတွက် စပို့ရှပ်လေးတွေ့လို့ ဝယ်လာတယ်၊ ထားခဲ့မယ်နော်”

“ကိုယ်တိုင်ပေးချင်ရင် လာမှပဲပေးပါလား ငုဝါ”

“ဟုတ်ကဲ့. . ”



www.burmeseclassic.com

www.burmeseclassic.com



ယောင်တောင်ပေါင်တောင်နှင့် ပြန်ယူသွားလေသည်။

ဒေါ်မြတ်လှသည် သူဌေးသမီး ဖြစ်သော်လည်း ဟိတ်နှင့်ဟန်နှင့် အဆောင်အယောင်နှင့်လည်း မနေတတ်ရှာသော ငုဝါကိုတော့ သနားမိသည်။ သို့သော် မတတ်သာ. . ဒီပုတ်ထဲက ဒီပဲပဲဖြစ်မှာပါလေဟူသော အသိဖြင့် ငုဝါအပေါ်ထားမိသောဂရုဏာနှင့် သံယောဇဉ်ကြိုးကို ဖြတ်တောက်လိုက်လေသည်။

သိပ်မကြာလိုက် ဆယ်နာရီ ထိုးလုလုတွင် သွေးနှင့် ကဲကဲ ပြန်ရောက်လာသည်။

"မြေးလေးကဲကဲ ပြန်လာပြီ၊ ပျော်ရဲ့လား သားရေ"

"ပျော်ရာပေါ့ ဘွားဘွားရဲ့. . တိုက်ကားစီးဒါ မမကားကို လိုက်တိုက်ရို မမနဲ့တားကရဲ ပြန်တိုက်ပစ်ရောပေါ့။ ဘာရမရဲ အဲဒီရှုကြီးတွေကား ရယ်ထွက်တွားရောပဲ"

"ကဲကဲ ရေ့ ရေဝဝသောက်၊ ဒီပုလင်းထဲက ရေကမှ သားအသားတွေ ကြီးထွားပြီး ဖေဖေလို လူကြီးဖြစ်လာမှာသိလား၊ ဒါမှ သားနေကောင်းပြီး သာ့းနဲ့မမ တစ်ပါတ်တစ်ခါ သွားဆော့ကြမှာပေါ့"

ရေခဲရေကို ပူဆာတတ်သော ကဲကဲကို သွေး ဘယ်လိုဖြေရှင်းခဲ့သည်ကို မကြားသိရသော်လည်း သွေးအနိုင်ရခဲ့သည်ကိုတော့ သိသာသည်။

"ကိုင်း ချွေးလေးသုတ်မယ်၊ ပြီးရင် သားနဲ့မမ ရေကူးမယ်"





"မမရေတူးတိုက်ရာ"

"တတ်တာပေါ့"

ရဲနွယ်ချောင်း ရေများချိန်၌ ရေထဲ၌ သူငယ်ချင်းများနှင့် အပြိုင်ကူးခဲ့သော သွေးကို နိုင်သူမရှိသဖြင့် သူငယ်ချင်းများကပင်လျှင် ရေသူရဲမလေးဟု ကမ္ပည်းတင်ထားကြလေသည်။ တပါတ်စာ လျှော်စရာ အဝတ်တပုံတပင်ကို ယူငင်ပြီး ရဲနွယ်ချောင်းဘေး လာခဲ့ရသည့် စနေ တနင်္ဂနွေနေ့ရက်များသည် သွေးအတွက် အပျော်ဆုံးအချိန်များ ဖြစ်ခဲ့သည်။

သူငယ်ချင်းများက အဝတ်ကူလျှော်ပေးသည်။ နောက် ရေကူးပြိုင်ကြသည်။ ဦးလေးက မလှမ်းမကမ်း၌ အဖတ်ရင်း လှမ်းထားသော အဝတ်များကို စောင့်ကြည့်ပေးတတ်သည်။

အဝတ်လည်းခြောက် လူတွေလည်းခြောက်ပြီး ပြန်ခဲ့ကြသည့်တိုင် သွေးပျော်ရွှင်နေခဲ့သည်။

"တားရဲတူးချင်တယ်"

"ဘွားဘွားကို ခွင့်တောင်းလေ၊ ဘွားဘွားကူးခွင့်ပြုရင် ကဲကဲကို မမက သင်ပေးမှာပေါ့"

ဒေါ်မြတ်လှက မြေးအတွက် သွေးလိုမိန်းကလေးမျိုး ရှိခြင်းကို ဘုရားမခြင်းဟုပင် မှတ်ယူနေမိလေပြီ။

မြေးကဲကဲ ဘယ်လိုခွင့်တောင်းမလဲ၊ စောင့်ကြည့်နေလိုက်သည်။ "မားကိုဖျက်တာ ဝါး၊ မြေးကိုဖျက်တာ အဘွား" ဟု စာဆိုရှိကြသည်။ ထိုအဘွားထဲ ဒေါ်မြတ်လှ မပါဝင်လို။



www.burmeseclassic.com

www.burmeseclassic.com



"ဘွား . . ဘွား"

ကဲကဲက ပေစောင်းစောင်းနှင့် ဒေါ်မြတ်လှအနားသို့ ချဉ်းကပ်လာသည်။

"ရှင် . . ရှင့်"

"ကဲကဲ ရေကူးချင်တယ်၊ မမတင်ပေးမယ်တဲ့"

"သင်ပေးမယ့်သူရှိရင်သင် . . ၊ ဒါပေမယ့် နာရီဝက်ထက် ပိုကြာလို့ မဖြစ်ဘူးနော်"

ကဲကဲမျက်နှာသည် သော်တာလမင်းကြီးနှယ် ဝင်းပကြည်လင်သွားလေသည်။

"ဟုတ်ကဲ့ . ."

"ကဲကဲ ကတိပေးလိုက်လေ ဘွားဘွားကို"

"ကတိ . . ကတိ ပေးရယ် ဘွားဘွား"

"ယောက်ျားကတိဆိုတာ တည်ရတယ်နော် . . . သားကဲကဲ"

"ဟုတ်ကဲ့ . ."

"လာဟေ့ . . တို့တွေ အကျီသွားလဲကြမယ်"

ဒေါ်မြတ်လှက ပျော်ရွှင်မြူးတူးနေသော မြေးကို ကြည့်ပြီး ရင်ထဲတွင် ပီတိမိုး ရွာသွန်းဖြိုးလျက်ရှိသည်။

နောက် ရေကူးကန်နှင့် မလှမ်းမကမ်း ထီးရိပ်တွင် ထိုင်ပြီး ရေထဲဆင်းလာသော သွေးနှင့်ကဲကဲကို ကြည့်လိုက်သည်။

ကဲကဲသည် ဘောင်းဘီတိုကလေးနှင့်ဖြစ်ပြီး သွေးမှာ





ခြေသလုံး တစ်ဝက်ဖုံးသော ဘောင်းဘီနှင့် စပို့ရှပ်ကလေးနှင့် ဖြစ်သည်။ သွေး၏ ရှည်လျားသော ဆံပင်ကြီးကို တောင့်တောင့်တင်းတင်းကလေး ထုံးဖွဲ့ထားသည်။

လူကြီးဂိုက် ဖမ်းသော်လည်း ကလေးတစ်ဦးလိုနုနယ်၍ ဘယ်လိုနေနေ ဝတ်ဝတ် ကြည့်၍ကောင်းနေလေသည်။

သွေးသည် ကဲကဲကို ရေကူးသင်ပေးသည်။ သူတို့နှစ်ဦး ပျော်ရွှင်စွာ ဆော့ကစား ဆူညံနေကြသည်။

ဤအရွယ်သည် ရေကူးသင်ရ လွယ်ကူသည်။ ကဲကဲ ကူးတတ်စ ပြုနေလေသည်။

"ကြီးမေရေ နာရီဝက်ပြည့်ပြီလား"

ဒေါ်မြတ်လှက လက်၌ နာရီမပါသဖြင့် ထိုင်ရာမှထလိုက်သည်။ သွေးက ဘာကိုဆိုလို၍မေးကြောင်း သိသည်။

"တယောက်ကူးအုံးမယ်၊ တယောက်ထဲ . ."

"တော်ကြာ ဘွားဘွားက သားကတိမတည်ဘူးဆိုပြီး နောက် ပေးမကူးရင် ခက်မယ်သိလား၊ ကဲကဲ . . ဒီတခေါက်တော့ ဘွားဘွားမလာခင် ကူးလိုက်ရအောင်"

သွေးအတွက် ကလေးတစ်ဦးကို သူ့အကြိုက်ဆောင်ပြီးမှ ကိုယ့်အကြိုက်ကို သိမ်းသွင်းယူရသည်။ ဒါကြောင့်လည်း ပညာရှင်များက ပြောကြတာ ဖြစ်မည်။

ကလေးဆိုတာ ပျော့ပြောင်းလွန်းတဲ့ ဖယောင်းလေးလိုပဲ အင်မတန် ပုံသွင်းရလွယ်ကူတယ်၊ ကလေးဘဝအတွက် အရေးအကြီးဆုံးက 'လက်ဦးဆရာ မည်ထိုက်စွာ ပု[illegible]စရိယ



www.burmeseclassic.com

www.burmeseclassic.com



မိန္နင့်ဖတဲ့' လေးလေးသွန်သင်မှုသည် သွေးရင်ထဲ၌ စွဲနေသည်။ ကဲကဲလေးကို တာဝန်ဝတ္တရားထက် ပိုမိုသောစေတနာသည် သွေးရင်ထဲ၌ အပြည့်အနှက် ရှိနေလေတော့သည်ကို သွေးကလွဲပြီး မည်သူမှ မသိနိုင်ပေ။

"လွန်တော့ လွန်နေပြီ၊ တက်ခဲ့တော့"

ဘွားအေပြန်ရောက်လာချိန်၌ ကဲကဲကျေနပ်စေရန် တခေါက်ကူးပေးပြီး ဖြစ်သဖြင့် ကဲကဲက ကျေနပ်စွာပင်. . .

"ဟုတ်တဲ့ဘွားဘွာ"တု ယောက်ျားပီသသော ကတိကို ပြုလိုက်လေတော့သည်။







# အခန်း(၈)

ကားအဖိုးတန်ကြီးစီးပြီး သူတို့ဆိုင်ရှေ့ ထိုးရပ်လိုက်ခြင်းကို ဒေါ်လေးသည် တအံ့တသြနှင့် ဝမ်းသာဂုဏ်ယူစွာ လှမ်းကြည့်လိုက်သည်။

ထိုမှ ဘယ်လောက်တန်ဖိုးရှိမှန်း ဒေါ်လေးသိမည် မဟုတ်သော်လည်း ဗီဒီယိုကားထဲတွင် သူဌေးခန်းမှာ ပါဝင်ကြသော မင်းသမီး မင်းသားများ စီးသည့်ကားဟုတော့ သိ



www.burmeseclassic.com

www.burmeseclassic.com



ထားရာ. .

"ဘာလိုချင်လို့လဲ"

ထိုထက်ပိုပြီး အံ့သြသွားစေသည်က ထိုကားပေါ်မှ သွေးသည် ဖြူဖွေးသန့်စင်ဝင်းကစ်နေသော ကလေးတစ်ဦးကိုပါ ချီ၍ဆင်းလာသည်။ ထိုမျှမကသေး ဒရိုင်ဘာနှင့် အဖော်မိန်းမကြီးတစ်ဦးက အထုပ်အပိုးများ ယူဆောင်ကာ ဆင်းလာသည်။

"အဲတော်. . မိသွေးပါလား၊ ဆရာရေ. . တော့်တူမ လာတယ်တော့"

ဝမ်းသာအယ်လ်လဲကြိုဆိုလေသည်။ သွေး၏ပြောင်းလွဲခြင်းကို မနာလိုခြင်းမရှိပဲ ဝမ်းသာသွားသည်ကပင် စိတ်ရင်းမဆိုးပါဘူးဟု သွေးနားလည်လိုက်သည်။ သွေးအပေါ် ဝန်တိုကာ မြည်တွန်တောက်တီးပြီး မညှာမတာ ခိုင်းတတ်သည်မှအပ လက်ဖျားနှင့်ပင် မတို့တာကိုတော့ သွေး ကျေးဇူးအတင်ကြီး တင်ခဲ့ရသည်ပင်။

အိမ်ရှေ့ခန်းသို့သွားပြီး ဖျာအသစ်များကို ထုတ်ကာ ကမန်းကတန်း ချခင်းပေးရှာသည်။

သွေးက ရယ်ချင်သွားသည်။

ယခင်က ဆေးပေါ့လိပ်ကြီးဖွာကာ ထိုင်ရာမှ မထပဲ သွေးသော်လည်းကောင်း၊ လေးမေကိုသော်လည်းကောင်း အမိန့်ပေးလေ့ရှိသည့် ဒေါ်လေးဒေါ်အေးသည် ယခုတော့ ကိုယ်တိုင်ထလုပ်နေသည်။ လေးမေက ဆိုင်ထဲမှနေ၍ သွေး





တို့ သွားအဖြီးသား လှမ်းရယ်ပြလေသည်။ လေးမေလို ရိုးသားသောမိန်းကလေးကို ရထားခြင်းကလည်း လေးလေးတို့အတွက် ကံကောင်းနေခြင်း ဖြစ်သည်။

"သမီးသွေး လာထိုင်ကြ"

"မမ ကဲကဲကို စက်ဘီးနဲ့ လိုက်ပို့ပေးမယ်ဆို"

"ပို့ပေးမယ်၊ မမရဲ့ ဦးလေးနဲ့ ဒေါ်လေးကို အရင်ကန်တော့မယ် ပြီးရင်ထမင်းစားမယ်၊ စားပြီးရင်. . ကဲကဲနဲ့ မမ စက်ဘီးတစ်စီးနဲ့ ကမ္ဘာပတ်ပစ်လိုက်မယ် သိလား"ဟု ကဲကဲတို့ နှစ်သိမ့်ပြီး တဆက်တည်းဆိုသလို "ဒေါ်လေး ကျွန်မတို့ ထမင်းချိုင့်ပါလာတယ်၊ ဒီမှာ ထမင်းစားကြမယ်နော်၊ ခဏ ထိုင်ပါဦး ကန်တော့ချင်လို့၊ ဒါ သမီးအလုပ်ရှင်ကလေးလေ ကဲကဲတဲ့၊ သူ့အတွက် နာနီ၊ သူ့အတွက် ဆရာမ၊ သူ့အတွက် ရှာပ်(စ်) ဆိုပါတော့ လေးလေးရယ်"

သွေးကိုကြည့်ကာ လေးလေးမျက်နှာ မကောင်းချေ။

လေးလေး၏စိတ်ထဲ၌ သွေးကို ဘာအလုပ်မှ မလုပ်စေချင်ပဲ သူကသာ ထောက်ပံ့ကြေးပေးပြီး ကျောင်းတက်စေချင်သည်။ သို့သော် စိတ်သွားတိုင်း ကိုယ်မပါနိုင်သည့် လေးလေးဘဝကို သွေးက နားလည်လေသည်။

"ကျောင်းတကော"

"ဆက်တက်မှာပါ၊ ကဲကဲအဘွားက သိပ်ကို စာရိတ်ထားတတ်တယ် လေးလေးရဲ့၊ သွေးအတွက် ဘာမှ မပူပါနဲ့တော့ လေးလေးရယ်၊ နေဖို့ထိုင်ဖို့ စားဖို့သောက်ဖို့



www.burmeseclassic.com

www.burmeseclassic.com



အမြင် ကျောင်းစရိတ်အတွက်ပါ မပူပင်ရတော့ဘူး၊ စကား
တောင်းလို့ မဖြစ်သေးဘူး၊ သွေး ဦးလေးနဲ့ ဒေါ်လေးကို ကန်
တော့ပါရစေ”

သွေးက သူ စုဆောင်းထားသော ငွေများထဲ ဆေးဝါး
နှင့် အဝတ်တစ်စုံ ဒေါ်လေးအတွက် သူကြိုက်တတ်သော
ပါတိတ်တစ်စုံနှင့် ကိတ်မုန့်တို့ကို ကန်တော့တော့ ကဲကဲကပါ
လိုက်ကန်တော့လေသည်။

ကဲကဲကို ဆိုင်မှာတင်ထားသော ကလေးကစားစရာ
ပစ္စည်းများကို ဖြုတ်ကာပေးတော့ ကဲကဲပျော်သွားလေသည်။

ကဲကဲကို ထမင်းကျွေးရင်း သွေးတို့လည်း စားကြရင်း
ဖြင့် လေးလေးမေးသမျှကို သွေးဖြေကြားပေးရလေသည်။

ဦးလေးက အစစအရာရာ ဆင်ခြင်သုံးသပ်ပြီးနောက်

“ကံဆိုတာ အလုပ်ပဲမှတ်လား သမီး၊ ကောင်းသော
အလုပ်ကိုသာလုပ်ပါ၊ ကောင်းသော ကံကိုသာ သမီးရမှာ
ဒါပေမယ့် ဉာဏ်မရှိ ကံရှိတိုင်းမွဲ ဆိုတဲ့ စကားကိုလည်း သမီး
ဆင်ခြင် သုံးသပ်ရမယ်နော်”

“ဟုတ်ကဲ့ပါလေးလေး၊ သမီး လေးလေးဆုံးမစကား
တွေ နာယူထားတဲ့အတွက် ကဲကဲလေးကိုလည်း လူတော်
ကောင်းလေးတစ်ယောက်ဖြစ်အောင် မြေတောင်မြှောက်ပေး
နိုင်မယ်လို့ သွေးကိုယ်သွေး ယုံကြည်ထားပါတယ်”

“သာဓုကွယ် သာဓုသာဓု. . ဒါကြောင့် ပေါင်းသင့်
ကြုံ တွေ့လာတဲ့ မိသားစုအပေါ် အကျိုးဖြစ်ထွန်းအောင်သာ





ဆောင်ရွက်ပေးပါကွယ်”

“စိတ်ချပါ လေးလေးရယ်၊ ကိစ္စရှိရင် ဆက်သွယ်နိုင်
အောင် ကဲကဲတို့ အိမ်လိပ်စာနဲ့ ဖုန်းနံပါတ်ကို သမီးလေးလေး
ဒိုင်ယာရီမှာ ရေးမှတ်ထားခဲ့မယ်နော်”

“အေးအေး. .”

လေးလေးက ကဲကဲကိုအကဲခတ်ကာ. . .

“ဉာဏ်ရည်ထက်မြက်ပြီး ထူးချွန်မယ့်ကလေးပါ”

ကဲကဲထမင်းစားရင်းပင် ကားစီးလာသော ပင်ပန်းမှု
ကြောင့် အိပ်ပျော်သွားလေသည်။ သွေးသည် ကလေးကိုချသိပ်
ရင်း စကားပြောမဆုံး ဖြစ်ရလေသည်။

ထိုအချိန်တွင် ဈေးဝယ်လာသမျှ လူတွေကို သွေး
အရာမ လုပ်တဲ့အိမ်က ကားကြီးလေ အရမ်းတန်ဖိုးကြီးတာ၊
သူဌေးတွေ. . နေတာက ပါရမီဆိုလား ဘာလားပဲ”

သွေးက မကြားချင်ဟန်ဆောင်ကာ လေးလေးနှင့်
စကားပြောနေလိုက်သည်။ လေးလေးက အိမ်နီးချင်းတပည့်
လေးအား မည်သို့ ခိုင်းလိုက်သည်မသိ။ သွေးသူငယ်ချင်းများ
အရာတပည့်များ ရောက်လာပြီး သွေးအတွက်လက်ဆောင်
အသီးအနှံနှင့် ငါးချဉ်ထုပ်များ လာပို့ပေးကြသည်။

လေးလေးက သွေးဝယ်လာသမျှ မုန့်ထဲမှတပူးကို
ယူထားပြီး ကိတ်မုန့်များချကျွေးကာ ညှော်ခံလေတော့သည်။

ဒေါ်စိန်အေးနှင့် ဒရိုင်ဘာဖိုးထူးက. . .

“ခုလို တို့ တောမလေးလေးနဲ့ နေရတာ စိတ်ကိုချမ်း



www.burmeseclassic.com

www.burmeseclassic.com



သာပြီး အသက်ရှူချောင်လိုက်တာဟယ်”

ကဲကဲပင်လျှင် အိပ်ယာမှနိုးလာပြီး သွေးသူငယ်ချင်း လေးလေးတပည့်များနှင့်အတူ စကားတွေပြော ဆော့ကစား ကာ ပျော်ရွှင်သွားသည်။ စက်ဘီးလိုက်စီးပြီးနောက် ပြန်ရန် ပြင်ဆင်ကြတော့. . .

“ဟင့်အင်း. . ကဲကဲ ပြန်ချင်ဘူး နေဦးမယ်၊ ပြန်နဲ့အုံး ပြန်နဲ့အုံး”ဟု ဂျီနေကြရာ သွေးက. . .

“ဘွားဘွားကို မမက ဒီနေ့ပြန်လာပါ့မယ်လို့ ကတိ ပေးထားရတယ်လေ. .၊ လူဆိုတာ ကတိတည်ရတယ်လေ သား”

“ကဲကဲမှ ဘွားဘွားကို ဂတိမပေးရာဘူးရေ”

ဟုဆိုသဖြင့် အားလုံးက ဝိုင်းရယ်ကြလေသည်။

ဒေါ်လေးဒေါ်အေးပင်လျှင် သူ့ငွေးကြေးပချင်တာ လား၊ မျက်နှာကြီးရာ ဟင်းဖတ်ပါချင်တာလားမသိ. .

“နေချင်နေပါစေ၊ ဖုန်းလှမ်းဆက်လိုက်ပါလား”

“မလုပ်ပါနဲ့ ဒေါ်လေးရယ်၊ အခွင့်အရေးဆိုတာ ပေး တိုင်းယူလို့မဖြစ်ဘူး၊ ကဲပါ သားလေးဖိုးကဲရယ်၊ နောက်တစ် ခေါက်လာရင် ဘွားဘွားဆီမှာ ခွင့်တောင်းပြီး မမနဲ့သား အကြာကြီးနေကြမယ် ဟုတ်လား”

“ဒကယ်ရား. .”

“တကယ်ပေါ့”

“ဂတိရား”





“ဂတိပေးတယ်၊ ကဲ. . မမတို့ ကိုကိုတို့ကို နှုတ်ဆက် လိုက်ပါဦး”

ကဲကဲကို အသာပွေ့ချီကာ ကားပေါ်တင်ရလေသည်။

လေးလေးတို့ လင်မယားကိုပင် ကမန်းကတန်း ဦးချ ရှိ ချလိုက်နိုင်သည်။ ကဲကဲစိတ်မပြောင်းခင် အမြန်ဆုံး ထွက် ခွာနိုင်မှဟု. . .

လန်ခရူစာကား၏ နောက်ခန်းတွင် ခြင်းတောင်း အကြမ်းများဖြင့် အသီးအနှံများ အပြည့်ဖြစ်နေသည်။

“ဒိုက်ဦးရောက်ရင် ဘဲကင်နဲ့ကွာစေ့ ဝင်ဝယ်ဦးမှ၊ ဘဲ တင်ဆိုင်က လေးလေးတပည့်လေ. . လေးလေးမှာလိုက်လို့”

“ဟာ ဘဲတင်ရား၊ ကဲကဲသိပ်ကြိုက်တာပဲ”

“မောင်မင်း မကြိုက်တာ ဘာရှိသလဲ”

“ရှိဒယ်. .”

“ဘာရဲ့”

သွေးက မပီကလာပြောကာ စလိုက်သည်။

“ချိုး. .”

“ခွေးလေး တော်တော်တက်နေ”

“ခွေးက ချိုးစားရယ်၊ ကဲကဲက စားဘူး”

“ကဲကဲက ဒါဖြင့် ဘာကောင်လေးလဲ”

“ယူကောင်ရေးပေါ့”

“မမကကော”

“ယူကောင်မကြီး”

www.burmeseclassic.com

www.burmeseclassic.com



"အိုဒါဖြင့် ဖွားလေးစိန်ကကော"

"ယူကောင်ဖွားလေး"

"ဦးဦးဖိုးထူးကကော"

"ယူကောင်ဦးကြီး"

ကလေးတစ်ယောက်သည် လောကကြီး၏ အရေးပါသောနေရာ၌ အမြဲရှိနေတတ်သည်။ ကလေးတစ်ယောက်နှင့်အတူ သွားလာနေထိုင်ရခြင်းသည် သွေးအတွက် သောက၊ ဒုက္ခ၊ ဆင်းရဲမှုန်သမျှတို့ မေ့ပျောက်စေသည်။

လောကကြီးသည် တရားမျှတစွာဖြင့် ကံဆိုးခြင်းတစ်လှည့် ကံကောင်းခြင်းတစ်လှည့်တို့ကို ပေးနိုင်စွမ်းရှိသည်ဟု မှတ်ယူလိုက်မိလေတော့သည်။




www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၉)

သွေးသည် အိမ်ထဲဝင်ဝင်ချင်း ရင်ဝဆီး အကန့်ခံလိုက်ရသည့်နှယ် ဖြစ်သွားရလေသည်။

ဦးမင်းခန့်စည်သူ၏ ခက်ထန်သောအကြည့် ပြင်းထန်သောစကားက သွေး၏ စေတနာကို ပုတ်ခတ်စော်ကားလိုက်သည့်အလား ဆတ်ဆတ်ထိ နာကြင်စေသည်။

"နေစမ်းပါဦး၊ မင်းရဲ့ လက်တောက်လောက် အသ



ဉာဏ်လေးနဲ့ လူမမယ် ကလေးတစ်ယောက်ကို မိဘမျက်တွယ် မိုင်အဝေးကြီး ခေါ်သွားရလောက်အောင် အခွင့်အရေး ဘယ်သူက ပေးလိုက်လို့လဲ"

"ရှင်. ."

သွေး၏ ဝိုင်းစက်နေသော မျက်ဝန်းနက်ကလေးမှာ ပို၍ပြူးစက်သွားရသည်။

ရှုတ်တရက် ရန်လိုစကားများကို ချေပနိုင်သော အတတ်ပညာတို့သည် ထွေး၏ သည်းခံတတ်မှုအောက်ဝယ် ပျောက်ဆုံးနေခဲ့သည်။ ဒေါ်လေး၏ ဂြုစူစောင်းမြောင်းမှုအောက်ဝယ် နှစ်ပေါင်းများစွာ နေခဲ့ရသဖြင့် သွေး၌ သည်းခံတတ်မှုပါရမီကို ရရှိနေခဲ့ပြီ ဖြစ်သည်။

"ဟဲ့. . မောင်မင်းခန့် ငါလွှတ်လိုက်တာလေ၊ နင် ဒီလောက် မကျေမနပ်ဖြစ်နေရင် ငါ့ကိုပြောစမ်း"

"ကျွန်တော့်ကို ငဲ့မပေးပါနဲ့၊ လူဆိုတာ ကိုယ့်နေရာ ကိုယ်သိ၊ ကိုယ့်တာဝန်ကို သိရတယ်၊ ဘာမှ အပိုလုပ်စရာ မလိုဘူး၊ ဒီမှာချာတိတ်မ သားကိုသွားသိပ်ပြီး မင်း ငါ့ကိုလာ သွား၊ ဒါပဲ သွား"

သွေး ရစ်ဝဲလာသော မျက်ရည်များကို မျက်တောင် ကော့တာ သိမ်းဆည်းလိုက်ပြီး ကဲကဲကို ပွေ့ချီလျက်နှင့်ပင် အပေါ်ထပ်သို့ တက်ခဲ့လေသည်။

ဒေါ်စိန်အေးနှင့် ဦးဖိုးထူးကလည်း ပစ္စည်းများသယ်ရင်း သွေးအတွက် ကူပြောပေးနေသံကို ကြားလိုက်ချက်



www.burmeseclassic.com

www.burmeseclassic.com



မကြားရတစ်ချက် ဖြစ်ခဲ့သည်။

သွေး အားလုံးကွယ်ရာ၌ မျက်ရည်တာ ကျိုးခဲ့ရသည်။

သွေး ကဲကဲကို ညအိပ်အင်္ကျီလဲလှယ်ပေးပြီး သေချာစွာ ချသိပ်ပြီးနောက် သွေး အပြင်အဝတ်အစားပင် မလဲနိုင်ပဲ အောက်ထပ်သို့ ဆင်းခဲ့သည်။ အောက်ထပ်ရောက်တော့ ကြီးမေက မျက်စိမျက်နှာမကောင်းပဲ. . .

"သမီး ဘာမှအားမငယ်နဲ့၊ မိန်းမဖောက်ပြန်တာနဲ့ သူ့ဦးနှောက်တွေပါ ဖောက်ပြန်နေပြီ ထင်တယ်၊ ကမ္ဘာပေါ်မှာ ရှိရှိသမျှမိန်းမတွေကို သူ့မိန်းမလိုပဲ မကောင်းဘူး မြင်နေပြီ၊ ဘာပဲပြောပြော သွေးဘက်မှာ ကြီးမေရှိတယ်၊ ဒင်း ဘာမှလုပ်လို့မရဘူး၊ ဒါပေမယ့် ကျေနပ်အောင်တော့ သွားတွေ့လိုက်ပါ"

သွေးသည် လုပ်ရဲလျှင် ခံရဲသည်။ သွေးလည်း ဘာအမှားမှ မကျူးလွန်ဘူးဟု ယုံကြည်စိတ်က ရှိနေသည်။

"ဟုတ်ကဲ့ ကြီးမေ"

"စိတ်မကောင်း မဖြစ်နဲ့နော် သမီး၊ သူပြောရုံပဲ ပြောရဲမှာပါ၊ ဘယ်ဘက်နားကသာဝင်ရင် ညာဘက်နားကသာ ထုတ်ပစ်လိုက် ကြားလားသမီး၊ သမီးဘက်မှာ ကြီးမေတစ်ယောက်လုံးရှိတယ်၊ မစိန်အေးတို့ ပြောပြလို့ အားလုံးသိပြီးပြီ လက်ဆောင်တွေအတွက်လည်း သမီးဦးလေးတို့ကို ကျေးဇူးတင်တယ်၊ ကဲ. . သွားသွား ဘာမှမကြောက်နဲ့နော်၊ သမီး





စေတနာကို သူ့ တစ်နေ့ကျ နားလည်လာမှာပါ"

"ဟုတ်ကဲ့ပါ ကြီးမေ၊ သွေး ဘာမှမဖြစ်ပါဘူး၊ သွေးခံနိုင်ရည် ရှိပါတယ်"

ခံနိုင်ရည် ရှိပါတယ်ဟူသော မျက်နှာလေးသည် မျက်ရည်များကြောင့် မျက်နှာသစ်ခဲ့ရကြောင်း ကြီးမေ ရိပ်မိနေမည်ကို သွေးသိသော်လည်း မသိသားဆိုးလိုက်ရသည်။

သွေး အပေါ်ဆုံးထပ်သို့ တက်ခဲ့သည်။ ကဲကဲဖခင် ဦးမင်းခန့်စည်သူသည် အပေါ်ထပ်ဧည့်ခန်း၌ ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်နေသည်။

သွေးဝင်လာသည်ကို မြင်တော့ ရပ်တန့်လိုက်ပြီး ခပ်စိမ်းစိမ်းကြည့်သည်။

သွေးရင်ခုန်သံ မြန်လာသည်။ ခြေဖျားလက်ဖျားများပင် အေးစက်လာသည်။ သွေး၏ နုနယ်သောနှလုံးသားသည် သူစိမ်းယောကျ်ားများနှင့်ပတ်သက်၍ ရင်ခုန်မှု တုန်လှုပ်မှုတို့ကို ယခုမှ စတင်ခံစားတတ်လေပြီ။

"ဆရာ သွေးကို ဘာအပြစ်ပေးမှာလဲ"

"အပြစ်ဟုတ်လား၊ မင်းအပြစ်ကို မင်းသိနေပြီပေါ့၊ ဟုတ်လား"

"ဆရာက သွေးမှာအပြစ်ရှိတယ်လို့ ယူဆနေမှတော့ အပြစ်သာ ပေးပါတော့၊ သွေး ဆင်ခြေပေးချင်တဲ့ဆန္ဒလည်း မရှိပါဘူး"

သွေးက အားငယ်စွာပင်ပြောရင်း မျက်ရည်ကြ ကျ



www.burmeseclassic.com

www.burmeseclassic.com



ချင်လာသဖြင့် ခေါင်းငုံ့လိုက်သည်။

"ထိုင်စမ်းပါဦး"

သွေးမထိုင်ချင်။ ဖြစ်နိုင်လျှင် ဒီလူကြီးရှေ့မှ အဝေးဆုံးတစ်နေရာသို့သာ ပြေးထွက်သွားလိုက်ချင်ပြီ။

"ဟော့ နားပင်းနေသလား၊ ထိုင်ခိုင်းနေတယ်လေ"

ဩော်. . သူက အလုပ်ရှင်ပေပဲ၊ သွေး နာခံရမည်ပင်။ သွေး ဆက်တီတစ်လုံး၌ ဝင်ထိုင်လိုက်သည်။ သူက သွေးနှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်ပြီး. . .

"မင်း အသက်ဘယ်လောက် ရှိပြီလဲ"

"ရှင်. ."

"မင်း နားမပင်းပါဘူးနော်"

"ဟုတ်ကဲ့. . နှစ်ဆယ်ပါ"

"ငါ့အသက် နှစ်ဆယ်အရွယ်တုံးက ကလေးပဲ. .၊ မေမေ့ဆီက မုန့်ဖိုးလက်ဖြန့်ခံယူပြီး အမေက ဒီနေရာဆို ဒီနေရာပဲ အမေ့မျက်ကွယ်ကနေ ဘယ်ကိုမှ မသွားလာခဲ့ဖူးဘူး"

"သွေးမှာ အမေမှမရှိပဲ ဆရာ"

သွေး၌ မိခင်နှင့်ပတ်သက်လာလျှင် ခံစားရသော အားငယ်စိတ်က အချိန်အခါ နေရာမရွေး ဖြစ်ပေါ်တတ်လေသည်ဖြစ်ရာ ပြောရင်းမှ မျက်ရည်တို့က အတားအဆီးမဲ့စွာဖြင့် ပိုးပိုးပေါက်ပေါက် ကျလာလေသည်။

"မငိုစမ်းနဲ့. . ၊ ငါ မင်းကို ဘာမှပြောနေတာ မဟုတ်သေးဘူး၊ မေမေက မင်းဘက်က ကာဆီးကာဆီး ဖြစ်နေ





ယ်၊ မင်းကိုငါ ဘာအပြစ်မှ မပေးပါဘူး၊ ကဲကဲဟာ ငါ့သပဲ၊ ကဲကဲကြောင့် ငါ့ဘဝကို ငါ ရပ်တည်နေတယ်၊ ကဲကဲ မင်းကြောင့် တစ်စုံတစ်ခု ဖြစ်သွားမယ်ဆိုရင် မင်းကို လုံးဝခွင့်လွှတ်နိုင်မှာ မဟုတ်ဘူး၊ ဒါကြောင့် ငါမသိပဲ ကဲကဲ မင်းသဘောနဲ့မင်း ခေါ်ချင်ရာ ခေါ်သွားလို့ မရဘူး"

သွေးက ငိုရှိုက်ရင်းမှ. . .

"ကြီးမေ ခွင့်ပြုလို့ပါ"

"မေမေ ခွင့်ပြုတိုင်းလဲ မင်း လုပ်ပိုင်ခွင့်မရှိဘူး၊ ငါ့ကို တောင်းရမယ်၊ မေမေက အသက်ကြီးပြီ၊ မြေးကို အလိုလိုက်တတ်တဲ့ ဘွားအေးတွေရဲ့စတိုင် မေမေ့မှာ ရှိနေတယ်၊ မေမေ့ကို ငါ ပြန်ပြောနေရရင် မေမေ စိတ်မကောင်းဖြစ်မယ်၊ ဒါကြောင့် မင်းနားလည်ရမှာက မေမေနဲ့ငါ့ကို ရန်တိုက်ပေးသူ မဖြစ်ဖို့ပဲ"

သွေး မျက်ရည်သုတ်လိုက်သည်။ သုတ်စရာ ဘာအဝတ်မှမပါသဖြင့် လက်ဖမိုးနှင့် သုတ်လိုက်ခြင်း ဖြစ်သည်။

ဦးမင်းခန့်စည်သူ၏ ဆိုလိုရင်းကို သွေးသဘောပေါက်လိုက်ပြီဖြစ်၍ သွေးကြေကွဲမှုလေး ရပ်တန့်သွားရသည်။

ထိုစဉ် သွေးပေါင်ပေါ်သို့ တစ်သျှူးပေပါထုပ်လေး ကျလာသည်။

ဦးမင်းခန့်စည်သူ ပစ်ပေးလိုက်တာဟု သွေးသဘောပေါက်လိုက်ပါသည်။ ဘာကိုမှ စဉ်းစားမနေတော့ပဲ သွေး



www.burmeseclassic.com

www.burmeseclassic.com



ဖောက်ကာ ယူသုတ်လိုက်သည်။

"ကဲကဲကို တခါမှ ငါမပါပဲ ခုလိုခရီးဝေးမျိုး တစ်ခါ မလွှတ်ဖူးဘူး၊ ငါ ပြန်ရောက်ရောက်ခြင်း သိလိုက်ရတော့ ထူပူသွားတာပဲ၊ နောက် မင်းသွားချင်ရင် မင်းဖာသာ မ သွားပါ၊ ကဲကဲကိုတော့ ငါမပါပဲ၊ ဒီလောက်ဝေးတဲ့ခရီးမျိုး ခေါ်မသွားပါနဲ့၊ မင်း သဘောပေါက်ပါတယ်နော်"

"ဟုတ်ကဲ့ဆရာ၊ နောက်ဆိုရင် ဆရာမသိပဲ ကဲကဲနဲ့ ပတ်သက်တဲ့ကိစ္စမျိုး ကျွန်မ မလုပ်တော့ပါဘူး"

သွေးက ဦးမင်းခန့်စည်သူ ကျေနပ်စေရန် တောင်းပန် လိုက်သည်။ ဦးမင်းခန့်သည် စောစောက သွေးပြန်ရောက် ကလိုတော့ မျက်နှာကြော တင်းမာမနေတော့ပေ။

သွေး၏ ငုတ်လျှိုးနေခဲ့သော ပင်ကိုယ်ဖွဲ့သတ္တိလေး ခေါင်းပြူထလာလေသည်။

"မင်းက ပါးရည်နပ်ရည်ရှိတဲ့ မိန်းကလေးတစ် ယောက် ဖြစ်လိမ့်မယ်လို့ ငါယုံကြည်တယ်၊ မေမေနဲ့ ငါ့ကြား မှာ မင်းကြောင့်စိတ်ဝမ်းကွဲရတာမျိုးကို ငါဘာမှမဖြစ်ချင်ဘူး"

"စိတ်ချပါ ဆရာ၊ ကျွန်မ ကဲကဲကို တာဝန်အရ ပြု စောင့်ရှောက်ပေးတာမဟုတ်သလို ကြီးမေကိုလည်း ဝတ္တရား အရ ဆက်ဆံခြင်း မဟုတ်ပါဘူး၊ ယုံကြည်အားထား လေးစား ချစ်ခင်စွာနဲ့ကို ခံစားပြီး အဘွားတစ်ယောက်လို သဘော ထားတာပါ"

"ဒီလိုဆို ကောင်းပါတယ်၊ ဒါပေမယ့် ငါ မယုံဘူး





ဒီလိုပဲ မာယာတစ်သိန်း အပလိန်းအနန္တနဲ့ ငါ့အမေ နှလုံး ရောဂါဖြစ်အောင် ငါတို့မိသားစု တစ်ဘဝလုံး ခေါင်းမဖော်ဝံ့ အောင် လုပ်သွားတဲ့သူက လုပ်သွားပြီမဲ့"

"အဲ့ဒီမိန်းမမျိုးထဲ သွေး မပါပါဘူးဆရာ"

"အပြောပဲလေ၊ အပြောထဲမှာမှ နှုတ်ခမ်းလှလှလေး တွေအပေါ်က အပြောဟာ ပိုပြီးဆိုးတယ်ဆိုတာ ငါ့ကိုယ် တွေ့နဲ့ငါ ယုံကြည်တယ်"

ဦးမင်းခန့်၏ မိန်းမတစ်ယောက် မကောင်းခြင်း ကြောင့် ဝါးလုံးရှည်နှင့် သိမ်းကျုံးရိုက်သည့် အယူဝါဒကို သွေး လက်မခံလိုသော်လည်း တုန့်ပြန်မပြောချင်ပါ။ သွေး ခရီးပန်းလာသဖြင့် နားချင်နေပြီ၊ သို့သော် ခွင့်မတောင်းရဲ သေး။

"ဒေါ်စိန်နဲ့ ကိုထူးပြောပြလို့ ပြန်ချိန်နောက်ကျရတဲ့ အကြောင်း ငါသိပြီးပြီ၊ ဒါကြောင့် ဒီတစ်ကြိမ် ငါ ခွင့်လွှတ် လိုက်မယ်၊ ဒါပေမယ့် နောက်ဆို ကဲကဲနဲ့ပတ်သက်တဲ့ ကိစ္စ တွေမှာ မင်းသဘောနဲ့မင်း ဆုံးဖြတ်ပိုင်ခွင့် မရှိဘူးဆိုတာ နားလည်ထားပါ၊ ကဲ. . သွားနားတော့"

"ဟုတ်ကဲ့. . ကျေးဇူးတင်ပါတယ် ဆရာ"ဟုဆိုကာ သွေးသည် ဇောင်းထဲက လွတ်လိုက်သော မြင်းပမာပင် ဝမ်း သာအားရနှင့် ဦးမင်းခန့်စည်သူကို ကျောခိုင်းလိုက်သည်။

"နေဦး. ."

သွေးခြေလှမ်းတို့ တုန့်ခနဲ ရပ်သွားသည်။ ရင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



လည်း တဒိတ်ဒိတ်ခုန်လာသည်။ ဤလူကြီး၏ မျက်ဝန်းတွေကို ရင်ဆိုင်ရန် မဝံ့မရဲ ဖြစ်မိသည်။

မဝံ့မရဲ လှည့်ကြည့်လိုက်တော့. . .

“မင်းနာမည် အပြည့်အစုံက”

“သွေးတစ်လုံးထဲပါ”

“အမ်စီ ဝမ်းလား၊ တူးလား”

“ဝမ်းပါ”

“ဘယ်ရီးယား(ဒ်)ရောက်ပြီလဲ”

“စက္ကင်းရီးယား(ဒ်)အောင်ပါပြီ”

“ကောင်းပြီ သွားတော့”

ဒီတစ်ချိတွင်တော့ ထပ်မခေါ်သဖြင့် သွေး လွတ်လွတ်ကျွတ်ကျွတ်ပင် ထွက်လာနိုင်ခဲ့သည်။ ဧည့်ခန်းပြင်ပရောက်သည်နှင့် အသက်ရှူချောင်သွားသလို ခံစားလိုက်ရပြီး မိမိအတွက် စိတ်ပူနေမည်ဖြစ်သော ကြီးမေအား သားအမိကြား တိုက်ပေးသလိုလည်း မဖြစ်အောင် စကားလုလုလေးသုံးကာ ပြန်ပြောပြမှဖြစ်မည်ဟု သွေးကတွေးကာ ကြီးမေအိပ်ခန်းသို့ ဦးတည်လိုက်ရလေသည်။

ဩော်. . . ဘဝနှယ် ခရီးပန်းလာလို့ နားချင်တာတောင် လွတ်လွတ်လပ်လပ် မနားရသေးပါလား။





# အခန်း(၁၀)

မင်းခန့်သည် သွေးဆိုသော ကလေးမ၏ နောက်ကျောပြင်ကိုကြည့်ပြီး ရှည်လျားသော ကျစ်ဆံမြီးရှည်ကြီးသည် အဖျားပိုင်းတွင် ထုံးထားသည့်တိုင်အောင် ခြေသနောင့်နား ဝဲလုဝဲခင် ဖြစ်နေသည်ကိုကြည့်ပြီး တအံ့တသြဖြစ်မိလေသည်။

မြင်ကွင်းမှ ပျောက်ကွယ်သွားမှ ပင့်သက်ရှိုက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



မိသည်။ မိန်းမတွေနှင့် ပတ်သက်၍ ခတ္တာကြောင့် နာကျည်းမုန်းတီးသွားမိသည်။

ခတ္တာကို သေသည့်တိုင်အောင် ခွင့်မလွှတ်နိုင်ပါ။ ခတ္တာအပြုအမူသည် ခွင့်လွှတ်ထိုက်သော အပြုအမူ မဟုတ်ပါချေ။

အချိန်တန် အရွယ်ရောက်လာသည်နှင့် သားတွေကို ချစ်သူရှိမရှိ မေးမြန်းပြီး ရှိပါကလည်း ချစ်သူကိုလေ့လာ၊ မရှိပါကလည်း မေမေက သူ့သဘောကျ ရွေးချယ်ပေးသော မိန်းကလေးနှင့် အိမ်ထောင်ချပေးလေ့ရှိသည်။

"သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်ရမှာ ဓမ္မတာပဲ. . . သဘာဝတရားကို လွန်ဆန်ပြီး လူပျိုကြီးပဲ လုပ်မယ်တွေ ဘာတွေနဲ့ တစ်ဘက်စွန်း ရောက်မနေနဲ့၊ ကြီးလာမှ ဆေးပေးမီးယူလိုလို့ပါဆိုပြီး မသင့်တော်ရာပဲ ရရာယူ အိမ်ထောင်ဖက်မျိုးဆို မေမေသဘောမတူနိုင်ဘူး. . "ဟုဆိုကာ သားတွေ ပညာစုံ၍ အလုပ်အကိုင် တစ်ခုကို ခြေကုတ်ရပြီဆိုသည်နှင့် တစ်ယောက်ပြီးတစ်ယောက် ပေးစားပြစ်ရာ. . .

ထိုအထဲတွင် ကံဆိုးသူ မောင်ရှင်မှာ မင်းခန့် ဖြစ်ခဲ့လေသည်။

"ခတ္တာလေးက မဆိုးရှာပါဘူး၊ ညီအစ်မနှစ်ယောက်ထဲရှိတော့ မင်း ယောက်ဖတော်ကိုလည်း ခံစရာမလိုဘူးပေါ့ ကိုယ့်ထက် နှစ်နှစ်လောက်ပဲ ငယ်တာဆိုတော့ သိပ်ပြီးအလိုလိုက် အကြိုက်ဆောင်စရာ ချော့စရာမျိုးလည်း ဖြစ်မှာ





မဟုတ်ဘူး၊ မိဘတွေကလည်း ကုန်သည်ပွဲစားတွေပဲ သမီးနှစ်ယောက်တည်းဆိုတော့ ပူစရာ သိပ်မလိုဘူး၊ ယောက္ခမဝတ်ကိုလည်း ထမ်းပေးစရာ မလိုဘူးပေါ့"

မေမေက တွက်ကိန်းနှင့် အိမ်ထောင်ရေးတစ်ခုကို ဖန်တီးပေးခဲ့သည်။

ခတ္တာသည် လှသည်။ သို့သော် အလည်အပတ်များသည်။ သူငယ်ချင်း အပေါင်းအသင်းကို စုံလင်နေသည်။ ဆိုးဆုံးက အပျော်အပါးမက်ခြင်းနှင့် လောင်းကစား ဝါသနာပါခြင်း ဖြစ်သည်။

အိမ်ထောင်တစ်ခုကို နိုင်နင်းစွာ မအုပ်ချုပ်နိုင်သည့်အပြင် အိမ်သုံးစားရိတ်များကို အတိုင်းအဆမရှိ လောင်းကစားလိုက်ခြင်းမျိုးသည် နောက်ဆုံး ဆင်ထားသော ရွှေငွေများ အတုဖြစ်လာရုံမက အိမ်ကိုပင် ပေါင်သည်ကို သိသောအခါ မင်းခန့် အလွန်စိတ်ဆိုးခဲ့ပြီး အိမ်သုံးစရိတ်ကိုပင် ပေးထိုင်ပဲ အမေ၏အိမ်ကြီးသို့ ပြန်တက်ကာ ဒင်းကို အမေ့ရိပ်အောက်မှာ ထားလိုက်သည်

အမေပင်လျှင် လက်လန်လာသည်။ အပျော်အပါး လောင်းကစားကို မလျှော့၊ သူ့မိဘများထံ နေ့စဉ်သွားတာ အချိန်ဖြုန်း ငွေသုံးတတ်သည်။

မေမေက မြေးကိုယ်ဝန်ကြောင့် သည်းခံခဲ့သည်။ သူလည်း ဒီအတိုင်းပင် အိမ်တွင်းရေးအဆင်မပြေ ခတ္တာမျက်နှာကို မကြည့်ချင်အောင်ဖြစ်ပြီး နောက်ဆုံး လင်မယားနှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် စကားမပြောကြသည့်အဖြစ်ကို ရောက်နေ
သည်။

သားမွေးပြီးမကြာခင်၌ ခတ္တာသည် သူ့ဘယ်နည်းနှ
မှု ခွင့်မလွှတ်နိုင်သော ပြစ်မှုတစ်ခုကို ကျူးလွန်လိုက်
သည်။

ရွှေနေရွှေရပ်များနှင့် တိုင်ပင်ကာ သတင်းစာထဲ
ရားဝင်ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း ကြော်ညာလိုက်
တရားဝင် စာချုပ်စာတန်းများဖြင့် ပြတ်စဲပြီး လက်မှ
ထိုးခိုင်းလိုက်သည်။ ငွေပေးမှ လက်မှတ်ထိုးပေးနိုင်မည်ဆို
ဖြင့် တိုက်ခန်းတစ်ခန်းရောင်းကာ ပေးလိုက်ရသည်။

ထိုမိန်းမ၏ အမည်ကိုပင် မကြားချင်အောင်
ကျည်းမုန်းတီးခဲ့သည်။ လသားအရွယ် နို့စို့ကလေးနှင့်ပါ
သက်၍ ဘာမျှတောင်းဆိုခြင်း မရှိသော မိန်းမတစ်ယော
ကို သူ လူစာရင်းပင် မသွင်းချင်အောင် နာကျည်းမုန်းတီး
သည်။

ဒီကြားထဲ ခတ္တာအစ်မ ငုဝါက မရမနေ အောက်
ကာ မေမေ့ထံမှတစ်ဆင့် သူ့ အလုပ်သွားချိန်မျိုးကို ဝင်ရော
နေခဲ့သည်။

မေမေ၏ တားဆီးချက်ကြောင့် သူ ခွင့်မပြုချင်
ခွင့်ပြုရသော်လည်း ကလေးကိုတော့ ငုဝါအား ပြင်ပ
ဆောင်ခွင့် မပြုသလို ခတ္တာတို့နှင့် လုံးဝမပတ်သက်စေ
တော့ ပြင်းထန်စွာ ကန့်ကွက်ထားခဲ့သည်။





"သား မောင်မင်းခန့် ဘာတွေတွေးနေသလဲ၊ မေမေ
ရောက်နေတာကြာပြီ၊ သား သတိမထားမိဘူးထင်တယ်"

"ဩော်. . မေမေ ထိုင်လေ"

မိခင်က မင်းခန့်အနီးတွင် ဝင်ထိုင်လိုက်ပြီး. . .

"နဖူးကြောကြီးတွေ ထောင်ထနေပုံထောက်တော့
ဟိုကောင်မအကြောင်း တွေးမိသွားပြီ ထင်တယ်"

"တော်ပါ မေမေရာ၊ ကျွန်တော် မကြားချင်ဘူး"

"မကြားချင်ရင်လည်း မပြောဘူး၊ ဒါပေမယ့် သွေးနဲ့
ပါတ်သက်ပြီးတော့ ပြောရလိမ့်မယ်"

"ကျွန်တော် သူ့ကို မဆူလိုက်ပါဘူး၊ သူ မေမေ့ကို
လာတိုင်လို့လား"

"မတိုင်ပါဘူး၊ မေမေစိတ်ပူမှာစိုးလို့ ဆရာက မဆူပါ
ဘူး၊ ကဲကဲအတွက် စိတ်ပူလို့ နောက်ကိုသွားချင်ရင် သူ့ကို
ပြောပါ၊ သူ စိတ်ချလက်ချဖြစ်အောင် စီစဉ်ပေးမယ်လို့ သတိ
ပေးရုံပါလို့ပဲ ပြောတယ်ဟုတ်လား"

မင်းခန့်စိတ်ထဲ သွေးကို လေးစားသွားသည်။ ငယ်ပေ
မယ့် အသိကြွယ်သည်။ မိခင်နှင့်သူ့ကြား စိတ်ဝမ်းမကွဲအောင်
ဖြေလိုက်နိုင်သည်။

"ဟုတ်ပါတယ် မေမေ"

"အင်း ဒီလိုဆို တော်သေးတာပေါ့"

"အလုပ်ရှင်နဲ့ အလုပ်သမားပဲဆိုပြီး နိုင်တက်စီးနင်း
ပြောဆိုလိုက်တာမျိုး မဖြစ်ပါစေနဲ့ သားရယ်၊ သွေးဟာ ကဲကဲ



www.burmeseclassic.com

www.burmeseclassic.com



ကို ဝတ္တုရားအရ ပြုစုစောင့်ရှောက်နေခြင်းမျိုး မဟုတ်ဘူး၊ တကယ်ကို ကိုယ်ချင်းစာနာတဲ့စိတ်၊ မေတ္တာစိတ်ကလေးနဲ့ ပြုစုစောင့်ရှောက်ပေးနေတာ သားသိအောင် ပြောရဦးမယ်၊ အစကတော့ ငုဝါအပေါ် သားစိတ်ဆိုးမှာစိုးလို့ မေမေမပြောပဲနေခဲ့တာ၊ အခုတော့ ပြောမှဖြစ်မယ်"

မင်းခန့်သည် အစချီလာသော မိခင်၏ စကားနိဒါန်းကြောင့် စိတ်ဝင်စားသွားသည်။

"ဘာများလဲ မေမေ"

"ငုဝါက ခုလို ကဲကဲအတွက် ဆရာမ ငှားတာကို မကြိုက်ဘူး"

"ဘာဖြစ်လို့လဲ"

"ကဲကဲ သူ့ကိုမချစ်တော့မှာ စိုးလို့ပေါ့ သားရယ်၊ ကဲကဲ သူ့ကို ချစ်နေ တွယ်တာနေမှ သူ့အတွက်လည်း ဝင်ထွက်လို့ကောင်းမယ်၊ ကဲကဲအနာဂါတ်ကိုလည်း သူ ချယ်လှယ်နိုင်မှာပေါ့"

"သူ လုပ်ချင်တိုင်း လုပ်လို့ရမလား၊ သူ့ညီမ သွေးပုတ်သွေးယုတ်တွေကိုတောင် ကျွန်တော်က ဖောက်ထုတ်လို့ရရင် ဖောက်ထုတ်ပြီး ကျွန်တော့်သွေးပဲ ပြန်ဖြည့်သွင်းပေးလိုက်ချင်တာ"

"ကဲပါသားရယ် စိတ်ကြီးမနေပါနဲ့၊ မေမေပြောတာဆုံးအောင် နားထောင်ပါဦး"

မင်းခန့် စိတ်ကိုဖြေလျှော့လိုက်သည်။





"အရင်ဆရာမတွေတုန်းက ငုဝါဟာ မေမေ့ကွယ်ရာမှာ ဆရာမတွေ မနေနိုင်အောင် ကဲကဲကို ရှိုင်းရှိုင်းပျပျ ပြောဆိုဖို့ကော အဲဆဲမပေါင်းစုံကော မိုက်ရိုင်းနည်းပေါင်းစုံကို သင်ပေးခဲ့တယ်ဆိုတာကို မေမေသိလိုက်ရလို့ သူ့ကိုသတိပေးခဲ့ယ်လုပ်တုန်း ငုဝါအမေ ဆေးရုံတင်လိုက်ရလို့ အဆက်အသွယ်ပြတ်သွားခဲ့တာ၊ ဒီမှာပဲ သွေးက ရောက်လာတယ်"

မင်းခန့် ငုဝါအပေါ် အလွန်စိတ်ဆိုးသွားသည်။ ဒီပုတ်ထဲက ဒီပဲပါပဲဟု စိတ်ထဲကောက်ချက်ချလိုက်ပြီး မိခင်စကားကို ဆက်နားထောင်နေလိုက်သည်။

"သွေးကိုလည်း ကဲ့ကဲက ငုဝါသင်ထားတဲ့ အရှိန်နဲ့ တောင်ဆဲဆိုပြီး ရှိုင်းရှိုင်းပြပြ ဆက်ဆံတယ်၊ သွေးကရယ်ပြီး သား ဘာပြောလိုက်တာလဲလို့ ပြန်မေးတော့ ပြန်ဆဲပြတယ်၊ ဒီမှာပဲ သွေးက သားသားဘာလိုချင်လို့လဲ၊ သားသားပြောတာ နားမလည်ဘူးဆိုပြီး ထပ်မေးတယ်၊ ထပ်ဆဲတော့ ကဲကဲမောလာတယ်၊ အဲဒီမှာပဲ သွေးက ပုံပြင်လေးတွေ စပြောပြီး ကဲကဲကို ဆဲဆိုရင် လူတွေမချစ်ဘူး၊ နတ်တွေ မချစ်ဘူးလို့ ပုံပြင်ပတ်စတွေနဲ့ စည်းရုံးလိုက်တာ အဲဒီကတည်းက ကလေးလေးဟာ လူငယ်ပေမယ့် အရည်အချင်း အတွေးအခေါ်တွေ မသေးလှဘူးလို့ မေမေအကဲခတ်မိပြီး သွေးလက်ထဲကဲကဲကို ယုံကြည်စိတ်ချစွာ အပ်ထားလိုက်တာပဲ၊ ဒါပေမယ့် မေမေ အမြဲတန်းလိုလို တစေ့တစောင်း အကဲခတ်ဖြည့်မိပါတယ်၊ ရှေ့တင်တစ်မျိုး ကွယ်ရာတစ်မျိုး မလုပ်တတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သူ့ကို အပြစ်မတင်ပါဘူး မေမေ၊ ရုတ်တရက် စိတ်ပူသွားမိလို့ ပြောလိုက်မိတာပါ"

"အေးပါ သားရယ်၊ သားသူ့ကို လခစားသဘောမျိုး မထားပဲ မေမေရဲ့ မွေးစားသမီး တစ်ယောက်အနေနဲ့ သား ညီမလေးလို သဘောထားနိုင်အောင် ကြိုးစားပေးပါ၊ သူ့ကို နာနာကြင်ကြင် ပြောမယ်ကြံတိုင်း မေမေ့မျက်နှာကို ဦးစွာ ကြည့်ပြီးမှ ပြောပါ"

"လာပြန်ပြီ ဟိုကောင်မတုံးကလည်း မေမေပဲ သ ဘောကျတယ်၊ ဟိုဟာမအစ်မ ဝင်ထွက်တာကိုလည်း မေမေ ပဲ လက်ခံခဲ့တာ၊ ခုလာပြန်ပြီ"

မိခင်က သူ၏ ရှုသိုးသိုးနှင့် မကျေမနပ် ပြောဆိုမှုကို သဘောကျစွာ ပြုံးလိုက်ပြီး . . .

"စာဆိုတောင် ရှိသေးတာပဲ၊ မမှားသောရှေ့နေ မ သေသော ဆေးသမားတောင် ရှိသေးရင် မမှားသော မိခင် ဆိုတာလည်း ရှိမှာပဲ၊ မိခင်က သားသမီးအပေါ် ထားတဲ့ မေတ္တာ၊ စေတနာတွေ လွန်ကဲမှုကြောင့် ဖြစ်လာရတဲ့ အမှား ကိုတော့ သား ခွင့်လွှတ်နိုင်ရမှာပေါ့၊ ဒီတစ်ခါတော့ မေမေ မမှားပါဘူး၊ တစ်ခါသေဘူး ပျဉ်ဘိုးနားလည်သွားပါပြီ၊ ကိုင်း ကိုင်း မေမေလည်း အိပ်တော့မယ်၊ သားလည်း အိပ်တော့ ဘယ်သူ့အကြောင်းမှ တွေးမနေနဲ့တော့"

"မတွေးပါဘူး"

ပြောပြောဆိုဆိုပင် မိခင်နှင့် အတူတွဲကာ အောင်





ဆင်အိပ်ခန်းသို့ ဆင်းခဲ့လိုက်သည်။

မနက်ဖြန် သွေးနှင့်ပတ်သက်၍ ဆေးတက္ကသိုလ်(၁) ၌ သွားရောက်စုံစမ်းရန် ဆုံးဖြတ်လိုက်လေသည်။

တအိမ်သားလုံးကို လွှမ်းထားစမြဲနေသော မိန်းက လေးတစ်ယောက်၏ ကိုယ်ရေးရာဇဝင်ကို သူပြောရုံနှင့် မလုံ လောက် ကိုယ်တိုင်လည်း စုံစမ်းသင့်သည်ဟု ပါတ်ဝန်းကျင် အထားများကလည်း တခါတရံ မှန်တတ်သည်ကိုတော့ သူ သည်းသိခဲ့သည်ပဲ။

ခတ္တာတုံးက ပတ်ဝန်းကျင်ပြောတာ အရေးမစိုက်ခဲ့၍ အခုတော့ . . .

တော်ပြီ ဒီမိန်းမယုတ်အကြောင်း ခေါင်းထဲမထည့် တော့ပါဘူးဟု စိတ်ကို ဒုံးဒုံးချကာ အိပ်ပျော်စေရန် ကြိုးပမ်း လိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၁)

သွေး နှင့်ပတ်သက်၍ သူငယ်ချင်း ဆရာမ
များမှတဆင့် သိခဲ့ရသည်မှာ. . .

"သွေးက ရိုးရိုးအေးအေးကလေးနေပြီး စာကြိုးစား
တယ်၊ စာလည်းတော်တယ်"

"ထူးချွန်တဲ့ ဆယ်ဦးထဲမှာ သွေးပါတယ်"

"မိန်းကလေး ယောကျ်ားလေး သူငယ်ချင်းကလွဲပြီ





ဘာအရှုပ်အရှင်းမှ မကြားရဘူး၊ ချောတော့ ကြိုက်ကြလိုက်ကြတဲ့သူတွေ ပေါတာပေါ့၊ ဒါပေမယ့် ဘယ်သူ့ကိုမှ လက်သင့်မခံဘူး"

စသည့် ကောင်းသတင်းများကိုသာ ကြားသိရလေသည်။

သွေးနေခဲ့သော အဆောင်ပိုင်ရှင်နှင့် သွားရောက်တွေ့ဆုံတော့လည်း. . .

ညောင်လေးပင် ဇာတိပဲ၊ သူ့ဦးလေး ကျောင်းဆရာက တစ်လတစ်ခါ မုန့်ဖိုးလာပို့ပေးတာကလွဲပြီး ကျန်တဲ့ဧည့်သည်တွေကိုလည်း လက်ခံစကားပြောလေ့မရှိဘူး"

"စကတည်းက ဦးလေးနဲ့ ဒေါ်လေးကလွဲရင် ဘယ်သူလာလာ မရှိဘူးပြောပါဆိုပြီး မှာထားပြီး ဖြစ်နေတော့ ရှင်းရှင်းလင်းလင်းနဲ့ အေးအေးဆေးဆေးပဲ နေတတ်ပုံရတယ်၊ ဆယ်တန်းကိုက်(ဒ်)နှစ်ဦးလောက် လုပ်ပေးပြီး ကျောင်းချိန်နဲ့ ဝိုက်(ဒ်)သွားလုပ်ချိန်ကလွဲပြီး စာကျက်နေတာပဲတွေ့ရတယ်"

"အကျင့်စာရိတ္တပိုင်းကော အဆောင်မှာ စည်းကမ်းရှိတာကော တကယ့်ကို နမူနာကောင်းပါပဲ၊ သူဌေးအိမ်တစ်အိမ်မှာ ကလေးတစ်ဦးရဲ့ နာနီအဖြစ်ရော ဆရာမအဖြစ်ပါ အလုပ်ရလို့ဆိုပြီး အဲဒီအိမ်ကပဲ ကိုယ်တိုင်လာခေါ်သွားလို့ အဆောင်က ထွက်သွားတာပါ"

သွေး၏ ကောင်းသတင်းများကြောင့် မင်းခန့်ရင်ထဲ ဝင့်သက်ရိုက်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သွေးအပေါ် သူသိပ်များ အာဏာရှင် ဆန်ခဲ့လေသလား။

သူအိမ်ပြန်ရောက်သည့်အချိန်က အနည်းငယ် စောနေသည်။

ကဲကဲနှင့်သွေးသည် မြက်ခင်းစိမ်းပေါ်၌ ဆော့ကစားနေသည်။ မိကျွဲလည်းပါသည်။ ဘောလုံးကန်နေသည်။ မိကျွဲက ဂိုးဖမ်းသည်။

"ကဲကဲ. . နှစ်တိုး. . နှစ်တိုး"

"ဟုတ်တယ် ကဲကဲက သိပ်တော်တာပဲ၊ အချိန်စေ့သွားပြီ ဤပွဲမှာ ဂိုးအများဆုံး သွင်းနိုင်တဲ့ ကဲကဲကို ဒိုင်လူကြီး ဘွားဘွားက ဆုချပါတော့မယ်"

သွေးက ကြေညာပေးသည်။ ကဲကဲက ဘွားအေးထံသို့ လုံးလုံးကစ်ကစ်ကလေးနှင့် ပြေးသွားသည်။ သူ့သားသည် သွေးရောက်လာမှ အသားတွေ ကျစ်လစ်ဖွံ့ဖြိုးလာသလိုပင် ပါးအို့လေးပင် နီရဲနေသည်။

"ဘွားဘွား ဘာဆုပေးမှာရဲ"

"ကဲကဲဆုယူရင် ဘယ်လိုယူရမှာလဲ"

သွေးက လှမ်းပြောလိုက်သည်။

ကဲကဲက ခေါင်းကလေးကိုငုံ့ကာ ခါးကလေးလည်း ကုန်းလိုက်သေးသည်။

"ပေးရော့ရေ"

ဘွားအေးလုပ်သူက နောက်မှဖွက်ထားသော စက်





အသစ်ကလေးကို ထုတ်ပေးလိုက်သည်။

ကဲကဲက လက်နှစ်ဘက်နှင့်ယူပြီး. . .

"ဂျေးကျူးတင်ပါတယ် ခင်ညာ"

ဖွားအေးက မြေး၏ အပြုအမူကို ပီတိဖြာသော မျက်လုံးကြီးဖြင့်ကြည့်ကာ ကျေနပ်နေလေသည်။

"ကိုင်း ညနေပိုင်း ကစားခြင်း အစီအစဉ် ပြီးဆုံးပြီး၊ ညခင် ထမင်းစားရတော့မှာ ဖြစ်တဲ့အတွက် ကဲကဲရေ တို့ ဘာလုပ်ရမလဲ"

"ကိုယ်ရက်သန့်ရှင့်ပြီး ဝတ်ဝတ်ရဲရမယ်"

"ဟာ. . သိပ်တော်တာပဲ၊ ကဲကဲက သတ်မှတ်ဉာဏ်ကောင်းတာ ပညာတတ်ကြီးဖြစ်ဦးမှာပဲ၊ ကဲ. . လာ မမတို့ အိမ်ထဲဝင်ကြမယ်"

ချွေးတလုံးလုံးနှင့် ကဲကဲကို ချီပိုးကာ အိမ်ဘက်ဆီသို့ ပြေးအလာ၌ ပေါ်တီကိုအောက်တွင် ရပ်ကာကြည့်နေသော ကိုနှင့် ရင်ဆိုင်အတိုးတွင် သွေးက မျက်လုံးအဝိုင်းသား ဖြစ်သွားသည်။

သို့သော် ကဲကဲနားကပ်ကာ ခပ်တိုးတိုး. . "ဖေဖေကို နှုတ်ဆက်လိုက်လေ ကဲကဲ. . ပြန်လာပြီလားလို့"ဟု သွန်သင်လိုက်သည်။

"ဖေဖေ ပြန်ရာဘီးရား"

"ပြန်လာပါပြီ သားရဲ့၊ ရေချိုးပြီးရင် ဆင်းလာခဲ့နော်၊ ဖေဖေနဲ့ ထမင်းအတူတူစားရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ညနေဘက် ကဲကဲကို ရေချိုးရဘူးတဲ့ ရေဘတ်တိုက်ပေးရမယ်"

"ဩော်. . အေး ရေဘတ်တိုက်ပြီး ဆင်းခဲ့နော် သား"

"ဟုတ်ကဲ့ပါ ဖေဖေ"

ကဲကဲ၏ လိမ္မာရေးခြားရှိလာပုံကို မင်းခန့် ကျေနပ်မိသည်။ မိခင်ရှိရာ လျှောက်သွားပြီး တွဲခေါ်လိုက်သည်။

"မေမေကော ထမင်းစားပြီးပြီလား"

"ကဲကဲတို့နဲ့မှ အတူစားကြမှာ၊ သားကော ညစာစားဖို့ ရှိသေးသလား"

"မရှိပါဘူး၊ ကျွန်တော် ရေသွားချိုးလိုက်ဦးမယ်၊ ပြီးမှ စားကြတာပေါ့"

"အေးအေး သားအဲဒီကို အမြဲတမ်း စောစောပြန်လာမယ်ဆိုရင် သိပ်ကောင်းမှာပဲ၊ ကဲကဲအတွက် လိုအပ်ချက်တွေကို ဖခင်၏ ချစ်ခြင်းမေတ္တာတွေပြပြီး ဖြည့်ဆည်းပေးသင့်တယ်လို့ ထင်တယ်"

"ကျွန်တော် ကြိုးစားပါ့မယ် မေမေ"

မိခင်ကို ညှော်ခန်းထဲထားခဲ့ပြီး အပေါ်ထပ်သို့ တက်လာစဉ်

"မွှေးမွှေးလူးမယ်၊ လက်မြှောက်"

"ဂျာဂရီ ထိုးရဘူးနော်"

"ဂျာဂရီ မထိုးဘူး၊ ကျီးဖြူကျီးမဲလေးပဲ အိမ်ဆောက်မယ်၊ ဆောက်ရမလား"





"ဆောက်. . ဆောက်"

"ကျီးဖြူကျီးမဲ တစ်ကောင်ထဲ"

အမှုမဲ့အမှတ်မဲ့ ထွက်ပေါ်လာသော ကဲကဲနှင့် သွေးတို့၏ ကြည်ကြည်နူးနူး အသံလေးများကြောင့် သူ့ခြေလှမ်း န့်ဆိုင်းကာ နားစွင့်မိပြီးမှ တစ်ယောက်ယောက်တွေ့သွား င် တစ်မျိုးထင်မှာ စိုးရိမ်သဖြင့် မိမိအိပ်ခန်းသို့ လျှင်မြန်စွာ င်လိုက်ရလေသည်။

သွေးရောက်လာခြင်းက သူတို့၏ ခြောက်သွေ့နေ သောအိမ်ကို စိုပြေစေသည်။

အိမ့်ဆွဲလဲဖြစ်သော ကဲကဲလေးကို သာယာလွင်စည် သော အသံကလေးများ ထွက်ပေါ်စေရန်ကို ဖန်တီးပေးနိုင် သူမှာ သွေးသာ ဖြစ်လေသည်။

ထမင်းစားပွဲဝိုင်း၌ လူစုံနေသည်။

သို့သော် သုံးဦးစားသာ ပြင်ဆင်ထားသည်။

"ဟဲ့. . သွေးအတွက်ကော"

"သွေး မဆာသေးလို့ပါ ကြီးမေ၊ ကဲကဲကိုပဲ အရင် ကျွေးလိုက်ဦးမယ်"

"ကဲကဲက စားတတ်နေပြီပဲ၊ ခါတိုင်းလိုပဲ တစ်ခါတည်း င်စားပါသမီးရယ် မဟုတ်တာ"

မိခင်စကားကို ထောက်ရှု၍ သွေးသည် မင်းခန့် အ သာပေါက်လိုက်သည်။ သူရှိ၍ မစားတာလား။

ထို့ကြောင့်. . .



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲကလေးမ ငါ့ကြောင့် မစားတာလား"

သွေးပဲ့ပဲ့ခေါ်ဖို့ ဘာကြောင့်များ သူ့နှုတ်က မဝံ့မရဲ ဖြစ်ရသည်ကို သူ့ကိုယ်သူ သဘောမပေါက်နိုင်အောင် ဖြစ်မိလေသည်။

"မ. . မဟုတ်ဘူး ဆရာ"

"ဒါဖြင့် စားနေကြအတိုင်းပဲ ဝင်စားပါ။ ဒေါ်စိန် သူ့အတွက်ပါ ပြင်လိုက်"

သွေးက ဘာမှမပြောတော့ပဲ ကဲကဲပန်းကန်ထဲသို့ ထမင်းနှင့် ဟင်းအနှစ် နှယ်ပေးပြီး အသားဖတ်ကလေးများကို ထွင်ပေးသည်။

"မမ တဇွန်းကိုတဖတ် ထည့်ရမှာရား"

"အေးပေ့ါသားရဲ့၊ ဒီပန်းပွင့်ကြော်လေးလည်း ထည့်စားရမယ်နော်၊ ထမင်းကုန်ရင် ဒါတွေအားလုံး ကုန်ရမယ်"

"ဟင်းချိုတော တောက်ရမှာရား"

"သောက်ရမယ်၊ ကဲကဲနားမှာ ချထားတဲ့ ဒီပန်းကန်ထဲကပဲ သောက်ရမယ်"

"ဟိုပန်းကန်ကြီးကကော ကဲကဲမတောက်ရဘူးရား"

"မသောက်ရဘူး"

"ဘာ့ဖြစ်ရို့ရဲ"

"ဒါက လူကြီးတွေ သောက်မှာဆိုတော့ စပ်စပ်တွေ ခါးခါးတွေ ပါတယ်၊ ကလေးသောက်ရင်စပ်ပြီး လျှာတွေ ပူကုန်မှာပေ့ါ။ ကိုင်း စကားများတော့ဘူးနော်၊ ထမင်းစား





ကြမယ်၊ ထမင်းကို ဘယ်လိုစားရမလဲ"

"အစာကို ညက်ညက်ဝါးစားပါ၊ အစာကျေညက်မှ ခွန်အားတက်မည်"

"လိမ္မာလိုက်တာ. . ကဲ စားပြီနော်"

"ဟုတ်ကဲ့"

မိခင်နှင့်သူသည် ပွဲကြည့်ပရိတ်သတ်သက်သက် ဖြစ်နေသည်။

သူက ထမင်းသေသပ်စွာ စားနေသောသားကိုကြည့်တာ ကျေနပ်မိသည်။ လိုအပ်သည်များကို သွေးက စားသောက်ရင်းမှ ပြုပြင်ပေးလေသည်။

"မှားပြီလေ ကဲကဲ၊ ဟင်းချိုကို သားရဲ့ ဘယ်လက်နဲ့ ကိုင်သောက်ရမယ်လေ"

"အော်. . ဟုတ်တားပဲ၊ ကဲကဲမေ့သွားရို့ပါ ချရာမ"

ပြောင်ချော်ချော် အမူအရာလေးကလည်း လုပ်တတ်သေးသည်။ ပါးစုံကြီးနှစ်ဖက်က ထွက်နေလိုက်တာ ပန်းသီးလုံးများပမာပင်၊ ကိုက်လိုက်ချင်သည်။ သွေးအနားသို့ သာ ကပ်နေတတ်သောသားကို သူ ဘယ်လိုစည်းရုံးရမှန်းတောင် မသိနိုင်အောင် ဖြစ်လေသည်။

"သားကို မေမေ ပြောစရာ ရှိသေးတယ်"

"ရှူး. . ဘွားဘွား၊ ထမင်းချားရင်း စကားမပြောရဘူးရေ့"

မိခင်က မျက်လုံးပြူးကာ သွေးအားကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သွေးက ချက်ချင်းပင်. .

"ထမင်းစားရင်း စကားမပြောရဘူးဆိုတာက ပါးစပ်ထဲမှာ ထမင်းဟင်းတွေ ရှိရက်နဲ့ပြောရင် ထမင်းတွေစင်ပြီး ရွံစရာကြီး ဖြစ်သွားမှာစိုးလို့ ပြောတာ၊ ကဲကဲရဲ့ ထမင်းဝါးပြီး မြိုချပြီး ပါးစပ်ထဲ ဘာမှမရှိတော့ရင် ပြောလို့ရတယ်"

"အော်. . ဟုတ်ရား"

လူကြီးစကားလုပ်ကာ "ဩော်. . ဟုတ်လား"ဟု တွင်တွင်သုံးနေသည့်သားကို မင်းခန့် ချစ်ခင်မြတ်နိုးခြင်းများစွာနှင့် ကြည့်မိလေသည်။

"ဒါရှိ ဘွားဘွားပြောရော့"

"ဟုတ်ကဲ့ပါရှင်၊ အင်း. . ပြောရမယ့်စကားတောင် မေ့သွားပြီ၊ ထမင်းစားပြီးမှပဲ ပြောတော့မယ်"

"သားသား မနက်ဖြန်ညနေ ခြံထဲမှာ ဆော့မယ့်အချိန် ဖေဖေလာခေါ်ပြီး စူပါဝမ်းကို ပို့ပေးမယ်"

"မမပါမှာရား"

အဲဒါမှ ဒုက္ခဟု မင်းခန့် တွေးလိုက်မိစဉ် မင်းခန့်ကို ကယ်တင်လိုက်သူမှာ သွေးဖြစ်နေသည်။

"မမက စာကျက်စရာရှိသေးတယ်၊ ကဲကဲဖေဖေနဲ့ သွားချိန် မမ စာတစ်ပုဒ်ရသွားတာပေါ့"

"ဟင့်အင်း. . မမပါမှ ကဲကဲရိုက်မယ်၊ မမ မပါရင် ကဲကဲ တွားဘူး၊ ဖေဖေပဲ တွားရော့"

ဒီအခက်အခဲကို ကြားဝင်ပေးလိုက်သူမှာ မိခင် ဖြူး





နေလေသည်။

"ကဲပါ သမီးရယ် လိုက်သွားလိုက်ပါ၊ ကဲကဲ ကစားချိန် သမီးလည်း ဈေးဝယ်ပေးလို့ ရတာပေါ့၊ အတော်ပဲ သမီးရေ အခြောက်အခြမ်းနဲ့ သမီးအိမ်ကို အလှပြင်ချင်တယ်ဆိုတာ သမီးအစ်ကိုကို လက်ညှိုးထိုးပြီးတော့ ပူဆာပေတော့"

မင်းခန့်ရင်ထဲ တစ်မျိုးဖြစ်သွားသည်။ သူ့မိန်းမခတ္တာနှင့် စူပါမားကက်တွေ သွားခဲ့စဉ်က သူ လှဖို့ပဖို့ကလွဲ၍ အိမ်အတွက် ဘာမှစိတ်မဝင်စားခဲ့၊ စိတ်ပျက်၍ မင်းခန့် တစ်ခါက်သာ ပို့ပေးခဲ့သည်။ အိမ်အတွက် ဘာပစ္စည်းမှ ဝယ်ယူခြင်းမရှိခဲ့၊ လာပြန်ပြီ မိန်းမတစ်ယောက် ကြည့်ကြသေးတာပေါ့။

မင်းခန့် ဆိတ်ဆိတ်နေလိုက်သည်။ ဒါကိုကပဲ မိခင်စကားကို လိုက်နာခြင်းဟု သွေးက နားလည်ပေးမည်။

နားမလည်တာက ကဲကဲပင်။

"မမ ရိုက်မှာရား"

"ဟုတ်ကဲ့ လိုက်ပါ့မယ် ကလေးရယ်"

"ဟေး. . ဒါကြောင့် ကဲကဲက မမကို ချစ်ရတာ"

"အံမယ်. . သူက လူကြီးစကားပြောနေရသေး၊ ဒီကောင် မလွယ်ဘူး အရမ်းတတ်၊ အရမ်းလည်နေပြီ"

မိခင်က ကဲကဲ၏ ရှင်လန်းတက်ကြွ တတ်မြောက်သာမှု ကလာမှုလေးများကို အကျေနပ်ကြီး ကျေနပ်နေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ကလေးဆိုတာ တတ်ချင်သလောက်တတ်၊ ကဲချ သလောက် ကဲပါစေ၊ မမိုက်ရိုင်းရင် တော်ပြီ၊ မိုက်ရိုင်းရ လူမုန်းမယ်၊ ဒါကြောင့် ကိုယ့်ကလေးကို အများချစ်ခင်စေ ရင် မရိုင်းစိုင်းဖို့ကို သွန်သင်ပေးဖို့က အဓိကပဲ"

"ကဲကဲ ရိုင်းဘူးနော်၊ ဘွားဘွား. ."

"မရိုင်းပါဘူး၊ မရိုင်းဘူး လိမ္မာတယ်၊ ဒါကြောင့် ဘွာ ဘွား၊ ဖေဖေ၊ မမ၊ ဘဘ၊ ဘွားစိန်၊ မမကျွဲတို့ အားလုံး ကဲကဲကို ချစ်ကြတာပေါ့"

"နတ်တွေရဲ့ ချစ်တယ်ရေ ဘွားဘွား"

"ဩော်. . ဟုတ်ပ ဟုတ်ပ၊ ဒါကြောင့် ကဲကဲလေး အကျီတွေ ရုပ်ရုပ်တွေ အများကြီး ဖြစ်နေအောင် နတ်တွေ ဖန်ဆင်းပေးထားတာပေါ့"

"ဟုတ်ဒယ် ဟုတ်ဒယ်၊ မမရဲ့ အဲဒလိုပြောရယ်"

မင်းခန့်စိတ်တို့သည် လန်းဆန်းလာသည်။ ယခင် ဆို ငုဝါကို ရှောင်ရှားနေသဖြင့် သားကို အိပ်ပျော်နေချိန် သာ တွေ့ခွင့်ရသည်။

သားဖြစ်သူ၏ ချစ်စရာကောင်းသော အမူအယာနှ အပြောအဆိုကလေးများကို တွေ့မြင်ခွင့်မရရှိခဲ့ပေ။ ယ တော့ သားဖြစ်သူသည် ကျန်းမာသန်စွမ်းပြီး ဉာဏ်ရည် ကာ စကားကလည်း အလွန်တတ်နေလေပြီ။

ထမင်းစားပြီးနောက် ကဲကဲအား ဝလုံးများ တု ချောင်းများသုံးကာ ပုံဆွဲသင်ပေးသည်။





"ဝရုံးကို ကားဘီးတတ်ရို့ရတယ်နော် မမ"

"ဟုတ်တာပေါ့၊ လှည်းဘီးလည်းရတယ်၊ ရထားဘီး လည်းရတယ်၊ လပြည့်နေ့ရဲ့ ဖိုးလမင်းကြီးလည်းရတယ်"

"ဒီမှာမမ ဘော်ရုံးဘော်ရုံးကရဲ့ ဝိုင်းဝိုင်းကြီး ဝရုံးပဲ ဟုတ်ရား"

"အို့. . ဟုတ်တာပေါ့၊ ကဲကဲက သိပ်တော်တာပဲ၊ မမတောင် မတွေ့ဘူး၊ ကဲကဲက မျက်စိသိပ်လျင်တာပဲ မှတ် ဉာဏ်ကလည်း ကောင်းပါဘိနဲ့ကွယ်၊ ဒီအိမ်ထဲမှာလည်း ဝိုင်း ဝိုင်းလေးတွေ ရှိနေတယ်၊ ဒီလိုစဆွဲမယ်၊ ကဲကဲ မန်မန်စား တဲ့လက်နဲ့ပဲ ဟောဒီလို ညာဘက်ကိုပဲ ဆွဲမယ်၊ ဟော ထိသွား ပြီ ဝလုံးပေါ့"

"ဟုတ်ဒယ် ဒီမှာကြည့် သား ဒီပန်းကန်လေးကို မဝိုင်း ဘူးလား"

"ဝိုင်းရယ်"

"ဒီမှာကြည့် မမကိုင်ထားတဲ့ လက်ကလေးကနေ လက်ညှိုးလေးနဲ့ထိပြီး ဆွဲသွားမယ်၊ ဟော. . တွေ့လား၊ ဟော. . ဟော မမလက်နားရောက်သွားပြီ၊ ဝလုံးပေါ့၊ ပြော ကြည့်ပါဦး သားဘာလဲ"

"ဝရုံး"

"ဟုတ်ပြီ ပီအောင်ဆိုမယ် ဝလုံး"

"ဝလုံး. . ဝလုံး"

မင်းခန့်သည် သတင်းစာ ဂျာနယ်များကို ဖတ်သ



www.burmeseclassic.com

www.burmeseclassic.com



ယောင်ပြုပြီး သွေးက ကဲကဲကို စာသင်ပေးနေသည်ကို တစေ့တစောင်း ကြည့်နေမိသည်။

သွေးသည် စိတ်ပါဝင်စားစွာ သင်ပေးသည်။

ကစားနည်းနှင့် ရောချယ်သင်ပေးသဖြင့် ကဲကဲ စိတ်ဝင်စားလေသည်။

"ကိုင်း. . ကဲကဲ ရုပ်ရုပ်တွေထဲမှာ ဝလုံးတွေရှိတာ မမကို ရွေးပြပါဦး၊ ကဲကဲမှန်ရင် ဒီစာအုပ်ထဲမှာ အမှတ်တွေ ပေးမယ်"

"အမှတ်ချိုရာ ဘာရဲမမ"

"ဟာ. . . ဟုတ်သားပဲ၊ အမှတ်ဆိုတာ ဒီမှာကြည့် ကဲကဲ"

စာအုပ်တစ်အုပ်၌ အမှတ်ခြစ်ပြလိုက်သည်။

"အဲဒီလို အမှတ်ရရင် စာတော်တဲ့ကလေးဖြစ်ပြီး ဆရာမတွေက ချစ်မှာ၊ သူငယ်ချင်းတွေကလည်း ချစ်မယ်၊ ပြီးတော့ ဆုတွေအများကြီး ရလာမှာ"

"ဟုတ်ရား. . ဒါဖြင့် ကဲကဲ အဲ့ရှိအမှတ်တွေရအောင် ရုပ်မယ်မမ"

"ဟုတ်ပြီ၊ ဒါဖြင့် ကဲကဲက ရွေးတာမှန်ရင် အမှတ်ပေးမယ်"

ကဲကဲက အရုပ်များကို တစ်ရုပ်ခြင်း ကိုင်ကြည့်သည်။ ကားများက ဘီးများကိုကြည့်ပြီး. . .

"ဒီမှာ ဝရုံး"





"ဝလုံး. ."

"ဝလုံး. ."

"မမ ဒီရုပ်ရုပ် မျက်ရုံးကရော ဝလုံးပဲနော်"

"ဟုတ်တယ်၊ ဒီအရုပ် မျက်လုံးလေးက ဝိုင်းနေရင် ဝလုံးပဲပေါ့"

"ကဲ. . ကဲကဲ အိပ်ချင်လာပြီ၊ မမပေးထားတဲ့ အမှတ်တွေကြည့်ရအောင် ရည်တွက်မယ်. . ကဲကဲ လိုက်ဆို"

"တစ်. ."

"တစ်"

"နှစ်. ."

"နှစ်"

ဆရာတာပည့်နှစ်ယောက် ကစားရင်း ပညာသင်နေသည်ကို မင်းခန့် စိတ်ဝင်စားစွာကြည့်ပြီး သွေး၏ အရည်အသွေးကို အထင်မသေးရဲတော့ချေ။

မိခင်ကြီးက သူ့အား ပြုံးစစလုပ်ပြီး လှမ်းကြည့်သည်။

"ဘယ်နဲ့ရှိစ၊ မောင်မင်းခန့်"ဟု နှုတ်မှဖွင့်မပြောသော်လည်း မျက်လုံးဖြင့် ပြောကြားလိုက်သည်ကိုတော့ မင်းခန့် အလိုလို သဘောပေါက်လေသည်။

ဒီအမေဝမ်းထဲမှ ဆင်းသက်လာသည့် ဒီသားပေပဲ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၂)

"ဆရာ ကျွန်မကို ဝင်ခွင့်ပြုပါ"

ဦးမင်းခန့် အပေါ်ဆုံးထပ် ညှော်ခန်း၌ စာထိုင်ဖတ်နေစဉ် သွေးက အခန်းဝမှရပ်ကာ သူ့အားခွင့်တောင်းလိုက်သည်။

ကြီးမေနှင့် တိုးတိုးတိတ်တိတ် တိုင်ပင်ပြီးသားကိစ္စကို ဦးမင်းခန့်အား ခွင့်တောင်းရပေမည်။





"လာ.."

သွေးကဝင်ပြီး ဆက်တီတစ်လုံးတွင် ထိုင်လိုက်သည်။

"ဆိုပါဦး ဘာကိစ္စလဲ"

"တဘက်ခါဆို ကျောင်းပြန်ဖွင့်ပါပြီ ဆရာ၊ ဒီနှစ် ကျွန်မရဲ့ကျောင်းချိန်ဟာ မနက်ပိုင်းပါ။ ပရက်တီကယ်လ်နဲ့ ကျူတိုရီရာယ် ရှိတဲ့နေ့ဆို နှစ်နာရီလောက်မှ ပြီးပါ့မယ်"

"အဲဒီတော့"

"ကျွန်မသွားတဲ့အချိန် ကဲကဲလည်း လူအများစုနဲ့ ဆက်ဆံတတ်အောင် မူကြိုတစ်ခု ထားချင်ပါတယ်"

သွေး အတတ်နိုင်ဆုံး ဦးမင်းခန့် သဘောပေါက်စေရန် ဆက်ရှင်းပြလိုက်သည်။

"ကြီးမေက ကျွန်မနဲ့ တစ်ချိန်တည်းဖြစ်နိုင်တဲ့ မူကြိုကို စဉ်းစားခိုင်းပါတယ်၊ ကျွန်မ စုံစမ်းပြီး ကိုးနာရီက နှစ်နာရီခွဲ မူကြိုတစ်ခုမှာ ထားချင်ပါတယ်၊ ကျွန်မကိုယ်တိုင် ကြိုပေးပို့ပေးလို့ရမှ ကဲကဲလည်း ကျေနပ်မယ် ထင်ပါတယ်"

"မူကြိုကကော အဆင့်အတန်း မှီရဲ့လား"

"မှီပါတယ်၊ ကြီးမေနဲ့ကျွန်မ မနက်ဖြန် သွားလေ့လာကြည့်မယ်၊ အကောင်းဆုံးကို ရွေးချယ်မှာပါ"

ဦးမင်းခန့်ထံမှ စိတ်ဝင်တစား မေးလာသော အနေအထားကြောင့် သွေးအားတက်သွားသည်။

"ကောင်းပြီလေ၊ မင်း ကျောင်းသွားကျောင်းပြန်ကိုလည်း အချိန်မကုန်ရအောင် ကိုဖိုးထူးကိုပဲ အကြိုအပို့ လုပ်



www.burmeseclassic.com

www.burmeseclassic.com



ခိုင်းပါ”

သွေး အံ့ဩဝမ်းသာသွားသည်။

ဒီအချက်ကို ကြီးမေက သူ့သားကို သူ့ဖာသာသူ ပြောပြမည် ဆိုထားသဖြင့် သွေးမတောင်းဆိုရဲ၊ သို့သော် သွေးဘက်က တောင်းဆိုစရာ မလိုပဲ သူ့ဘက်မှ စတင်ပြောလာသဖြင့် သွေးအတိုင်းမသိ ဝမ်းသာသွားသည်။

“ကျေးဇူးတင်ပါတယ် ဆရာ”

“မလိုပါဘူး၊ ကိုင်း. . ဒါပဲလား သွားတော့”

“ဟုတ်ကဲ့. . ဪ. . ကဲကဲ မူကြိုထားဖို့ ကိစ္စကို ဆရာသဘောတူပါတယ်နော်”

“တူပါတယ်၊ အမှန်တော့ မင်းကိုပဲ သင်ပေးစေချင်တာ၊ မင်း မအားတော့”

“ကျွန်မ သင်ပေးနိုင်ပါတယ်၊ စာအတွက် အဓိက မဟုတ်ပါဘူး၊ အများနဲ့ ဆက်ဆံပေါင်းသင်းတတ်ပြီး ကျောင်းပျော်လာတတ်ဖို့အတွက် အဓိကပါဆရာ၊ လိုအပ်တာတွေကို ကဲကဲအတွက် နည်းနည်းချင်းပဲ သင်ပေးသွားမှာပါ”

“အင်းလေ မင်းလက်ထဲ အပ်ထားပြီပဲ၊ မင်း မျက်ခြေမပြတ် စောင့်ကြည့်နိုင်မယ်၊ တာဝန်ယူနိုင်မယ်ဆိုရင် ပြီးတာပဲ၊ ကဲ. . သွားတော့”

“ဟုတ်ကဲ့. .”

ဒီတစ်ခါ နှင်သည့်အခါတွင်တော့ သွေး အပြီးပင် ထွက်လာနိုင်သည်။





ဘယ်လိုလူကြီးမှန်းလည်း မသိဘူး၊ သူ့ကို ကိုက်စားမှာ ကျနေတာပဲ၊ နှင်နေလိုက်တာ”

သွေးက မကျေမချမ်း တွေးလိုက်ပြီးမှ ကြီးမေ ရှင်းပြထားသောကြောင့် ဦးမင်းခန့်၏ အိမ်ထောင်ရေးဇာတ်လမ်းကို သိရှိပြီးဖြစ်ရာ ဦးမင်းခန့်အပေါ် အလိုအလျောက် နားလည် ခွင့်လွှတ်ပြီး သနားဂရုဏာပင် သက်လေ့ရှိသည်။

ထိုဂရုဏာစိတ်ကပင်လျှင် သွေးဘဝတစ်ခုလုံးကို ဝါးမြိုစားသွားနိုင်လိမ့်မည်ကိုတော့ သွေး ကြိုတင်မသိရှိနိုင်ခဲ့ပါချေ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၃)

"ဟော. . မောင်နှမနှစ်ယောက် ပြန်လာကြပြီလား၊ ကဲကဲရေ ပျော်ရဲ့လား"

"ကျော်ရယ် ဘွားဘွားရဲ့၊ ကဲကဲမှာ သူငယ်ချင်းတွေ အများကြီးပဲ"

ကဲကဲကို ပွေ့ချီပြီး သွေးက အိမ်ထဲသို့ ဝင်လာသည်။ အိမ်ထဲရောက်တော့ မျက်နှာစိမ်းကြောင့် ကိုယ်ရှိန်သပ်လိုက်





ရသည်။ ဒေါ်ငုဝါ ဖြစ်လိမ့်မည်ဟု သွေး အကဲခတ်လိုက်မိသည်။

ကြီးမေက. .

"ကဲကဲ အန်တီရောက်နေတယ်လေ"

ကဲကဲက တစ်လလောက် ကင်းကွာနေခဲ့သော ကြီးဒေါ်အပေါ် ရှိုးတိုးရှန့်တန့် ဖြစ်သွားသည်။

"ကဲကဲ အန်တီဆီ လာပါဦး"

"ဟင့်အင်း မမ အကျိုရဲ့မယ်၊ ကဲကဲနဲ့ ဆော့မယ်နော်"

သွေး၏ ထမီစကိုဆွဲကာ ကဲကဲက ညစ်ကျယ်ကျယ် သုပ်လေသည်။ ဒေါ်ငုဝါ မျက်နှာမဲတက်သွားသည်။ ကြီးမေကတော့ သဘောကျသည့်အလားပင် တဟင်းဟင်း ရယ်လိုက်ပြီး

"ဟင်းဟင်း. . ကလေးဆိုတာ ဒီလိုပဲ ငုဝါ၊ ပုံသွင်းရသိပ်လွယ်ကူတာ၊ ကဲကဲဟာ ခုဆိုရင် မူကြိုကျောင်းတော်သားကြီး ဖြစ်နေပြီ၊ သူ့မမစကားကိုလည်း သိပ်နားထောင်တာ၊ သူ့မမကိုလည်း မျက်စိအောက်က အပျောက်မခံနိုင်လို့ သွေးကျောင်းတက်ချိန် သူ့ကိုပါ မူကြိုပို့လိုက်ရတာပဲ"

"အမေလည်း ဆေးရုံက ဆင်းပြီပဲ သားကို မူကြိုမပို့ပဲနဲ့ ကျွန်မပဲ ထိန်းမယ်"

ငုဝါ၏ စကားကို ကြားသည်နှင့် ကဲကဲတစခန်းထလာတော့သည်။

"ဟင့်အင်း. . ဟင့်အင်း. . ကဲကဲ ကျောင်းသွားမယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမှာ သူငယ်ချင်းတွေနဲ့ ကဂျားမယ်၊ ချာမငွေတွက ပုံရဲ ကြောပြရယ်၊ တီချင်းရဲ ဆိုပြရယ်၊ ကဲကဲကျော်ရယ် အန်တီနဲ့ နေဘူး၊ အန်တီပိုင်းရုံးမ တူရဲခေါ်ဘူး"

သွေး မျက်လုံးအစုံ ပြူးထွက်သွားပြီ၊ ကဲကဲကို ကမန်းကတန်းချီကာ ပါးစပ်ကို ဖွဖွပိတ်လိုက်ပြီး. . .

"ဟယ်. . ကဲကဲ ဘယ်လိုပြောလိုက်တာလဲ၊ ယုတ်ရင်းကြမ်းတမ်းတဲ့စကားတွေ မပြောရဘူးလေ၊ ကြည့်စမ်း လူတွေနတ်တွေ၊ ကဲကဲကို မုန်းသွားတော့မယ်၊ အန်တီကို ပြန်တောင်းပန်လိုက်"

ကဲကဲက ရုတ်တရက် ဘာမှမပြောပဲ ဒေါ်ငုဝါကို စေစောင်းပေစောင်း ကြည့်လေသည်။

"ကဲပါ ကလေးလည်း ပင်ပန်းနေပြီ၊ ကိုယ်ရှူးကိုယ်ပြန်ပတ်တယ်ဆိုတာ ဒါမျိုးပဲထင်တယ်၊ ငုဝါ ဒီအဆဲတွေ မင်းပဲသင်ပေးထားတာ မှတ်လား၊ ကာလဝိဘက် နောက်ပိုးတက်တာပေါ့ကွယ်၊ ကိုင်း. . သမီးရေ ဖိုးကဲကိုသာ ကိုယ်လက်သန့်စင် ပေးလိုက်တော့ ပြီးရင် ကြီးမေ ကော်ရည်ခေါက်ဆွဲလေးလုပ်ထားတာ စားလိုက်ကြဦး"

သွေး ဘာမှမပြောသာတော့ပဲ ကဲကဲကိုချီကာ အပေါ်ထပ်သို့ တက်ခဲ့လေသည်။

"ကဲကဲဆိုးတယ်ကွာ၊ မမ မချစ်တော့ဘူး"

ကဲကဲက ငြိမ်သက်နေသည်။ အခန်းထဲရောက်၍ သူ့ အားချပေးပြီး မိမိလွယ်အိတ်ကို စားပွဲပေါ် တင်ပေးရင်း





"မိကွဲ့ သနပ်ခါးချည်းပဲ မသွေးနဲ့၊ နံ့သာဖြူလေးပါ သွေးထားလိုက်၊ ညနေဘက် ရေချိုးရတော့ အအေးပတ်မှာ စိုးရတယ်"

အကျီထုတ်နေစဉ် အသံတိတ်နေသဖြင့် ကြည့်လိုက်ရာ အခန်းထောင့်တစ်နေရာ၌ မိမိတို့အား ကြောခိုင်းကာ ထိုင်တပ်ပြီး ရပ်နေလေသည်။

"ဟာင် ကဲကဲ. . သား ဘာဖြစ်လို့လဲ"

သွေး ရင်ထိတ်သွားသည်။ ကဲကဲသည် စိတ်ဆိုးစိတ်ကောက်ခြင်း လုံးဝမရှိသည့် ကလေးတစ်ဦးဖြစ်သည်။ သွန်သင်ဆုံးမရ လွယ်ကူပြီး ချစ်စရာကောင်းသော ကလေးဖြစ်သည်။

သွေး ကမန်းကတန်း ကဲကဲရှိရာ ပြေးသွားလိုက်သည်။ ကဲကဲမျက်ရည်ကျကာ ကြိတ်ငိုနေသည်။

"ဟယ်. . သားလေးရယ်"

သွေးက ကမန်းကတန်းချီကာ မျက်ရည်များကို သုတ်ပေးရင်း အကြောင်းရင်းကို ချက်ချင်းပင် သဘောပေါက်လိုက်သည်။ မိမိက မချစ်တော့ဘူးပြော၍ ဝမ်းနည်းသွားတာကိုး. . .

"တိတ်တိတ် သားကဆဲတော့ မမက မချစ်ဘူးလို့ ပြောလိုက်တာပါ၊ တကယ်တော့ မမက ကဲကဲကို သိပ်ချစ်တာပါ၊ ဤကမ္ဘာလောကကြီးမှာ ကဲကဲကိုသာ မမက အချစ်ဆုံးသိလား၊ ကဲကဲကိုလည်း မမက ချစ်သလို တကမ္ဘာလုံးမှာ



www.burmeseclassic.com

www.burmeseclassic.com



ရှိရှိသမျှလူတွေ အားလုံးကလည်း ချစ်စေချင်လို့ပါ၊ လိမ္မာ
တယ် တိတ်နော်တိတ်"

ကဲကဲ ငိုကြောမရှည် ခဏတွင်းပင် တိတ်သွားသဖြင့်
ကဲကဲကို ရေချိုးသနပ်ခါးလိမ်း၊ နံ့သာဖြူ လိမ်းပေးစဉ်မှာပင်
ကဲကဲသည် မျက်တောင်စဉ်းကာ အိပ်ပျော်သွားလေတော့
သည်။

"ဟောတော် ဒီကလေး ကျောင်းမှာ မအိပ်ခဲ့ဘူးထင်
တယ်၊ အိပ်ပါစေ၊ ငါးနာရီလောက်မှ နှိုးမယ်"

"ကဲကဲ ဘာမှမစားရသေးဘူးထင်တယ်"

"ဘယ်နေမလဲ မမက ကျောင်းသွားကြိုကတည်းက
ဌက်ပျောသီးတစ်လုံးနဲ့ လိမ္မော်သီး လမ်းမှာကျွေးခဲ့ပြီးပြီ"

ကဲကဲကို ချသိပ်ပြီး ရေချိုးပြီးသည်နှင့် အောက်ထပ်
သို့ ပြေးဆင်းခဲ့သည်။ ဒေါ်ငုဝါ ရှိနေသေးသည်။ ဒေါ်ငုဝါ
မျက်နှာမကောင်း။

"ကဲကဲ အိပ်သွားပြီဆို"

မိကျွဲက အရင်သတင်းပို့ထားပြီး ဖြစ်လိမ့်မည်။
သွေးသဘောပေါက်လိုက်သည်။

"ဟုတ်ကဲ့ ကြီးမေ၊ ကျောင်းမှာ အိပ်ချိန်မှာ မအိပ်
ဘူးထင်တယ်၊ ငါးနာရီမှ ပြန်နှိုးပြီး စက်ဘီးတစ်ပတ်လောက်
စီး၊ ထမင်းကျွေးပြီး ကစားရင်း စာသင်ပေးရင်း အိပ်ချင်သွား
တာနဲ့ ထုပ်သိပ်လိုက်မယ်လေ ကြီးမေ"

"အေးအေး . . ကောင်းတယ်ကောင်းတယ်၊ လာပြ





မေလည်း သမီးတို့ကို စောင့်နေတာနဲ့ မစားဖြစ်သေးဘူး၊ ငုဝါ
တို့ပဲ ကျွေးရသေးတာ၊ ငုဝါ မင်းတူအိပ်နေတယ်၊ သွားကြည့်
ရင်ကြည့်လေ"

ကြီးမေက ဒေါ်ငုဝါကို လွှတ်ပေးလိုက်သည်။ သွေး
ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ သို့သော် ကြီးမေက မကျွဲကို
မျက်ရိပ်ပြလိုက်သည်နှင့် မိကျွဲကပါ လိုက်တက်သွားလေ
သည်။

သွေးရင်ထဲ ဘာကြောင့်ရယ်မသိ၊ ဒေါ်ငုဝါအပေါ်၌
ကလေးကို အဆဲနှင့် ရိုင်းစိုင်းသော အပြုအမူ သင်ပေးသည်
ဆိုကတည်းက မချစ်မနှစ်သက်နိုင်ပေ။ သို့သော် မိမိက
သခင်စား ကလေးထိန်းတစ်ယောက်မျှသာ ဖြစ်သည်။ သူတို့က
သွေးသားအရင်းအချာတွေပဲလေ၊

"ကြက်တူရွေးကတော်တော် မယ်ဘော်ကကဲကဲ"
အဖြစ်မခံနိုင်သော်လည်း ကဲကဲနှင့် ပတ်သက်လာလျှင်တော့
အဆိုးကို လက်မခံနိုင်ပါ။

"ငုဝါတော့ ဖီလင်ဖြစ်နေပြီလေ"

"သွေးလည်း စိတ်မကောင်းပါဘူး ကြီးမေ"

"ဘာမှ စိတ်မကောင်းမဖြစ်နဲ့၊ ကဲကဲ လိမ္မာယဉ်ကျေး
ပြီး လူတော်လူကောင်းလေးဖြစ်ဖို့က အဓိကပဲ၊ သူ ဘာတွေပဲ
ပြောပြော တောင်းဆိုဆို ကြီးမေ အရေးမစိုက်ဘူး၊ ကြီးမေတို့
သူတို့ အိမ်လာခွင့်ပေးတာတောင် သူက ကျေးဇူးတင်သင့်
တယ်၊ လာခွင့်မပေးလည်း သူတို့ဘက်က ဘာတတ်နိုင်မှာ



www.burmeseclassic.com

www.burmeseclassic.com



လဲ၊ လသားအရွယ် လူမမယ်လေးကိုပစ်ပြီး လင်ငယ်နေတဲ့ မိန်းမတစ်ယောက်အတွက် ကြီးလေးတဲ့အပြစ်က သံသရာ ဆုံးတဲ့အထိ ကြွေးကျေမှာ မဟုတ်ဘူး၊ ကဲပါလေ အဲဒီအ ကြောင်းတွေဖယ်ထား စားလိုက်ဦး၊ ကဲကဲလည်း ကော်ရည် ခေါက်ဆွဲကြိုက်တယ်"

"နောက်ဆိုရင် ကားလာကြိုရင် ဦးလေးဖိုးထူးနဲ့သာ ချိုင့်နဲ့ထည့်ပေးလိုက်ပါ ကြီးမေ၊ သွေး. . သားကို လမ်းမှာ ကျွေးခဲ့မယ်၊ ခုလည်း ဌက်ပျောသီးနဲ့ လိမ္မော်သီး ဝယ်သွားပြီး ကျွေးခဲ့လို့ ဗိုက်တင်းပြီး အိပ်သွားတာပါ"

သွေးက တဆက်တည်း စောစောတ ကဲကဲစိတ် ကောက်ပုံ ဝမ်းနည်းတကြီး ငိုကြွေးပုံကို ပြောပြလိုက်မိသည်

"ဖြစ်ရလေ ကဲကဲက သွေးအပေါ် တွယ်တာနေ တယ်၊ ငါ့မြေးလေး သနားပါတယ်ကွယ်၊ ဒီအရွယ်မှာ မိခ ရင်ခွင်ထဲ အပြည့်အဝ နားရမယ့် အရွယ်လေးပါ"

ကြီးမေက မျက်ရည်စမ်းစမ်းစမ်းနှင့် စိတ် ကောင်း ဖြစ်နေလေပြီ။ သွေးက နှစ်သိမ့်ရသည်။

"ကဲကဲက မိဘမဲ့ဂေဟာမှာ ရောက်နေတဲ့ ကလေ တွေထက်စာရင် အများကြီးကံကောင်းပါတယ် ကြီးမေ၊ ကြီ မေလို မေတ္တာတရားကြီးမားတဲ့အဖွား၊ သားအပေါ် မျက် အညိုမခံတဲ့အဖေ၊ ပြီးတော့ ဒေါ်စိန်အေးတို့လို သစ္စာရှိ လူတွေ ရှိနေတာကိုကပဲ ကဲကဲ ကံကောင်းပါသေးတယ်"

"အေးလေ. . ဒီလိုပဲ တွေးယူရမှာပေါ့၊ ကဲ စား





သမီးလည်း ဆာရောပေါ့၊ ကျောင်းသွားရတာ အဆင်ပြေရဲ့ သား"

"ပြေပါတယ်၊ ဒီနေ့ တစ်နာရီလောက်မှာ ကလပ်စ်ပြီး တယ် ကြီးမေ၊ အားချိန်မှာ စာကျက်နေလိုက်တယ်၊ ပြီးမှ ကဲကဲ ကျောင်းဆင်းချိန်ကို လာကြိုခိုင်းတော့ အတော်ပဲ"

"အိမ်စောစောပြန်နားလည်း ရတာပဲ သမီးရယ်"

"လမ်းမှာ အသွားအပြန်အချိန်တွေ ပုပ်မှာစိုးလို့ပါ၊ ပါတယ် ကြီးမေ၊ သွေးဈေးရောင်းရင်းလည်း စာကျက်တတ် ပါတယ်၊ ထမင်းအိုးတယ်ရင်းလည်း ကျက်တတ်တာပဲ"

"သြော်. . ကလေးရယ်၊ မင်းဟာ လောကကို အနိုင် ခံ အရှုံးမပေးတတ်တဲ့ ကလေးပါလား၊ တော်တယ် ဒီလို ဇာတ်မါတ်မျိုးရှိတဲ့ သမီးဘဝဟာ ဘယ်တော့မှ ဆင်းရဲဒုက္ခ ရောက်မှာမဟုတ်ဘူး"

သွေးသည် မျက်နှာမထားတတ်အောင် ဖြစ်သွားပြီး ခေါက်ဆွဲကိုသာ တစ်ပန်းကန်ပြီးအောင် ငုံ့စားလိုက်လေ သည်။ နောက် အပေါ်ထပ်တက်ရန် ကြံပြီးမှ. . .

"ဒေါ်လေးစိန် ဒေါ်ငွေဝါ ရှိသေးသလား"

"ရှိသေးတယ်၊ သူ့တူအနားမှာ ထိုင်နေတုန်းပဲ"

"နေပါစေ၊ ဒါဖြင့် ဒေါ်လေးစိန်ရယ် ကျွန်မကိုလေ သုတ်လှိုင်မျက်နှာနဲ့ စာအုပ်လေး ယူပေးပါနော်၊ ကျွန်မကိုမြင် ရင် သူ တစ်မျိုးဖြစ်သွားမှာစိုးလို့၊ လွယ်အိတ်ထဲမှာပဲ ဒေါ် လေးစိန်. . ကန်တော့နော် ကန်တော့"

www.burmeseclassic.com

www.burmeseclassic.com



"အေးပါ. ."

ကြီးမေက ပြုံးကာ. . .

"ဘာဖြစ်လဲ ကိုယ့်ဖာသာကိုယ် တက်သွားရင်"

"ဒေါ်ငုဝါကို အကုသိုလ်မပေးချင်လို့ပါ၊ ကဲကဲ သူ့ကြီးတော် နေပါစေလေ၊ ဒေါ်ငုဝါ သွေးအပေါ် လိုလားမှု မဟုတ်ဘူး"

"ဘယ်တတ်နိုင်မလဲ စေတနာမှန်တဲ့ ကံတရားပဲပေါ့ လေ"

ကြီးမေသည် သားငါးယောက်ကို လူလားမြောက် အောင် မွေးဖွားနိုင်ခဲ့သော မိခင်ကောင်းတစ်ယောက် ဖြစ်ခြင်း ကြောင့် အပွေးအပင် သိပေမည်။ မြေးကဲကဲနှင့်သား အ သက်အရွယ်အားဖြင့် ကွာခြားမှုကြောင့် စိတ်သွားတိုင်း ကိုယ် မပါနိုင်ခဲ့ခြင်း ဖြစ်ပေမည်။

ဒေါ်လေးစိန်က သွေးစာအုပ်ကို ယူပေးရင်း. . .

"ကိုယ်တိုင်မယူနိုင်ပဲ ရှင့်ကို တောင်းခိုင်းရအောင် တော်တော်နေရာရနေပါလားတဲ့၊ မကြာခင် ကဲကဲအဖေ နေရာယူပြီး အိမ်ရဲ့အရှင်သခင်မ ဖြစ်တော့မယ့်လူဆိုတော့ ဖာထေးကြပေါ့လေတဲ့၊ ပြောလွှတ်လိုက်သေးတယ်"

ဒေါ်လေးစိန်က ပြောရမှန်းမသိ မပြောရမှန်းမသိ သွေးအားပြောချလိုက်ရာ သွေးရင်ထဲ ဘုရားတလိုက် သည်။ ကြီးမေက. . .

"ဟဲ့ မစိန်အေးရဲ့ နင်ပြောလိုက်ပါလား၊ အဲဒီနေရာ



ရှင်မဖြစ်ဖို့ပဲ အရေးကြီးတယ်လို့"

"မပြောရဲပါဘူး အစ်မရယ်"

သွေးလည်း မျက်နှာကြီး တစ်ခုလုံး ထူပူပြီး ဒေါ်စိန် အေးလက်ထဲမှ စာအုပ်ကိုသာယူပြီး ခြံထဲဆင်းခဲ့သည်။ သစ်ပင်အရိပ် ကောင်းကောင်းတစ်နေရာတွင် ထိုင်ပြီး စာ ကျက်နေလိုက်သည်။

အာရုံတွေက လွင့်ပါးချင်သည်။

ကိုယ့်ဘဝက သူတစ်ပါးကို မှီခိုကာ ဝမ်းကျောင်းနေရ သည့် ဘဝဖြစ်၍ မျက်နှာငယ်လေသည်။ ထိကပါး ရိကပါး ပြောဆိုစွပ်စွဲခြင်းကို သွေးခံလိုက်ရလေပြီ။

သွေးအိမ်ကြီးသို့ ရောက်လာရခြင်း၏ အဓိက ရည် ရွယ်ချက်မှာ တစ်ချက်ခုတ် နှစ်ချက်ပြတ် အစီအစဉ်မှလွဲ၍ သွေး၌ ဘာရည်ရွယ်ချက်မှ မရှိ။

အဓိက သွေးပညာရေး ဆုံးခန်းတိုင်ဖို့အတွက် လုံ လောက်သော အခကြေးငွေကိုလိုသည်။

နောက် အခကြေးငွေယူထားသော အလုပ်အပေါ် စေတနာပါဖို့အတွက် ကဲကဲအပေါ် ပြုစုပျိုးထောင်ပေးမည်။

ထိုနှစ်ချက်ပဲ သွေးမှာရှိသည်။

သို့သော် ကဲကဲအဖေနှင့် ပတ်သက်၍ သွေး၌ ရည် ရွယ်ချက် မရှိခဲ့ပါ။

ကဲကဲအဖေအပေါ် တွေ့စကတည်းက ကြောက်ရွံ့ သလို တုန်လှုပ်မိသည်။ သူစိမ်းယောက်ျားတစ်ဦးနှင့် ပါတ်

www.burmeseclassic.com

www.burmeseclassic.com



သက်၍ စတင်ခံစားရသော ခံစားချက်ပင်။

နောက် ဂရုဏာသက်လာသည်။

နောက် စေတနာထားလာမိသည်။

ဒါတွေသည် သွေး၏ ဖြူစင်သော မေတ္တာစိတ်ရင်းသာလျှင် ဖြစ်ကောင်းဖြစ်လိမ့်မည်။

သို့သော် ငြိမ်သက်နေသော ကန်ရေပြင်ထဲ ခုန်ချလိုက်သကဲ့သို့. . .

ဒေါ်ငုဝါ၏ စကားက သွေး၏ နှလုံးသားကို လှိုင်းဂယက် ထသွားစေသည်ကိုတော့ သွေးခံစားနားလည်လာပေပြီ. . . ။



# အခန်း(၁၄)

"ဟာင်အင်း အန်တီနဲ့မနေဘူး မမနဲ့ပဲနေမယ်၊ မမရေ. . မမ"

သွေးနားထဲ ကဲကဲ၏အသံသည် အလိုအလျောက်တိုးဝင်လာသည်။ သွေး ကမန်းကတန်း အိမ်ထဲပြန်ဝင်ခဲ့ဒေါ်တီကိုအောက်၌လည်း ဦးမင်းခန့်၏ ကားကို တွေ့လိုက်ရသဖြင့် ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'တဒိုးဒိုး'ပြေးဆင်းလာသံနှင့်အတူ "မမရေ.. မမကဲကဲကို ရာခေါ်ပါ..ကဲကဲ နေဘူး၊ မမတွားရဘူး"

ကဲကဲ၏ငိုသံနှင့် ဖော်ဟစ်သံသည် ကမ္ဘာပျက်တော့မည့်အလား ရှိနေသည်။

သွေးက လှမ်းအသံပြုလုပ်ရင်း အိမ်ထဲပြေးဝင်ခဲ့ရသည်။

"ကဲကဲ မမရှိတယ်၊ မငိုနဲ့ အရမ်းမဆင်းနဲ့နော် မမလာပြီ"

"သား..ကျမယ်"

မိကျွဲနှင့် ဒေါ်ငုဝါကလည်း ကဲကဲမကျစေရန် ထိမ်းရင်း လိုက်လာသော်ငြား၊ ကဲကဲက ဘယ်သူ့အကိုင်မှ မခံ။

ဦးမင်းခန့်က အပြေးအလွှားပင် တက်ကာ ကဲကဲကို ပွေ့ချီလိုက်သည်။

သွေးနောက်ကျသွားသည်။

သို့သော် ကဲကဲက သွေးဘက်သို့ ယိမ်းထိုးကာ..

"မမ..မမချီပါ၊ မမ ချီ"

ဦးမင်းခန့်က သွေးအား မကျေမနပ် ကြည့်သည်။

"မင်းတာဝန်က ဘာလဲဆိုတာ မင်းမေ့နေသလား ကလေးမ မျက်နှာသာပေး ချွဲအေးပန်းကန်မတက်နဲ့ သား သာ တစ်စုံတစ်ခု ဖြစ်သွားရင် မင်းကိုငါ လုံးဝ ခွင့်မလွှတ်နိုင်ဘူး"

သွေး ကဲကဲကို လှမ်းချီလိုက်ရင်း ဦးမင်းခန့် ပြောသ





ကို ခေါင်းငုံ့ခံလိုက်သည်။

မိမိမှားသွားခဲ့သည်ကိုး၊ ဒေါ်ငုဝါအပေါ် ဂရုစိုက်ခဲ့မိသည့်အတွက် မှားသွားခြင်း ဖြစ်သည်။

ဒေါ်ငုဝါကိုတော့ ဘာမှမပြောပဲ အပေါ်ထပ်သို့ တောက်လျှောက်တက်သွားသော ဦးမင်းခန့်ကို ကြီးမေက "တဟဲ့ဟဲ့"ဟု ဟန့်တားရင်း လိုက်ပါသွားလေသည်။

ကဲကဲက သွေးအား တောက်တဲ့ကပ် တွယ်ကပ်ထားသည်။

သွေးက ရင်နာသည့်ကြားက ကဲကဲအငိုတိတ်စေရန် ချော့မော့ရင်း..

"သားသားကို အန်တီစောင့်နေတုန်း မမက စာခဏလေး သွားကျက်တာပါ၊ မမ ကဲကဲကို ပစ်မသွားပါဘူး၊ ကဲ လေးနာရီခွဲပဲ ရှိသေးတယ်၊ ကော်ရည်ခေါက်ဆွဲ နည်းနည်းစားပြီး မမနဲ့ကဲကဲ ခြံထဲဆင်းကစားမယ်နော်"

"ကဲကဲ စက်ဘီးစီးရမှာရား မမ"

"အေး..မမ ကဲကဲကို နှစ်ဘီးနဲ့ စက်ဘီးစီး သင်ပေးမယ်နော်၊ လာ..ခေါက်ဆွဲနည်းနည်းစားလိုက်ဦး၊ ကဲကဲ ကြိုက်တယ်ဆိုလို့ ကဲကဲဘွားဘွားက လုပ်ထားပေးတာ"

"ဟုတ်ရား၊ ဘွားဘွားက သားကို ချစ်ရို့ပေါ့နော်"

"ချစ်တာပေါ့၊ ကဲကဲကို ဘွားဘွားကလည်း အများကြီး ချစ်တာပဲ"

"မမကရော ချစ်ရား"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်တာပေါ့ ကဲကဲရဲ့"

"အများကြီးရား"

"အများကြီးပေါ့၊ ကဲ. . ဟ စားမယ်၊ မြန်မြန်ဝါးမယ်၊ မြန်မြန်ကုန်ရင် များများဆော့ရမယ်"

ကဲကဲကို မျက်ရည်နှပ်ချေးများကို သုတ်သင်ပေးပြီး ကော်ရည်ခေါက်ဆွဲတစ်ပန်းကန် ကျွေးလိုက်သည်။

ချက်ချင်းပင် ကုန်သွားသည်။ ရေတိုက်ပြီး ခြံထဲဆင်းကာ နှစ်ဘီးစက်ဘီးကလေးဖြင့် ကဲကဲကို စီးစေပြီး လိုက်ထိမ်းပေးသည်။

ထိုအချိန်၌ မိမိကို ဘယ်သူတွေ စောင့်ကြည့်နေမည်ကို သွေးဂရုမစိုက်နိုင်၊ ကဲကဲ ထိခိုက်မှု မဖြစ်စေရေးကိုသာ သွေးဂရုစိုက်နေစဉ်. . .

မိကျွဲရောက်လာပြီး. . .

"ပေး မမ. . ကျွန်မ တလဲလိုက်မယ်"

"နေပါစေ မိကျွဲ ကဲကဲ မကျွမ်းကျင်သေးဘူး၊ တစ်ခုခု ဖြစ်သွားမှာစိုးလို့ ငါပဲလိုက်မယ်"

သွေးရင်ထဲက ကဲကဲအပေါ် လည်း စေတနာထားပါသည်။

သို့သော် ကဲကဲဖခင် ဦးမင်းခန့်စည်သူ၏ အပြောကတော့ ရက်စက်လွန်းလှသည်။ မိမိအပေါ်၌ ငွေဝယ်ကျွန်များ မှတ်နေသလား၊ သွေးကိုယ့်နေရာကိုယ် သိတော့မည်၊ ထပ်မံ အပြောမခံနိုင်တော့။





"ဆရာက လွှတ်လိုက်လို့ပါ"

"ရတယ် မိကျွဲ၊ နင်သွားတော့ ငါ့တာဝန် ငါလုပ်ပါရစေ"

သွေးရင်ထဲ ထိုစကားက အတော့်ကို ထိရှနာကျင်ချက်ရှိပြီး "မျက်နှာသာပေး ရွှေရေးပန်းကန်မတက်နဲ့"တဲ့ သွေးအပေါ် ဘယ်အပြုံးအတေးနှင့်များ ယခုလောက်အထိ ခုန်းတီးနေရပါလိမ့်။

ကဲကဲကတော့ ပျော်မြူးကာ အသံပေါင်းစုံထွက်ကာ စက်ဘီးစီးနေသည်။ ကလေးများသည် သတ္တိရှိခြင်းကြောင့် အတတ်မြန်သည်။

ကဲကဲကို လက်လွှတ်၍ ရသည့်တိုင် သွေးက အနားမခွာပဲ တစ်ကောက်ကောက် လိုက်နေသည်။ ခုနေသာ ကဲကဲ တစုံတခု ထပ်မံဖြစ်ပွားလျှင် သွေးကို ဦးမင်းခန့် ခွင့်လွှတ်လိမ့်မည်မဟုတ်။

"မမ မောဘီရား"

ကဲကဲက သူ့ ခြေထောက်ညောင်းလှေပြီထင်သည်။

"မောပြီ ကဲကဲ"

"ဒါဖြင့် ကဲကဲရဲ စီးတော့ဘူး"

"ကဲ ဒါဖြင့် မိကျွဲရေ သိမ်းလိုက်တော့. . လာ ကဲကဲ မချိပြီး အိမ်ထဲဝင်ကြမယ်၊ ကဲကဲ ညောင်းရောပေါ့၊ ပြီး ခြင်တွေလာပြီနော်"

"ဟုတ်ကဲ့ မမ"



www.burmeseclassic.com

www.burmeseclassic.com



ကဲကဲကိုချိုကာ အိမ်ဘက်သို့ လျှောက်လာစဉ် အပေါ်ဆုံးထပ် လသာဆောင်ပေါ်မှ လူရိပ်ကို လှမ်းတွေ့လိုက်ရသည်။

ဦးမင်းခန့်များလား မစူးစမ်းရဲ၊ ဦးမင်းခန့်ကလွဲပြီး ကြီးမေလည်း မဖြစ်နိုင်၊ ကြီးမေက အပေါ်ဆုံးထပ်ကို တက်ခဲ သည်။ ညအိပ်ရာဝင် ဘုရားရှိခိုးချိန်မှအပ တက်လေ့တက်ထ မရှိ။

အိမ်ထဲမှာ အခြားလူပိုလည်း မရှိတော့၊ ဦးမင်းခန့် သာ ဖြစ်လိမ့်မည်။

သေချာစွာသိရန် မော့ကြည့်လိုက်၍ ဦးမင်းခန့် ဖြစ် နေပါက သူ၏ အပြစ်ရှာသော မျက်လုံးကြီးများနှင့် ရင်ဆိုင် ရဦးမည်။ ထိုအခါ သွေးသာလျှင် ရင်ထဲ ခံရခက်သော ဝေ ဒနာတစ်ရပ်ကိုသာ ထပ်မံခံစားရပေလိမ့်မည်။

ရှိပါစေတော့ ကဲကဲကို ဂရုစိုက်ဖို့ဟာ သွေးတာဝန် တာဝန်ထက်ပိုတဲ့ သွေးရင်ထဲက မေတ္တာစေတနာကိုတော့ ဦးမင်းခန့် နားလည်မည်မထင်ပါ။

"ကဲကဲကို မမပြောစရာ ရှိသေးတယ်"

ကဲကဲ၏လက်နှင့် ခြေထောက်ကလေးများကို ဝတ်ကလေးနှင့် သုတ်ပေးပြီး ချွေးကလေးများကိုလည်း ဝတ်ခြောက်ကလေးနှင့် အရင်သုတ်ပေးပြီးမှ ရေစိုအဝတ်နှ သုတ်ပေးကာ အဝတ်လဲပေးလိုက်သည်။

သွေး၏ လှုပ်ရှားမှုကို ကြီးမေက ကျေနပ်နေသည်





"ကဲကဲအန်တီကို ဘာဖြစ်လို့ မခေါ်တာလဲကွယ်"

ကြီးမေ၏ မေးခွန်းကို ကဲကဲက ရုတ်တရက် မဖြေပဲ မျက်လုံးရွဲကြီးနှင့် လှမ်းကြည့်ပြီးမှ သွေးကို လှမ်းကြည့်သည်။

သွေးက. .

"ဘွားဘွားမေးနေတာ ဖြေလိုက်လေသား"

"မမကို ကရားဂျီးနဲ့ ရိုက်တွားဘီရို့ပြောရာဂိုး ဘွားဘွားရဲ့"

သွေး ငုဝါ၏ မနာလိုစိတ်ကို ခံစားကြည့်သည်။ သူ့ထူ တွယ်တာမှုသည် သူတို့သာ ဖြစ်စေချင်မည်။ သူ့ညီမကြောင့်သာ သူတို့ ရှုံးနိမ့်နေရသော်လည်း ကဲကဲကိုတော့ ပိုင်ဆိုင်ချင်ကြပေလိမ့်မည်။ ကဲကဲသာ နားလည်လာပါက အမေဟာ အမေပဲ၊ ကဲကဲ နားလည်ခွင့်လွှတ်နိုင်လိမ့်မည် ထင်သည်။

"ဒီနေ့ ဘာစာတွေ သင်ပေးလိုက်သလဲ၊ ကဲကဲ မမကို ပြောပြပါဦး"

"ဝရုံး"

"သီချင်းကော"

"ကြွက်သီချင်း၊ မမရဲ့ ကဲကဲမေ့နေဘီ"

"ဟုတ်ပြီ ဒါဆို ထမင်းစားပြီးရင် ကာတွန်းကားကြည့် ယ်၊ ပြီးမှ ကျောင်းမှာဘာလုပ်ခဲ့သလဲ ဆိုတာကို ကဲကဲ တိုပြောပြရင် မမက ကဲကဲကို ပုံပြောပြပြီး အိပ်ကြမယ် နော်"



www.burmeseclassic.com

www.burmeseclassic.com



"မမ ကဲကဲနဲ့ အိပ်ရမှာနော်၊ ဘယ်မှ ရှောက်သွားရ
ဘူး"

"အေးပါ ကလေးရယ်၊ မမက သားသားအနံ့တီရှိနေလို့ ခြံထဲမှာ စာခဏ သွားကျက်တာပါ။ ဘယ်ကုလားကြီးနဲ့မှ မလိုက်ဘူး"

"ဒါကယ်ရား"

"တကယ်ပေါ့"

ထိုကိစ္စနဲ့ပါတ်သက်တိုင်း မေ့မေ့ပျောက်ပျောက် ထားသော်လည်း သွေးရင်မှာ တဆစ်ဆစ် နာကျင်လာသည်။


သွေးမေ့ပျောက်လိုက်ချင်သည်။

သို့သော် သွေး၏ နုနယ်သော နှလုံးသားကိုတော့ အနာတရဖြစ်စေသည်။

ဒေါ်လေး၏ ရက်ရက်စက်စက် အပြောအဆိုများတေ ခံနိုင်ခဲ့သော်လည်း ဦးမင်းခန့်၏ ရင့်သီးသော အပြောသည် သွေးရင်ထဲ နာကျင်မှုက လွယ်လင့်တကူ ပျောက်လိမ့်မည်မ ဟုတ်ကြောင်း သွေးကိုယ်သွေး သိနေလေပြီ။







# အခန်း(၁၅)

"မမသွေး"

"ဘာလဲ မိကွဲ"

"ကဲကဲကို ကျွန်မ စောင့်ကြည့်ပေးပါ့မယ်၊ ဆရာက ပေါ်ထပ်ကို လာခဲ့ပါဦးတဲ့"

သွေး တုန်လှုပ်ခြောက်ခြားသွားသည်။ ညနေကကိစ္စ မကျေအေးသေးဘူး ထင်ပါသည်။

ကဲကဲအိပ်ပျော်သွားသဖြင့် စာကျက်နေသော မိမိ



www.burmeseclassic.com

www.burmeseclassic.com



အား မိကျွဲက လာပြောလေသည်။

"အေးအေး . ."

ကဲကဲနိုးလာလျှင် . . ကဲကဲအနားမှာ တစ်ယောက် ယောက်ရှိနေရမည်ဟု ဦးမင်းခန့်က တွက်ထားသည်။ သွေး ကတော့ နောက်နှစ်လောက်ဆိုလျှင် ကဲကဲနိုးလျှင် သူ့ဖာသာ သူထပြီး သူတွေ့လိုသူကို လိုက်ရှာစေလိုသည်။

သွေးအပေါ်ထပ်သို့ မဝံ့မရဲ တက်ခဲ့သည်။ အပေါ် ထပ် ဧည့်ခန်းတွင် စာဖတ်နေသော ဦးမင်းခန့်က . .

"ထိုင် ကလေးမ"

သွေး မဝံ့မရဲ ဝင်ထိုင်လိုက်သည်။

ဦးမင်းခန့်ထံမှ စကားမဟသေးမချင်း သွေးဘာ မပြောပဲ ခေါင်းကလေး ငုံ့နေလိုက်သည်။

"ညနေက ငါ အကျိုးအကြောင်း မသိသေးပဲ မင်း ဆူလိုက်မိတယ်၊ ဒီအတွက် ငါမှားပါတယ်"

ဦးမင်းခန့်သည် အမှားကို မှားမှန်းသိသည်နှင့် တော ပန်ရဲသည်။ အချို့လူများသည် မှားမှန်းသိသွားသော်လ ဝန်ခံဖို့အရေးကို အင်မတန် တွန့်ဆုတ်တတ်သော တလွဲ ရှိတတ်သည်။ ဦးမင်းခန့်က ထိုသို့မဟုတ် . .

"ရုတ်တရက်ဆိုတော့ သားလိမ့်ကျသွားမှာ စိုး တာလည်းတကြောင်း သားဘဝမှာ ဒီလောက်ကြီး ဝမ်းန တကြီး ငိုကြွေးတာမျိုး မတွေ့ခဲ့စဖူး တွေ့လိုက်ရတာက ကြောင်းကြောင့် ထူပူသွားပြီး ပြောမိပြောရာ ပြောချလိုက်



တယ်၊ မေမေက ငါ့အမှားကို ထောက်ပြခဲ့တဲ့အတွက် ငါမှား သွားပြီဆိုတာ သိလိုက်ရတာ"

"ကျွန်မ ကျွန်မ ဘယ်လိုမှ"

ဘယ်လိုမှ မနေပါဘူးဟု ဆက်ပြောလိုသော်လည်း ပြော၍မရတော့။

နှင့်နှင့်သီးသီး ပြောဆိုခြင်း ခံရတုန်းက ဝမ်းနည်းမှုကို ထိန်းထားနိုင်သော်လည်း ယခုလို တစ်ဘက်က ဝန်ချတောင်း ပန်သောအခါ၌ ဝမ်းနည်းမှုက ပို၍ခံစားလိုက်ရသည်။

ထိန်းထားခဲ့သမျှ မျက်ရည်တို့က ပိုးပိုးပေါက်ပေါက် ကျလာသောအခါ . .

"ဟာ မငိုနဲ့လေ၊ မင်းကို ငါ ဆူနေတာ မဟုတ်ဘူး၊ တောင်းပန်နေတာ"

သွေးဘဝ၌ ဝမ်းနည်းတကြီး ရှိုက်ငိုခဲ့ရခြင်းတို့သည် ကြိမ်ဖန်များစွာ ရှိခဲ့လေသည်။

အမေသေစဉ်က သိတတ်သော အရွယ်မဟုတ်သ ဖြင့် ဘာမှသိရှိခံစားခဲ့ရခြင်း မရှိခဲ့၊ အမေနေရာကော အဘွား နေရာပါ ယူထားပြီး မေတ္တာအပြည့်အဝ ပေးထားခဲ့သော အဘွားဆုံးသွားစဉ်က အရွယ်နှင့်မလိုက်စွာ ငိုကြွေးခဲ့ရ သည်။ နောက် အဖေဆုံးစဉ်၌ ထပ်မံကြေကွဲခဲ့ရသည်။ နောက် လေးလေးအိမ် ရောက်ပြီး လေးလေး၏ဇနီး ဆရာ မတော်ကြောင့် ကြိတ်၍ငိုကြွေးခဲ့ရပြီး နောက်ပိုင်း၌ မျက် ရည်များ ခန်းခြောက်သွားခဲ့ သည်။ လောကဓံကို ကြံ့ကြံ့ခိုင်



www.burmeseclassic.com

www.burmeseclassic.com



ရင်ဆိုင်နိုင်ဖို့အတွက် ဝမ်းနည်းခြင်းတို့ကို ဘေးချိတ်ထားခဲ့သည်။

ယခုတဖန် ဘေးဖယ်ထားသော ထိုဝမ်းနည်းခြင်းတို့သည် မိမိထံပါးသို့ ဆိုက်ရောက်လာလေပြီ။

"ဟာကွာ . . ကလေးမ မင်း အဲဒီလို ငိုနေတော့ ငါ ဘာလုပ်ရမလဲ၊ ကဲ . . သွားတော့ကွာ၊ သွားတော့"

သွေး ဘယ်သွားရမည်နည်း။

သွေး အခန်းရှိရာသို့သာ ပြန်ဆင်းပြေးခဲ့သည်။

"ဟင်း မမသွေး ဆရာက ဆူလိုက်ပြန်ပြီလား"

"ဟင့်အင်း မဟုတ်ပါဘူး၊ မမ ကိုယ့်ဘဝကိုယ် သတိရပြီး ဝမ်းနည်းလို့ပါ၊ ရပြီ မိကွဲ့သွားတော့ ညီမရယ်"

သွေး ဦးမင်းခန့်နှင့် ပါတ်သက်လာလျှင် အထိအခိုက်မခံနိုင်အောင် နှလုံးသားသည် နုနုကလေး ဖြစ်နေခြင်းတို့ ကိုယ့်ကိုယ်ကိုယ် မယုံကြည်နိုင်အောင် ဖြစ်မိလေသည်။

မျက်ရည်ကိုသုတ် ရေတစ်ခွက်သောက်လိုက်ပြီး စာကြည့်စားပွဲတွင် ထိုင်လိုက်သည်။ မထိုင်ခင် ကဲကဲကို ငဲ့ကြည့်လိုက်သေးသည်။ မျက်နှာကလေး ပြည့်ပြည့်ဖောင်းဖောင်းလေးနှင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသော ကလေးတစ်ယောက်၏ အပြစ်ကင်းစင်မှုမျိုးက မိမိအား ရုန်းမရစေသော သံယောဇဉ်ဟု သွေးနားလည်သည်။

သွေး ကဲကဲကို တကယ့်ကို နှလုံးသည်းပွတ်ကြားထ ယိုစိမ့်ထွက်လာသော မေတ္တာတရားနှင့် စေတနာအပြည့်အ





ထားရှိမိခြင်းဖြစ်ကြောင်းပြောလျှင် ဘယ်သူမှ ယုံကြည်နိုင်ကြမည်မဟုတ်ပေ။

သွေး စာကြည့်စားပွဲတွင် ထိုင်လိုက်သည်။ သောကဟူသမျှကို ခေါင်းထဲမှ ထုတ်ပစ်လိုက်သည်။

မထုတ်ပစ်၍မဖြစ်၊ မထုတ်ပစ်လျှင် စာကျက်၍ ရနိုင်ထိမ့်မည်မဟုတ်။

သွေးအား မျက်ရည်ကျအောင် ရင်မှာ နာကျင်စေအောင် ရင်ခုန်စေအောင် ဖန်တီးနိုင်သော ဦးမင်းခန့်ကိုတော့ တတ်နိုင်သမျှ ထိပ်တိုက်မတိုးမိစေရန် ရှောင်ရှားနေထိုင်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။

"ကဲကဲရယ် မင်းကိုတော့ ချစ်ပါရဲ့၊ ဒါပေမယ့် မင်းအဖေကိုတော့ မမကြောက်တယ်ကွယ်"ဟု ရင်ထဲက ကဲကဲကို တိုင်တည်လိုက်ပြီး စာအုပ်ကို ဖွင့်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၆)

မင်းခန့် သားနှင့် သွေးအခန်းဝတွင် ရပ်လိုက်
ပြီးကာမှ ဝင်ရန် မဝံ့မရဲ ဖြစ်မိသည်။ သင့်တော်ပါ့မလား
မိမိအရိပ်၌ နားခိုနေသော မိန်းကလေးတစ်ဦး
ဂုဏ်သိက္ခာကိုများ အလေးမထားရာ ကျလေမလားဟု
တောမိလိုက်ပြီး ရပ်နေလိုက်သည်။

သို့သော် မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျပြီး
နည်းတကြီး ငိုကြွေးသွားသော မိန်းကလေးအပေါ် ဥပေ



မပြုရက်. . ။

ညနေက သားဖော်ဖြင့် ပြောလိုက်မိသော စကားက သိပ်ရင်သီးသွားသည်။

ကိုယ့်တာဝန် ကိုယ်သိပါက ထားတော့. . သားနား မနေခြင်းအတွက် မိမိ၏ ထူထူပူပူ အပြောမျိုး ဖြစ်ခြင်းကြောင့် ခွင့်လွှတ်နိုင်သည်။

နောက်ဆက်တွဲ "မျက်နှာသာပေး ရွှေအေးပန်းကန် မတက်နဲ့"ဆိုတာကတော့ လွန်သွားပြီ၊ သွေးရောက်လာမှ သားအခြေအနေ တိုးတက်လာသည်ကို သိလျက်နှင့် သွေး၏ စိတ်ဓါတ်ကလေးနှင့် ဘဝအကြောင်းကိုသိလျက်နှင့် မိမိ ထို မျှလောက် မနှိမ့်သင့်၊ မပြောဆိုသင့်၊ ပြောပြီးမှ မယုံကြည် နိုင်လောက်အောင်ကို အံ့အားသင့်သွားပုံရသော စိတ်ထိခိုက် ကြေကွဲသွားသော မျက်ဝန်းဖြင့် မိမိအားကြည့်လိုက်သည်။ သွေး၏အကြည့်သည် မိမိနှလုံးသားကို ထိမှန်သွားစေသည်။

မိခင်က သွေးဘာကြောင့် ကဲကဲအားထားခဲ့ကာ ခြံ ထဲစာကျက်နေခြင်းဖြစ်ကြောင်း ရှင်းပြတော့မှ ဇဝါအပေါ် ဒေါသထွက်ပြီးနောက် လုံးဝ အိမ်ရိပ်ကိုပင် မနင်းရဟု အမိန့် ထုတ်ကာ နှင်ချလိုက်သည်။

ထိုအပြုအမူတွေအားလုံး မိမိသည် ရိုင်းစိုင်းသော သတ္တဝါတစ်ကောင်ပမာ ဖြစ်ကောင်းဖြစ်နေမည်။

ရင်မှာရှိခဲ့သော အနာတရက မိမိစိတ်ကို အမြဲတစေ အရိပ်မည်းတစ်ခုကို လွှမ်းမိုးနှိပ်စက် အနိုင်ယူနေတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . သား၊ ဘာရပ်လုပ်နေတာလဲ"

သူ ရုတ်တရက် တုန်လှုပ်သွားသည်။

နောက်ပါးမှ မိခင်အသံကြောင့် . . .

"သားကို ကြည့်ချင်တယ် မေမေ၊ ဝင်သင့်မဝင်သင့်"

"ဩော် . . အေး . . မေမေပါ လိုက်ပေးမယ်၊ တံခါး ခေါက်လိုက်သား"

မင်းခန့် ပင့်သက် ရှိုက်လိုက်မိလေသည်။

"ဒေါက် . . ဒေါက် . . ဒေါက်"

ကိုယ်ခေါက်လိုက်သော တံခါးသံကပင်လျှင် ခြောက်ခြားစရာကောင်းပြီး ရင်ကို ပဲ့တင်ထပ်ပြီး လှိုက်ခေါင်းသံ မြည်ဟီးစေသည်။

"စောင့်ထားတာပါ . . ဟင်"

တံခါးပွင့်လာပြီး ပြောင်စင်ဝင်းမွတ်နေသော မျက်နှာဖူးဖူးလေးက ပေါ်လာပြီး သူ့ကိုမြင်တော့ တအံ့တဩ ဖြစ်သွားသည်။ နောက် မိခင်ကို မြင်တော့မှ ပြုံးသွားပြီး . . .

"ဘာခိုင်းစရာရှိလို့လဲ ကြီးမေ"

"ဘာမှမခိုင်းပါဘူး သမီးရယ်"

"ကဲကဲကိုလေ သူ့အဖေက လာကြည့်ချင်တယ်ဆိုလို့ ခါတိုင်း သားဖြစ်သူအိပ်မှ အိမ်ပြန်လာ၊ မနိုးခင် ထွက်သွားရတော့ သားကိုတွေ့ချင်ရင် အိပ်နေတဲ့အချိန်မှ လာကြည့်ရတာ"

မင်းခန့်တို့ ဝင်သာစေရန် သွေးက တံခါးကိုဖွင့်ကာ





ကိုယ်ကလေး ရှိရှိလေးနှင့် ဘေးတစ်ဘက်မှာ ရပ်ပေးသည်။ မင်းခန့်ရင်ထဲ ထိရှသွားသည်။ မိမိတို့အပေါ် ဒီလောက်အထိ အရှိအသေပေးဖို့ မလိုပါဘူးဟု ပြောလိုက်ချင်သော်လည်း အခြေအနေ အရပ်ရပ်သည် မိခင်ရှိသဖြင့် သူ ထိန်းချုပ်ပြီးသား ဖြစ်သွားရသည်။

သွေးအခန်းလေးသည် သပ်ရပ်သန့်ရှင်းလျက်ရှိသည်။ စားပွဲ၌ နှင်းဆီတစ်ပွင့် စိုက်ထားသည်။ တိုးလိုးတန်းလန်း အဝတ်အစား လုံးဝ မတွေ့ရချေ။ ခတ္တာနှင့်များ ကွာပ၊ ခတ္တာတုံးက အိမ်ဖော်တွေ သုံးလေးယောက်နှင့်တောင် တစ်ခန်းလုံးပွနေသည်။

တန်းဆွဲတွေကတစ်မျိုး၊ လုံးတင်တွေကတစ်ဖုံ၊ ဂွမ်းပုံတွေကတလီနှင့် အိမ်ပြန်မကပ်ခဲ့သည့်ရက်က သူ့အတွက်များခဲ့ရသည်။

ခု သွေး၌ တန်းဆွဲပင် မမြင်ရချေ။ ကလေးရှိပါလျက် အလေးပစ္စည်းပင် မမြင်ရ၊ ဖက်လုံးခပ်ပျော့ပျော့လေးကို အားပါးတရထားဖက်ထားလျက် နှစ်ခြိုက်စွာ အိပ်မောကျနေသောသားထံမှ ကလေးပေါင်ဒါနံ့ကလေးပင် သင်းပျံ့နေသည်။

သူ သား၏ ပါးစုံကြီးတဖက်ကို အသာအယာ ငုံ့နမ်းပြီး ခါးကို ပြန်မတ်လိုက်သည်။

သွေးကို လှမ်းကြည့်ပြီး . . .

"ညဘက် သား ဘယ်နှစ်ခါလောက် နိုးသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခါလောက်ပဲ နိုးပါတယ်"

"မင်း အိပ်ရေးပျက်နေမလား"

"မပျက်ပါဘူး၊ ကျွန်မ ကျင့်သားရနေပါပြီ"

"သေးဝတ်လဲတာတို့"

"လဲပေးပါတယ်ဆရာ၊ ကဲကဲက နှစ်ခါလောက်ပဲ ဆီး သွားပါတယ်၊ ကျွန်မ အိပ်ခါနိုးတစ်ခါ တယ်ပေးလိုက်တယ်၊ နောက် ကဲကဲနိုးချိန်တစ်ခါ ဒါပါပဲဆရာ"

"ညဘက် မိကျွဲကို ခေါ်အိပ်ပါလား"

"ရပါတယ်ဆရာ အပန်းမကြီးပါဘူး"

ထူးဆန်းဖွယ်ကောင်းသည်က မိခင်သည် သူတို့နှစ် ယောက်စကားထဲ လုံးဝ ဝင်မပါခြင်းပင်၊ ခပ်ပြုံးပြုံးလေးနှင့် ကဲကဲ၏ ဖွံ့ဖြိုးတိုးတက်လာသော ခန္ဓာကိုယ်ကို ချစ်ခင်မြတ် နိုးခြင်းဖြင့်ကြည့်ပြီး သန့်ရှင်းသပ်ရပ်နေသော သွေး၏ အိပ် ခန်းကို အကဲခတ်ကာ အကျေနပ်ကြီး ကျေနပ်နေသည်။

မိခင်နှင့်သူသည် စိတ်သဘောထားခြင်း တူညီသည် အချက်တွင် နေအိမ်သန့်ရှင်းသပ်ရပ် နေချင့်စဖွယ်ကို သ ဘောကျတတ်သည်။

"နေအိမ်"ဆိုကတည်းက နေချင်စဖွယ် အပန်းဖြေချင် စဖွယ် ဖြစ်နေမှ "နေအိမ်"ဟူသော အဓိပ္ပါယ်သည် ပြည့် သည်ဟု ယူဆသည်။

မိခင့်ငယ်ငယ်က သူကိုယ်တိုင် အလုပ်ကိုလုပ်ပြီး အိမ် ဖော်များကိုလည်း ဟာကွက်မရှိ ညွှန်ကြားခဲ့သည်။ သားချွေ





တိုလည်း စည်းကမ်းပေးခဲ့သည်။ အိမ်သည် အမြဲတစေ ဖိတ် ဖိတ်တောက်ပြီး ဖုန်မရှိ အမှိုက်မရှိ ဖြစ်ခဲ့သည်။

"ကဲ. . ကဲ. . စာကျက်တော့ သိပ်ညဉ့်နက်မခံနဲ့"

"ဟုတ်ကဲ့"

"သမီးမိသားစုလိုပဲ နေပါ၊ စာကျက်ရတာ ဗိုက်ဆာ မယ်၊ စားစရာရှိတာတွေ စိတ်တိုင်းကျသာ ယူစားပါ၊ ဘာမှ အားနာစရာ မလိုဘူးနော်"

"ဟုတ်ကဲ့ပါ ကြီးမေ"

မိခင်သည် သွေးအပေါ် တကယ်ပင်ကျေနပ်ကာ ချစ် ခင်နေသည်ဟု မင်းခန့် ရိပ်မိလိုက်သည်။

တကယ်တော့ သမီးငတ်သော မိခင်သည် ချွေးမ များကို သမီးအဖြစ် ရလာလိမ့်မည် ထင်ခဲ့သော်လည်း ချွေးမ များသည် သားများကိုပင် သူ့ရင်ခွင်မှ ဆွဲထုတ်ယူသွားကြ သည်။

သို့သော် မိခင်က သဘာဝပေပဲဟု ခွင့်လွှတ်ခဲ့သည်။ နောက်ဆုံး သူ့ကိုတော့ ခွဲထုတ်ခွင့်မပေးပဲ အိမ်မှာပင် အတူ နေစေသည်။ မိခင်သည် အသက်ကြီးလာသည်နှင့်အမျှ အ တွေ့အကြုံက များလာလေလေ စိတ်လျှော့ကာ တရားလေး နှင့် ဖြေလေလေဖြစ်ပြီး နောက်ဆုံးတော့ အိမ်ကြီးသည် ခတ္တား သက်ထက်တွင် စည်းမဲ့ကမ်းမဲ့ ဇရမ်းဇတာ ဖြစ်ခဲ့လေသည်။

ယခုတဖန် မင်းခန့်တို့ ငယ်စဉ်ကလို အိမ်ကြီးသည် ရှန်လည်သစ်လွင်တောက်ပလာသည်။ ခေတ်မီသော အမြင်

www.burmeseclassic.com



လေးများဖြင့် အခန်းဖွဲ့စည်းပုံကို ပြင်ဆင်လာသောအခါ သူတို့သားအမိများ၏ စိတ်နှလုံးပါ သစ်လွင်တောက်ပ လာခဲ့သည်။

သွေးအခန်းက ပြန်ထွက်လာပြီးနောက် မိခင်က. .

"မေမေတော့ သွေးစိတ်ဆိုးပြီး ထွက်သွားမှာကို သိပ်စိုးရိမ်တာ"

"ကျွန်တော့်အမှားအတွက် တောင်းပန်ပြီးပါပြီ"

"သူ လက်ခံသလား"

မင်းခန့် ဘာပြောရမှန်းမသိအောင် ဖြစ်သွားသည်။

"ဖြေလေသား"

"သူ ငိုတယ် မေမေ"

"ဟုတ်လား ဒါဆို ကောင်းပါတယ်"

မိခင်က ကျေနပ်သောအပြုံးနှင့် ကောင်းပါတယ်ဟူသောစကားကို သူနားမလည်။

"ဟင်. . ဘာဖြစ်လို့လဲ မေမေ"

"မြွေမြွေချင်း ခြေမြင်တယ် မောင်မင်းခန့်၊ မိန်းမတွေရဲ့စိတ်ကို မိန်းမချင်းပဲသိတယ်၊ တစ်နေ့တော့ မင်း နားလည်လာပါလိမ့်မယ်၊ မင်းကို မေမေတစ်ခု ပြောထားရဦးမယ်၊ တကယ်လို့များ မင်းသား ကဲကဲအတွက် အချိန်သိပ်မပေးနိုင်လို့ ဆရာမဌေးချင်သေးသပဆိုရင် ထပ်ဌား၊ မေမေကတော့ သွေးကို သမီးအဖြစ်မွေးစားပြီး သူ့ကို ပညာပါရမီ ဖြည့်ပေးမယ်"





"မဌားပါဘူး မေမေ၊ အိမ်ဖော်တစ်ယောက်ယောက်သာ ထပ်ဌားလို့ရရင်. . ဌားပြီး ဒေါ်စိန်နဲ့ အိမ်သန့်ရှင်းရေး မီးဖိုချောင် လုပ်ပါစေ၊ မိကွဲကိုတော့ မေမေ့ဝေယျာဝစ္စနဲ့ သားနဲ့သွေးအတွက်ပဲ လိုအပ်တာ လုပ်ပေးပါစေပေါ့"

"သားသဘောလေ၊ ဒါမှလည်း သွေးမရှိတဲ့အခါ မိကွဲက နည်းနည်း ထိန်းထားပေးလို့ ရတာပေါ့၊ ကောင်းပါတယ်၊ စိန်အေးစိတ်ကြိုက်သာ သူ့ရှာက မှာခိုင်းလိုက်မယ်၊ ဪ. . သား မေမေကို ဘာပြောစရာ ရှိသေးသလဲ"

"မရှိပါဘူး"

"ဒါဖြင့် မေမေ သွားအိပ်တော့မယ်"

"ဟုတ်ကဲ့ မေမေ"

မိခင်ထွက်သွားတော့မှ သူ ပင့်သက်ရှိုက်လိုက်မိသည်။ မိခင်၏ ဆိုလိုရင်းကို သူ နားမလည်။

သူ တောင်းပန်လျှက်နှင့် သွေးကဘာကြောင့် ဝမ်းနည်းတကြီး ငိုသွားရသနည်း။

သူ သိအောင်တော့ ကြိုးစားရမည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၇)

"ကကဲ ခြင်းတောင်းထဲမှာ ရေဗူး၊ ထမင်းဗူး လက်သုတ်ပုဝါ၊ စုံပြီလား မိကွဲ"

"စုံပြီ"

"ဦးဖိုးထူး ကားထုတ်ထားပြီလား"

"မတွေ့သေးဘူး၊ ဆရာ့ကားပဲတွေ့တယ်"

သွေးထပ်မမေးတော့ ဒီနေ့မှ ခုချိန်အထိ အပြင်ထွ





တာ မတွေ့ရသေးသဖြင့် စိတ်ထဲ၌ ထူးဆန်းနေသည်။

နံနက်စာ စားသောက်ပြီး သူ၏ အတက်ခ်ချိုကော်စ်ကို ယူကာ. . .

"သားရေ ပြီးပြီလား၊ ဒီနေ့ ဖေဖေ လိုက်ပို့ပေးမယ်"

သွေးရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။

"ဖေဖေရိုက်မပို့နဲ့. မမနဲ့ပဲ သားတွားမယ်"

"အေးလေ မမနဲ့ပဲ သွားပါ၊ သားနဲ့မမကို ဖေဖေက လိုက်ပို့ပေးမှာပေါ့"

ကဲကဲမျက်နှာလေး ဝင်းပသွားသည်။ ကလေးတစ်ယောက်၏လိုအပ်ချက်၌ အဓိကမှာ မိခင်ဖခင်၏ ဂရုစိုက်မှုဝင် ဖြစ်သည်။

သွေးငြင်းရန် အခွင့်မသာချေ။

ကဲကဲ၏ စိတ်ချမ်းသာမှုကို ရှေးရှုကာ ဘာမှမပြောတော့ပဲ ပစ္စည်းများကို ကားပေါ်တင်လိုက်သည်။

"ကဲကဲ ဘွားဘွားကို ရှိခိုးပြီး သွားမယ်"

သွေးက အိမ်မှ အပြင်သို့ထွက်စဉ် အိမ်ဘုရားရှိခိုးအကြီးအကဲကို ရှိခိုးပြီးမှ ထွက်လေ့ရှိသော ထုံးစံကို ရထားပြီးဖြစ်သဖြင့် ထိုဓလေ့လေးကို ကဲကဲကိုပါ လက်ဆင့်ကမ်း သင်ကြားပေးထားသည်။

သွေးကိုယ်တိုင်လည်း ကြီးမေကို ကန်တော့သည်။ ကားပေါ်၌ စက်နှိုးပြီး စောင့်နေသော ဦးမင်းခန့်ကိုလည်း ကားနှာရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲကဲဖေဖေနဲ့ ရှေ့မှာ သွားထိုင်လိုက်နော်"

"ဟင့်အင်း မမနဲ့ပဲ ထိုင်မယ်"

"ထိုင်. . ထိုင်. . ကိုင်း ဖေဖေ ဘယ်သူ့ကျောင်းကို အရင်ပို့ရမှာလဲ၊ ကဲကဲ. . ."

"သားသားကျောင်းကို"

"ကောင်းပါပြီဗျာ"

ဦးမင်းခန့် သဘောကောင်းနေသည်။ နဖူးကြောကြီးများ တွန့်မနေတော့။

မျက်နှာကကြည်သာနေသောအခါ တော်တော်ချော မောခန့်ငြားသော ယောကျ်ားကြီးတစ်ယောက် ပါလားဟု သွေး သတိပြုလိုက်မိသည်။

သို့သော် ချက်ချင်းပင် မျက်နှာလွှဲကာ. .

"ကဲကဲ ဒီနေ့ ဆရာမတွေ သင်လိုက်တဲ့ ကဗျာလေးတွေကို သေသေချာချာ မှတ်လာနော်၊ ဒါမှ မမက ပြန်သင်ပေးလို့ရမှာ"

"ဟုတ်ကဲ့ပါ ချရာမ"

နောက်တီးနောက်တောက် အပြောကလေးတွေတို့လည်း ကဲကဲက လုပ်တတ်သေးသည်။

"မနက်ဖြန် ကျောင်းပိတ်သလား ချာတိတ်"

သွေးက မိမိအား ကလေးမဟု ခေါ်သောကြောင့် မိမိအား မေးသည်ဟု မထင်မှတ်ပဲ. . .

"ကဲကဲ ဖေဖေမေးနေတယ် ဖြေလိုက်လေ"





"သားကို မေးနေတာ မဟုတ်ဘူး၊ မင်းကိုမေးနေတာ၊ သားက စနေ၊ တနင်္ဂနွေပိတ်တယ်ဆိုတာ ငါ သိထားပြီးသား"

"မမဖြေရိုက်ရေ"

"ဟုတ်ကဲ့ပါ လူကြီးမင်း"

ကဲကဲကို အရင်တုန့်ပြန်လိုက်ပြီးမှ သွေးက. . .

"ကျွန်မလည်း စနေ၊ တနင်္ဂနွေ ပိတ်ပါတယ် ဆရာ"

"ကောင်းပြီ မင်းအိမ်အတွက် ပစ္စည်းတွေ လိုက်ဝယ် င်တယ်ပြောတယ်၊ ငါ မအားလို့ မပို့ဖြစ်တာ မနက်ဖြန် ာရှိလောက် လိုက်ပို့ပေးမယ်၊ ဖြစ်မလား"

"ရပါတယ် ဆရာ၊ ဦးဖိုးထူးနဲ့သွားလည်း ရပါတယ်"

"သိတယ်၊ ငါလည်း အိမ်အတွက် လိုအပ်တာတွေ ဝယ်ချင်သေးတယ်၊ သားအတွက်ကော သားက ဘာလို သလဲဆိုတာ စဉ်းစားထားနော်"

"ဟုတ်ကဲ့ပါ လူကြီးမင်း"

သွေး ပြုံးလိုက်မိသည်။ ချက်ချင်းပင် သွေးစကားကို ခိုးလိုက်သည်။ ဒါကြောင့် ဦးလေးက ဆုံးမလိုက်သည် တလေးတွေရှေ့မှာ မဟုတ်တာ မလုပ်မိစေနဲ့၊ မဟုတ် ပြောမိစေနဲ့ အတုခိုး အင်မတန် မြန်ဆန်သလို တတ် ကြတယ်၊ ကလေးတွေရဲ့ အနာဂါတ်ဟာ သူတို့ရဲ့ အနီး ဆုံး အုပ်ထိန်းသူအပေါ်မှာ မူတည်တယ် သမီးရဲ့"

သွေးအတွေးသို့ ဝင်ရောက်လာသည်နှင့် ဦးလေး



www.burmeseclassic.com

www.burmeseclassic.com



အား သတိရသွားသည်။ ဦးလေးအတွက်တော့ သားထော
သမီးခံ မရှိသော်လည်း မယားနှင့် တပည့်၏ ပြုစုမှုကြော
ပြန်လည်ကျမ်းမာကာ အေးချမ်းစွာ စာသင်ကြားသည်
တယ်လီဖုန်း လာသည်။ မိမိ၏ နောင်ရေးအတွက် စိတ်အေ
ချမ်းသာ သွားပုံရသည်။ ကျူရှင်မပြတော့သဖြင့် အေးအေ
စွာ အနားယူနိုင်ပုံရသည်။

သို့တိုင်အောင် အိမ်တိုင်ရာရောက် စာလာအေ
သော တပည့်များကိုတော့ စိတ်ရှည်လက်ရှည် ပြဆဲပင် ဖြ
လိမ့်မည်ကို သွေးမှန်းဆမြင်ယောင်နေမိသည်။

"သား ကျောင်းတက်ရတာ ပျော်ရဲ့လား"

"ပျော်ရယ်"

"အိမ်မှာ မမနဲ့နေရတာကော"

"အညားဂျီးပျော်ရယ်"

ဦးမင်းခန့် ဘာကြောင့် ထိုမေးခွန်းထုတ်သည်
သွေးသိပါသည်။

အလုပ်ရှင်တစ်ဦးက အလုပ်သမားတစ်ဦး၏ အ
အသွေးကို စမ်းသပ်နေခြင်းဟု သွေး နားလည်ခံယူပြီး
ဖြစ်သည်။

သွေးသည် တာဝန်ဝတ္တရားထက် ကဲကဲအ
ကိုယ်ချင်းစာတရား အပြည့်နှင့် စေတနာမေတ္တာထား
ဆံခြင်းဖြစ်ကြောင်းကို မိမိကိုယ်စောင့်နတ်ကလွဲပြီး ဘ
သိနိုင်ပါမလဲ။





သို့နှင့် ကဲကဲနေသော နေ့ကလေးထိန်းကျောင်းရှေ့
ရောက်သည်နှင့် သွေးကိုယ်တိုင် ကဲကဲကိုချီ၊ တဘက်က
သည်း ခြင်းတောင်းဆွဲပြီး တံခါးဝ၌ စောင့်နေသော ဆရာမ
အားလက်သို့ အပ်နှံလိုက်သည်။

"မမ တာ့တာ၊ ဖေဖေ တာ့တာ"

ကဲကဲ၏ အသံလေးက လွင်စီစွာ ထွက်ပေါ်လာ
သည်။

သွေးက "တာ့တာ ကဲကဲ ဝင်တော့နော်၊ မမလာကြို
မယ်"

"ဟုတ်ကဲ့"

ကဲကဲ သူ့အဆောင်ဘက်သို့ တောက်ဆတ်တောက်
ဆတ်နှင့် ထွက်သွားသည်။ နောက်လှည့်မကြည့်တော့။ သွေး
ကားရှိရာသို့ ပြန်လျှောက်ခဲ့သည်။

ကားနားရောက်တော့ လွယ်အိတ်နှင့် ထမင်းဗူးကို
လှမ်းယူလိုက်စဉ်. . .

"ဘယ်လဲ"

"ကျောင်းသွားတော့ မလို့ပါ"

"ဖိုးထူးက မင်းကို ဒီလိုပဲ ချထားပေးနေကြလား"

"မဟုတ်ပါဘူး၊ ကျောင်းအထိ လိုက်ပို့ပေးပါတယ်"

သွေးမဝံ့မရဲ လှမ်းကြည့်ကာ ဖြေလိုက်သည်။
ဦးမင်းခန့် မျက်နှာကြီးနီရဲကာ. . .

"ဒါဖြင့် ကားပေါ် မြန်မြန်တက်စမ်း၊ ဒီနေရာမှာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်က ဘတ်စ်ကားရှိလို့ ဘယ်လိုသွားမှာလဲကွ၊ မင်း ငါ့ကို ရွဲ့နေတာလား"

"ရှင် မဟုတ်ပါဘူး"

"မဟုတ်ဘူးဆို မြန်မြန်တက်လေ"

"ဟုတ်. ."

လူ့စိတ်တွေသည် ခန့်မှန်းရခက်သည်။

မနေ့ကပဲ မတူမတန်သလို ဆူပူခဲ့သည်။ ယခုတော့လည်း နားလည်၍မရအောင် သဘောကောင်းနေသည်။

ကားကို ဆောင့်ထွက်လိုက်ပြီး အတန်ကြာမှ. .

"မင်းက ဘာသဘောလဲ၊ ငါ့အပေါ် မကျေနပ်သေးဘူးဆိုတဲ့သဘောလား၊ ငါ ဘယ်လိုမျိုး ဘယ်လိုပုံစံနဲ့ တောင်းပန်မှ မင်းကကျေနပ်နိုင်မှာလဲ၊ ကဲ. . ပြော"

သွေး အံ့သြသွားသည်။ ဒါ လူစိမ်းတစ်ယောက်၏ သွေးအပေါ် အရေးပေးမှုလား၊ ချိုးနှိမ်မှုလား။

"ကျွန်မ ဆရာ့ကို မကျေမနပ်မဖြစ်ခဲ့ပါဘူး၊ ဒါကြောင့် ဆရာ တောင်းပန်စရာ မလိုပါဘူးရှင်"

သွေးက တုန်ရီလှိုက်မောစွာဖြင့် ပြောလိုက်သည်။

ဦးမင်းခန့်က ကားကို လမ်းဘေးသို့ ချရပ်လိုက်ပြီး စက်သပ်လိုက်သည်။

"ဟင်. ."

သွေးတုန်လှုပ်သွားသည်။

ဦးမင်းခန့်စည်သူသည် မိန်းမအရှုပ်အရှင်း ကင်း





သည်။ မိဘပေးစားသော မိန်းမကိုယူပြီး မိန်းမ၏ လော်လီဖောက်ပြားမှုကြောင့် အရှက်တကွဲ အကျိုးနည်း ဖြစ်ခဲ့ရသည့်နောက်ပိုင်း မိန်းမတွေကို ရွံရှာမုန်းတီးကာပို၍ ကင်းကင်းရှင်းရှင်း နေခဲ့သူဟု သတင်းကြီးခဲ့သည်။

ယခု ဦးမင်းခန့်သည် မိန်းမတစ်ယောက်ဖြစ်သော သွေးနှင့် လာရောက်ပတ်သက်နေလေပြီ။ သို့သော် ထိုပါတ်သက်မှုက အလုပ်ရှင်နှင့် အလုပ်သမားပုံစံမျိုးသာ ဖြစ်ကောင်းဖြစ်နေပေလိမ့်မည်။

"မင်း ဘာပြောလိုက်တာလဲ ပြန်ပြော၊ ငါ ကောင်းကောင်းမကြားရဘူး"

"ကျွန်မ ဆရာ့ကို မကျေမနပ်မဖြစ်ခဲ့ပါဘူး၊ ဒါကြောင့် ဆရာ မတောင်းပန်ပါနဲ့လို့ပါ"

ဦးမင်းခန့်က သွေးကို လှည့်ကြည့်လိုက်သည်။

ရုတ်တရက်မို့ ရှောင်လွှဲချိန်မရလိုက်သဖြင့် မျက်လုံးချင်း ဆုံမိကြသည်။

သွေး ရင်ခုန်သံ မြန်လာသည်။ မျက်လွှာချပစ်လိုက်သည်။

"မင်း တကယ်ကျေနပ်ခဲ့သလား"

"ကျေနပ်ပါတယ်ဆရာ၊ ဆရာပြောတာ ဆရာဆူတာ မှန်တာပဲ၊ အဲဒီအချိန်မှာ ဖွ မပြောကောင်းပြောကောင်း၊ [illegible] တစ်စုံတစ်ခု ဖြစ်သွားမယ်ဆိုရင် ကျွန်မကိုယ်ကျွန်မ လုံးဝ ခွင့်လွှတ်နိုင်တော့မှာ မဟုတ်ပါဘူး၊ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



အားလုံးရဲ့ မျက်နှာတွေထဲမှာ ကဲကဲမျက်နှာ တစ်ခုတည်းကို သာ အကြည့်သင့်ဆုံးပါ"

"မဟုတ်ပါဘူး၊ ငါ ရုတ်တရက် သားဇောစိတ်မွန် သွားလို့ပါ၊ ဒါပေမယ့် မင်း ကျေနပ်တယ်ဆိုရင် ဘာကြောင့် ငိုရတာလဲ"

မေးကာမှ ငိုချင်လာသည်။ သို့သော် စိတ်ကို ချုပ် တည်းထားရသည်။

"ဝမ်းနည်းလို့ပါ"

"ဘာဝမ်းနည်းစရာ ရှိသလဲ၊ ငါက တောင်းပန်တာ လေ၊ မင်း ငုဝါအပေါ် ထားတဲ့စေတနာကို ငါမသိလို့ မင်းကို ဆူလိုက်မိတဲ့ ငါ့အမှားအတွက် ငါက တောင်းပန်တာ"

သွေး ဘာပြောရမှန်းမသိတော့ ထိုတောင်းပန်မှု ပင်လျှင် သွေးနှလုံးသားတွေ အရည်ပျော်ကျသွားမတတ် ကြေကွဲဝမ်းနည်းရသည်။ ဒါကို သွေးကိုယ်တိုင် ဝေခွဲမရ

"ကျွန်. . ကျွန်မက ဝမ်းနည်းလွယ်တတ်လို့ပါ"
တိုးတိတ်စွာပြောရင်း ကျလာသော မျက်ရည်စများကို ပု ခတ်ကာ သိမ်းဆည်းလိုက်လေသည်။

ဦးမင်းခန့်ထံမှ သက်ပြင်းရှည်တစ်ခု ချလိုက်သံ သဲ ကို ကြားလိုက်ရပြီးနောက် ကားမောင်းထွက်ခဲ့လေသည်

သွေး ဦးမင်းခန့်ကို နားမလည်နိုင်သလို သွေးစိတ် သွေးလည်း နားမလည်နိုင်အောင် ဖြစ်မိလေသည်။

ထိုအချိန်မှစ၍ ဦးမင်းခန့်သည် သွေးကျောင်းရော





တဲ့အထိ စကားတစ်လုံးမှ မပြောတော့ချေ။

သွေးက ကားပေါ်မှဆင်းပြီး တံခါးကို ညင်သာစွာ ပိတ်လိုက်သည်။ နောက်. . .

"ကျေးဇူးတင်ပါတယ် ဆရာ၊ ကျွန်မကို ခွင့်ပြုပါဦး နော်"

"မလိုဘူးရတယ်"ဟု ပြောပြီး ကားမောင်းထွက်သွား လေတော့သည်။

သွေး ကျောက်ဆစ်ရုပ်သဖွယ် ငေးကြည့်ရင်း ကျန် ရစ်ခဲ့လေတော့သည်။ သွေး၏ နုနယ်သော သန့်ရှင်းဖြူစင် သော နှလုံးသားသည် ဦးမင်းခန့်ကြောင့် လှုပ်ခတ်စ ပြုလာ သည်ကိုတော့ သွေးရိပ်မိလာပြီ။

သို့သော် ထိန်းချုပ်မှုများဖြင့်သာ ထိန်းချုပ်ရင်း ကိုယ့် ဘဝကိုယ် နားလည်ရမည်ဟု သွေးဆုံးဖြတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၈)

ဘေွး နှင့်ပတ်သက်၍ မင်းခန့်ရင်တွေ လှုပ်ရှားလာသည်။

လှပသော မျက်ဝန်းထဲတွင် တုန်လှုပ်မှု အရိပ်အရောင်လေးများ ယှက်သန်းနေတတ်သည်။

ကိုယ့်အရိပ်၌ အားကိုးတကြီး ခိုကိုးနေရှာသော မိန်းကလေးတစ်ဦးအပေါ် အနိုင်ယူမိသလို ဖြစ်သွားမှာကို သူစိုးရိမ်သည်။



"ဖေဖေ သားတို့ကို ဒဂယ်ရိုက်ပို့မှာရား"

အိပ်ယာက နိုးနိုးခြင်း၊ မှုတ်ဆိတ်မွှေးရိပ်နေသော သူ့ထံ ကဲကဲက ရောက်လာပြီး မေးလိုက်လေသည်။

အိပ်ယာထ နိုးခါစ မျက်နှာလေး၌ သနပ်ခါးပါးကွက်ကြားလေး အကျီဘောင်းဘီ အသစ်များနှင့် ကြည်လင်လန်းဆန်းနေသောသားကို ကြည့်ရသည်မှာ မင်းခန့် ရင်ကိုပင် လန်းဆန်းသွားစေသဖြင့်. . .

"သား သွားချင်သလား"

"တွားချင်တာပေါ့"

"သွားချင်ရင် ဖွေဖေကို မွှေးမွှေးလာပေး"

"ဟာ ဖေဖေ အော်အော့တွေက သားကိုပေတူန်မှာပေါ့"

"အော်. . ဟုတ်သားပဲ၊ အေးအေး ဖေဖေရေချိုးပြီး ဆင်းလာခဲ့မယ်၊ ဘာမှ မစားတော့ဘူး၊ သားတို့ကို ဖေဖေစားသောက်ဆိုင်မှာပဲ ကျွေးမယ်"

"ဟေး. . ကျော်ရိုက်တာ"

မင်းခန့်က မြူးတူးပျော်ရွှင်စွာ ဟစ်အော်ပြီး အိပ်ခန်းထဲမှ ပြေးထွက်သွားသော ကဲကဲ၏ လုံးတစ်ကစ် နောက်ကြောကို ကြည့်ကာ စိတ်ချမ်းသာစွာ ပြုံးလိုက်မိလေသည်။

သူ့မျက်နှာပြင်၌ အပြုံးများ ပျောက်ဆုံးခဲ့သည်မှာ အဖော်ကြာနေခဲ့လေပြီ။ ယခုမှ အသစ်တဖန် ပြန်လည်မွေးဖွားလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကဲကဲ ဘဝနောင်ရေးအတွက် မိမိတစ်ယောက်တည်း နိုင်နင်းစွာ ထမ်းဆောင်နိုင်လိမ့်မည် မဟုတ်။ ပုခက်လွှဲသော မိခင်၏လက်သည်သာ သားသမီးများ၏ အနာဂါတ်ကို အပြည့်ဝဆုံး တာဝန်ယူနိုင်သူများ ဖြစ်ကြသည်။

ယောက်ျားနှင့်မိန်းမ စိတ်ရှည်ပုံခြင်း မတူညီကြပေ။

သူ စဉ်းစားမိရင်းမှ လုပ်စရာရှိသည်တို့ကို သွက်သွက်လက်လက် လှုပ်ရှားလိုက်သည်။

"ဖေဖေ ညံ့ညံ့ရှပ်ရေ"

"ပြီးပါပြီကွာ"

သူ အိပ်ခန်းထဲသို့ ထပ်မံရောက်လာသောသားအား ဒီတစ်ခါတွင်တော့ အမိအရ ချီပိုးကာ နမ်းရှုပ်လိုက်မိလေသည်။

"ဟာ. . ကျက်ကုန်တော့မှာပဲ"

သားက သူ၏ ကြမ်းတမ်းသော အနမ်းကိုပင် လက်မခံချင်တော့ ရုန်းကန်ချင်သည်။

"လာပါကွာ၊ မြန်မြန်ဆင်းရအောင် ဖေဖေချီသွားပါ့မယ်၊ သားမမကော"

"အောက်ခပ်မှာ"

ပိုက်ဆံအိတ်နှင့် သားကို ပွေ့ပိုက်ပြီး မနိုင်မနင်း ဆင်းလာသော သူ့ထံသို့ သွေးရောက်လာပြီး သားအား လက်လှမ်းလိုက်သည်။

ကဲကဲက လက်မလှမ်းမီကပင် ကိုယ်က ကိုင်းညွတ်





နေလေပြီ။

"မေမေ လိုက်ဦးမလား"

"မလိုက်ချင်ပါဘူး သားရာ၊ သားတို့ချည်းပဲ ဖြစ်ပါတယ်နော်၊ မိကျွဲကိုလည်း ခိုင်းချင်တာလေးတွေ ရှိနေလို့"

"ဖြစ်ပါတယ် မေမေ"

"အေး. . ဒါဖြင့် သွားကြတော့ နေပူမယ်"

"ကုန်တိုက်တွေထဲပဲ မေမေ ရပါတယ်"

"ဘွားဘွား တော့တာ၊ သားတို့က ဘွားဘွားကို ကန်တော့တယ်နော်၊ ဖေဖေက ကန်တော့ဘူး၊ ဖေဖေယူမိုက်"

ကဲကဲအသံက ညံ့စီနေသည်။ ကလေးတစ်ယောက်သည် အိမ်တစ်အိမ်ကို လွှမ်းမိုးနိုင်စွမ်းရှိသည်ကို မင်းခန့်သတိပြုမိလိုက်သည်။

ကလေးတွေ၏ ပင်ကိုယ်စရိုက် ရဲတင်းမှုများကို ဖော်ထုတ်ပေးနိုင်စွမ်းရှိသော သွေးကို သူ ကျေးဇူးတင်မိသည်။

"ဖေဖေတို့ မုန့်အရင် သွားစားမယ်နော်သား"

"ညံ့ညံ့စားနော် သားက ကစားချင်ဘိ"

"သားက မဆာလို့လား"

"သားက မုန့်နဲ့ ကော်ဘီ သောက်ပြီးဘိ"

"အစားပုတ်လေးပေါ့"

တွတ်တီးတွတ်တာ ပြောတတ်သော အရွယ်ကြောင့် မင်းခန့်ရင်ထဲ ချမ်းမြေ့ရသည်။ ကလေးတစ်ယောက်၏ တတ်မြောက်မှုသည် အနီးကပ် နေထိုင်သူတို့၏ အကျင့်စရိုက်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



တွင်လည်း မူတည်လေသည်။ ဗီဇလည်းကောင်း သွန်သင်ဆုံးမ နည်းပေးလမ်းပြမှုလည်းကောင်းလျှင် ထိုကလေးသည် ထူးချွန်ထက်မြက်ပေလိမ့်မည်။

ကဲကဲအတွက် ပူပန်မိသည်က ခတ္တာ၏သွေး ပါနေခြင်းကြောင့်ပင်. . . မင်းခန့် ထိုမျိုးရိုးဗီဇအတွက်တော့ စိတ်မချနိုင်အောင် ဖြစ်နေမိသည်။

သူငယ်ချင်းများနှင့် ရှယ်ယာတွဲကာ ဖွင့်ထားသော စားသောက်ဆိုင်၌ပင် သားတို့နှင့်အတူ နံနက်စာ စားသောက် လိုက်သည်။

သားသည် အတော်ကိုပင် သေသပ် သပ်ရပ်စွာ စားသောက်တတ်နေလေပြီ။ သွေး၏ ဂရုတစိုက် ပြုပြင်ပေးမှုကိုလည်း တွေ့ရသည်။

နောက် သားကို ကစားကွင်းခန်းကို အရင်ပို့ပေးပြီး ကစားစေသည်။ သူ စောင့်ကြည့်ပေးနေစဉ် သွေးက ဈေးဝယ်လေသည်။ သွေးဝယ်ထားသော ပစ္စည်းများကို ကောင်တာ၌ ကွန်ပျူတာနှင့် စာရင်းတွက်နေစဉ်၌ သူတို့သားအဖ ရောက်သွားသည်။

“များလှချည်လား”

“ကြီးမေနဲ့ စာရင်းပြုစုပြီးမှ ဝယ်တာပါ ဆရာ”

သွေးက သူ့အား ခပ်အေးအေးပင် ပြန်ဖြေလေသည်။ လောကဓံ၏ ရိုက်ခတ်မှုကြောင့် သွေးသည် ရင့်ကျက်တည်ငြိမ်နေလေပြီ။





မင်းခန့်က အထုပ်များကို ကူသယ်ပေးသောအခါ သွေးက အားနာပြုံးဖြင့်. . .

“ရပါတယ်ဆရာ၊ သွေး နှစ်ခေါက်သုံးခေါက် သယ်လိုက်ရင်”

“မင်း ပြောင်းပြန်မပြောနဲ့ကွာ၊ မင်းကိုသာ တို့ အားနာရမှာ”

“သားရဲ ကူတယ်မယ်”

မိသားစုတစ်ခုဘဝကို ရောက်ရှိလိုက်သလိုမျိုး ယခုမှ မင်းခန့် ခံစားခွင့် ကြုံလိုက်ရလေသည်။ ကဲကဲကို ပေါ့ပါးသော ပစ္စည်းပေးလိုက်ပြီး သူတို့က လက်နှစ်ဖက် မအားအောင် လွှဲရလေသည်။ ထိုကြားထဲက သွေးသည် ကဲကဲကို မျက်ခြေ ပြတ်မခံပါ၊ လက်ချင်းရအောင် တွဲသေးသည်။

ကားနောက်ခန်းတွင် ပစ္စည်းများ တင်လိုက်သည်။ ကျန် ကျန်သောပစ္စည်းများကို သွေးက သွားယူဟန်ပြင်သော အခါ. .

“နေ. . ကလေး ကိုယ်သွားယူလိုက်မယ်”

မင်းခန့်က သွေးအား ဟန့်တားပြီး သူပင် ကုန်တိုက် ထဲသို့ ပြန်ဝင်ကာ သွားယူသည်။ ပစ္စည်းအကြီးအမားတွေက တော့ စရံပေးထားခဲ့ပြီး ဖြစ်သည်။ ဝန်ဆောင်မှုအတွက်ပါ ပြီးပြီဖြစ်သဖြင့် အိမ်တိုင်ရာရောက် လာပို့လိမ့်မည်။

“စုံပြီလား”

“စုံပါပြီဆရာ”



www.burmeseclassic.com

www.burmeseclassic.com



"ဗိုက်ဆာပြီ ဖေဖေ"

"တစ်နေရာရာမှာ ဝင်စားမယ်လေ"

"အိမ်မှာ ဒေါ်လေးစိန်က သေသေချာချာ ချက်ထား မယ် ပြောပါတယ်၊ ကဲကဲအကြိုက် ကြက်သားလုံး အကျော် ကြော်လည်း ပါတယ်၊ အိမ်မှာပဲ ပြန်စားရအောင်နော် သား"

"အင်း ဖေဖေကော စားမှာရား"

"သားစားရင်း ဖေဖေလည်း စားမှာပေါ့ကွာ"

ကဲကဲ မပူဆာတော့၊ မျက်လုံးလည်း လေးလာပြီဖြစ် သော ကဲကဲကို အိပ်မပျော်စေရန် သွေးက မြင်ပရှုခင်းများအ ကြောင်းကို ပြသ အစဖော်ပေးရင်း ကဲကဲစိတ်ဝင်စားလာ အောင် စွဲဆောင်သည်။ ကဲကဲက စိတ်ဝင်စားစွာ မေးသမျှကို ဖြေပေးရင်း အိမ်သို့ရောက်လာချိန်၌ ကဲကဲကို ချီသွားပြီး ရေ ဘတ်တိုက်ပေးကာ အဝတ်လဲပေးပြီး ထမင်းတန်းကျွေးသည်

"ထမင်းကုန်အောင်စားမှ နွားတွေနဲ့ လယ်သမား တွေက စိတ်ချမ်းသာမှာ"

"ဘာဖြစ်ရို့ရဲ မမ"

၄၄ ငိုက်မြည်းစပြုလာသော ကဲကဲကို သွေးက စကား ဆန်းနှင့် ဟန့်တားစွဲဆောင်လိုက်မြန်သည်။

"နွားတွေက သူတို့ ပင်ပင်ပန်းပန်း ထွန်ယက်စိုက် ထားတဲ့ ဆန်စပါးကို အလဟဿဖြစ်လိုက်ရင် သူတို့ ပင်ပ ရကျိုး မနပ်လို့ဆိုပြီး စိတ်ဆင်းရဲလို့ မျက်ရည်တောင် တယ်တဲ့"





"နွားကြီးရေ ငိုတယ် ဟုတ်ရဲ့ရား. . ကဲကဲ တွေ့ဘူး"

"ကဲကဲတွေ့ဖူးအောင် ကျောင်းပိတ်ရက်မှာ မမလိုက် ပြပေးမှာပေါ့၊ ဟာ. . ဟာ ဒီတစ်လုပ်ပဲ ကျန်တော့တယ်၊ ပြီးရင် ရေသောက်မယ်"

ကဲကဲ မရတော့၊ ဆော့ကစားထားသော အရှိန်ဖြင့် ရေသောက်အပြီး၌ မျက်တောင်တံခါး ပိတ်လိုက်လေပြီ။

ဦးမင်းခန့်သည် အပန်းဖြေရင်း ဖုန်းတစ်လုံးဖြင့် ဘူမိဗေဒသို့ လိုအပ်သည့် ကိစ္စများကို လမ်းညွှန်မှာကြားလိုက် ၍ သွေးလှုပ်ရှားသမျှကို အကဲခတ်လိုက်သည်။

"ကဲကဲကို သွားသိပ်လိုက်ဦးမယ်"

"ထားပါသမီးရယ် မီကျွဲသွားသိပ်လိုက်"

"ရပါတယ် လက်ပြောင်းရင် နိုးသွားမှာ စိုးလို့ပါ. . ၊ အောက်ထပ်အခန်းမှာပဲ သိပ်လိုက်မယ်နော် ကြီးမေ"

"အေးအေး. . သိပ်လိုက် ကြီးမေလည်း မြေးနဲ့ခဏ ခိုလိုက်ဦးမယ်"

"ဟင်. . မေမေ ထမင်းမစားတော့ဘူးလား"

"စားပြီးသွားပြီသား မင်းတို့ပဲ စားကြတော့"

မင်းခန့်စိတ်ထဲ အဲဒါမှ ပြဿနာဟု တလိုက်မိသည်။ သွေးကို မနည်းခေါ်ရလိမ့်မည်ထင်သည်။ အမှန်တော့ သွေး အတူ ထမင်းလက်ဆုံ စားချင်လာသည်။ သွေး၏ လှုပ်ရှား မှုတွေ သားနှင့်အတူ ပြောဆိုနေပုံလေးတွေ ကြည့်ရခြင်း သူ့စိတ်ကို ချမ်းမြေ့စေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ခန့် ဒေါ်စိန် ထမင်းပွဲ ပြင်ထားပြီးပြီ"

"သွေးကိုခေါ်လိုက်ပါ ဒေါ်စိန်၊ ဆယ့်နှစ်နာရီ ကျော်နေပြီ၊ ဒေါ်စိန်ကော စားပြီးပြီလား"

"အစ်မနဲ့ စားပြီးပြီ"

သွေးကို ဒေါ်စိန်သွားခေါ်သည်။ သွေးက ခပ်ရှိုးရှိုးလေး လိုက်လာသည်။

မင်းခန့် ဟိတ်ကြီးဟန်ကြီးနှင့် စောင်မနေနိုင်ပဲ ထမင်းပွဲ၌ ဦးအောင်ပင် ထိုင်နေလိုက်သည်။ ထိုစဉ် သွေးက သူ့ထမင်းပန်းကန်ထဲ ထမင်းကို ဦးစွာခပ်ထည့်ပေးသည်။

နောက် ဟင်းများဦးချတော့

"စားပါ မိန်းကလေး မင်းလည်း စားပါ"

မင်းခန့် ဤကလေးမ၏အမည်နှင့် ပတ်သက်၍ လုံးဝ မခေါ်မိသေး၊ ကလေးမ၊ ချာတိတ်၊ ကလေး၊ မိန်းကလေးဟုသာ သုံးမိသည်။ တစ်လုံးတည်းရှိသော နာမ်မည်အတွက် ထူးခြားသော အခေါ်ကလေးတစ်ခုတော့ သုံးချင်ပြီ။

"လောလောဆယ်တော့ "မိန်းကလေး"ဟုပဲ သူ့မြင်မြတ်နိုးနိုး ခေါ်မိခြင်းကိုတော့ မိန်းကလေးက သိမည်မထင်။ ကဲကဲမိခင်တုန်းကတောင် ဤကဲ့သို့သော စိတ်ကြည်နူးမှုမျိုး လုံးဝမရရှိခဲ့၊ ဤမိန်းကလေးနှင့်တွေ့မှ သူ့ဘဝသည် အဓိပ္ပါယ် ရှိလာခဲ့ပေပြီ။

"မိန်းကလေး စာတွေဘာတွေ လိုက်နိုင်ရဲ့လား"

"လိုက်နိုင်ပါတယ်"





"ဟုတ်ရဲ့လား ကိုကိုတို့တုန်းကတော့ ကျူရှင်တွေဘာတွေ ထပ်ယူရသေးတာ၊ မင်း လိုအပ်ရင် ယူပါ သားအတွက်က ဒီလိုပဲ ညှိညှိနှိုင်းနှိုင်း လုပ်ကြတာပေါ့"

အံ့အားသင့်သွားသော မျက်လုံးဝိုင်းကြီးဖြင့် မယုံကြည်နိုင်သလို ကြည့်လိုက်သည်။ နောက် ချက်ချင်းပင် မျက်နှာလွှဲပြီး . . .

"လိုက်နိုင်ပါတယ်၊ ကျွန်မ တကယ် လိုက်နိုင်တာပါ ဆရာ၊ ဒီမှာနေရတာ ကျွန်မအတွက် အချိန်ပိုတွေ အများကြီး ထွက်လာသလို လူလည်း တစ်ခါမှ မနေခဲ့ဘူးတဲ့ သက်သာမှုမျိုး ဇိမ်ကျမှုမျိုး ရှိတဲ့အတွက် ကျွန်မ လန်းလန်းဆန်းဆန်းနဲ့ကို စာကျက်နိုင်ပါတယ်"

"အဲဒီလောက်အထိ ကိုယ့်ကိုယ်ကို မနှိမ့်ချပါနဲ့ မိန်းကလေးရယ်၊ မင်းဘဝကို မမေ့တတ်ဘူးဆိုတာ ငါ ယုံကြည်ပါတယ်၊ ပြီးတော့ . . မင်း သားအပေါ် ထားတဲ့စေတနာကိုလည်း အသိအမှတ်ပြုပါတယ်"

သူ့ရင်ထဲက လှိုက်လှဲသော စကားပင်၊ သူ့အား အိမ်ထပ်ချင်လာအောင် ဖန်တီးနိုင်စွမ်းရှိသော ဤမိန်းကလေးအတွက် သူ တစ်ခုခု ချီးမြှင့်ချင်ပြီ၊ သို့သော် သူ၏ မေတ္တာအပေါ် သနားအပေါ် အထင်အမြင် လွဲမှားသွားမှာကို ကြောက်မိသသည်။

မိန်းကလေး၏ မဝံ့မရဲ ဟန်လေးတွေကိုပဲ သူ သဘောကျမိပြီ။ နွားအို မြက်နုကြိုက်ဟု အပြောခံရမှာ စိုးရိမ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထမင်းစားပြီးနောက်. . .

"မိန်းကလေး"

"ရှင်. . "

"ငါ ဒီနေ့ ညစာစားပွဲတစ်ခု သွားစရာရှိတယ်၊ အပြန် မိုးချုပ်မယ်၊ မေမေအိပ်နေပြီထင်တယ်၊ မင်းပဲ ပြောလိုက် တော့နော်"

"အကျီလဲဖို့ကော ဆရာ"

"ရုံးခန်းဘီဒိုထဲမှာ လေးငါးစုံ အပိုထားထားတယ်"

မိမိအတွက် ပူပန်မှုလေး ရှိပါသလားဟု သိလိုက်ရ သဖြင့် ရင်ဆဲ သိမ့်ခနဲ ကြည်နူးသွားမိသည်။ ခက်နေပြီ အ သက်အရွယ်ကွာခြားသော မိန်းကလေး ဖြူဖြူစင်စင် သန့် သန့်စင်စင် အပျိုစင်ကလေးကိုမှ စိတ်ဝင်စားမိရတယ်ရယ်လို့

မင်းခန့် အတက်ချချိုကော်စ်ကို ဆွဲယူကာ ကားမောင်း ထွက်ခဲ့လေသည်။

အိမ်ကထွက်လာရသည်နှင့် ရင်ထဲမှာ ဟာတာတာ နာတာတာ ဖြစ်လာသည်။ ဘယ်တုန်းကမှ အိမ်မကပ်ချင် သောသူသည် ယခုတော့ အိမ်ကပ်ချင်လာပါလား။

ဩော် သားတင်မက အဖေသည်ပင်လျှင် လက်သာ သောသူအပါး နေချင်ပြီထင့်။





# အခန်း(၁၉)

သွေး ဦးမင်းခန့်ကို စောင့်နေခြင်း မဟုတ်ပါ။ သို့သော် စာကျက်နေသောသွေးသည် ဦးမင်းခန့်အား အလို လျောက် စောင့်နေသကဲ့သို့ ဖြစ်သွားသည်။

သွေးနှင့် ကဲကဲအခန်းသည် ခြံအဝင်အထွက်တံခါးကို မြင်နေရသော အခန်းဖြစ်သည်။

ည ဆယ့်တစ်နာရီခန့်တွင် ဦးမင်းခန့် ပြန်လာသည်။

www.burmeseclassic.com



သူ့၌ သော့အပိုတစ်ချောင်း ပါလိမ့်မည်ဟု သွေးမသိခဲ့ပါ။ သိခဲ့ရိုးမှန်ပါက သွေး လုံးဝဆင်းဖွင့်ပေးလိမ့်မည် မဟုတ်ခဲ့ပါ။

အဘယ်ကြောင့်ဆိုသော် ရက်ပိုင်းအတွင်း မိမိအ ပေါ် အပြောအဆို ပြောင်းလွဲလာသော ဦးမင်းခန့်နှင့် ရင်ဆိုင် ဖို့အရေး သွေး ရင်တွေခုန်နေတတ်ခြင်းကြောင့် ဖြစ်သည်။

ဦးမင်းခန့် ကားဝင်လာသည်နှင့် သွေး အောက်ထပ် သို့ဆင်းကာ တံခါးဖွင့်ပေးလိုက်သည်။

အရက်နံ့ မရသဖြင့် သောက်တတ်ပုံမရသော ဦးမင်း ခန့်ကို သွေး အံ့ဩမိသည်။

"အို . . မင်း မအိပ်သေးဘဲကိုး"

"ကျွန်မ ဆယ့်နှစ်နာရီအထိ စာကြည့်တတ်ပါတယ် ဆရာ"

"ဒီလိုဆို မင်း အိပ်ချိန်တွေ သိပ်နည်းနေမှာပေါ့"

"ငါးနာရီဆိုတဲ့အိပ်ချိန်ဟာ သွေးအတွက် လုံလော ပါတယ်ဆရာ"

"အားလုံး အိပ်ကုန်ကြပြီလား"

"ဟုတ်ကဲ့ဆရာ ဘာခိုင်းချင်လို့လဲ"

ဦးမင်းခန့်က

"ပင်လယ်စာတွေ သိပ်များသွားတယ်ထင်တယ်၊ ခေါင်းတောင့်ပြီး အန်ချင်သလိုဖြစ်နေလို့ တစ်ခုခု"

စကားမဆုံးခင် ဦးမင်းခန့်သည် ထမင်းစားခန်း





ဇင်ဇလုံဆီသို့ ပြေးသည်။ သို့သော် နောက်ကျသွားသည်။ လမ်းမှာပင် ထိုးအန်လေသည်။ သို့သော် လက်ခုပ်နှင့်ခံကာ ဘေဇင်၌ သွန်ချကာ ရေဖွင့်ချ ဆေးကြောရင်း ဆက်အန်လေ သည်။

သွေး ဦးမင်းခန့်၏ နောက်ကျောကို နှိပ်ပေးသည်။ သောက်ရေ ခပ်ပေးလိုက်သည်။ သူစိမ်းယောက်ျားတစ်ဦးဟူ သောအသိကို သွေး အမှန်တကယ် မေ့နေသည်။

"ရတယ် ရတယ်ထားလိုက် မိကျွဲ နှီးလိုက်ပါ"

ကြမ်းပြင်မှ အန်ဖတ်အချို့ကို သွေးက ရေဝတ်နှင့် သုတ်သင်ပေးသောအခါ ဦးမင်းခန့်က အရမ်းအားနာဟန်နှင့် ဆွဲထူမတတ် တားလေသည်။

"ရပါတယ်ဆရာ အပန်းမကြီးပါဘူး၊ ကျွန်မ မရွံ တတ်ပါဘူး၊ ဆရာ အကျီလဲလိုက်နော်"

"ရေချိုးလိုက်မယ်"

"မလုပ်ပါနဲ့ဆရာ အအေးပတ်သွားမယ်"

"မနေတတ်ဘူးကွာ"

ကလေးတစ်ယောက်လို ပြောနေသော ဦးမင်းခန့်ကို ကြည့်ပြီး သွေး ရယ်ချင်စိတ် မြိုသိပ်လိုက်ရသည်။ ကလေးဆိုး ကြီးလိုပါပဲလား၊ ကဲကဲသာဆိုပါက မမစကားနားမထောင် ရင် မမက မချစ်တော့ဘူးနော်ဟု ပြောလိုက်မိပေမည်။ ကဲကဲ အမေကိုတော့ဖြင့် . . .

"ဒါဖြင့်လည်း ရေနွေးနဲ့ပဲ ချိုးနော်ဆရာ၊ ပြီးရင် . .



www.burmeseclassic.com

www.burmeseclassic.com



ဘလက်ခ်ကော်ဖီလေးနဲ့ အစာကြေဆေးလေး သောက်လိုက်ပါနော်၊ ကျွန်မ အပေါ်ထပ်ဧည့်ခန်းမှာ ထားပေးထားပါမယ်"

"ကောင်းပြီ ကျေးဇူးပဲ၊ မင်း စာကျက်ချိန်တွေကို ထိခိုက်သွားပြီထင်တယ်၊ နောက်ဆို မဖွင့်ပေးနဲ့ ကိုယ့်မှာ သော့ပိုပါတယ်"

"ဟုတ်ကဲ့ ဆရာ"

မင်းခန့်၏စိတ်ဓါတ်ကို ချီးကျူးမိသည်။ တကိုယ်ကောင်းမဆန် အခွင့်အရေးသမားလည်းမဟုတ်၊ သွေး၏ကျောကုန်းကို နှိပ်ပေးခြင်းကိုပင် အားနာ၍နေသည်။

သွေးက ဘလက်ခ်ကော်ဖီလေးနှင့် အစာကြေ ဆေးနိုင်ဆေးပြားတို့ကို ဗန်းကလေးထဲ သေသပ်စွာ ပြုပြင်ထည့်ပြီး အပေါ်ထပ်ဧည့်ခန်း၌ ထားလိုက်သည်။ လှေခါး အတက်အဆင်း၌ ညအိပ်အင်္ကျီဖားဖားနှင့် ဦးမင်းခန့်နှင့် ဆုံမိပြန်သည်။

"မနက်ဖြန် ဘယ်သွားချင်သေးသလဲ"

"ဘယ်မှမသွားဝါဘူးဆရာ"

"ဆန်းဒေးမှတ်လား၊ ကိုယ်နိုးလာတာနဲ့ ကျောင်းတန်းရေလယ်ဘုရား ပို့ပေးမယ်၊ သားကိုငါးတွေ အစားကျွေးနိုင်ရမယ်၊ သူပျော်မှာ"

သွေး ဝမ်းသာသွားသည်။

သွေး လုံးဝမရောက်ဖူးသော နေရာပင်၊ သွေးဘဝနွားခြေရာခွက်ထဲက ဖားသူငယ်ပမာ ညောင်လေးပင်၌





လောက်၌ ကမ္ဘာပမာ နေခဲ့ရသည်။ ရန်ကုန်ရောက်ပြန်တော့လည်း ပညာရေးအတွက် ရုန်းကန်ရင်း ငွေကုန်မခံနိုင် အချိန်ကုန်မခံနိုင်ခဲ့သဖြင့် ရွှေတိဂုံဘုရားကလွဲလျှင် ဘယ်ကိုမှ ဘုတ်တိပတ်တိမရောက်ဖူးပေ။

များသောအားဖြင့်တော့ စာအုပ်တန်းသို့သာ ဆင်းကာ ဆေးပညာနှင့်ပါတ်သက်သော စာအုပ်ဟောင်းများကို ဈေးသက်သက်သာသာနှင့် ဝယ်ယူကာ ရှာဖွေဖတ်ရှုရလေသည်။

"ဘယ့်နှယ့်လဲ"

"ကောင်းပါတယ်ဆရာ ကျွန်မလည်း မရောက်ဖူးပါဘူး"

"ဟင် ရန်ကုန်ရောက်တာ နှစ်နှစ်ကျော်ပြီ မှတ်လား"

"ကျွန်မဘဝမှာ အပန်းဖြေခရီး ဘုရားဖူးခရီးဆိုတာတို့အတွက် ငွေကုန်ကြေးကျအတွက်တော အချိန်တော မပေးနိုင်ခဲ့လို့ပါ ဆရာ"

ပြောရင်း မျက်ရည်များက ရစ်သိုင်းဖွဲ့ဝင်လာသည်။ သို့သော် ချက်ချင်းပင်. . .။

"ခွင့်ပြုပါ ဆရာ"ဟု ပြောပြီး ချာခနဲ ပြန်လှည့်ထွက်ကာ အောက်ထပ်သို့ ခပ်သုတ်သုတ် ဆင်းခဲ့သည်။

"ဖြစ်ရလေ မိန်းကလေးရယ်"ဟု ညည်းတွားလိုက်သော ဓရုဏာသံသဲ့သဲ့က သွေးကိုယ့်ကိုယ်ကိုယ် နှင့်မလွှတ်နိုင်အောင် ခံစားလိုက်ရသည်။ ယောက်ျားတစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်ခံထိုးကာ သွေးဆောင်ယူသလို ဖြစ်သွားမှာကို စိုးရိမ်သည့်ကြားက မိမိသည် မျက်ရည်ခံထိုးမိသလိုများ ဖြစ်နေပြီလား။

ထိုည စာမကျက်တော့ပဲ အိပ်ပစ်လိုက်မိလေတော့သည်။

ဦးမင်းခန့်ဆိုသော လူကြီးသည် မိမိစိတ်ကို ဖမ်းစားအနိုင်ယူနေလေပြီကို အတတ်သိလေပြီ။







# အခန်း(၂၀)

သံလျင်သို့သွားစဉ် ဦးမင်းခန့်နှင့် သွေးရင်းနှီးမှုက ပိုမိုလာခဲ့သည်။ ခေါ်တာတောင် တယုတယနှင့် မိန်းကလေးတလေးဟု ခေါ်တတ်သည်။ နေပူနေပြီ မိန်းကလေးဟုဆိုကာ ထီးမိုးပေးတတ်သည်။

"ရေစပ်မှာချော်မယ်၊ ပေး . . သားကို ကိုယ်ချီမယ်"

'ငါ'အစား'ကိုယ်'ဟူသော အညွှန်းနာမ်စားကို သူ



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလွဲသုံးတတ်လေပြီ။

"သားရယ် ဖေဖေချီပါ့မယ်၊ မမ ညောင်းရောပေါ့"

သူစိမ်းယောကျ်ားတစ်ဦး၏ ညှာတာမှုများကို သွေး ကြုံတွေ့ခဲ့ရသည် မှန်သော်လည်း ဘယ်သူကမှ သွေးအား ရင်ခုန်အောင် မဖန်တီးနိုင်ခဲ့ပါ။

ယခုလို တစ်ခုလပ် ကလေးတစ်ယောက်အဖေနှင့် တွေ့မှ သွေး၌ ရင်ခုန်ခြင်းတို့ မွေးဖွားလာရသည်ကို သွေး မကျေမနပ် ခံစားလိုက်ရသည်။

"ဖေဖေ အညဲရိုက်ပို့နော်၊ ကဲကဲကျော်ရယ်"

"သားသားက မမစကား နားထောင်တယ်၊ လိမ္မာ တယ်လို့ပြောရင် ဖေဖေက သားနဲ့ မမ ကျောင်းပိတ်ရက်တွေ မှာ အမြဲပို့ပေးမယ်"

"ဖေဖေက အားလို့လား မေးပါဦး ကဲကဲရယ်"

သွေးက ကြားမှဝင်၍ စကားကြောင်းပေးလိုက် သည်။ ဦးမင်းခန့်က ဟက်ခနဲ တစ်ချက်ရယ်လိုက်ပြီး. . .

"မအားလည်း အားအောင်ကို ဖေဖေက ကြိုးစားပေး ပါ့မယ်လို့ ပြောလိုက်သား"

"ဟာဂျာ ကဲကဲ မကြောတော့ဘူး၊ ဖေဖေတို့ပဲ ကြော နေကြတော့"

ကဲကဲက စိတ်ရှုတ်လာသလို သူ့ခေါင်းသူပွတ်ပြီး ပြောလိုက်သောအခါ သွေးဟန်မဆောင်နိုင်ပဲ ရယ်လိုက်မိ သည်။ ဦးမင်းခန့်ကိုယ်တိုင် သွားတွေပေါ်အောင် ပြုံးလိုက်





သောအခါ သွေးသည် ဦးမင်းခန့်၏ ညီညာသော သွားစွယ် တန်းကလေးများနှင့် အပြုံးကြည်လင်မှုကို သဘောကျစွာ ခိုးကြည့်လိုက်မိလေသည်။

မချစ်စဖူး အချစ်ဦးက ရင်ကို ထူးကဲစွာ ရိုက်ခတ်စေ သည်။ ခက်ပြီ မိသွေးရယ်၊ ဘဝချင်းက မတူလေပြီ၊ ညည်း အချစ်ကို ဘယ်သူက တန်ဖိုးထားမှာလဲ၊ ဦးမင်းခန့်စည်သူ၏ ချမ်းသာကြွယ်ဝမှု အရှိန်အဝါအောက်မှာ ညည်းအချစ်တွေ ဟာ နင်းပြားဖြစ်သွားမှာ အလကား မွမွကြေသွားမှာ၊ ညည်း အနာဂါတ်ကို အချစ်နဲ့ လောင်တိုက်မသွင်းလိုက်ပါနဲ့"ဟု. . ကိုယ့်ကိုယ်ကိုယ် ဆုံးမကာ ချက်ချင်းပင် ပျော်ရွှင်မှု စိတ်လှုပ် ရှားမှုများကို ရုပ်သိမ်းပစ်လိုက်ရသည်။

"မိန်းကလေး"

"ရှင်. ."

"ဘာဖြစ်လို့လဲ နေမကောင်းဘူးလား၊ ခေါင်းကိုက် သလား၊ ပြန်ချင်ပြီလား"

ကြည်နူးဆွတ်ပြန်ဖွယ်ရာကောင်းစေသော မေးခွန်း များဖြင့် ဂရုတစိုက်မေးလာမှုကို သွေးခံစားလိုက်ရသည်။

"မဟုတ်ပါဘူး၊ ဘာမှမဖြစ်ပါဘူး ဆရာ"

"ဒါဖြင့် စာကျက်ချိန်တွေကိုများ ထိခိုက်စေလို့လား"

"မဟုတ်ပါဘူး၊ ကျွန်မ ပျော်ပါတယ်"

အပြန် ကားပေါ်အတက်၌ ကဲကဲက ညစ်ကျယ် ကျယ် လုပ်လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ကဲကဲ ရှေ့မှာ ထိုင်ချင်ဒယ် မမ"

"ထိုင်လေ"

"ဟင့်အင်း မမရဲ ထိုင်ရမယ်"

"မမ နောက်မှာပဲ ထိုင်မယ်၊ လာ ကဲကဲက အိပ်မှာ တော်ကြာ ဖေဖေကားမောင်းတာ ထိသွားဦးမယ်"

"ဟင့်အင်း ရှေ့မှာပဲ ထိုင်မယ် ထိုင်မယ်"

ခြေဆောင့်ကာ ဆန္ဒပြလေပြီ။

အိပ်ချင်၍ တမင်ညစ်ကျယ်ကျယ်ဖြစ်လာကြောင်း သွေးကသိသည်။

"ထိုင်လိုက်ပါ မိန်းကလေးရယ်၊ ရှေ့မှာလည်း အကျယ်ကြီးပဲဟာ ပြီးတော့ မင်းကိုလည်း ငါက ကိုက်မစားပါဘူး"

"မဟုတ်ပါဘူး ဆရာ. . ကျွန်မ"

သွေးမည်ကဲ့သို့ စကားဆက်ရမှန်း မသိချိန်၌. .

"ငါသိတယ် ငါလို တစ်ခုလပ်တစ်ယောက်နဲ့ စီးရမှာ မင်း ဂုဏ်သိက္ခာ ကျမယ်ထင်လို့"

"မဟုတ်ပါဘူး ဆရာ"

ဦးမင်းခန့် မျက်နှာ နီရဲလာပြီး ကဲကဲကို ကောက်ချီ ကာ နောက်ခန်းသို့ ပစ်တင်သောအခါ ကဲကဲက ရုတ်တရက် လန့်သွားပြီး အော်ငိုလေသည်။

သွေးက မိခင်ကျားသစ်မသဖွယ် ဦးမင်းခန့် လက်မှ ကဲကဲကို လုယူကာ. .





"ဆရာ အဲဒီလို အကြမ်းအတမ်းမလုပ်နဲ့ ကလေး ကြောက်သွားပြီ. ."

"ဟင့်အင်း. . ဟင့်အင်း. . ဖေဖေနဲ့ ထော်ဘူးထော် ဘူး"

"မခေါ်နဲ့ ဘယ်သူမှ မခေါ်ကြနဲ့"

ဦးမင်းခန့်က ပြောပြောဆိုဆို နောက်ခန်းတံခါးကို ဆောင့်ပိတ်ပေးပြီး ရှေ့ခန်းသို့ ကူးပြောင်းလိုက်သည်။

"ကဲကဲ ရှေ့မှာ ထိုင်ဦးမလား"

သွေးက ဦးမင်းခန့်ကို အရေးမစိုက်နိုင်အား ကဲကဲ တို့သာ ချော့လိုက်ရင်း. . .

"ထိုင်တော့ဘူး၊ ဖေဖေကို မုန်းဒယ်၊ ဖေဖေလူဆိုး ကြီး"

ဦးမင်းခန့် မျက်စိမျက်နှာ ပျက်သွားသည်။

"ဖေဖေက လူဆိုးမဟုတ်ပါဘူး သားရယ်၊ ကဲ မမ လည်း ကဲကဲနဲ့အတူ ရှေ့မှာထိုင်မယ်နော်"

ဦးမင်းခန့် မျက်နှာညိုခြင်းကို မကြည့်ရက်အောင် သွေးခံစားလိုက်ရသည်။ ချစ်တတ်လွန်းသော သွေးစိတ်ကပင် ယှဉ် သွေးအား အနိုင်ယူလွှမ်းမိုးတော့မည် ထင်ပါသည်။

ကဲကဲက ဘာမှမပြောဘဲ သွေးအား တောက်တဲ့ကပ် ပြီးတာပ်နေအောင် ဖက်တွယ်ကာ ကပ်ထားသည်။ သွေးအား ကော်အခဲ ဖြစ်နေစဉ်မှာပင်၊ ဦးမင်းခန့်က ရှေ့တံခါးကို လှမ်း ဖွင့်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲကဲကို ဖေဖေက မအော်ပါဘူး၊ အရမ်းလည်း မလုပ်တော့ဘူးနော်၊ တက်. . သား"

ထိုအခါကျမှ ဘသားချော ကဲကဲက သွေးကိုယ်ပေါ်မှ ခိုကာ ကားပေါ်သို့ အေးဆေးစွာ ဖင်ကွေ့ထိုင်လိုက်သည်။ သွေးတက်ပြီး တံခါးပိတ်လိုက်သည်နှင့် သွေးပေါင်ပေါ် ကဲကဲ ချက်ချင်းရောက်လာသည်။ ရင်ခွင်သို့ တိုးဝှေ့ကာ အိပ်စက်ရန် နေရာရှာလေတော့သည်။

သွေးရင်ထဲ၌ အဖွားရင်ခွင်၌ တိုးဝှေ့အိပ်ခဲ့ရသော အဖြစ်ကို သတိရမိကာ ကဲကဲကို ဂရုဏာမေတ္တာစိတ်အပြည့်ဖြင့် ယုယစွာ ပိုက်ထွေးမိလေတော့သည်။

ကား ညင်သာစွာ မောင်းထွက်လေသည်။

ဦးမင်းခန့်၏ မျက်နှာပြင်ပေါ်မှာ ဒေါသအရေးအကြောင်းတို့ ပျောက်ကွယ်သွားသကဲ့သို့ အနီရောင်များလည်း မှေးမှိန်ဖျော့တော့ ပျောက်ကွယ်သွားလေတော့သည်။

ဩော် ကလေးနှစ်ယောက် ထိန်းရသလိုပါပဲလားဟု သွေးတွေးကာ ရင်တွင်း၌ ကြိတ်ပြုံးပြုံးလိုက်မိလေသည်။

တလမ်းလုံး လုံးဝစကားမပြောတော့သော ဦးမင်းခန့်ကို သွေးမည်ကဲ့သို့ စကားစရမည်ကို မသိအောင် ဖြစ်သွားရသည်။

နေပါစေ သူကအလုပ်ရှင်၊ မိမိက အလုပ်သမားပေပဲ။ အလုပ်ရှင်က မကြည်ဖြူ မကျေနပ်၍ စကားမပြောခြင်းကို မိမိက အလိုက်ကန်းဆိုး မသိစွာဖြင့် ပြောဖို့မလိုအပ်ဘူးထင်ပါသည်။

အမှန်တကယ်ပင် အိမ်သို့ရောက်သည်အထိ စကားမပြော။ အိမ်ရောက်တော့မှ တံခါးလာဖွင့်ပေးသော မိကျွဲအား. . .

"ကဲကဲကို တခါတည်း ချီခေါ်သွားလိုက် မိကျွဲ၊ ငါ ဟူမှာကီဆက်သွားမယ်၊ ငါ့အိတ်ယူပေး"

ကားပေါ်မှ မဆင်းပဲ အမိန့်ပေးလိုက်သည်။ ကဲကဲကို မိကျွဲချီကာ ခေါ်သွားမှတော့ သွေးက သူ့အိတ်ကို ယူပေးရသော ရှိတော့သည်။

သွေးက အောက်ထပ် သူထားနေကျ စားပွဲပေါ်မှ အတက်ခ်ချိုကေ့စ်ကိုယူကာ ကားပေါ်ပို့ပေးတော့. . .

"ငါ ညနေစာ ပြန်စားမယ်လို့ မေမေကို ပြောလိုက်"

"ဟုတ်. ."

သွေး မပြုံးမိအောင် မနည်းသတိထားပြီး. . 'ဟုတ်' ဆိုတ်ရသည်။

ထိုအချိန်၌ ကားသည် ဆောင့်ထွက်သွားလေခဲ့တော့သည်။ အခြေအနေအရပ်ရပ်ကို အပေါ်ထပ် ဝရံတာ၌ စောင့်ကြည့်နေသော ကြီးမေက အစအဆုံး မြင်တွေ့လိမ့်မည်ဟု သွေး ကြိုတင်မသိရှိပါချေ။







www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၁)

မင်းခန့် တုန်လှုပ်သွားသည်။

"တပင်လဲလို့ တပင်ထူချင်တာ အဆန်းမဟုတ်ပါဘူး သား၊ ထူသင့်တယ်လို့လည်း မေမေက ထင်တယ်၊ သားစော ဘယ်လိုသဘောလဲ"

"ဗျာ"

"အိပ်ချင်ဟန် ဆောင်မနေပါနဲ့ သား"





မင်းခန့် မိခင်နှင့် မျက်နှာချင်းဆိုင်ရမှာကိုပင် ကြောက်နေမိလေသည်။ မိဘများသည် သားသမီးများ၏ ရင်တွင်း၌ ဘာတွေရှိနေသည်ကို တွေ့မြင်နိုင်စွမ်း ရှိလေသည်။

"တော်ပါပြီ မေမေရယ်၊ တခါသေဖူး ပျဉ်ဖိုးသိနေပါပြီ"

"ဒါဖြင့် သွေးနဲ့ သား အခြေအနေက"

မင်းခန့်မျက်နှာ ထူပူသွားသည်။

မိခင်အပြုံးကြောင့် ပို၍နေရခက်သွားသည်။

"ဘာမှမဖြစ်ပါဘူး"

"ဟုတ်ရဲ့လား သား"

"ဟုတ်ပါတယ်"

"စိတ်ထဲကကောသား"

မိခင်ကို သူ ဘယ်တုန်းကမှ မညာခဲ့ဘူးချေ။

ခတ္တာကို ကြည့်ခိုင်းတုန်းကလည်း. . .

"လှတော့ လှပါတယ် မေမေ၊ သား သူနဲ့ပတ်သက်ပြီး ခံစားချက်မှတော့ ထူးထူးကဲကဲ ဖြစ်မလာဘူး"

ဟု ပွင့်လင်းမှန်ကန်စွာ ဖြေခဲ့ဘူးသည်။

ယခု . . သူ့အတွက် အခက်ကြုံရပြီ။

မြီးကောင်ပေါက်လေးသဖွယ် ဖောချွေးပင် ပြန်လာသည်။

"ဖြေလေသား သွေးနဲ့ပတ်သက်ပြီး သား ဘယ်လိုခံစားနေရသလဲ၊ ဘာတွေဖြစ်ချင်သလဲဆိုတာ မေမေ့ကို



www.burmeseclassic.com

www.burmeseclassic.com



ပွင့်ပွင့်လင်းလင်းပြောပါ”

“ကျွန်တော် သူ့ကို စိတ်ဝင်စားတယ်၊ ပြီးတော့. . သနားတယ် မေမေ”

မဝံ့မရဲ သူ ဖြေလိုက်မိပြီ။

မိခင်က“အင်း”ဟု ပင့်သက်ချလိုက်ပြီး တွေးတွေး ဆဆလေး စဉ်းစားလိုက်သည်။ အတန်ကြာမှ. .

“နိုင်ထက်စီးနင်း လုပ်တယ်လို့ ထင်လိုက်မှာကို မေ မေစိုးရိမ်တယ်သား၊ မေမေကိုယ်တိုင်ကလည်း မှားခဲ့ဘူး တော့ ဒီကိစ္စမှာ ထပ်ပြီးမှားမှာကို အရမ်းစိုးရိမ်တယ်”

မင်းခန့်ရင်ထဲ တစ်မျိုးပင် ခံစားနေရသည်။ လေးလံ ခြင်းလား၊ ရင်မောခြင်းလား၊ စိုးထိတ်ခြင်းလား၊ ကြောင့်ကြ ခြင်းလား ဝေခွဲ၍မရအောင် စိတ်ရှုပ်ထွေးနေမိလေသည်။

“မေမေကိုယ်တိုင် သွေးကို သမီးလေးတစ်ယောက် လို ချစ်ခင်နေပြီ ဖြစ်တဲ့အတွက် သွေးအတွက်ကိုပဲ ရှေ့တန်း တင် စဉ်းစားကြည့်ရအောင်လား သား”

“ဟုတ်ကဲ့ ကျွန်တော်လည်း သူ နစ်နာသွားမှာ ဘဝ အညွှန့်ကျိုးသလို ဖြစ်သွားမှာကို စိုးရိမ်ပါတယ်”

မိန်းမမုန်းသော ခံစားချက်နှင့် ဝေဒနာကို အချိန် တိုတိုလေးအတွင်း ပြောင်းလဲပြစ်နိုင်စွမ်းရှိသော သွေးကို သူ တော်ရုံတန်ရုံ မေတ္တာနှင့် ချစ်မိခြင်း မဟုတ်၊ အတိတ်ဘဝ ရေစက်လည်း ပါလိမ့်မည်ဟု ယုံကြည်သည်။

“မေမေကတော့ သားနဲ့သွေးကို လက်ထပ်ပေးချင်တဲ့





ဆန္ဒရှိတယ်၊ ဒါမှပဲ ကဲကဲလေးက မိခင်ရင်းတစ်ယောက်လို တွယ်တာသွားနိုင်မယ်”

“ကျွန်တော်တို့မိသားစုက သိပ်များတစ်ကိုယ်ကောင်း ဆန်နေရာ ကျနေမလားမေမေ”

“ကိုယ့်ဖို့ကိုယ် ကျွေးသလို ဖြစ်နေမှာ မေမေလည်း စိုးရိမ်တယ်၊ အဓိကကတော့ ကာယကံရှင်ရဲ့ စိတ်ရင်းကို သိဖို့လို တယ်၊ ဒီတော့ သားစိတ်ကို သားသိအောင် အရင်ကြိုးစားပါ၊ သားနဲ့ သက်တူရွယ်တူဖြစ်တဲ့ မိန်းမကတောင် ဖောက်ပြန် သွားရင် သားထက် ဆယ်နှစ်ကျော်ငယ်တဲ့ မိန်းကလေးတစ် ယောက်ကို သား ယုံကြည်စိတ်ချနိုင်ပါ့မလား၊ သံသယ ကင်းနိုင်ပါ့မလား၊ ဝန်တိုမှုတွေနဲ့များ သူ့ကို နှိပ်စက်သလို ဖြစ်နေမလား၊ ဒါတွေကို စဉ်းစားဖို့လိုတယ်နော်”

မိခင်က မိမိထက် ကျယ်ပြန့်စွာ တွေးထားသည်ကို မင်းခန့် အံ့အားသင့်စွာ သိရှိလိုက်ရသည်။

ဟုတ်သားပဲ သွေးက ဆေးကျောင်းသူ ကျောင်းဆက် တက်ရဦးမည်။ ကျောင်းသူဘဝ၏ လွတ်လပ်ပျော်ရွှင်မှုတွေ ကို မိမိနားလည်ခွင့်လွှတ်နိုင်ပါ့မလား။ သွေးကတော့ သက် တူရွယ်တူများနှင့် လွတ်လပ်စွာ ပျော်ပျော်ပါးပါး နေလိုစိတ် တော့ ရှိမည်။

သွေး၏ ဘဝအကျဉ်းအကျပ်ကို သိရှိနေသဖြင့် ကာ ဆေးမှုန့်ပေးကြိုက်သလိုမျိုး ဖြစ်သွားမလား၊ ထွက်ပေါက်ရှာ သူ့အတွက် ထွက်ပေါက်တစ်ခု ဖောက်ပေးလိုက်သည့်သ



www.burmeseclassic.com

www.burmeseclassic.com



ဘောမျိုး ဖြစ်နေမလား။

မင်းခန့် သက်ပြင်းရှည်ကြီး ချလိုက်မိလေသည်။

"အင်း . . မေမေလည်း သွေးအပေါ် သမီးရင်းလေး တစ်ယောက်လိုပဲ သံယောဇဉ် ဖြစ်မိတဲ့အတွက် သူ့အပေါ် နိုင်လိုမင်းထက် ပြုမူတယ်ဆိုတဲ့ အထင်မျိုး ရောက်သွားမှာ သိပ်စိုးရိမ်တယ်၊ စဉ်းစားမိတာက သွေးရဲ့စိတ်က သားကိုချ ခင်မယ် ဆိုရင်တော့လည်း အကောင်းဆုံးပေါ့လေ၊ မေမေ တော့ သားရွှေအိုးထမ်းလာတာကိုပဲ မြင်ချင်တာပေါ့"

"ကျွန်တော် သူနဲ့ ဆွေးနွေးကြည့်ပါဦးမယ်"

ထိုစကားကို မင်းခန့် လွယ်လင့်တကူ ကတိပေးလို သော်လည်း လွယ်မည်တော့ မဟုတ်ပေ။ သွေးနှင့် ရင်းနှီး တောင် မနည်းကြိုးစားရသည်။

ဒီကြားထဲ ငွေဝါက တစ်စခန်းထချင်သည်။ ... သည်လည်း သူတို့သွေးသား ဖြစ်သဖြင့် သူတို့နှင့်လည်း ... ဆိုင်သည်။ သူတို့ ခေါ်တွေ့ပိုင်ခွင့်ရှိသည်ဟု ဆိုလာသ... မင်းခန့်ကတော့ စာချုပ်ချုပ်ထားပြီးကတည်းက အပိုင်... ထားပြီးဖြစ်သဖြင့် သက်ဆိုင်ရာက ခေါ်နိုင်သည်ဟုသာ ပြတ်ပြတ်ပြောလွှတ်လိုက်သည်။

ဒီကိစ္စတွေကို သွေးသိထားသဖြင့် မင်းခန့် စိုး... သည်။ သွေးသည် တက်လူဖြစ်သည်။ အရှုပ်အရှင်းရှိ... အိမ်ထောင်ရေးကြားသို့ ဇွတ်တိုးဝင်ရဲသော သတ္တိရှိနိုင် လား။



သူ့ အပေါ်ထပ် ဧည့်ခန်းသို့ တက်ခဲ့လေသည်။

ထိုအခန်း၌ပင် သူစာဖတ်သည်။ စာရင်းဇယားတွက် သည်။ တခါတရံ လသာဆောင်၌ထိုင်ကာ လုပ်ငန်းတိုးချဲ့ဖို့ စီမံကိန်းများကို စိတ်ကူးနှင့် အရင် အကောင်အထည် ဖော် ကြည့်တတ်သည်။

ယခု ဒီနေ့ လသာဆောင်သို့ ထွက်လာခြင်းက သူတို့ သားအဖ၏ အနာဂါတ်ကို သွေး၏လက်ထဲသို့ အပ်နှင်းရန်အ တွက် စဉ်းစားရန်ဖြစ်သည်။

သွေးသည် သူ့ထက် အများကြီးငယ်သော်လည်း လောကဓံကို သူ့ထက်ပို၍ ကြုံကြုံခံ ရင်ဆိုင်ခဲ့ရပုံရသည်။

"ဟင် . . မိန်းကလေး"

လသာဆောင်ပေါ်ရှိ ဒန်းကလေးပေါ်၌ လူရိပ်ကို တွေ့ လိုက်ရသည်။ သွေးမှတပါး အခြားသူ မဖြစ်နိုင်။

သူရောက်လာခြင်းကို သတိထားမိပုံမရအောင် ဘာ တွေများ တွေးတောနေသည်မသိ။

"မိန်းကလေး"

အနားရောက်မှ မေးလိုက်သော သူ့အသံကြောင့် ထန့်ဖျတ်သွားပုံရသည်။

"ဟင် ဆရာ"

လရောင် မလင်းတလှည့် လင်းတလှည့်အောက်၌ ဆီမသာ ပိုးတဝါး တွေ့မြင်လိုက်ရသည်မှာ စိုစွတ်၍ ပုလဲ ဆောင်တောက်နေသော မျက်ဝန်းလွင်ပြင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေး ငိုနေတာလား"

မေးမိမှ ပိုဆိုးသွားသည်။

ဟင့်ခနဲ ရှိုက်သံနှင့်အတူ သူကအပါးမှ ထွက်ပြေးရန် ကြံရွယ်လိုက်သော သွေးအနေအထားကို မင်းခန့် ရိပ်မိသွားသဖြင့် လျင်မြန်စွာ တားဆီးလိုက်သည်။

"ဟိတ်. . ဘယ်လဲ နေဦး"

သွေးကို ရင်ခွင်ထဲ ဆွဲသွင်းကာ တားလိုက်မိသည်။ သူ့ရင်ပတ်တစ်ခုလုံး ပူနွေးစွတ်စိုသွားသည်။ ရှိုက်ကြီးတငင် ငိုရှိုက်လိုက်သော သွေးသည် တကယ့်ကို တွယ်ရာမဲ့နေသူအတွက် ကောက်ရိုးတမျှင်သည်လည်း ရေနစ်သူအတွက် အားကိုးရာသဖွယ် ဖြစ်နေသည့်အလားပင်။

"မိန်းကလေး ဟိတ်ပါ၊ မင်း ဘာတွေ ခံစားနေရသလဲဆိုတာ ကိုယ့်ကို ပွင့်ပွင့်လင်းလင်း ပြောပြပါလား"

"ဆရာ ကျွန်. . ကျွန်မကို သွားခွင့်ပြုပါ"

သွေးက သူ့ရင်ခွင်မှ အလန့်တကြား ရုန်းထွက်လိုက်ပြီး တောင်းပန်လိုက်သည်။

ရုန်းထွက်မှုကိုပင် မင်းခန့်က ခွင့်မပြုရက်နိုင်အောင် ဖြစ်သွားသည်။

"ဟင့်အင်း မင်းကို ကိုယ်သွားခွင့်မပေးနိုင်ဘူး၊ မင်းရင်ထဲ ဘာတွေဖြစ်ပေါ်ခံစားနေရတယ်ဆိုတာ ကိုယ်သိသွားခွင့်ပြုမယ်"

သွေးက ထပ်မံရုန်းလိုက်ပြီး. . .





"ကျွန်မကို အကျပ်မကိုင်ပါနဲ့ဆရာ၊ ကျွန်မဘဝကို ဆရာ့လက်ခုပ်ထဲကရေလို သဘောထားရင်တော့"

"ဘာ. ."

သူ အလန့်တကြားပင် သွေးအား ဖက်တွယ်ထားသောလက်ကို ဖြေလိုက်လေသည်။

"ခွင့်လွှတ်ပါ ဆရာ"

သွေးသည် ထောင့်ချောက်မှ လွတ်သွားသော သမင်မလေးသဖွယ် ပြေးထွက်သွားလေတော့သည်။

မင်းခန့် ကြက်သေသေကာ ကျန်ရစ်ခဲ့လေသည်။

သူ့ရင်ခွင်၌ နွေးထွေးသော အငွေ့အသက်ကလေးတတော့ ကျန်ရစ်ခဲ့လေသည်။

ရင်ဝယ် မလစ်ဟာစဖူး လစ်ဟာသွားလေတော့သည်။

သွေးအတွက် သောကစိတ်ကလေးကလည်း ရင်ဝယ် ထိရှကျန်ရစ်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၂)

"ကို ဖိုးထူး ကျွန်တော်ပဲ လိုက်ပို့ပေးမယ်၊ ခင်ဗျား ဒေါ်စိန်ကိုသာ ဈေးလိုက်ပို့လိုက်တော့"

ဦးမင်းခန့် အသံကြောင့် သွေး တုန်လှုပ်သွားသည်။ ညကတည်းက တုန်လှုပ်မှုတို့သည် တစ်ညတာကို ဖြတ်ကျော်သွားပြီး ဖြစ်သည့်တိုင်အောင် သွေးမအေးနိုင်သေး၊ စိတ်မှာ တုန်လှုပ်ခြောက်ခြားလျက်ရှိသည်။





မိမိအားထားရမည့် ခိုစင်ရမည့် နားခိုရမည့် ရင်ခွင်သည် ချစ်သူရင်ခွင်သာ ဖြစ်သင့်ပါလျက် ချစ်သူမဟုတ်သော သူစိမ်းယောကျ်ားတစ်ဦး၏ ရင်ခွင်သို့ ဘာကြောင့်များ ခိုးဝင်ကာ ရင်ပွင့်မတတ် ငိုကြွေးမိရသနည်း။

သွေးကိုသွေး နားမလည်နိုင်။

"ကိုင်း. . သွားကြမယ်"

သွေး ပေါ်တီကိုအောက်ရောက်စဉ် ကားပေါ်၌ ထိုင်ကာ စောင့်နေသော ဦးမင်းခန့်ကို အားနာစွာ တွေ့မြင်လိုက်ရသည်။

"တက်. . သား, ဖေဖေလိုက်ပို့မယ်"

"မမ လိုက်မပို့တော့ဘူးနော်၊ ကဲကဲ ဖေဖေနဲ့ပဲ သွားတော့"

"ဘာဖြစ်လို့ မလိုက်ရမှာလဲ၊ လိုက်ရမယ်. . တက်"

ဦးမင်းခန့်ထံမှ အာဏာရှင်ဆန်ဆန် အမိန့်သံ ထွက်ပေါ်လာသည်။

သွေး ဖျတ်ခနဲ ကြည့်လိုက်သည်။

ကဲကဲက အကောင်းမါးစွာဖြင့်. . .

"မမပဲ ရိုက်ပို့ရမယ်"

သွေး ဘာတတ်နိုင်ဦးမည်နည်း၊ သူ့ဉစ္စာ စားမှတော့ ရုံရတော့မည်။

သွေး ကဲကဲအား ရှေ့ခန်းတင်ပေးပြီး နောက်ခန်းသို့ ဝင်ထိုင်လိုက်သည်။ ကဲကဲကို သွန်သင်ပြီး ဖြစ်သဖြင့် ဇဲတဲတ

www.burmeseclassic.com

www.burmeseclassic.com



အတူထိုင်လိုက်ရန် မတောင်းဆိုတော့။

သွေးတို့ နေသားတကျ ထိုင်သွားပြီးသည်နှင့် ကားက မောင်းထွက်လေသည်။

"ညကကိစ္စ အစာမကျေသေးဘူး မိန်းကလေး မင်းငါ့ကို ဖြေရှင်းချက် တစ်ခုခု ပေးရလိမ့်မယ်နော် ပြင်ဆင်ထားပါ"

"ဘာရဲဖေဖေ"

"မမကို ပြောတာပါ၊ သားကို ဖေဖေဘာမှ မပြောပါဘူး"

"မမကို ဘာပြောရာရဲ"

သွေးအတွက်တော့ ရှေ့မှခံတပ်ကောင်းကောင်း ရနေလေပြီ။

"မမကို ဆူမလို့လား၊ ဒါဆို ဖေဖေနဲ့ မခေါ်ဘူး၊ ဖေဖေကို ချစ်တော့ဘူးနော်၊ သား မမကို ဆူရဘူး"

စကားကလည်း မြန်သေးသည်။ သွေးကို ဆူမှာစိုးသဖြင့် အဖေကို ရန်လုပ်သော ကဲကဲကိုကြည့်ကာ သွေးရင်ထဲ ခံရခက်သော ဝေဒနာတစ်ရပ် ခံစားလိုက်ရသည်။

"သား မမကို ဖေဖေမဆူရဲပါဘူးကွာ၊ ပြောစရာရှိလို့ပါ"

"ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်"

"ဖေဖေညာနဲ့နော်"

"မညာပါဘူး၊ ဖေဖေ တကယ်ပြောတာပါ"





"မမ မကြောက်နဲ့နော်၊ ဖေဖေက ဆူဘူးရဲ့"

ကဲကဲ၏ စကားမပီတပီမှု သိတတ်မှု ပိုလေလေ သွေးရင်နင့်ရလေလေ ရင်နာရလေလေ ဖြစ်မိသည်။ ရေမျောတမ်းတင်လိုဘဝမျိုးဖြင့် သောင်ကမ်းဆိုက်လာသည့် မိမိကို တံကြမ္မာက အညှာအတာ ကင်းမဲ့စွာဖြင့် ဖွဲ့ခွာဖို့ ကြိုးစားနေလေသည်။

ကဲကဲကို မူကြိုကျောင်း၌ ချပေးပြီးနောက် သွေး ဦးမင်းခန့် ခေါ်ဆောင်ရာနောက်သို့ တစ်ခွန်းမှ မပြောပဲ လိုက်ပါလာခဲ့လေသည်။

ဦးမင်းခန့်က အိုလာလာ ကော်ဖီဆိုင်ထဲသို့ ခေါ်ဆောင်လာသည်။

သွေး ဣန္ဒြေမပျက် လိုက်ခဲ့သည်။ သွေးရင်ထဲမှ စကားတွေကို ဖွင့်အံတော့မည်။

သွေး၏ အနာဂါတ်သည် ဦးမင်းခန့်၏ လက်ထဲ၌ ရှိလေသည်။

"ဘာစားမလဲ"

"ဘာမှမစားချင်ပါဘူး ဆရာ၊ ကျွန်မ ဘလက်ခ်ကော်ဖီတစ်ခွက်ပဲ ထပ်သောက်ပါ့မယ်"

"ဘလက်ခ်ကော်ဖီချည်းပဲ ဖိသောက်မနေနဲ့၊ လူကလည်း ပိန်နေပြီ မုန့်ပါထပ်စား"

"ကျွန်မ ဆရာနဲ့ စကားပြောဟရာရှိလို့သာ လိုက်ခဲ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ စကားလည်းပြော စားလည်းစားရမှာ ပေါ့၊ စားသောက်ဆိုင် ဝင်မိပြီကိုး မိန်းကလေးရဲ့"

သွေးခေါင်းညိတ်ကာ ဝိတ်တာပြန်အသွားကို သည်း ခံစောင့်ဆိုင်းနေပြီးမှ. . .

"ဆရာ ကျွန်မရဲ့ စကားတွေဟာ ဘယ်သူ့ကိုမှ ထိ ခိုက်စေဖို့ မရည်ရွယ်ပါဘူးဆရာ၊ ဆရာ စဉ်းစားဆုံးဖြတ်နိုင် အောင်သာ ကျွန်မ ပြောရမှာပါ"

"ပြောပါ မိန်းကလေး၊ ကိုယ်က မင်းခံစားနေရတာတွေ ကို မျှဝေယူဖို့ အသင့်ရှိနေပါတယ်"

ဦးမင်းခန့်၏ ရင်ထဲကပါသော စိတ်ဝင်စားမှုကြောင့် သွေး အားတက်သွားခဲ့သည်။

"မနေ့က ကျောင်းကို ဒေါ်ငုဝါတို့ ညီအစ်မ ရောက် လာပါတယ်"

ဦးမင်းခန့် မျက်နှာပြင်ထက်၌ ညှိုမဲတက်လာသည် ရှုးရှူးရှားရှား ဖြစ်သွားသည်။

"ဘာလာရှုပ်ပြန်ပြီလဲ"

"နှုတ်သီးကောင်းလျှာပါး ရန်တွေ့စွပ်စွဲသွားမှုကို. . ကျွန်မပြန်မပြောတတ်လို့ မပြောပါရစေနဲ့ ဆရာ အဓိကက တော့ ကျွန်မရဲ့ ဂုဏ်သိက္ခာကို စော်ကားခြင်းပါပဲ"

"ကိုယ်နဲ့ပါတ်သက်ပြီး မင်း အစော်ကား ခံလိုက် တယ်ပေါ့"

သွေး ခေါင်းသာ ညိတ်လိုက်နိုင်သည်။ သွေးရင်





မှာ မွန်းကြပ်နေလေပြီ။

'သူများလင်ကို ကြောင်တောင်နိုက်ယူ ရဲတဲ့မိန်းမ' 'လင်ခိုးမ' 'နင့်ရုပ်နဲ့အရွယ် နင့်ပညာနဲ့ လင်ဒီလောက် ရှားရ သလားဟဲ့' မကြားဝံ့မနာသာသော စွပ်စွဲပုတ်ခတ်မှုကို သူ ငယ်ချင်းများက မခံနိုင်သဖြင့် ဝိုင်းချမည် လုပ်သောအခါမှ တားပါတက်ပြေးကာ ထွက်ခွာသွားသည့်အဖြစ်က ရှက်ဖို့ ကောင်းလိုက်သည့်အဖြစ်။ တော်သေးသည် သူငယ်ချင်းတွေ ကောင်းမှုကြောင့် ဦးလေးထူးကားပေါ်သို့ ရောက်ခဲ့ရသည့် အဖြစ် ဘဝတစ်သက်တာ၌ မျှော်လင့်မထားသော သွေးရင်၌ ဖြတ်ကျော်လိုသည့် ရက်တစ်ရက်အဖြစ် နာကျင်စွာ မေ့ပစ် လိုသည်။ သို့သော် မေ့၍မရ။

"တောင်းပန်ပါတယ်၊ သူတို့စရိုက်ကြမ်းတမ်းတယ်၊ မင်းကို ဘယ်အတိုင်းအတာအထိ ပြောဆိုသွားမယ်ဆိုတာ တိုယ်နားလည်ခံစားရတယ်၊ ဒီအတွက် ကိုယ်မင်းကို ချက်ချင်း ပေးဆပ်ပြပါ့မယ်"

ဦးမင်းခန့်က ယူကြုံးမရစွာဖြင့်. . တတွတ်တွတ် တောင်းပန်သည်။

"မဟုတ်ပါဘူးဆရာ ဒီအတွက် ဆရာနဲ့ ဘာမှမဆိုင် ပါဘူး၊ ဒါပေမယ့် နောက်နောင် ကျွန်မကို လာရောက်မစော် ကားဖို့ကိုတော့ ဆရာ တားဆီးပေးပါ"

"ကိုယ် သူတို့နဲ့ လုံးဝမပါတ်သက်ချင်ဘူး၊ ဒါပေမယ့် တစ်ဦးဦးကိုလွှတ်ပြီး တားမြစ်ခိုင်းပါ့မယ်၊ ဒီကိစ္စ မေမေသိ



www.burmeseclassic.com

www.burmeseclassic.com



သွားသလား"

"မသိပါဘူးဆရာ၊ ကျွန်မ မပြောရက်ပါဘူး၊ ကြီးမေမှာ သွေးတိုးရှိတယ်၊ ကျွန်မ ပညာရေးအတွက် ဆရာတို့အိမ်မှာ အလုပ်လာလုပ်တာပါ၊ ကျွန်မမှာ ဘာရည်ရွယ်ချက်မှ မရှိပါဘူး"

"ဟော်ပါတော့ မိန်းကလေးရယ်၊ ကိုယ် နားလည်ပါတယ်၊ နောက် မင်းကိုမစော်ကားနိုင်အောင် ကိုယ်အကောင်းဆုံး ဆောင်ရွက်ပေးမယ်ဆိုရင် မင်း လက်ခံမှာလား"

သွေး ဦးမင်းခန့်စကားကို နားလည်ပါသော်လည်း ဆောင်ရွက်ပေးမည်ဆိုသည့် အချက်ကိုတော့ ခန့်မှန်း၍မရပေ။

"နောက်တစ်ခု ကိုယ်ပြောစရာ ရှိနေသေးတယ်"

"ဘာများပါလဲ ဆရာ"

ဦးမင်းခန့် ရုတ်တရက် စကားမပြောပဲ တစ်စုံတစ်ခုကို နက်နက်နဲနဲ စဉ်းစားနေလေသည်။ အတန်ကြာမှ. . .

"ခုချိန်မှာ မပြောသင့်တော့ဘူးထင်လို့ ကိုယ်မပြောတော့ဘူး မိန်းကလေး၊ ကဲ. . သောက် ကျောင်းချိန်နီးနေပြီ မှတ်လား"

"ဒီနေ့တော့ ကျွန်မ ကျောင်းမတက်တော့ဘူးဆရာ၊ မနေ့က အဖြစ်အပျက်က ကျွန်မကို သွေးပျက်မတတ် အရှက်ရစေခဲ့ပါတယ်၊ ကျွန်မ ကျောင်းကို ဘယ်လိုခြေလှမ်း ဘယ်လိုမျက်နှာထားနဲ့ သွားရမယ်ဆိုတာကို စဉ်းစားလို့ မရ





လို့ပါ"

"ဒီလိုဆို ဘယ်သွားချင်သလဲ"

"ရပါတယ် ဆရာ၊ ကျွန်မနဲ့ ဘုရားခဏသွားပြီး အိမ်ပဲပြန်ပါ့မယ်"

"ကိုယ် လိုက်ပို့ပေးမယ်၊ ခုလိုချိန်မှာ မင်းကို တစ်ယောက်တည်း ထားရက်တဲ့အင်အား တို့မှာမရှိဘူး"

သွေးရင်ထဲ နွင့်ခနဲ ဖြစ်သွားရသည်။ အားကိုးမိသော ယောကျ်ားတစ်ဦးထံမှ အကြင်နာစကားသည် ရင်ကို သိမ့်ခနဲ ကြည်နူးလောက်စေနိုင်သည်။ သို့သော် အခြေအနေခြင်းက တူညီပြီ။ ထို့ကြောင့်. .

"ရပါတယ်ဆရာ၊ ကျွန်မ အိမ်ကို ကားငှားပြန်သွားမယ်၊ ဆရာ သွားစရာရှိတာ သွားပါ"

သံယောဇဉ်တို့ ထပ်မံမရစ်ပတ်လိုပြီ၊ နူးနယ်သော မိမိ လုံးသား၌ အချစ်ဆိပ်ရည်တို့ ပြည့်ရွမ်းနေလေပြီ။ ညက အားကိုးတကြီး ရင်ခွင်တိုးဝင်ကာ ငိုချခြင်းသည် အိပ်မက်ပမာ င်။

"ဘယ်ဖြစ်မလဲကွာ၊ မင်း သွားစရာမရှိရင် ငါခေါ်တဲ့ ပဲ လိုက်ခဲ့"

"ရှင်. ."

သွေး၏ မျက်ဝန်းနှင့် မေးခွန်းထုတ်ခြင်းကို ဦးမင်းခန့် မပြောပဲ ဖုန်းဖွင့်ပြီး ကုမ္ပဏီသို့ လှမ်းဆက်နေသည်။

"အေး. . တိုးမောင်၊ ငါ ကိစ္စရှိလို့ နည်းနည်းနောက်



www.burmeseclassic.com

www.burmeseclassic.com



ကျမယ်"

"........"

"အေး သိတယ်၊ နှစ်နာရီ အစည်းအဝေးကို အမှီလာခဲ့မယ်"

"......."

"သြော်. . အဲဒီကိစ္စ အန်ကယ်လ်အောင်ကို လွှဲလိုက်လေကွာ"

"......."

"သူပဲ လုပ်လိမ့်မယ် ဒါပဲ"

သွေး ကော်ဖီတစ်ခွက် ကုန်အောင်သောက်ပြီး ထိုင်ရာမှ ထလိုက်သည်။

"ကျွန်မ သွားရမယ့်နေရာ သိပြီဆရာ"

"ဘယ်လဲ"

"သီလရှင်ဇရပ်"

"တော်စမ်းပါ ငါနဲ့လိုက်ခဲ့"

သွေး ဦးမင်းခန့်ကို မလွန်ဆန်ရဲ၊ အစွမ်းတတ္တသ[illegible] ကိုကပဲ ဦးမင်းခန့်အပေါ် တိတ်တခိုးမျှော်လင့်တွယ်တာနေ[illegible] သည်။

ပျော့ညံ့သော မိန်းမသားစိတ်ကို မုန်းတီးလိုက်[illegible] မိမိလောကကြီးကို ဘာကြောင့်များ ရဲတင်းစွာ ရင်မဆိုင်[illegible] သနည်း။

ဦးမင်းခန့်က သူ၏ ကုမ္ပဏီစိုက်ကွင်းသို့ ခေါ်သွ[illegible]





[illegible]သည်။ ပြောင်းဖူးစိုက်ကွင်းအတွက် လိုအပ်ချက်များကို ညွှန်[illegible]ကြားနေစဉ် သွေးက ရုံးခန်း၌ စာကျက်နေလိုက်သည်။

သွေးကို ကလေးတစ်ဦးပမာ သဘောထား ဂရုစိုက်[illegible]နေသော ဦးမင်းခန့်၏ ဖြူစင်စိတ်ထားကို မိမိက အရောင်ဆိုး[illegible] နေတာလား။

"သား ဆရာမလေး အပင်တွေကြီးလာမှ သားကို [illegible]ခေါ်လာဦးမယ်၊ ဒီကောင်ကို မြင်းစီးခိုင်းရမယ်"

ဥတုစိုက်ကွင်း၌ အပန်းဖြေစခန်းနေရာ၌ မြင်းစီး[illegible]သာနေရာပါရှိသဖြင့် ဦးမင်းခန့်က ပြောလိုက်သည်။

နေ့လည်စာကို ဥတုစခန်း အပန်းဖြေစခန်း ဟိုတယ်၌[illegible] စားသုံးရင်း. . .

"သွေး. ."

"ရှင်. ."

ပြောင်းလွဲလာသော အခေါ်အဝေါ်ကြောင့် သွေးရင်[illegible]သွားသည်။

"စိတ်ညစ်သေးသလား"

"မညစ်တော့ပါဘူး"

"ဟုတ်တယ် မညစ်နဲ့၊ သူတို့ကိုလည်း ဂရုစိုက်စရာ[illegible]ဘူး၊ နောက်တစ်ခါ လာခဲ့ရင်"

"ရှင်. ."

"အံကယ်၍ ပြောတာပါ၊ လာလည်းမလာရဲရဘူး၊ [illegible] ရှေ့နေနဲ့ စကားပြောခိုင်းလိုက်ပါမယ်၊ လာခဲ့ရင် မော်

www.burmeseclassic.com



ကွန်းထိန်းရုံးခန်းကို လိုက်ခဲ့ပါ. . ၊ လူကြီးလူကောင်းဆန်စွာ စကား ပြောကြတာပေါ့လို့ပြောပြီး ခေါ်သွားပါ၊ အင်း. . ဒီ လည်းမကောင်းသေးဘူး၊ ကိုယ့်ဖုန်းကိုသာ ချက်ချင်းလှမ်း ခေါ် လိုက်”

သွေးအတွက် အမျိုးမျိုး ပူပန်ပေးနေသော ဦးမင်းခန့် ကိုကြည့်ကာ သွေး ခံစားခဲ့ရသမျှ သောကတို့ လွင့်စင်ကွယ် ပျောက်သွားလေတော့သည်။

“ပြန်ကြရအောင်လေ ဆရာ၊ တော်ကြာ ကဲကဲ သွား ကြိုဖို့ ဦးဖိုးထူးကားက ကျွန်မကျောင်းကို အရင်လာခေါ် ရင်”

“ကိုယ် ဖုန်းဆက်ပြီးပြီ. . သွေးကျောင်းကို မလာနဲ့ တို့ ကဲကဲကျောင်းမှာ သွေးစောင့်နေလို့လေ”

“ဪ. . ”

ဦးမင်းခန့်သည် ယခင်ကနှင့်မတူ ပြုံးရွှင်ကြည်လင် လျက်ရှိသည်။

“ဆရာ့ အစည်းအဝေး”

“နှစ်နာရီလေ၊ မင်းကိုပို့ပေးပြီး တန်းသွားမှာပေါ့ ကိုယ့်အတွက် ပူပန်ပေးတဲ့အတွက် ကျေးဇူးပဲ”

“ဆရာကလည်း ကျွန်မအတွက်ကတော့ ဆရာ ပူပေးပြီး ဆရာ့အတွက် ကျွန်မ မပူပေးရဘူးဆိုရင် တရားပါ့ လား”

“တရားပါတယ်၊ မင်းက ကလေးပဲလေကွယ်”

သွေးအပေါ် တကယ်ငဲ့ညှာကာ ဂရုစိုက်မှာလား





သွေး စိတ်ကူးယဉ်ဆန်မိလေသည်။ အိပ်မက်ထဲက နန်းတော် တစ်ခုကို သွေးမျှော်လင့်တတ်လာပြီ။

“ကိုင်း. . ဟိုရှေ့မှာ ဖိုးထူးကား၊ သွေးအဲဒီမှာ ပြောင်း စောင့်နေတော့ ညမှ ကိုယ်ပြောစရာရှိတဲ့စကားကို ပြောတော့ မယ်”

သွေး ခေါင်းညိတ်ကာ ကားပေါ်မှ ဆင်းလိုက်သည်။ သွေးအတွက် သူစိမ်းယောကျ်ားတစ်ဦးနှင့် ပတ်သက်၍ ဘယ်လိုနေထိုင်ရမယ်၊ ဘယ်လိုက မိမိကို အထင်သေးစေ တတ်တယ်၊ မိမိကို အထင်ကြီးအောင် ဘယ်လိုနေထိုင်ရမယ် ဆည်ဖြင့် အသေးစိပ်သွန်သင်ဆုံးမပေးမည့် မိခင် သို့မဟုတ် ခင်နှင့်တူသော မိန်းမတစ်ယောက်၏ လက်ပေါ်တွင် မကြီး င်းခဲ့ပါ။

သို့သော် ဦးလေးကတော့ ဘုရားဟော ကျမ်းစာများ နှင့်အညီ သင်ပေးထားသော လိမ္မာရေးခြားရှိမှုလောက်ကို တော့ သွေးသိနေပါသည်။

သွေး ဦးမင်းခန့်ကား မြင်ကွင်းမှ ပျောက်ကွယ်သွား သည်အထိ ငေးကြည့်နေမိသည်။ ဖြစ်နိုင်လျှင် ဦးမင်းခန့် သွားလေရာနောက်ကို တကောက်ကောက် လိုက်ပါနေလိုက် င်စမ်းပါဘိ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၃)

"ကဲကဲ အိပ်သွားပြီလား သမီး"

"အိပ်သွားပါပြီ ကြီးမေ"

"သမီးကို ကြီးမေ စကားပြောစရာရှိတယ်၊ စာတ…
ချိန်များ ထိခိုက်မလား"

အင်မတန် ယဉ်ကျေးမှုရှိသော ကြီးမေလို မိခင်မျိုး…
သာနေရလျှင် သွေးဘဝသည် အဘယ်မျှ ပြည့်စုံလိုက်ပါ…
နည်း။





"မထိခိုက်ပါဘူး ကြီးမေ"

"လာ အပေါ်ထပ်ညှော့ခန်း သွားရအောင်"

သွေးရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ အပေါ်ထပ် ညှော့ခန်း၌ ဦးမင်းခန့်နှင့် ချိန်းဆိုထားသည်ကို သတိရမိသလို၊ ခနေ့က ခိုဝင်ခဲ့သော ရင်ခွင်နွေးကို သတိရတော့ ရင်ခုန်လာမြန်သည်။ ညှော့ခန်း၌ ထိုင်မိကြသည်နှင့် . . .

"နေ့ခင်းက သမီး ကျောင်းမတက်ဘူးဆို၊ သမီး သူငယ်ချင်းတွေ ဖုန်းဆက်တယ်"

"ဟင် . ."

တခါခိုး တခါမိပါလား၊ သွေးမျက်နှာ ထူပူသွားမိသည်။

"ဒါနဲ့ အကျိုးအကြောင်း မေးကြည့်တော့ ခရွှာတို့ ညီအစ်မ လာသောင်းကျန်းသွားတဲ့အကြောင်း သိရတယ်၊ ကြီးမေစိတ်မကောင်းလည်းဖြစ်၊ ဒေါသလည်းဖြစ်ပြီး ချက်ချင်း ပဲ သူတို့အိမ်ကို ဖုန်းဆက်ပြီး ပြောဆိုပစ်လိုက်တယ်"

သွေးဘက်၌ မေတ္တာအင်အားတွေ ရှိနေပါလား၊

"တခါတည်း ပါးစပ်ပိတ်သွားအောင်လည်း ပြောလိုက်တယ်၊ ကဲကဲရဲ့ မိခင်နေရာကိုပေးဖို့ ငါ ရွေးချယ်ထားတဲ့ မိန်းတလေးလို့လေ"

"ဟာ . . ကြီးမေကလဲ"

သွေး ထပြေးရနိုး၊ ထွက်ပြေးရနိုး၊ ထိုင်ရနိုး၊ ထရနိုးနှင့် ဘာလုပ်ရမှန်းမသိ၊ မျက်နှာတပြင်လုံး မီးဟပ်ခံလိုက်ရသည့်



www.burmeseclassic.com

www.burmeseclassic.com



ပမာ အရှက်သိပ်သည်းစွာ ဖြစ်ပေါ်ခံစားလိုက်ရသည်။ ခေါင်းငုံ့ချလိုက်သည်။

"သမီးကတော့ ဘယ်လိုထင်မလဲ မသိဘူး၊ မနက်ဖြန်ပဲ ကြီးမေတော့ သမီးဦးလေးဆီ သွားရောက်ပြီး ကြောင်းလမ်းတော့မယ်၊ ဘယ်လိုသဘောရသလဲသမီး"

"ကျ . . ကျ . . ကျွန်မ ဘာမှ မပြောတတ်တော့ဘူး ဒါပေမယ့် ကျွန်မ ကျောင်းဆက်တက်ချင်တယ်"

"ကျောင်းတက်ရမှာပေါ့၊ အိမ်ထောင်ပြုပြီးမှကျောင်းတက်ကြတဲ့ တက္ကသိုလ်ကျောင်းသားကျောင်းသူတွေ တပုံကြီးပဲဟာ၊ ဒီအတွက် ဘာမှမပူနဲ့၊ သားက ပညာရေးကို ထိလားတယ်၊ နားလည်မှုလည်းရှိတဲ့ ယောကျ်ားကောင်းတစ်ယောက်ပါ၊ သူ သမီးကို စိတ်ဝင်စားနေတဲ့အကြောင်း ကြီးမေကို ဖွင့်ပြောလာတယ်၊ ကြီးမေကလည်း သဘောကျနေတာဆိုတော့ ဖိုးကျိုင်းတုတ် ဖြစ်သွားတယ်"

ကြီးမေကိုကြည့်ရဲသောမျက်ဝန်း သွေး၌ ရှိမနေချင်။ ကံကောင်းခြင်းတရားတို့ သွေးထံသို့ စုပြုံရောက်ရှိလာပြီ ထင်ပါသည်။ သို့သော် သွေး မယုံရဲ မဝံ့မရဲ ဖြစ်မိသည်။

"ကျွန်မ စဉ်းစားပါရစေဦး"

"ဟော သားလာပြီ၊ သမီးတို့ချင်း ဆွေးနွေးကြဦးပေါ့"

သွေးတစ်ကိုယ်လုံး အငွေ့အဖြစ် ပျံ့လွင့်သွားလျှင်ကောင်းလိမ့်မည် ထင်သည်။ နေရထိုင်ရ ခက်ပါဘိ။

ကြီးမေက ထွက်သွားတော့ ကြီးမေသား ဦးမင်းခန့်





ရောက်လာသည်။ ကြီးမေထက်ကို ဦးမင်းခန့်ကို ရင်ဆိုင်ရပိုခက်သည်။ မျက်နှာ မည်ကဲ့သို့ ထားရမည်နည်း။

ခေါင်းကို တွင်တွင်ငုံ့ကာ ရင်ထဲမှ စိတ်ဆန္ဒများကို တွေ့မြင်သွားမှာ စိုးကြောက်၍လည်း ဖြစ်သည်။

"သွေး မေမေ့ဆန္ဒကို သွေးကို ပြောသွားပြီ ထင်တယ်"

ခေါင်းညိတ်လိုက်သည်။

မျက်နှာချင်း မဆိုင်ရဲသေး။

"ခေါင်းမမော့ချင်သေးလည်း နေပါဦး၊ ဒါပေမယ့် ကိုယ်ပြောမယ့် စကားတွေကိုပဲ နားထောင်ပေးရင် တော်ပြီ"

ပုတ်သင်ညိုလေး လုပ်မိသည်။

"ကိုယ် မနေ့ကတည်းက သွေးကို စကားတစ်ခွန်းပြောချင်နေတာ၊ သွေး သိပ်သောကရောက်နေတာမြင်တော့ ကိုယ့်စကားတွေ ရင်ထဲသိမ်းလိုက်ရတယ်၊ စကားလိုပဲ မင်းကိုလည်း ကိုယ့်ရင်ထဲမှာ ထာဝရ သိမ်းထားချင်ပြီ၊ ကိုယ်ပြောတာ နားလည်ရဲ့လား မိန်းကလေး၊ ကိုယ် မင်းကို ထာဝရပိုင်ဆိုင်ချင်ပြီ၊ ဒါကြောင့် လက်ထပ်လိုက်ကြရအောင်လား"

ဒီလောက် မြန်မြန်ဆန်ဆန် ပြောလိမ့်မည်ဟု မထင်မှတ်ထားသဖြင့် ပြန်ပြောစရာ စကားမရှိအောင်ပင် ဖြစ်သွားသည်။

ကြိုတင်ပြင်ဆင်ထားမှု မရှိသော်လည်း နှလုံးသား၌ အသင့်ရှိနေ အချစ်ကတော့ဖြစ်၍ တဒိတ်ဒိတ်ခုန်ကာ ရှက်စိတ်



www.burmeseclassic.com

www.burmeseclassic.com



တို့က ခေါင်းဖော်မဝံ့ပြီ၊ သို့သော် ချစ်စိတ်၊ ရှက်စိတ်တို့ကြားမှာ ခံပြင်းစိတ်ကတော့ ဝင်လာသည်။

"အချစ်"ဟူသော စကားပါမလာပဲ လက်ထပ်ရအောင်တဲ့လား၊ စီးပိုးလိုက်တာ၊ ငြင်းပယ်စရာ အကြောင်းမရှိဟု ထင်ပုံရသည်။

"ကိုယ်လို တစ်ခုလပ်ကြီးက မိန်းကလေးလို နုနုနယ်နယ် အပျိုစင်လေးကို လက်ထပ်ခွင့်တောင်းတာ နွားအိုမြက်နုကြိုက်ကြီးဆိုပြီး ရွံမုန်းသွားပြီလား၊ ဒါမှမဟုတ် ပွဲလန့်တုန်းဖျာခင်းတဲ့ အခွင့်အရေးသမားလို့ မှတ်ယူလိုက်လို့ စကားပြောချင်စိတ် ကုန်ခမ်းသွားတာလား မိန်းကလေး"

သွေး ဆတ်ခနဲ တုန်လှုပ်သွားသည်။ သူ့အား မဝံ့မရဲလှမ်းကြည့်လိုက်သည်။ အကြည့်ချင်းဆုံတော့ အပျိုရိုင်း၏ရင်ခွင်သံကြမ်းကြမ်းကို သူကြားသွားမှာ စိုးထိတ်ကာ ထိုင်ရာမှ ရုတ်ချည်းထကာ လသာဆောင်ဘက် ထွက်ခဲ့သည်။

လျှပ်စစ်မီးရောင်အောက်ထက်စာလျှင် လရောင်အောက်ကမှ အနည်းငယ်နေရခက်သော ဝေဒနာကို သက်သာစေလိမ့်မည်။

"မိန်းကလေး ကိုယ့်ကို ရွံမုန်းသွားပြီလား"

မုန်းဖို့နေနေသာသာ ချစ်လွန်းလို့ အခက်ကြုံနေရသည်။

သို့သော်. . . ခိုကိုးရာရှာနေသော မိန်းမသားတစ်ယောက်၏ အချစ်ကို ဦးမင်းခန့်လိုလူက တန်ဖိုးထားပါ့မလား။

"ကိုယ် မိန်းမတစ်ယောက်ကြောင့် မိန်းမတွေကို မကြည့်ချင်လောက်အောင် နာကျည်းမုန်းတီးခဲ့ပေမယ့် မင်းကို မုန်းမရအောင် ဖြစ်ခဲ့တယ်၊ ကိုယ်လိုလူတစ်ယောက်က ချစ်တယ်ဆိုတဲ့စကားပြောရင် မင်း လက်ခံချင်ပါ့မလား"

ဘာဖြစ်လို့ လက်မခံချင်ရမှာလဲ၊ လက်ခံချင်တာမှ တိုဘက်ကမ်းတောင် လွန်သေး၊ ချစ်ခြင်းမေတ္တာနှင့် ပတ်သက်လာလျှင် မိန်းမသားတွေ၏ မျှော်လင့်ခြင်း တံခါးမှ ထို "ချစ်တယ်" ဟူသော စကားတစ်ခွန်းပင် ဖြစ်သည်ဆိုတာကို အိမ်ထောင်သက် အတွေ့အကြုံရှိသော ယောကျာ်းတစ်ယောက်အနေနှင့် သိဖို့ကောင်းလေသည်။

"ပြောပါဦး"

"ကျ. . ကျွန်မ စဉ်းစားဦးမယ် ဆရာ"

အနားကပ်လာတော့ ဆတ်ခနဲ စုန်ရီသွားသည်။

မနေ့ကတော့ သောက၏ထွက်ပေါက် အားကိုးရာရှာမိသည့်အတွက် သူ၏ရင်ခွင်ထဲ ဝင်ရောက်ခြင်းကို မတုန်လှုပ်မိ၊ ယခုတော့ အနားကပ်လာသည်ကိုပင် ထိတ်လန့်တကြီး မော့ကြည့်လိုက်မိပြီး တုန်တုန်ရီရီ ပြောချလိုက်သည်။

"ဘယ်အချိန်အထိ ပေးရမှာလဲ၊ မနက်ဖြန် မေမေကြင်းဦးလေးဆီ သွားတော့မှာ"

"နည်းနည်းတော့ အချိန်ပေးပါ"

"ကောင်းပြီလေ၊ ကိုယ်စိတ်ရှည်ပါတယ်၊ ဒါပေမယ့်





www.burmeseclassic.com

www.burmeseclassic.com



မင်း ကိုယ်တို့သားအဖအတွက်တော့ ပတ်ဝန်းကျင်က ပုတ်ခတ်လာမယ့် လှိုင်းတံပိုးရဲ့ဒါဏ်ကို ကြံ့ကြံ့ခိုင်နိုင်ရလိမ့်မယ် နော်"

"ဆရာကကော ကျွန်မကို ကာကွယ်ပေးမှာလား"

"အိုး . . မေးတတ်လိုက်တာ ကလေးရယ်၊ ပေးမှာပေါ့ . . ကိုယ် မေတ္တာနဲ့ရော ကိုယ့်ဒီရင်ခွင်ကြီးနဲ့ပါ"

"အို . ."

4 တုန်တုန်ရီရီ ဖြစ်နေသော သွေး၏ ခန္ဓာကိုယ်လေးသည် ဖက်ရွက်ကလေး တစ်ရွက်ပမာ သူ၏ ရင်ခွင်ထဲသို့ ငွေ့ခနဲ ရောက်ရှိသွားအောင် သူ သိမ်းကြုံးယူငင်သွားသည်။

ငြင်းဆန်နိုင်သောအင်အား သွေး၌ မရှိပြီ၊ မိမိကိုယ်တိုင်ကလည်း တုန်လှုပ်စွာဖြင့် တမ်းတမိသည့်ရင်ခွင် ဖြစ်နေတာကလည်း အကြောင်းပါလိမ့်မည် ထင်သည်။




☺ အောင်မြင်စာပေ ☺

www.burmeseclassic.com



# အခန်း(၂၄)

မင်းခန့်ရှင်ထဲ ဒေါ်သတို့ဆူဝေလာသည်။ ခတ္တာ ဘက်မှ သားနှင့်တွေ့ခွင့် မေတ္တာရပ်ခံလာသည်။

"ကျွန်တော် ခွင့်မပြုနိုင်ဘူးမေမေ၊ သားရဲ့ နုနယ်တဲ့ နှလုံးသားလေးမှာ ချိုးသီးတဲ့ ခံစားမှုတစ်ခု စွဲထင်သွားမှာ ကျွန်တော်စိုးရိမ်တယ်"

"ဒီမှာ မောင်မင်းခန့်. . အမေဟာ အမေပါပဲ၊ ရန်ဘူ





တောင် လက်နက်ချရင် ကြေအေးရသေးတာပဲ၊ သူ့အမှား သူသိလို့ ဝန်ချတောင်းပန်လာပြီဆိုတော့ ကိုယ့်ဘက်က သိမ်မွေ့ ရှိုင်းရိုင်းပျပျ ဆက်ဆံလိုက်ရင် လူကြီးလူကောင်း မပီသရာ ရောက်သွားတော့မှာပေါ့၊ ကျန်းမာရေးလည်း မကောင်းဘူး ပြောတယ်"

"ဘယ်လို ကျမ်းမာရေး မကောင်းတာမျိုးလည်းဆို တာ မေမေသိလို့လား"

"ဘယ်သိမလဲ"

"ဒင်းလင်ငယ်က ဖိုးသမားဆိုတော့ ဒင်းမှ အေအိုင် ဒီအက်စ်ကလွဲရင် ဘာရောဂါ ဖြစ်ရဦးမှာလဲ၊ ပေးမတွေ့နိုင် ဘူး မေမေ၊ သားကို ရောဂါကူးစက်သွားမယ်"

"ဘုရား . . ဘုရား ဟုတ်လို့လား သားရယ်"

မိခင်ရှင်ဘတ်ဖိကာ ထိတ်လန့်တကြား မယုံကြည်နိုင် သကဲ့သို့ မေးလိုက်လေသည်။

"ဟုတ်လို့ပေါ့ တာပေါ့"

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ၊ မေမေက ခဏတော့ တွေ့မယ်လို့ ပြောလိုက်မိပြီ၊ အို. . ကလေးဆိုတာ အရမ်း ယ်တာ၊ ပိုးတွေ ပျံ့နှံ့လွယ်တဲ့နေရာ လုံးဝသွားခွင့်မပြုနိုင် မေမေပဲပြောတော့မယ်၊ ဘုရား. . ဘုရား. . ငှဝါကိုများ ခဲ့ရင် မဖြစ်ဘူး၊ သွေးစစ်နိုင်းရမယ်"

မိခင်က ကောက်ကာငင်ကာထပြီး တယ်လီဖုန်း ထ က်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အတော်ပဲ ဒေါ်ကြင်ရေ၊ ရှင့်ကိုတော့ ကျွန်မ အားနာပါတယ်၊ ဒါပေမယ့် ကျွန်မမြေးကိုတော့ ပေးမတွေ့နိုင်ဘူး"

"........"

"ကိုယ်ချင်းစာနာတတ်လို့ကို ကျွန်မသားတွေကို ကျွန်မ ဘယ်လိုဘဝမျိုးရောက်အောင် ပြုစုပျိုးထောင်ခဲ့တယ်ဆိုတာ ရှင်အမြင်ပဲလေ"

"........"

"ကိစ္စမရှိဘူး၊ ရင်သွေးကို ငဲ့ကွက်ရမှန်းမသိပဲ ကိုယ့်ရဲ့အလိုဆန္ဒအတိုင်း ယုတ်မာစွာ ဖောက်ပြန်လော်လီသွားတဲ့ မိန်းမယုတ်နဲ့ ကျွန်မတို့မြေးကို ခွဲရတွက်အတွက် ရရှိလာမယ့် ဝဋ်ကြွေးရှိမယ်ဆို အဲဒီဝဋ်ကြွေးကို ကျွန်မ သံသရာအဆက်ဆက် ခံလိုက်မယ်၊ ကျွန်မမြေးကိုတော့ ကျွန်မ ဘာဖိုး မှ အကူးမခံနိုင်ဘူး"

"......."

"ဟုတ်တယ် ကျွန်မ လူကြီးမပီသဘူးပဲပြောပြော ရတယ် ဒေါ်ကြိုင် ကြိုက်သလိုသာပြော၊ ကျွန်မတို့ ဘာကို မဟုတ်တာ မလုပ်ဘူး"

"......."

"ဒါဘာဖြစ်လဲ၊ တပင်လဲရင် တပင်ထူမယ်၊ ကျွန်မ သားအပေါ် ရှင်တို့ဘာမှပတ်သက်စရာ အကြောင်းမရှိတော့ တာ တိုင်းသိပြည်သိ တရားဝင် ကြေညာထားပြီးသားပဲ၊ ရှေ ပိုင်ခွင့်လည်း မရှိဘူး၊ တစ်ခုလပ်နဲ့ အပျိုစင်လေး နစ်နာ





ရှင် အပျိုစင်လေးဘက်ကသာ နစ်နာရမှာပေါ့၊ ရှင်တို့ သမီး တွေပဲမွေးထားပြီး သမီးချင်း မစာတတ်တာ အံ့ဩပါရဲ့"

"......"

မင်းခန့်သည် မိခင်ကြီးကို တအံ့တဩ ကြည့်မိလေသည်။ ငယ်စဉ်ကလို သားများကိုထိလျှင် မှားသည်မှန်သည် နောက်ထား လောလောဆယ်တော့ သွေးပူပြီး သားဆိပ် တက်ကာ ဆတ်ဆတ်ထိမခံသော မိခင်ပမာ ကက်ကက်လန် အောင် ရန်တော့တွေ့ဖြစ်လိုက်သေးသည့် ဟန်ပန်မျိုး မြင် သည်တွေ့ရှိလိုက်ရသည်။

"အမြန်ဆုံးကို အကြီးကျယ်ဆုံး အခမ်းနားဆုံးကို တ်ထပ်ပေးဦးမှာ၊ တော်ပြီ ရှင့်ကို ကျွန်မက ခင်မင်ခဲ့တာ ထောက်ထားပြီး ခုလောက် လူရာသွင်း စကားပြောတာ ပဲ ကျေးဇူးတင်လိုက်ပါ၊ နောက် ပြောစရာရှိရင် ရှေ့နေက ဆင့်ပဲ စကားပြောမယ် ဒါပဲ"

ဝုပ်ခနဲမြည်အောင် တယ်လီဖုန်းစကားပြောခွက်ကို ဆောင့်ချလိုက်သည်။

မင်းခန့် မိခင်ကို စိတ်မကောင်းစွာ ကြည့်လိုက်သည်။ သတရားသည် ဘယ်သူ့အပေါ်ဖြစ်ဖြစ် ဖြစ်ရသူ၏ စိတ် င်တိုပါ ထိခိုက်နစ်နာစေတတ်သည်။

"ကျွန်တော် စိတ်မကောင်းပါဘူး မေမေ၊ မူကြိုမှာ ခုတွေပေးတာတွေဘာတွေ ရှိမှာစိုးလို့ သားကို ကျောင်းမ တော့ရင် ကောင်းမလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဒါတော့ မဖြစ်ဘူးထင်တယ်၊ သွေးကျောင်း သွားချိန်မှာ ကဲကဲသောင်းကျန်းရင် မေမေနိုင်မှာမဟုတ်ဘူး ဒီလိုလုပ်မယ် မေမေ၊ ဖိုးထူး သွေးနဲ့သားကလွဲရင် ဘယ်သူ ကိုမှ တွေ့ခွင့် ကြုံခွင့် မပေးရဘူးလို့ ဆရာမကြီးနဲ့ ဆရာမကို သွားတွေ့ထားရင် ကောင်းမယ်"

"မေမေသဘောပဲ သားကဲကဲကိုလည်း သေသေချာ ချာ မှာထားဦးနော်"

"အေးပါ ငါ့သားလည်း အမေချွေးမ အရွေးကောင်း ခဲ့လို့ ဒီဘဝရောက်ရတာ စိတ်မကောင်းပါဘူးကွယ်၊ အမေ့ အပြစ်ပါ"

မင်းခန့် စိတ်မကောင်း ဖြစ်သွားရသည်။ မိခင်သည် သားတွေအတွက် အကောင်းဆုံးဖြစ်အောင်တော့ လုပ်ဆောင် ပေးခဲ့တာချည်းပဲဖြစ်သည် မှန်သော်လည်း ကံတရားကလည်း ရှိသေးသည်ပင်။

"ကံပေါ့ . မေမေ၊ ဒါတွေဘာမှ မတွေးပါနဲ့၊ သွေး ဦးလေးက ဘာပြောသလဲ"

"သူ့တူမလက်ခံရင် သူတို့ဘက်က ဘာမှ ငြင်းစရာ မရှိပါဘူး၊ အတိုင်းထက်အလွန် ဝမ်းသာစွာနဲ့ လက်ခံမိမှာပါ တဲ့၊ သွေးဦးလေးက ကျောင်းဆရာပီပီ ပညာလည်းတတ် စာပေဗဟုသုတကလည်း များပုံရတယ်၊ စကားပြော ရည်မွန် တယ်"

မင်းခန့်ရင်ထဲ အပျော်နတ်သားတို့ တီးမှုတ်ကခုန်





လေပြီ၊ ခတ္တာနှင့်တုန်းက မရရှိခဲ့သော ခံစားမှု ကြည်နူးမှု သည် သွေးနှင့်တွေ့မှ ရရှိနေသည်။ ဒါကို "အချစ်"ဟု င်းခန့် ယုံကြည်လက်ခံလာသည်။

"သားတို့ချင်းကော ညှိနှိုင်းပြီးကြပြီလား"

မင်းခန့်မျက်နှာ ထူပူသွားသည်။ မိန်းမအတွေ့အ ရှိသော တစ်ခုလပ် ယောကျ်ားတစ်ဦးအနေဖြင့် ရှက်စိတ် မရှိသင့်တော့ပြီ ဖြစ်သော်လည်း အချစ်သည် ယခုမှ ကြားလာသော ယောကျ်ားတစ်ဦးအနေဖြင့် ရင်ဖိုရှက်မော းကတော့ ခံစားနေရသေးသည်။

"စဉ်းစားပါရစေတဲ့"

မိခင်မျက်နှာကိုပင် ရဲရဲ မကြည့်ဝံ့ပဲ မျက်နှာခပ်လွှဲလွှဲ ဖြေလိုက်သည်။

"ဒါဖြင့် ဘယ်လောက်ကြာ စဉ်းစားမှာလဲ"

"ကျွန်တော် မမေးလိုက်မိဘူး မေမေ"

"ကြိုးစားလေ သားရယ်၊ မိန်းကလေးဆိုတာကတော့ သတ်တာအရေးကို ခဏတာအချိန်လေးနဲ့ ဘယ်ဆုံးဖြတ် ါမလဲ၊ သားဘက်က ချစ်မေတ္တာတွေ ပုံအပ်ပြနိုင်ရင် လည်း ဘယ်သူက တင်းခံနိုင်မှာတဲ့လဲ၊ မိန်းမဆိုတာ တတ်တဲ့အမျိုး ငါ့နှယ်နော်၊ ဒီအရွယ်ကြီးကျမှ လိုက် နေလို့လဲ မသင့်တော်ပါဘူး၊ ဒါပေမယ့် အားနွဲ့သူအပေါ် ထိလက်ရောက် စော်ကားမှုမျိုးတော့ လုံးဝမဖြစ်စေနဲ့ အမျိုးကောင်းသား ပီသစွာနဲ့ ကိုယ့်အရိပ်မှာ နားခိုနေ



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို. . .”

“မေမေကလည်းဗျာ ကျွန်တော်သိပါတယ်၊ ကလေး မှမဟုတ်တာ”

“အေးပါ ပညာရှိသတိဖြစ်ခဲ ဖြစ်မှာစိုးလို့ ပြောတာ မောင်မင်းခန့်ရေ ကဲ. . မေမေသွားနားတော့မယ်၊ သွေး မနက်ဖြန် ကျူတိုရီရယ်ရှိလို့ စာကျက်နေတယ်ထင်တယ်”

မိခင်ကြီး ပြန်ထွက်သွားမှ သူ့မျက်နှာ၌ ပူထူနေမှုတို့ လျော့ပါးသွားသည်။ သွေးနှင့်ပတ်သက်၍ ခံစားမှုတို့သည် ဆယ်ကျော်သက် မြည်းကောင်ပေါက်လေး၏ ရင်ခုန်မှုသ ဖွယ် ပုလွန်ဆိတ်လို တဆတ်ဆတ် တုန်ခါနေလိမ့်မည်ဟု သူ မထင်မှတ်ခဲ့ပါချေ။

ယခု လူပျိုပေါက်လေးပမာ ချစ်သူကို အမြဲတွေ့ချင် သည်။ အလုပ်မရှိ အလုပ်မရှာတော့ပဲ ရှိသောအလုပ်များတို မြန်မြန်သိမ်းကြုံးလုပ်ပြီး အိမ်ကိုပြန်ပြေး အချိန်ရလျှင်ရသလို သားသွားချင်သောနေရာများ ကစားကွင်းများကို လိုက်ပို့ပေး ချင်သည်။ ဒါမှ မိသားစုဟု သူလက်ခံချင်သည်။ သူ မျှော်မှန်း ထားသောမိသားစု၏ ပုံသဏ္ဌာန်မျိုးပင်။

သွေး စာကျက်နေသည်တဲ့၊ မသွားတော့ပါဘူးဟု ဆိုပေမယ့် မနေနိုင်၊ သွေးမျက်နှာလေးကို ခဏလေးဖြစ်ဖြစ် မြင်တွေ့လိုက်ချင်သည်။ ထို့ကြောင့် သူ အောက်ထပ်သို့ ဆင်း ခဲ့သည်။ တံခါးကို အသာခေါက်လိုက်သည်။

မကြာခင် ပွင့်လာပြီး ကြည်လင်သန့်ရှင်းသော မျ





မျက်နှာလေး ဝင်းလက်စွာ ပေါ်ထွန်းလာသည်။

“ဘာလုပ်ပေးရမလဲ ဆရာ”

သူ ဘာပြောရမှန်းမသိ၊ ပြုံးပြီး ခေါင်းခါလိုက်သည်။ သူ့အပြုံးနှင့် ရွှန်းလက်သော အကြည့်ကြောင့် သွေးက မျက် လွှာချလိုက်ပြီး. . .

“ကျွန်မ. . ကျူတိုရီရယ်ရှိလို့ ဆရာနဲ့ စကားလာမ ပြောဖြစ်ဘူး”

“ရပါတယ် မေမေပြောလို့ ကိုယ်သိပါတယ်၊ ကိုယ်ဒီ လာတာ ဘာအကြောင်းမှ မဟုတ်ဘူး၊ မင်းမျက်နှာလေးကို မြင်ချင်လို့ပဲတွေး. . ကိုယ့်အနီးအနားမှာ မင်း စိတ်ကြည်လင် စွာနဲ့ ရှိနေပါလားဆိုတဲ့ အသိကလေး ရရင်ပဲ လောလော ဆယ် စိတ်ချမ်းသာပြီ၊ ဒါကြောင့် မင်းမျက်နှာလေးကို လာ ကြည့်တာပါ၊ ကဲကဲပိတ်တော့ ဂွတ်နိုက်”

ဝိုင်းစက်သော သောက်ရှူးကြယ်ညီနောင် မျက်ဝန်း လေးကို ကျော့ခိုင်းခဲ့လိုက်သည်။

တကယ်ပါလား၊ အချစ်ဆိုတာ အသက်မရွေး အချိန် ခါမရွေး အမြဲတမ်း ဆန်းသစ်နေတတ်ပါလားဟု ကြည် ကြည်နူးနူး သဘောပေါက်လိုက်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၅)

သွေး ကျူတိုရီရယ် ဖြေနိုင်သဖြင့် ဇာ့ဖြ
သည်။ ညက ဦးမင်းခန့်၏ စိတ်ကူးယဉ်ဆန်သော အ
ကလေးက မိမိနှလုံးသားကို လာရောက်ထိမှန်သည်။
တော့ စကားတွေ တစ်ဝကြီး ပြောပစ်လိုက်မည်။

မိမိငယ်စဉ်ကအကြောင်းတွေ ပြောပြပြီး ချော
ပင်ကိုတစ်ခေါက် လိုက်ပို့ခိုင်းလိုက်ဦးမည်ဟု စိတ်ထဲ



ထားလိုက်သည်။

"မမသွေးလား"

ကျောင်းပြင်ပ ကားရပ်ထားသည့် နေရာအရောက်တွင် မိန်းမတစ်ယောက်က မေးလာသည်။ သွေး သတိထားလိုက်သည်။

"ဘာကိစ္စလဲ"

"ဒေါ်ခတ္တာက စာပေးခိုင်းလိုက်လို့ပါ၊ စာကို သေသေချာချာ ဖတ်ပေးပါလို့ပဲ တောင်းပန်ခိုင်းလိုက်တယ်၊ ကျွန်မက ဆေးရုံက သူနာပြုဆရာမတစ်ဦးပါ"

"ဪ . . ဟုတ်ကဲ့၊ ကျွန်မ ဖတ်ပါ့မယ်ဆိုတဲ့ အကြောင်းပြောပြလိုက်ပါနော်"

သွေးနှလုံးသား၌ ကိုယ်ချင်းစာတရားတို့ အပြည့်အဝရှိလေသည်။ မိန်းမသားချင်းအပေါ် ပို၍ ရိုင်းပင်းချင်သည်။

"ကျေးဇူးပါပဲ၊ ကျွန်မတို့မှာလည်း လူနာစိတ်ချမ်းသာအောင် ဆောင်ရွက်ပေးရမယ့် ဝတ္တရားရှိလို့ လာပို့ပေးတာပါ၊ ဒီမလေးအတွက် စိတ်ညစ်စရာ စာတစ်စောင် ဖြစ်သွားမယ်ဆိုရင်လည်း မမကိုခွင့်လွှတ်ပါကွယ်. . . သွားမယ်နော်"

"ဟုတ်ကဲ့၊ ကျွန်မနားလည်ပါတယ် ဆရာမ"

သွေး စာကိုလက်ခံယူလိုက်ပြီး ဦးဖိုးထူး ကားရပ်နေသည့်နေရာကို လျှောက်ခဲ့လိုက်သည်။

ကားပေါ်ရောက်တော့ . . .

"ဘယ်သူ့စာလဲ ဇီသွေး"



www.burmeseclassic.com

www.burmeseclassic.com



"ညောင်လေးပင်က မိတ်ဆွေပါ။ သူငယ်ချင်းတစ်ယောက် လူကြုံနဲ့ စာပါးလိုက်တာပါ"

"ဘာကြောင့်ရယ်မသိ၊ ကဲကဲမိခင် ဒေါ်ခတ္တာ၏ သည် မိမိအတွက် ကောင်းခြင်းကို ပေးလိမ့်မည်ဟု မထင် ဒေါ်ခတ္တာ၏အစ်မ ဒေါ်ငုဝါက ညီမကိုယ်စား မရိုက်ပုတ် တစ်မယ် ရန်တွေ့ဆဲဆိုသွားခဲ့သည်။

သွေး ကားပေါ်၌ ထိုင်မိသည်နှင့် စာကို ဖောက်ဖ လိုက်သည်။

ညီမလေး "သွေး"

သေခါနီးလူရဲ့ နောက်ဆုံးဆန္ဒနဲ့ နောက်ဆုံးစကား ညီမလေးကိုယ်ချင်းစာနာစွာနဲ့ လိုက်လျောပေးလိမ့်မယ် ပါတယ်။

ညီမကျောင်းကို လာရောက်ပြီး ညီမကို အရှက် အောင် နာကျည်းပြီး ကိုမင်းခန့်ဆီက ထွက်ပြေးသွားအော လုပ်ခဲ့မိတဲ့ အချိန်အထိတော့ မမဟာ ကိုယ့်မိုက်တွင်းကို သေးပဲ ကိုမင်းခန့်ဆီက သားကို ဘန်းပြအကြပ်ကိုင်မယ် စိတ်ကူးထားခဲ့ပါသေးတယ်။

ဒါပေမယ့် အဲဒီနေ့မှာပဲ ညီမကို လုပ်ချင်တိုင်း ခွင့်မရတဲ့အပြင် ကိုမင်းခန့်ရဲ့ ရှေ့နေရှေ့ရပ်က စကား ပြောတဲ့အချိန်မှာ မမဟာ ဗုန်းဗုန်းကျသလို လဲကျသွား တစ်ဆက်တည်းမှာပဲ ရောဂါရှာဖွေဖို့ သွေးစစ်ထားတဲ့ အ တွေ သိလိုက်ရချိန်မှာ မမဟာ သေလူဖြစ်သွားပြီ၊ သေ





ရက်ကို စောင့်ဆိုင်းနေရတဲ့ အိတ်ချ်အိုင်ဗွီပိုးတွေ ပွံ့နှံ့နေတဲ့ အေအိုင်ဒီအက်စ် ရောဂါရှင် ဖြစ်နေပြီ၊

ကိုယ့်ကိုယ်ကို သတ်သေဖို့ ကြံရွယ်အားထုတ်ခဲ့ပေမယ့် အမေနဲ့ အစ်မကြောင့် ဆေးရုံရောက်နေပြီ။

သေခါနီး သတိရတမ်းတမိတာက "သား"ပါပဲ၊

မိခင်မဆန်တဲ့ မိန်းမယုတ်တစ်ယောက်ဖြစ်တဲ့ မမအကြောင်းကို အရင်ပြောပြပါရစေဦး

မမဟာ ဆန့်ကျင်ဘက်လိင်အပေါ် စိတ်ဝင်စား သာယာတတ်ပြီး ယောကျ်ားများရဲ့ စိတ်ဝင်စားခြင်းကို ကျေနပ်ဂုဏ်ယူတတ်တဲ့ မိန်းမတစ်ယောက် ဖြစ်ခဲ့တယ်၊ အရွယ်ရောက်လာလို့ မိဘက ပေးစားမယ်ဆိုတော့ ကိုမင်းခန့်ရဲ့ ရိုးရိုးအေးအေး စရိုက်ရယ်၊ စည်းစိမ်ချမ်းသာရယ်ကို သွားတွေ့တော့ မမ နွားဖားကြီး တတ်နိုင်မယ့်လူ ဖြစ်လိမ့်မယ်လို့ ယုံကြည်ပြီး လက်ထပ်ခဲ့တယ်။

ဒါပေမယ့် ကိုမင်းခန့်ဟာ မမထင်သလို မဟုတ်ဘူး၊ မမအပေါ် ဆက်ဆံမှုဟာ အေးစက်လွန်းတယ်၊ သူက မိန်းမလိုချင်တာ မဟုတ်ဘူး၊ အိမ်ရှင်မကောင်း ဇနီးမယားပဲ လိုချင်တယ်ဆိုပြီး မမအပေါ် ချုပ်ချယ်ဖို့ ကြိုးစားတယ်၊ မမကလည်း ဘယ်ခံနိုင်မလဲ၊ လွတ်လပ်ခွင့်ကို လုံးဝ အဆုံးရှုံး မခံနိုင်ဘူး၊ ခါတိုင်းလိုပဲ နေတယ်၊ ဒီမှာပဲ ကိုမင်းခန့်ဟာ မမကို ဥပေက္ခာ ပြုလာတယ်၊ အလုပ်ကိုပဲ ဘန်းပြပြီး အလုပ်ခွင်မှာတောင် ပြောင်းနေတယ်၊ မမက ကလေးချစ်တတ်တဲ့ ကိုမင်း



www.burmeseclassic.com

www.burmeseclassic.com



ခန့်အတွက် သား တစ်ယောက်ကို မွေးပေးခဲ့တယ်။

သားကိုချစ်ပေမယ့် မမကိုတော့ အထင်သေးတဲ့ မျက်ဝန်းနဲ့ပဲ ကြည့်တတ်တယ်၊ ဒီအကြောင်းတွေ ညီမ သိမှာပါ။ မိုက်တွင်းနက်ပြီးရင်း နက်ခဲ့တဲ့ မမဟာ နောက်ယောကျ်ားတွေကတစ်ဆင့် ဘိန်းဖြူစွဲ ဘိန်းဖြူဘိုးရမယ်ဆိုရင် 'ကိုယ့်ကိုယ်ကို တန်ဖိုးထားရကောင်းမှန်းမသိ ပျက်စီးချင်တိုင်း ပျက်စီးခဲ့တယ်။

ထားပါတော့လေ၊ ဘိန်းဖြတ်ပြီး ရန်ကုန်ပြန်ရောက်ချိန် သားလေးကဲကဲကို လာချောင်းတွေ့သေးတယ်၊ ကဲကဲက ပိုင်းလုံးမကြီး အရူးမကြီး သွားဆိုပြီး မောင်းထုတ်တာကို မမခံလိုက်ရတယ်၊ မမငွေဝါက သူသင်ပေးထားတဲ့ အဆဲတွေဟာ သူတို့ထံ ပြန်ရောက်လာပါလားလို့ ပြောလိုက်တဲ့အချိန်မှာ မမ သံဝေဂရလိုက်တယ်။

ခုဆိုရင် မမ ဆေးရုံမှာပဲ သေခြင်းတရားကို ရင်ဆိုင်နိုင်ဖို့ တရားဟော ကက်ဆက်ခွေလေးတွေ မပြတ်နာရင်း ဆင်ခြင်နေပါပြီ။

သားကို တွေ့ချင်ပေမယ့် တွေ့ခွင့်မတောင်းတော့ဘူး၊ သားရဲ့ အမေနေရာက တစ်စက္ကန့်လေးတောင် နေခွင့် မထိုက်တန်တဲ့ မိန်းမယုတ်ပါ။

အမေနဲ့ အစ်မက သားကိုတနေ၊ သားဓါတ်ပုံလေးကို တစိမ့်စိမ့် ကြည့်ငိုနေတတ်တဲ့ မမအတွက် ကိုမင်းခန့်ဆီမှာ ခွင့်တောင်းကောင်း တောင်းလိမ့်မယ်။





ခွင့်မပြုလိုက်ဖို့ ညီမ တားဆီးပေးပါ။ ညီမလို သန့်စင်မွန်မြတ် စိတ်ထားလှတဲ့ မိန်းကလေးသာ ကိုမင်းခန့်လိုလူမျိုးနဲ့ ထိုက်တန်ပါတယ်၊ ညီမစကားကို ကိုမင်းခန့် နားထောင်ပါလိမ့်မယ်၊ သူကလည်း ပေးတွေ့မှာ မဟုတ်ပါဘူးလေ၊ အကယ်၍များ ခွင့်ပြုခဲ့ရင်တောင် ညီမ ခွင့်မပြုလိုက်ပါနဲ့နော်၊ ရောဂါဟာ လွယ်လင့်တကူ မကူးစက်နိုင်ဘူးဆိုတာ သိပေမယ့် အခန့်မသင့်၍များဆိုတဲ့ အတွေးက မမကို သေလူမတတ် ခံစားစေရတယ်"

နောက်ပြီး သားကိုလည်း သွေးတွေအာတွေ စစ်ကြည့်ပေးပါဦးနော်၊ ပြီးတော့ သူ့အမေရဲ့အကြောင်း ဘယ်သောအခါမှ သူမသိပါစေနဲ့၊ သွေးသာ သူ့မိခင်အရင်းအဖြစ် ထာဝရ ရပ်တည်ပေးပါတော့၊ သွေးရဲ့ ရင်သွေးလိုပဲ ထာဝရ စောင့်ရှောက်ပေးသွားပါလို့ မမ အနူးအညွတ်တောင်းပန် မေတ္တာရပ်ခံပါတယ်။

ကိုမင်းခန့်ကိုလည်း ခွင့်လွှတ်ပေးဖို့ မမ မတောင်းဆိုရဲပါဘူး။

ညီမသာ မမကို ခွင့်လွှတ်ပေးပြီး မမသားလေးကို မမကိုယ်စား စောင့်ရှောက်ပေးဖို့အတွက် မေတ္တာရပ်ခံပါတယ်၊ ပြောဆိုခဲ့တာတွေအတွက်လည်း အနူးအညွတ်တောင်းပန်ပါတယ်။

မမကို ခွင့်လွှတ်တယ်ဆိုရင် မမကျေနပ်စွာနဲ့ပဲ ကိုယ်ပြုခဲ့တဲ့ဝဋ်ကို ကိုယ်ပဲခံပြီး ငြိမ်းငြိမ်းလေးနဲ့ သေသွားချင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာတရား အင်အားကြီးမားလွန်းတဲ့ ညီမထံမှ ခွင့်လွှတ်ပါတယ်ဆိုတဲ့ စကားရယ်၊ သားလေးကို မိခင်ရင်း တစ်ယောက်လို စောင့်ရှောက်ပေးသွားပါမယ်ဆိုတဲ့ ကတိ စကားကိုတော့ မမ မျှော်လင့်နေပါတယ်။

တချိန်က အမိုက်မ
ခတ္တာ

စာဆုံးသွားတော့မှာ သွေးမျက်ဝန်း၌ မျက်ရည်များ ရစ်ဝဲအိုင်ထွန်းနေသည်ကို သတိပြုမိလိုက်ပြီး တစ်သျှူးစလေး နှင့် သုတ်လိုက်လေသည်။

အချိန်တန်တော့လည်း မိခင်ရင်းဟာ မိခင်ရင်းပါပဲ လား၊ ဘယ်လောက်ပဲ ဆိုးသွမ်းခဲ့ပါစေ၊ သားသမီးအပေါ်တွင် တော့ မေတ္တာစိတ်က အပြည့်အဝ ရှိနေတတ်သည်ပင်။

သွေး လိုက်လျောပါမည်။

ဦးမင်းခန့်ကို ဖွင့်ပြောရန်သင့်မသင့် စဉ်းစားလိုက် သည်။

တယူသန်သော ဦးမင်းခန့်ကတော့ ခတ္တာကို ခွင့် လွှတ်လိမ့်မည် မဟုတ်သလို ကဲကဲကိုလည်း ပေးတွေ့လိမ့် မည်မဟုတ် . . .

ကဲကဲကို ပေးတွေ့ဖို့ကတော့ . . .

မိခင်အရင်း မဟုတ်၍ ကြားရရုံနှင့် ကျောချမ်းသော အေအိုင်ဒီအက်စ် ရောဂါသည်အပါး ခေါ်သွားရက်မှာပေါ့ဟူ





သော အပြောကို မိမိခါးသီးစွာ ရင်ဆိုင်ရပေမည်။

မိန်းမချင်းကိုယ်ချင်းစာစိတ်တို့က သွေးရင်၌ ဂရုဏာ အိုင်ဖြစ်ထွန်းလျက်ရှိသည်။

သွေး ဘာလုပ်ရမလဲ။

ဆုံးဖြတ်ချက် ချ၍မရသေး။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၆)

မင်းခန့်က ပြုံးပြီး သွေးကိုကြိုဆိုလိုက်သည်။ အလုပ်များသဖြင့် ညရှစ်နာရီကျော်မှ အိမ်ပြန်ရောက်သည်။ ကဲကဲကို ပုံပြောပြီး သိပ်နေချိန်ဟု ခန့်မှန်းပြီး ရေချိုး ထမင်းစားပြီးသည်နှင့် အပေါ်ထပ်ဧည့်ခန်း၌ စာရင်းဇယားများ ပြန်လည်စစ်ဆေးရင်း သွေးကို စောင့်မျှော်နေခဲ့သည်။

ကိုးနာရီခန့်မှ သွေးရောက်လာသည်။





"လာ. . မိန်းကလေး ကိုယ်စောင့်နေတာ ဖြေနိုင်ရဲ့လား"

"ဖြေနိုင်ပါတယ်"

"သား အိပ်သွားပြီလား"

"အိပ်သွားပြီ၊ အိပ်ယာဝင်ခါနီးတောင် ဖေဖေပြန်မလာသေးဘူးလားလို့ မေးနေသေးတယ်"

"ဒီတော့ ဘာပြောလိုက်သလဲ"

"ကျွန်မကို စစ်ဆေးနေတာလား ဆရာ"

သွေးထံမှ မမျှော်လင့်သော မေးခွန်းကို ရလိုက်သဖြင့် မင်းခန့် အံ့သြသွားသည်။ တစ်ဆက်တည်း မိမိအပေါ် ရှက်ရွံ့ကြောက်စိတ်တို့ ကင်းမဲ့သွားလေပြီဟု တွေးမိလိုက်သဖြင့် ကျေနပ်သွားသည်။

"ဟာ မဟုတ်ရပါဘူးဗျာ၊ အလာပ သလာပ စကားအဖြစ် မေးတာပါ၊ ထိုင်ပါဦး"

သူ့နံဘေးက ဆက်တီကို ပုတ်ပြလိုက်သော်လည်း သွေးက ဝင်မထိုင်ပဲ မျက်နှာချင်းဆိုင် ဆက်တီ၌ပင် ထိုင်လိုက်သည်။

"ဘယ်လိုလဲကွာ"

ငယ်သော မိန်းကလေးကို ချစ်မိမှတော့ သူ သည်းခံခြင်းလွှတ်ရပေလိမ့်မည်။

"ဆရာကို ကျွန်မ တစ်ခုခွင့်တောင်းချင်ပါတယ် ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲပြော"

နည်းနည်းမကျေနပ်သဖြင့် ကျွဲမြီးတိုသလို မေးလိုက်သည်။

"ကျွန်မ ကဲကဲမိခင်နဲ့ သွားတွေ့ချင်ပါတယ် ဆရာ၊ တွေ့ခွင့်ပြုနိုင်မလား"

မင်းခန့် အံ့ဩလွန်းသဖြင့်. . .

"ဟင်. ."ဟုပင် အသံထွက်သွားရသည်။

"မင်း ဒါက ဘာသဘောလဲ"

"ကဲကဲရဲ့ မိခင်ဘ၀ကို ရယူတော့မှာဖြစ်လို့ ကဲကဲမိခင်ဟောင်းနဲ့ သွားတွေ့သင့်တယ် ထင်လို့ပါဆရာ"

မင်းခန့် အံ့ဩမှုတို့ မေ့ပျောက်သွားပြီး ဝမ်းသာမှုက ဖုံးလွှမ်းထားသည်။

"ဟာ မင်း ကိုယ့်ကို လက်ထပ်ဖို့ သဘောတူလိုက်ပြီပေါ့. . ဟုတ်လား"

"ဒါပေမယ့် အဲဒီဆုံးဖြတ်ချက်ဟာ ကဲကဲမိခင်အပေါ်မှာ မူတည်ပါတယ်၊ ကျွန်မ သူနဲ့ သွားတွေ့ချင်တယ်၊ သူဘယ်မှာရှိသလဲ ဆရာသိလားဟင်"

"သိတယ်"

"ဘယ်လိုလုပ် သိတာလဲ"

"ငါရှေ့နေပြောလို့ပေါ့ကွာ၊ မင်း ဘာဖြစ်လို့ ဒီလောက်တောင် အသုံးမကျတဲ့ မိန်းမတစ်ယောက်ရဲ့အကြောင်း ခေါင်းထဲထည့်ထားချင်ရတာလဲ"





"မိန်းမတစ်ယောက် ဖြစ်နေတဲ့ ကျွန်မဟာ မိန်းမတစ်ယောက်ကို စာနာတတ်လို့ပါ ဆရာ၊ သူဟာ ကျွန်မအတွက် သင်ခန်းစာကောင်းအဖြစ် ကျွန်မနှလုံးသားမှာ ပုံရိပ်ထင်နေရအောင် ကျွန်မသွားတွေ့ချင်ပါတယ်"

"ဒီလောက် ကိုယ့်အပေါ်ကို မိုက်မိုက်ကန်းကန်း ပြောဆိုထားတဲ့ မိန်းမတစ်ယောက်ဆီကို မင်း သွားရဲ့သလား"

မင်းခန့် သွေးစိတ်ကို နားမလည်နိုင်သဖြင့် မေးလိုက်သည်။

"သွားရဲပါတယ်"

"သူ့ရောဂါ ဘာရောဂါလည်း မသိလို့လား"

"သိပါတယ်"

"ဟင်. ."

"အေအိုင်ဒီအက်စ်ပါ"

မင်းခန့် မျက်လုံးအပြူးသားနှင့် သွေးကို ငေးကြည့်လိုက်မိသည်။

"ကျွန်မ ဆရာဝန်လောင်းတစ်ယောက်ဆိုတာ ဆရာသိသလား၊ အေအိုင်ဒီအက်စ်ရောဂါသည် အနားကပ်ရုံနဲ့ ရောဂါဟာ မကူးစက်နိုင်ပါဘူး၊ ပြီးတော့ ဘယ်လိုရောဂါပဲဖြစ်ဖြစ် ဆရာဝန်ဆရာမတွေဟာ လူနာတွေအပေါ် ဂရုဏာ ထား ထားရပါမယ်၊ ဒေါ်ခတ္တာဟာ သေမိန့်ကို စောင့်နေရတဲ့ လူနာပါ၊ သူ့ရဲ့ နောက်ဆုံးချိန်ကျ ကျွန်မ သွားအားပေးချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကွာ ရှာမှရှားပဲ၊ ဒါက ဘယ်သူပေးတဲ့ ရောဂါ
လည်း ဟာကွာ မင်း မသွားရဘူး၊ မင်းနဲ့ဘာမှ တွေ့ဆုံစရာ
မလိုဘူး၊ ငါ့သားအမေနာမည်မှာတောင် ဒင်းနာမည် ဖျက်
ထားပြီးပြီ"

"လူတစ်ယောက်ရဲ့ ဘဝသမိုင်းဆိုတာ ပြောင်းလွဲပစ်
လို့ မရပါဘူးဆရာ၊ ခေတ္တခဏပဲ ဖုံးကွယ်ထားလို့ ရပါတယ်"

သွေးသည် အေးအေးကလေးနှင့် ခေါင်းမာသော
မိန်းကလေးပါလားဟု မင်းခန့် သဘောပေါက်လိုက်သည်။

"ကျွန်မ သားကို ခေါ်မသွားတော့ပါဘူး"

"မင်းခေါ် ချင်တိုင်းကော ခေါ်လို့ရမလားကွ၊ ငါအခွ
ခွင့်မပြုပဲ မင်း ဘာမှ လုပ်ပိုင်ခွင့် မရှိဘူးဆိုတာ မင်းနားလည်
ထားပါ"

သွေးက အေးစက်သောအကြည့်ဖြင့် ကြည့်လ
သောအခါ သူ မခံရပ်နိုင်အောင် ဖြစ်လာပြီး. . .

"မင်း ဘာကြည့်တာလဲ"

"ကဲကဲမိခင်နေရာကို ဆရာကျွန်မကို ရယူလို့မှ
ခုထဲနဲ့ မပေးအပ်ပါနဲ့ဆရာ၊ ဆရာ့စကားတွေက ကျွန်မ
ပေါ် ယုံကြည်မှု ကင်းမဲ့နေပါတယ်၊ ကျွန်မ ဆရာ့ကို ဒီ
ချက်တည်းနဲ့ လက်ထပ်ဖို့ ထပ်မံစဉ်းစားရလိမ့်ဦးမယ်
တယ်"

"ဘာ. . မင်း မရဘူး၊ မင်းကို ငါလက်ထပ်မယ်၊
ချင်းလက်ထပ်မယ်ကွာ"





မင်းခန့် စိတ်မထိန်းနိုင် သွေးအပါး လျှင်မြန်စွာ
ရောက်ရှိသွားပြီး ထိုင်နေသောသွေးကို ဆွဲထူကာ ပုခုံးနှစ်ဖက်
ဆုပ်ကိုင်လှုပ်ရမ်းကာ စိတ်လှုပ်ရှားစွာဖြင့် ပြောလိုက်လေ
သည်။ သွေးက ထိတ်လန့်တကြား. . .

"ကျွန်မကို အကြပ်မကိုင်နဲ့. . မကြိုက်ဖူး၊ ကျွန်မ
ဆရာ့ကို လေးစားပါတယ်၊ ဒါပေမယ့် ကြောက်တယ်"

မင်းခန့် သတိဝင်သွားသည်။ ဟုတ်သားပဲ အပျိုစင်
နုနုထွတ်ထွတ်ကလေးကို သူ့လို ယောကျ်ားရင့်မကြီးက
ခွန်အားနှင့် အနိုင်ယူတာမျိုး သူ မလုပ်သင့်။

"ဆောရီးကွာ. . ငါ မှားသွားပါတယ်၊ ကဲ မင်းပြန်နား
တော့ကွာ၊ ငါ မင်းတောင်းဆိုချက်ကို ဒီည စဉ်းစားပေးပါ့
မယ်"

သွေးသည် ကြောင်လက်မှ လွတ်မြောက်သွားသော
ကြွက်ကလေးနှယ် လှစ်ခနဲ ပြေးထွက်သွားလေသည်။

သွေးစကားတွေကို သူ အလေးအနက်ထား၍ စဉ်း
စားလိုက်သည်။ သွေးပြောတာ မှန်သော်လည်း

သားကိုတော့ဖြင့် ဘယ်လိုနည်းမှ ကူးစက်ဆေးရုံကြီး
ဆီ ခေါ်မသွားနိုင်သကဲ့သို့ သွေးကိုလည်း မသွားစေချင်ပါ၊
သူကတော့ ဒီမိန်းမယုတ်မျက်နှာ လုံးဝ မကြည့်ချင်၊ သို့သော်
သွေးကိုယ်စား သူ သွားလိုက်လျှင်ကော. . .

ထိုစဉ်. .

"ဆရာ ဝင်ခွင့်ပြုပါ"



www.burmeseclassic.com

www.burmeseclassic.com



သွေးရောက်လာပြန်သည်။ သို့သော် သူ့လက်ထဲသို့ စာတစ်စောင် လာပေးသည်။

"ဒီစာပြရင် ဆရာက ကျွန်မအပေါ် ဆရာတစ်မျိုး ထင်မှာစိုးလို့ပါ၊ ဒါပေမယ့်. . ဆရာ စဉ်းစားတဲ့အခါ အထောက်အကူရမလားလို့ ကျွန်မ တွေးမိလို့ပါ၊ ဆရာ ခေါင်းအေးအေးထား စဉ်းစားပေးပါနော်၊ ဂွတ်နိုက်ဆရာ"

မင်းခန့် ဘာမှ ပြန်မပြောနိုင်ခင် နှုတ်ဆက်ထွက်ခွာသွားလေသည်။

မင်းခန့် မတားတော့ပါ. .၊ သွေး၏ စိတ်ဆန္ဒအလျောက် လွတ်လပ်ပျော်ရွှင်စွာ နေစေချင်သည်။ ဒါက သူ၏ စေတနာပင်။

သူ စာကိုဖတ်ရင်း မယုံကြည်နိုင်အောင် ဖြစ်ရသည်။ နောင်တရတယ်ဆိုတာကော ဟုတ်နိုင်ပါ့မလား၊ သွေးကို ဒုက္ခပေးဖို့များလား၊ ခတ္တာကို သူလုံးဝ မယုံကြည်နိုင်၊ မဖြစ်သေးဘူး၊ အရိုးခံသက်သက် မိန်းခလေးအပေါ် ယုတ်မာသောစိတ်ဖြင့် တစ်ဖက်လှည့်စားနေတာ ဖြစ်ဖို့များသည်။

မင်းခန့် ချက်ချင်းပင် သွေးအိပ်ခန်းသို့ တံခါးသွားခေါက်လိုက်သည်။

"ကိစ္စရှိလို့လား ဆရာ"

"အင်း. . မင်းကို ငါကိုယ်တိုင် လိုက်ပို့ပေးမယ်၊ မင်းတစ်ယောက်တည်း မသွားပါဘူးဆိုတဲ့ ကတိတော့ မင်းပေးရမယ် ဘယ့်နှယ်လဲ"





မျက်လုံးလေးက ဝင်းလက်သွားပြီး. . .

"တကယ်လားဆရာ"

"လူကြီးစကားပါ မိန်းကလေးရာ"

"ဒါဖြင့် ဆရာ ဒေါ်ခတ္တာကို ခွင့်လွှတ်လိုက်ပြီပေါ့နော်၊ ဟုတ်လား. . ."

တက်တက်ကြွကြွကလေး မေးလိုက်သောသွေးကို မချင့်မရဲ ငေးကြည့်လိုက်ပြီး. . .

"ဒါကတော့ ငါ့အပိုင်းပါ၊ ကဲ. . တံခါးပိတ်တော့ ဂွတ်နိုက်"

"ဟင် ဘယ်လိုကြီးမှန်းလည်း မသိပါဘူး"

ဟူသော အသံကလေးအဆုံး၌ တံခါးပိတ်လိုက်လေသည်။

မင်းခန့် ကြည်မွေ့စွာ ပြုံးလိုက်မိလေသည်။ ကိုယ့်ထက် ဆယ်နှစ်ကျော်ငယ်သော မိန်းကလေးကို ချစ်ရတာကိုပဲ ကြည်နူးစရာ ကောင်းနေသလား၊ ချစ်မိခြင်းကပဲ အရာရာကို ချစ်ကြည်နူးစရာအဖြစ် မြင်နေခြင်းလားဆိုတာကိုတော့ သူ ခွဲခြား၍ မရသေးချေ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၇)

သွေး ဦးမင်းခန့်ကို ချစ်ခင်မြတ်နိုးလေးစား
သော အကြည့်ဖြင့် မော့ကြည့်လိုက်သည်။ ဤလူကြီး၌ သော
သိမ်သောစိတ်ထား မရှိပါချေ။

"ဆရာ. ."

ဆရာဟု ခေါ်လိုက်ပြီး လက်မောင်းတစ်ဖက်ကို ဖ
တွယ်လိုက်မိသည်။ သွေး၏ အပြုအမူကို ဦးမင်းခန့် အံ့





သွားပေလိမ့်မည်။

"ဆရာ့ကိုလေ ကျွန်မ သိပ်ချစ်သွားပါပြီ"

"ဘာဖြစ်လို့လဲ မင်းဆန္ဒကို လိုက်လျောပေးလို့လား၊ ငါဘာကြောင့် လိုက်ပို့ပေးတယ်လို့ ထင်သလဲ"

ဦးမင်းခန့်က အေးဆေးစွာပင် မေးလိုက်လေသည်။

သွေးက ဦးမင်းခန့်ကို နားမလည်နိုင်သဖြင့် မော့ကြည့်ကာ. . .

"ဘာဖြစ်လို့လဲဟင်၊ ကျွန်မ မသိတော့ဘူး"

ဦးမင်းခန့်က သွေးအားပြုံးပြလိုက်ပြီး ရယ်လိုက်သည်။ သွေးပါ လိုက်ရယ်ရသည်။

"ပထမအချက်က မင်းကိုချစ်လို့၊ မင်းရဲ့ ဆန္ဒကို ဖြည့်ဆည်းလိုက်လျောပေးချင်တာ၊ ဒုတိယအချက်က ဟိုမိန်းမကို မချလို့၊ မင်းအပေါ် မကောင်းကြံစည်လိုက်မှာ စိုးရိမ်လို့ အဖော်အတွယ်ပေးဖို့ လိုက်လာတာ. . . ဒါပဲ၊ လူမမယ်ကလေးကို ရောင်းစားဖို့ကြိုးစားတဲ့ မိန်းမတစ်ယောက်ကို ငါ ဘယ်တော့မှ ခွင့်မလွှတ် ဘူး ဒါပေမယ့် နောက်ဆုံးမှာ အသိတရားရတာ မှန်ခဲ့လို့ သူ့ရဲ့နောင်ရေးအတွက် တွေ့ချင်ရက်နဲ့ မတွေ့တော့ဘူး၊ ပြောခဲ့တဲ့ ခေါ်လာပါနဲ့ဆိုတဲ့စကား 'အမှန်ဆိုရင်တော့လည်း သူ့ကို ခွင့်လွှတ်လိုက်ပါမယ်၊ သူ စိတ်ချသွားဖို့ ငါ ကတိစကား ဆိုလိုက်ပါမယ်၊ ကိုင်း ဒါဆိုရင် မင်း ငါ့ကိုကျေနပ်မှာလား"

သွေး ဝမ်းသာကြည်နူးသော မျက်ရည်တို့ စီးကျလာသည်။ ဦးမင်းခန့်က မျက်ရည်များကို အသာအယာ



www.burmeseclassic.com

www.burmeseclassic.com



သုတ်ပေးရင်း. . .

"ငယ်လွန်းတဲ့ မင်းရဲ့နှလုံးသားမှာ ကိုယ်တို့သားအဖ
ကြောင့် ဒဏ်ရာဒဏ်ချက်တွေ ပြည့်နှက်ခဲ့ရင် ခွင့်လွှတ်ပါ
မိန်းကလေး၊ မင်းကိုကိုယ် တကယ်မြတ်နိုးတာပါ၊ မင်းအပေါ်
ကိုယ်အမြဲ စောင့်ရှောက်ကာကွယ်ပေးသွားမှာပါ မိန်းကလေး
ရယ်"

ဦးမင်းခန့်က ပုခုံးကိုသိုင်းဖက်တွဲခေါ်ကာ စကြံအ
တိုင်း ဆက်လျှောက်သောအခါ သွေးက ရှန်းဖယ်လိုက်သည်။

"ဒီပုံစံအတိုင်း မဝင်ပါနဲ့ဆရာ၊ ဒေါ်ခတ္တာအပေါ်
အနိုင်ကျင့်ပြသလို ဖြစ်သွားမှာ စိုးရိမ်ပါတယ်၊ သူ့ကို ကျွန်မ
တို့ စိတ်ချမ်းသာမှုပေးဖို့ လာကြတာ မှတ်လားဆရာ"

ဦးမင်းခန့်က. . .

"မိန်းကလေးရယ်၊ မင်းဟာ သိပ်ကို ဖြူစင်လွန်းတယ်
ဒါတွေဟာ ကိုယ်တို့ဘဝ မင်းလက်ထဲကို အပ်နှင်းချင်လောက်
အောင်လည်း ဖြစ်ခဲ့တယ်ဆိုတာ မင်းသိရဲ့လား"

"ကျေးဇူးတင်ပါတယ် ဆရာ၊ ကျွန်မက အတိတ်ဘဝ
က ကံမကောင်းခဲ့လို့ မိစုံဖစုံနဲ့ မနေခဲ့ရဘူး၊ ဒါကြောင့် ကံဆ
ကို စာနာပြီး မေတ္တာအပြည့် ပေးနိုင်ပါတယ်၊ ဒီလိုအေး
မေတ္တာကြောင့် ကျွန်မသံသရာအတွက် ကောင်းသော
ကြမ္မာတွေကိုသာ ပိုင်ဆိုင်ခွင့် ကြုံလိမ့်မယ်လို့ မျှော်လင့်
တယ်"

"သွေးရယ်"





လက်ချင်းကတော့ ချိတ်မိကြသည်။

တွဲသောလက်တွေ မဖြုတ်စတမ်း တစ်ဦးကိုတစ်ဦး
ဖေးမပြီး အခက်အခဲဟူသမျှကို လက်တွဲဖြေရှင်းကြမည်ဟူ
သော ဆုံးဖြတ်ချက်သည် သွေးရင်၌ ပန်းရက်စိုက်ပြီး ဖြစ်သွား
လေသည်။

သွေးအား စာလာပေးသော ဆရာမက သွေးကိုမြင်
တော့ ဝမ်းသာအားရနှင့်ပင်. . .

"ဟာ. . သွေးလာတယ်"

"ဟုတ်ကဲ့ ဒေါ်ခတ္တာကော. ."

"အင်း လူနာက စိတ်လျှော့ချလိုက်ပြီ၊ ဘာကျွေးကျွေး
ဘာစားစား လုံးဝကို မသောက်စားတော့တဲ့အတွက် သေချိန်
တာ နီးကပ်လာပြီဆိုပါတော့ ညီမရယ်"

"အို. . ဖြစ်ရလေ"

သွေး စိတ်မကောင်းပါ၊ ရင်မှာ နင့်ခနဲ ခံစားရသည်။
ဆရာဝန် ဖြစ်လာမည့် လူတစ်ယောက် အနေနှင့် သေမင်းနှင့်
ရင်ဆိုင်စစ်ခင်းပြီး လူနာများကို လုယူရမည်ကို သိပါသော်
လည်း. . .

အေအိုင်ဒီအက်စ်လို ရောဂါရှင် အတွက်ကတော့
သေမင်းကို အရှုံးပေးရပြီးဖြစ်သည်ကို သိနေရသဖြင့် ရင်ထဲ
ခံခဲ့မခံသာ ဖြစ်မိသည်။ သွေး ဦးမင်းခန့် တွဲထားသော
လက်ကို ဖြုတ်ပြီး သူနာပြုဆရာမလေးနောက်သို့ နောက်
ကောက်ပါအောင် လိုက်သွားမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းခန့်က စိတ်မချစွာဖြင့် နောက်မှ ကပ်ပါလာသည်။

သွေး အခန်းထဲကို ဝင်လိုက်ချိန်၌ ဘုရားတလိုက်သည်။

အရိုးပေါ် အရေတင် ကမ္ဘာ့ဒဏ်ရုပ်လိုဖြစ်နေသော လူနာတစ်ဦးကို တွေ့မြင်လိုက်ရသည်နှင့် သွေး တုန်လှုပ်သွားသည်။

တစ်လအတွင်း ဤမျှလောက်အထိ ဖြစ်သွားလိမ့်မည်မထင်၊

"သွေးရောက်လာပြီ ဒေါ်ခင်တ္တာ"

သူနာပြု ဆရာမကလွဲ၍ ပြုစုမည့်သူ မရှိချေ။ ငွေဝါမှာလည်း သမီးမိုက်စိတ်ဖြင့် အိမ်ယာထဲ ဗုန်းဗုန်းလဲသွားသောမိခင်ကို ပြုစုရတာတစ်ဖက်၊ ခင်တ္တာထံ ထမင်းပို့ ဟင်းပို့ကတစ်ဖက်၊ အတော်ပင်ပန်း ဆင်းရဲနေရှာပေလိမ့်မည်။ သွေးသနားစိတ်ကလေးဖြင့် ဝိုင်းဝန်းကူညီလိုစိတ်ပင် ပေါက်နေသည်။

"ဒေါ်ခင်တ္တာ သွေးလာပြီလေ"

အကြည်ရောင်ကင်းမဲ့နေသော မျက်လုံးလေးဟာ ဖျော့တော့စွာဖြင့် ကြည့်လာတတ်သည်။

"ကျ. . ကျွန်မ ဘာမှမမြင်ရတော့ဘူး၊ မှုန်ဝါးဝါး ဖြစ်နေတယ်"

တိုးသောအသံကို သွေးမနည်းမှန်းဆ နားထောင်ရ





လေသည်။

"သွေးလား"

"ဟုတ်ပါတယ် ဒေါ်ခင်တ္တာ၊ ကျွန်မ ဒေါ်ခင်တ္တာစာကို ရပါတယ်၊ ချက်ချင်းမလာနိုင်တဲ့အတွက် ခွင့်လွှတ်ပါ. ."

လက်ကလေး ထောင်လာသောအခါ သွေးက အသာဆုပ်ကိုင်ဟန် လက်လှမ်းလိုက်သည်။

သို့သော် ဆုပ်ကိုင်ခွင့် မရလိုက်ချေ။ ဦးမင်းခန့်က လှမ်း၍ဟန့်တားလိုက်သည်။

အပ်ပေါက်ရာတွေ ပြည့်နှက်နေသော လက်ကို သွေး ထိလိုက်လျှင် ကူးစက်မှာ စိုးရိမ်နေပုံရသော ဦးမင်းခန့် စိတ်ချမ်းသာစေရန် သွေးဘာမှ မပြောတော့သလို လှုပ်ရှားမှုကိုလည်း ရပ်တန့်လိုက်သည်။

"သွေး ဒေါ်ခင်တ္တာဆန္ဒကို လိုက်လျောပါမယ်ဆိုတဲ့ ကတိ လာပေးတာပါ"

"သား. . သားကို ညီမလေးသားလိုပဲ စောင့်ရှောက်ပေးပါ"

"စိတ်ချပါ ကျွန်မကိုယ်တိုင် မိဘမေတ္တာ ငတ်မွတ်ခဲ့ရတဲ့အတွက် ကျွန်မသားအပေါ် ကိုယ်ချင်းစာနာစိတ်အပြည့်နဲ့ စောင့်ရှောက်သွားမှာပါ"

သွေးစကားကြောင့် ပြုံးယောင်သန်းသွားသည်။

တစ်ချိန်က လှကေရီအဖြစ် ကျော်ကြားပြီး လူကြိုက်များသော၊ ယောက်ျားများ လှည့်ဖျားအနိုင်ယူခဲ့သော အ



www.burmeseclassic.com

www.burmeseclassic.com



သည်းစားဘုရင်မ၏ ကျဆုံးခန်းသည် သံဝေဂရစရာပင် ကောင်းလွန်းလှသည်။

"ညီမလေး . . ကိုမင်းခန့်ကို တောင်းပန်သွားတဲ့အကြောင်း ပြောပေးပါနော်"

လက်က ထောင်နိုင်သောအင်အားမရှိတော့ပဲ ပြန်ကျသွားသည်။

သွေး ဦးမင်းခန့်ကို မော့ကြည့်လိုက်သည်။

သွေးမျက်ဝန်းဖြင့် တောင်းပန်တိုးလျှိုးလိုက်ခြင်း ဖြစ်သည်။

"ခတ္တာ ကိုယ်ရောက်နေပါတယ်"

"အစ်ကို အစ်ကို . . တကယ်ရောက်လာတယ်"

"ဟုတ်တယ် မင်းဘယ်လောက်ပဲ မိုက်တွင်းနက်ခဲ့နက်ခဲ့၊ နောက်ဆုံး သားအပေါ်မှာထားခဲ့တဲ့ သံယောဇဉ် စိတ်တစ်ခုနဲ့တင် မင်းအပေါ် ငါ ခွင့်လွှတ်လိုက်ပါပြီ ခတ္တာ၊ မင်းအရာရာကို ဥပေက္ခာပြုပြီး တရားနှလုံး သွင်းနေပေတော့"

ခတ္တာက အရိုးပေါ်အရေတင် လက်နှစ်ဖက်ကို အားယူကာ ရင်ဘတ်ပေါ်၌ ချီလိုက်သည်။

"အစ်ကို့ကို ပြစ်မှားမိခဲ့တဲ့အတွက် တောင်းပန်ပါတယ်၊ ရှိခိုးတောင်းပန်တာပါ အစ်ကို"

"ခွင့်လွှတ်ပြီးပါပြီ"

"စာအတိုင်း လိုက်နာပေးဖို့ ကတိပေးကြပါနော်၊ မခင့ဝါကိုလည်း ခွင့်လွှတ်လိုက်ပါ"





"အားလုံးအပေါ်မှာ ခွင့်လွှတ်ပါတယ် ဒေါ်ခတ္တာ၊ ကဲကဲကိုလည်း ထူးချွန်ထက်မြက်တဲ့ လူကောင်းတစ်ယောက်ဖြစ်သွားဖို့ ကျွန်မ တာဝန်ယူ စောင့်ရှောက်သွားမှာပါ။ စိတ်ချပါ ဒေါ်ခတ္တာ"

သွေးက ဦးမင်းခန့်အား လှမ်းကြည့်တာ . . .

"ဆရာ ပြောလိုက်လေ"ဟူသော စကားကို မျက်ဝန်းဖြင့်သာ ပြောလိုက်သည်။

ဦးမင်းခန့် အကင်းပါးစွာ ခေါင်းညိတ်လိုက်ပြီး . . .

"ကိုယ့်ဘက်ကလည်း စိတ်ချပါ၊ သားအတွက် အကောင်းဆုံး စောင့်ရှောက်ပေးသွားမယ်၊ မင်းသာ ဒီဘဝလုပ်ခဲ့တဲ့ အကုသိုလ်ကြွေးတွေ သံသရာမပါအောင် တရားသဘောနဲ့ ဆင်ခြင်နှလုံးသွင်းပြီး ကောင်းအောင်လုပ်ပါ"

"ကျွန်မရမယ့်အမွေတွေ သားနဲ့သွေးကို လွှဲပေးချင်တယ်"

"ဒါတော့ ကိုယ်လက်မခံချင်ဘူး ခတ္တာ၊ မင်းမသေခင်မှုစရာရှိတဲ့ ဒါနတွေသာပြုသွားပါ။ သားအတွက် တစ်သက်တာ စားမကုန်သုံးမကုန်အောင် ကိုယ် ဖန်တီးပေးနိုင်ပါတယ်၊ သွေးအတွက်လည်း ကိုယ်ရှိနေပြီပဲ၊ ဒီတော့ မင်းသာ လျှုတန်းလိုက်ပါ"

သွေးရင်ထဲ၌ ဝမ်းနည်းနေသည်။ မျက်ရည်က တသိမ့်သိမ့် စီးကျနေသည်။ တကယ်ဆို သွေး ခုမျှလောက်အထိ ကြံကြံခိုင် ရပ်တည်နေနိုင်ခြင်းမှာ ဦးမင်းခန့်၏ မေးမထားမှု



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဖြစ်သည်။

ဦးမင်းခန့်ကတော့ ယောကျ်ားပီပီ စိတ်ခါတ်ကြံ့ခိုင်စွာဖြင့် ဒေါ်ခတ္တာအပေါ် သာမန်မိတ်ဆွေတစ်ဦး၏ နောက်ဆုံးအချိန်ကို လာတွေ့အားပေးခြင်းမျိုး အသေဖြောင့်အောင် ဘဝကူးကောင်းအောင် သံယောဇဉ်ကြိုးတွေ လာရောက်ဖြတ်တောက် တရားပြပေးသလို ဖြစ်နေသည်။

ဦးမင်းခန့် တကယ်ပဲ ဒေါ်ခတ္တာအပေါ် သံယောဇဉ်မရှိခဲ့ဘူးလားဟု သွေးက မေးလိုက်ချင်သည်။

"ကျေးဇူးတင်ပါတယ် အစ်ကို၊ အစ်ကိုနဲ့သွေး စိတ်ချမ်းသာ ကိုယ်ချမ်းသာနဲ့ အိုအောင်မင်းအောင် ပေါင်းသင်းပြီး သားလေး ကဲကဲကိုလည်း စောင့်ရှောက်မှု ပေးနိုင်ပါစေ၊ သွားကြတော့နော် ကျွန်မ စိတ်အေးသွားပါပြီ၊ လုံးဝ မလာကြပါနဲ့တော့၊ စိတ်ကောင်းရှိတဲ့ သွေးလက်ထဲကိုသာ ထည့်လိုက်နိုင်ခြင်းအတွက် ကျွန်မ ကြည်ဖြူစွာနဲ့ စိတ်ချသွားပါပြီကဲ ပြန်ကြပါတော့"

စကားအဆုံး၌ အကြည်ခါတ်မရှိသော မျက်လုံးထိုမှိတ်ကာငြိမ်သက်သွားလေသည်။

တရားသဘောနှင့် ဝေဒနာကို ရှုမှတ်ပြီး ဆင်ခြင်နေတာလား။

"သွားပြီနော် ဒေါ်ခတ္တာ"

"မင်းစိတ်ချပါခတ္တာ၊ အစ်ကိုတို့ ပြန်ပြီ"

"တုန့်ပြန်မှု လုံးဝမပေးတော့ပဲ ငြိမ်သက်စွာဖြင့် ကျ





ရစ်ခဲ့သော အရိုးစုသာသာ ဒေါ်ခတ္တာကို လှည့်ကြည့်လှည့်ကြည့်နှင့် သွေးသည် ဦးမင်းခန့်ခေါ်ရာနောက်သို့ လိုက်ပါလာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၈)

တိုက်ဆိုင်လွန်းလှချည်လားဟု သွေးက တွေးကာ အံ့ဩတုန်လှုပ်မိလေသည်။

"ကိုကြီး. . သတင်းစာ ကြည့်ပြီးပြီလားဟင်"

ဦးမင်းခန့် မျက်နှာပျက်သွားလေသည်။ ဟန်းနီးမွန်း ထွက်လာသော ခရီးစဉ်၌ ဒီအမင်္ဂလာသတင်းကို သွေး မသိစေချင်ကာမှ သွေးတွေ့နေသည်။





"ကြည့်ပြီးပြီ၊ သား အိပ်သွားပြီလား"

"အိပ်သွားပါပြီ"

"တိုက်ဆိုင်လိုက်တာ ကိုကြီးရယ်"

ဦးမင်းခန့်နှင့်သွေး လက်ထပ်သော နေ့အချိန်နှင့် ဒေါ်ခတ္တာသေဆုံးသော နေ့အချိန်တို့သည် ထူးကဲစွာ တိုက် ဆိုင်နေသည်။

သွေးတို့ လက်ထပ်ပြီး နောက်နေ့နံနက် လေယာဉ်ဖြင့် ပေလီသို့ ဟန်းနီးမွန်း ထွက်ခဲ့ကြလေသည်။ ကဲကဲပါလာသည်။ သွေးနှင့် ကဲကဲကို ခွဲ၍မရ။ သွေးက အခွဲမခံပါ။

"ကဲကဲကြောင့် ကိုကြီးနဲ့သွေး ဆုံဆည်းရတယ်နော်၊ ကဲကဲနဲ့ကိုကြီးယှဉ်ရင် ကျွန်မက ကဲကဲကိုပဲ ဦးစားပေးမှာ သိလား၊ မကျေနပ်ရင် ကျွန်မကို လက်မထပ်နဲ့"

ဟု ချစ်စဖွယ်ကြေညာသော'သွေး'ကို သူ မလွန်ဆန်ဝံ့ချေ။

"ဒါဆို ဒီနေ့ ဒေါ်ခတ္တာကို သင်္ဂြိုလ်ပြီးပြီပေါ့နော်"

"အင်း. ."

"ကိုကြီး ဘယ်လိုမှ မခံစားရဘူးလားဟင်၊ ကျွန်မကို ညာတန်းဖြေပါ ကိုကြီးရယ်"

ဦးမင်းခန့်အနေဖြင့် သွေးမေးသောမေးခွန်းကိုဖြေဖို့ [illegible]ခြင်းမရှိပါချေ။

"ဩော်. . အမိုက်မတစ်ယောက် ဝင်္ကျွင်သွားရှာ [illegible]ဆိုတဲ့ အသိကလေးတစ်ခုတော့ ကိုယ့်မှာရှိလိုက်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



မိတ်ဟောင်းဆွေဟောင်းတစ်ယောက်ရဲ့ နာရေးသတင်းကို တွေ့လိုက်ရတဲ့အခါ ဖြစ်ပေါ်မှုမျိုးပေါ့ မိန်းကလေးရယ်"

"ဟင်. . ကိုကြီးကလည်း ကိုယ်နဲ့ ပေါင်းသင်းဆက် ဆံ နေထိုင်ခဲ့ဘူးတဲ့ မိန်းမတစ်ယောက်ကို လုံးဝသံယောဇဉ် မရှိတဲ့အတိုင်းပဲ"

သွေးနှလုံးသားက အရွယ်ကြောင့် နုနယ်သေးသည် မရင့်ကျက်သေးဟု ဦးမင်းခန့် သဘောပေါက်ကာ ခွင့်လွှတ် ပြုံး ပြုံးလိုက်သည်။ ပြီးမှ သွေးအား ပုခုံးကလေးဖက်တာ ရင်ခွင်ထဲ သွင်းယူထွေးပိုက်လိုက်ပြီးမှ. . .

"ကိုယ်နဲ့ ကိုယ့်သားအပေါ် ကောင်းကျိုးမပေး ဆိုး ကျိုးတွေပဲ ပေးသွားတဲ့ သူ့အပေါ် ကိုယ်သံယောဇဉ် မ တော့တာ ကိုယ့်အမှား မဟုတ်ပါဘူး။ ကိုယ့်ဘက်က ဘာ အမှားမလုပ်ခဲ့ခြင်းအတွက် ကိုယ်လိပ်ပြာသန့်စင်ပါတ သွေးရယ်၊ ကိုယ့်ကို သံယောဇဉ်မရှိတဲ့ ယောက်ျားထ ယောက်လို့ မထင်လိုက်ပါနဲ့၊ သံယောဇဉ်ဆိုတာ လူတိုင်း ရှိတာပါပဲ၊ ဒါပေမယ့် ထားသင့်မှ ထားရတာပေါ့လေ၊ ကို ပြောတာ နားလည်ပါတယ်နော် သွေး"

သွေး နားလည်သလိုလိုတော့ရှိသည်။ သို့သေ တစ်ခါတစ်ရံတော့လည်း ငယ်လျှင်ချို၊ ကြီးလျှင်မှီ ဟူသေ စကားအရလိုမျိုး ခင်ပွန်းအပေါ်၌ ဆိုးနွဲ့ချင်မိသည်။ မိ သားပေကိုး။

"သွေးအပေါ်မှာကော အဲဒီလိုမျိုး. ."





"အို. . ဒီကလေးဘာတွေ လျှောက်ပြောနေတာလဲ၊ သွေး ကကော အဲဒီလိုမျိုး မိုက်တွင်းနက်ရအောင် အသိဉာဏ် မဲ့မှာလား"

"ဟင့်အင်း ဒါပေမယ့် မိုက်ခဲ့ရင်ကော"

"လိုက်သတ်ပစ်မယ်၊ ပြီးတော့ ကိုယ်ပါသေပစ်မယ်၊ ဘာအောင့်မေ့သလဲ၊ အချစ်ကြီးတော့ အမျက်ကြီးမယ်ဆိုတာ မင်းသိထား၊ ချစ်လွန်းလို့ အလိုလိုက်မယ်၊ ဒါပေမယ့် ကန်းမ တက်နဲ့နော်၊ ကိုကြီး ခွင့်လွှတ်မှာ မဟုတ်ဘူး"

သွေးကရယ်ကာ ဦးမင်းခန့်ရင်ခွင်၌ ခေါင်းကလေး ဝှက်ကာ. .

"အလကားစတာ၊ ကျွန်မ ဘယ်တော့မှ မိုက်မဲမှာမ ဟုတ်ဘူး၊ ကျွန်မကို ဒေါ်ခတ္တာ သင်ခန်းစာတွေ ပေးသွားပြီပဲ"

"ဒီလိုလိမ္မာစမ်းပါ ကလေးရယ်"

သွေးရွေးချယ်မှုသည် မှန်ကန်သော ရွေးချယ်မှု တစ်ခုဟု သွေးယုံကြည်လိုက်သည်။ ပတ်ဝန်းကျင်တွေက ဘယ်လိုပဲ သာသည်နာသည်ပြောပြော သွေးကတော့ မှန် သည်ထင်၍ ရွေးချယ်လိုက်မိလေပြီ၊ ထိုရွေးချယ်မှုတွင် ချစ် ခြင်းတရားကလည်း ထိပ်ဆုံးက ပါလေသည်။

သွေးကိုယ်တိုင် ဦးမင်းခန့်စည်သူဆိုသော မိမိထက် အသက်နှစ်ဆကျော်ကြီးသော ကလေးတစ်ယောက်နှင့် တစ်ခုလပ် ဖြစ်သော ချမ်းသာသော လူကြီးကို ရွေးချယ်လက်ထပ်လိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



မိထွေးဟူသော အမျှားကဲ့ရဲ့တတ်သည့် အပြစ်ရှာ မေးငေါ့တတ်သည့် ဂုဏ်ပုဒ်တစ်ခုကိုလည်း မကြောက်မရွံ့ ယူလိုက်သည်။

သို့အတွက် သွေး၏အနာဂါတ်သည် ဦးမင်းခန့်စည်သူနှင့် သားဇဲကဲ(ခေါ်)ဟိန်းခန့်စည်သူတို့နှင့် လက်တွဲကာ မည်မျှကြာအောင် လျှောက်လှမ်းရမည်ကိုတော့ဖြင့် သွေး မသိနိုင်ပြီ။

သို့သော် သွေး၏ရင်ထဲ၌ ရှိနေသော မေတ္တာနှင့် စေတနာသည် ဦးမင်းခန့်စည်သူနှင့် သွေးတို့၏ အိမ်ထောင်ရေးကို ရိုးမြေကျသည့်တိုင် တည်ဆောက်နိုင်လိမ့်မည်ဟု ယုံကြည်ချက်ဖြင့် . . . ။

BURMESE CLASSIC

# မြှုပ်လဲခင်



www.burmeseclassic.com